# အကိုင်းကိုင်းငိုကာ

ဦးစိန်ဖေ



ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် ( ၆၆၅၀ )
ပဉ္စမ အကြိမ် ရိုက်နှိပ်ခြင်း
စာအုပ်ရေ (၃၀၀၀)
၁၃၃၆-ခု၊ သီတင်းကျွတ်လ၊ ၁၉၇၄-ခု၊ အောက်တိုဘာလ။

ပုံနှိပ်သူ—ဦးစိန်တင် (ပမြ/၀၁၅၈၈) သုခဝတီ စာပုံနှိပ်တိုက်၊
၈၄-ဗိုလ်ချုပ်လမ်း၊ မန္တလေးမြို့တွင် ရိုက်နှိပ်၍

ထုတ်ဝေသူ–ဦးစိန်တင်၊ ( ထမြ/၀၆၄၂ ) သုခဝတီ စာပေတိုက်
၈၄-ဗိုလ်ချုပ်လမ်း၊ မန္တလေးမြို့မှ ထုတ်ဝေသည်။

ဘီ/၂၆-၂၅၄၅


ဖုံးနံပါတ် ( ၆၇၆ )

ကျေးဇူးရှင် ကျောက်သဘော်ဆရာတော်ဘုရားကြီး၏ ဩဝါဒခံ
မြန်မာနိုင်ငံလုံးဆိုင်ရာ ဗဟို ဝိမုတ္တိ ဥဿဒဿနအဖွဲ့ချုပ်
အမှုဆောင် အဖွဲ့၏ သဘောတူညီချက် အရ ထုတ်ဝေသည်။

ဖြန့်ချိရေးဌာန။

ဥက္ကဋ္ဌ ဦးဘကျော် ကံဦးရပ်၊ ကျောက်ဆည်မြို့။

ဒု ဥက္ကဋ္ဌ ဦးဘသင် စုကြီးရပ်၊ ကျောက်ဆည်မြို့။



ကျေးဇူးရှင်-ကျောက်သဘော်ဆရာတော်ဘုရားကြီး

၁၈၃၄၁

# အတိုင်းတိုင်းဋီကာ

F: 1

အလုံးစုံသော ကိလေသာအညစ်အကြေးတို့၏ ကင်းလွတ် အေးငြိမ်းရာဖြစ်သော အသင်္ခတဓာတ် မြတ်သောနိဗ္ဗာန်ကို မဂ်ဉာဏ်ဖြင့် သိမြင် မျက်မှောက်ပြုစေနိုင်ရန်အတွက် အရပ်သုံး စကားတို့ဖြင့် ရှင်းလင်း ပြတ်သားစွာ ဟောပြောပြသဆိုဆုံးမတော်မူသော၊ ဝိနည်းတော်ကို ရိုသေလေးစားစွာ ဝိနည်းကိုဆောင်သည်ဖြစ်၍ အဓိသီလ, အဓိစိတ္တ, အဓိပညာတည်းဟူသော သိက္ခာသုံးရပ်နှင့် ပြည့်စုံပြီးလျှင် လဇ္ဇီပေသလ သိက္ခာကာမ ဗုဒ္ဓ၏ သားတော်အစစ် ဖြစ်တော်မူသော၊ ကျောက်ထီးတန္တု အလေးဂရုပြုအပ်သော၊ ကျောက်ဆည်မြို့၊ ရွှေသာလျှောင်းတောင်တော်မြတ် တောင်လတ်ရှိ ကျောက်သဘော်ာ ရိပ်သာတွင် သီတင်း သုံး တော် မူ ခဲ့ သော၊ ကျေး ဇူး တော် ရှင် “ **ကျောက်သဘော်ာ ဆရာတော်ဘုရားကြီးအား** ” ရိုသေဦးခိုက်ပြီးလျှင် ဤမည်သော “အတိုင်းတိုင်းဋီကာ” ကျမ်းဖြင့် ကျေးဇူးတဖန် တုံ့ပြန်သော အထိမ်းအမှတ် ဖြစ်ပါစေသတည်း။ ။

**ဦးကြည်ညွန့်**
အမှတ်-၂၃၊ ကျောင်းလမ်း၊ မြေနီကုန်း
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ကျောက်ဆည်မြို့၊
ကျေးဇူးရှင်

# ကျောက်သဘော်ဆရာတော်ဘုရားကြီး၏

စည်းမျဉ်းခြောက်ဝ-ဩဝါဒ။

၁။ တရားကို တရားအတိုင်းသာ သိအောင် မြင်အောင် ဟောကြားရန်။

၂။ ပုညာပုည-အနဥကို အဝိဇ္ဇာရှေ့ထား အပြုမှားနေကြသူများကို တွေ့မြင်လျှင် ဝိဇ္ဇာရှေ့ထား ပြုနည်းကားကို ဘုရားဟောပြ ဩဝါဒအတိုင်း ဟောကြားရန်။

၃။ အပြစ်ရှိသောစကားများကို ရှောင်ရှား၍ အကျိုးရှိသော တရားစကားများကိုသာ ဟောကြားရန်။

၄။ (ဓမ္မဿ အနုဓမ္မံ ဘာသတိ) စာရှိသည့်အတိုင်း ကျေးဇူးမဲ့ကဲ့ရဲ့သော စကားများကို ရှောင်ကြဉ်ကြရန်။

၅။ တရားဟောပြပါလျှင် ဂိုဏ်းဆရာစသည်တို့ကို မမေးပဲ ထိုသူ၏ ကျင့်သုံးဆဲတရားကို စစ်ဆေးပြီး ဟောကြားရန်။

၆။ တရားတော်၌ ယုံကြည်မှု သဒ္ဓါတရား တိုးပွားထက်သန်လာစေရန် ထိုသူကျင့်သုံးခဲ့သော တရားလမ်းစဉ်ကို ချီးမွမ်းစကားများ ပြောကြားရန်။

ဤခြောက်တန်သော ဩဝါဒဖြင့် ယောဂါဝစရ အပေါင်းတပည့်တို့အား ဆုံးမခြင်းအမှု ပြုလိုက်ပါသည်။

# ရွှေကျောင်းဆရာတော်၏ အမှာစကား

ဗုဒ္ဓမြတ်စွာသည် မိမိ၏ သာသနာတော်ကို တောအုပ်နှင့် ဥပမာ ပြုကာ....“ ဝနပ္ပဂုမ္ဗေ ယထာဖုဿိတဂ္ဂေ ” စသည်ဖြင့် ရတနသုတ် ပရိတ်တော်၌ ဟောကြားတော်မူခဲ့၏။

ဆောင်းအကုန် နွေအကူး တန်ခူးလ ရာသီဝယ် တောအုပ်မြိုင်ခွင် တခုလုံးသည် အညွန့်အရွက် ခက်လက်ဝေဆာ၍ အပွင့်ရော အသီးပါ မြိုင်ဆိုင်လာဘိသကဲ့သို့ မြတ်စွာဘုရား၏ သာသနာတော် မှာလည်း အကျင့်သိက္ခာ ဘာဝနာဟူသော အညွန့်အရွက်များနှင့်တကွ အရိယာ မဂ်တည်းဟူသော အပွင့်၊ အရိယာ ဖိုလ်တည်းဟူသော အသီးတို့သည် အခိုင်အခိုင် အဆိုင်းအဆိုင်း ရှုလေ, မြင်လေတိုင်း အားရစရာ ကောင်းလှပေသည်။

တောအုပ်မြိုင်ခွင်၌ အညွန့်အရွက် ခက်လက်ဝေဆာ နေ၍သာလျှင် အသီးနှင့်အပွင့်များ ပေါ်ပေါက်လာနိုင်၏။ ထို့အတူ သာသနာတော် မြတ်ကြီးအတွင်း၌ မဂ်ဉာဏ်, ဖိုလ်ဉာဏ်များ ပွင့်လန်းလာရခြင်းမှာ အကျင့်သိက္ခာ ဘာဝနာတို့ ပွားစည်းခိုင်မာလှသောကြောင့် ဖြစ်ပေသည်။

ဤသို့အားဖြင့် အသီးအပွင့်တို့၏ အနီးကပ်ဆုံးသော အကြောင်း တရားသည် အညွန့်အရွက် ခက်လက်ဝေစည် နေခြင်းဖြစ်၍ အကျင့် သိက္ခာ ဘာဝနာတို့မှာ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့၏ အနီးကပ်ဆုံး အကြောင်းဖြစ်လေသည်။ စာသဘောအားဖြင့် ပဒဋ္ဌာန်ဟုဆိုရသော် သင့်စရာရှိပေသည်။

ထို့ကြောင့် ကျေးဇူးရှင် “ ကျောက်သဘော်ဆရာတော်ဘုရားကြီး ” သည် မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်မြင်နိုင်ရေးအတွက် ပဒဋ္ဌာန်ဖြစ်သော အကျင့်သိက္ခာ ဘာဝနာကိုသာလျှင် အလေးထား၍ ဟောကြားခဲ့ လေသည်။ ဤသို့ဟောကြားရာတွင်လည်း ဝေနေယျတို့ သိလွယ်မြင်လွယ် စိမ့်သောငှါ အရပ်စကားများဖြင့်သာ တိုက်ရိုက် ဟောကြားပါတော်ပေ

သည်။ ကိုယ်ပိုင်အသိ, ကိုယ်ပိုင်အမြင်မှန် လျှင်လျှင်မြန်မြန်ကြီး ရနိုင်ရေး အတွက် အားပေးထောက်ကူ ပြုတော်မူပေသည်။

ဆရာတော်ဘုရားကြီးထံမှ ရရှိအပ်သော ဥပနိဿယ ပစ္စယသတ္တိဖြင့် အသိဉာဏ် အမြင်မှန်ရရှိသွားကြသော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့ မြောက်မြားစွာရှိခဲ့ပေပြီ။ အေးရာကိုသိ၍အေးသလိုနေသော ပုဂ္ဂိုလ်များ၊ ငြိမ်းရာကိုသိ၍ ငြိမ်းသလိုနေသွားကြသော ပုဂ္ဂိုလ်အစားစားတို့ မြန်မာ ပြည်အနှံ့အပြား ရှိနေကြပေလိမ့်မည်။

စာရေးသူ လက်လှမ်းမှီသမျှ ဆိုရသော် ကျောက်သဘော်သာဝက များသည် တရားရေးရာနှင့် ပတ်သက်၍ အားတက်သရော ရှိကြ၏။ တရားပွဲများ ကျင်းပရာ၊ သံဃဝေယျာဝစ္စများဆောင်ရွက်ရာ၌ ညီညာ ထကြွ လုံ့လကြီးကြ၏။ ဓမ္မဂါရဝအရာ၌လည်း မိမိက တရားသဘော အားဖြင့် မည်မျှပင် သဘာရင့်၍နေပါစေ၊ ယနေ့မှ တရားပလ္လင်သို့ တက်လာသော ဓမ္မကထိကကိုယ်တော်များအား လေးစားစွာ နာယူကြ ပေသည်။

ဓမ္မကထိက ဆရာတော်များဘက်ကလည်း ကိုယ်ရေး,ကိုယ်တာ ကျန်းမာ, ချမ်းသာမှုများထက် တရားဓမ္မ ဖြန့်ဖြူးရေးကို အလေးထား ကြ၏။ တရားနာလိုမှုဖြင့် ဘိတ်မန္တကပြုလာပါလျှင် မည်မျှပင်ခေါင်းပါး လှသော အရပ်ဖြစ်ပါစေ၊ ရက်အားနှင့်ကြုံလျှင် လိုက်ပါဟောကြား ကြ၏။ ဝေးလံ သီခေါင်လွန်းလှသော အရပ်များကိုပင် အခက်အခဲ များကို ကျော်နင်းကာ မရောက်ရောက်အောင် ကြွခဲ့ရကြပေသည်။

တဖက်က တရားဓမ္မကို ဖြန့်ဖြူးရင်း အခြားတဖက်မှလည်း သာသနာ တော်၏ အသက်ဖြစ်သော ဝိနည်းသိက္ခာကို ရိုသေလေးစားလျက်ပင် ရှိကြပေသည်။ ဟောရင်း, ပြောရင်း, ဆွေးနွေးရင်း ဓမ္မကထိက ပုဂ္ဂိုလ် တဦးဦးထံမှ အစွန်းတဖက်ဖက်သို့ ငြိလာ,ကပ်လာသော စကားလုံးများ ပါလာလျှင် အချင်းချင်း ညှိနှိုင်းဆွေးနွေး၍ တရားလမ်းစဉ် မတိမ်း မချွတ်ရစေရန် ထိန်းမတ်ကြရပေသည်။ သာသနာတော်ကြီး၏ အခြေခံ

ဖြစ်သော ဒါန, သီလ စသော ပုညကြိယာဝတ္ထုများကို မပစ်မပယ် မရှုတ်မချ မဖျက်မဆီးပါပဲ အကျိုးအရှိဆုံးသော နည်းလမ်းဖြင့် ပြုစုအား ထုတ်နိုင်ရန်သာလျှင် အားပေးညွှန်ပြကြရလေသည်။

ဤသို့ ဆရာတကာ တာဝန်ကိုယ်စီဖြင့် ပြုစုလာခဲ့ကြသည်အတိုင်း "ကျောက်သဘော်ဆရာတော်ဘုရားကြီး"၏ အဆုံးအမ သြဝါဒကထာတို့၏ နယ်ပယ်သည် တနေ့တခြား တိုးပွားရှိလာ၏။ အဆိုအပိတ်အဟန့်အတားများ ရှိနေသည့်ကြားကပင် တောရော်မြို့ပါ နေရာမရွေး တရားပွဲကြီးများ ခြိမ့်ခြိမ့်သဲမျှ ကျင်းပနိုင်ခဲ့ကြလေသည်။ ပြောရ, ဟောရသော ဓမ္မကထိကဆရာတော်များကသာ နာရီစေ့၍ တရားပွဲသိမ်းရမည်၊ တရားနာပရိသတ်များကား ဟောချင်သလောက်ဟော၊ မထတမ်း တရားနာဘို့ အသင့်ရှိကြ၏။ အကြိမ်ကြိမ်အထပ်ထပ် ကြားအပ်, နာအပ်ပြီးသော တရားများဖြစ်ပါလျက် ထပ်ကာထပ်ကာ နာ၍,ကြား၍ အားမရနိုင်အောင်ရှိကြရပေသည်။

ဤကား....တောအုပ်မြိုင်ခွင်တည်းဟူသော သာသနာတော်မြတ်ကြီး အတွင်း၌ အညွှန့်အရွက်တို့ ခက်လက်ဝေစည် နေခြင်းပင်ဖြစ်ပေသည်။ ရွက်ညွှန့်ရွက်ညို ရွှန်းစိုစိမ်းလန်း၍နေပါလျှင် သူတို့သူတို့တတွေ၏ အောက်ခြေ၌ တောင့်တင်းခိုင်မာလှသော ကိုင်းကြီး,ကိုင်းငယ်များ ရှိနေကြမည်ကို အထူးပြောနေဖွယ်မရှိ၊ အဝုတ္တသိဒ္ဓိနည်းဖြင့် အလိုလိုပြီးပြည့်စုံ၍နေပေပြီ။

သို့ရာတွင် ယနေ့ခေတ်သမယ၌ကား မပြောပဲနေ၍ မဖြစ်တော့ပြီ။ ခက်လက်ဝေဆာသော အညွှန့်အရွက်များနှင့်တကွ အသီးအပွင့်များကို လှယ်လင့်တကူ ဆွတ်ယူ၍ မစားသုံးကြသေးမူ၍ ထိုအောက်ခြေက ကိုင်းကြီး, ကိုင်းငယ်များကို ဦးစွာပထမ စူးစမ်းလိုသူများ ရှိနေကြ၏။ အညွှန့်, အရွက်, အသီး, အပွင့်တို့ မည်မျှပင် ပွားစည်၍နေသော်လည်း ထိုအောက်ခြေမှာ တကယ့်တကယ် အသက်ဝင်, အသက်ရှင်နေသော ကိုင်းကြီး, ကိုင်းငယ်တို့ ရှိမှရှိပါ့မလားဟူ၍လည်း အချို့ပုဂ္ဂိုလ်တို့မှာ သံသယသံသရာဝယ်, ချာချာလည်၍ နေကြရ၏။

ထိုကြောင့် ထိုထိုပုဂ္ဂိုလ်တို့၏ သံသယအနှောင့်အယှက်ကို ရှင်းလင်းခုတ်ထွင်လျက် အညွန့်၊အရွက်၊အသီး၊အပွင့်တို့ကို စားသုံးဆဲ၊ စားသုံးပြီး၊ စားသုံးလတံ့သော ဓမ္မသဟာယတို့အတွက်လည်း အားကိုးတခု ပြုနိုင်စေရန် ရည်သန်၍ ပဲခူးမြို့ "ဝိမုတ္တိဥာဏဒဿန အဖွဲ့ခွဲ"၏ အတွင်းရေးမှူး၊ "ဦးစိန်ဖေ" က "ကျောက်သဘော်ဆရာတော်ဘုရားကြီး" ထံမှ ကိုယ်တိုင်ဒိဋ္ဌ ကြားနာထားရသော တရားသဘောများကို ကျမ်းကြီး၊ ကျမ်းငယ် အသွယ်သွယ်တို့ဖြင့် ညှိနှိုင်း၍ ပြုလိုက်ပေပြီ။

၁။ ကျောက်သဘော်တရားများသည် ဘုရားဟောဒေသနာတော်များနှင့် ကိုက်၊မကိုက်။

၂။ အရပ်သုံးစကားနှင့် ကျမ်းဂန်အဆို အမိန့်များ သဘောအဓိပ္ပါယ်ချင်း တူပါလျက် အဘယ့်ကြောင့် အရပ်သုံးစကားများကို တမင်တကာ အသုံးပြုရသနည်း။

၃။ မျက်မှောက်ဘဝ ယခုချက်ချင်းကာလတွင် အေးရာ၊ ငြိမ်းရာကို တကယ်တမ်းရနိုင်၍ လက်တွေ့ကျင့်သုံးနိုင်သော တရားသဘောသည် မည်သို့သော တရားမျိုးဖြစ်သနည်း။

အကိုးအကားပြုထားသောဒေသနာတော်များ၊ဆရာတော်ဘုရားကြီး အလိုကျ ရှင်းလင်းတင်ပြချက်များကို တခန်းချင်း၊တခန်းချင်း စိတ်ရှည်၊ လက်ရှည် ကြည့်ရှုသုံးသပ်ပါလျှင် အထက်ပါ ပြဿနာများ၏ အဖြေကို စာရှုသူများ ကိုယ်တိုင် ရရှိလာပါလိမ့်မည်။

**ဦးဣန္ဒောဘာသ**

ကြာပိုင်ရွှေကျောင်း၊ မုံရွာမြို့နယ်

၁၃၃၄-ခုနှစ်၊ တပို့တွဲလဆုတ် (၁၄) ရက်။

# မာတိကာ


| | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ကျမ်းပြုသူ၏ အမှာ | |
| | ရွှေကျောင်းဆရာတော်၏ အမှာစကား | |
| | နိဒါန်း | |
| | မဂ်ပေါက်ဖိုလ်ဝင်,နိဗ္ဗာန်မြင် တရားတော် | ၁ |
| ၁ | အရပ်စကားနှင့် ပါဠိတော် | ၂၂ |
| | ပြုလုပ်မှုမှန်သမျှဒုက္ခ | ၂၆ |
| | အတိုင်းတိုင်းထားရမည့်စိတ် | ၂၉ |
| | ပကတိအားဖြင့်စင်ကြယ်နေသည် | ၃၉ |
| | စိတ်ညစ်နွမ်းရခြင်းအကြောင်းရင်း | ၄၁ |
| | ကိလေသာဘာ့ကြောင့်ဖြစ်ရသလဲ | ၄၇ |
| | နိဗ္ဗာန်သည်စိတ်မဟုတ် | ၅၃ |
| ၂ | အတိုင်းတိုင်းထားပုံ | ၅၈ |
| | ပဘဿရ၏အနက်အဓိပ္ပါယ် | ၆၀ |
| ၃ | တွေးတောကြံစည်မပေးသောအကျင့် | ၆၃ |
| | မလုပ်ရသောအကျင့် | ၆၄ |
| ၄ | စရိယသုံးပါး | ၆၈ |
| | ဝိညာဏစရိယ | ၆၈ |
| | မြင်တိုင်းကြားတိုင်းကိလေသာမဖြစ် | ၇၀ |
| | ပါပသ္မိံရမတိမနော | ၇၃ |
| | အညာဏစရိယ | ၇၈ |
| | ဉာဏစရိယ | ၇၉ |
| ၅ | အကြောင်းပြု၍ အကျိုးပေါ်သည် | ၈၃ |
| | ဝိဇ္ဇာဉာဏ်ဦးစီးက သံသရာအကျိုးဆက်ပြတ်ခြင်း | ၈၄ |
| | အဝိဇ္ဇာ၏အကြောင်းများ | ၈၇ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| | အရိယာပုဂ္ဂိုလ်နှင့်ခံစားမှု | ၉၂ |
| | မြင်လျှင်မြင်ကာမတ္တ | ၉၃ |
| ၆ | ပင်ကိုယ်စိတ်တွင် ကိလေသာ မဖြစ်လာစေလင့် | ၉၇ |
| ၇ | နိဗ္ဗာန် | ၁၀၆ |
| | ဘုရားရှင်တို့ဟောသော နိဗ္ဗာန် | ၁၁၄ |
| | နိဗ္ဗာန်၏ လက္ခဏာရသ | ၁၁၆ |
| | နိဗ္ဗာန် ထင်ရှားရှိပုံ | ၁၁၇ |
| | နိဗ္ဗာန် ဘယ်မှာရှိသနည်း | ၁၁၉ |
| | ကိလေသာတို့ ကုန်သည်၊ ချုပ်ငြိမ်းသည်ဟူသော စကား၏ အကောက်အယူ | ၁၂၂ |
| ၈ | ဝိတက်,ဝိစာရမရှိခြင်းသည် မြတ်၏ | ၁၂၄ |
| ၉ | ဥပေက္ခာ | ၁၃၀ |
| | နေက္ခမ္မသိတာ ဥပေက္ခာ | ၁၃၁ |
| | မြတ်စွာဘုရား၏ ဣန္ဒြိယဘာဝနာနှင့် အခြားသော ဝါဒရှင်တို့၏ ဣန္ဒြိယဘာဝနာ | ၁၃၃ |
| | သမာဒိဋ္ဌိဉာဏ်နှင့်ယှဉ်သော ဥပေက္ခာ | ၁၃၆ |
| | အရှင်အာနန္ဒာအား ဟောသော ဥပေက္ခာ | ၁၃၇ |
| ၁၀ | စိတ်ကို ဖြူစင်စွာထား | ၁၃၈ |
| | အဘယ့်ကြောင့် စိတ်-စိတ်အတိုင်းတိုင်းထားဟု သုံးခဲ့ရသနည်း | ၁၄၂ |
| ၁၁ | လမ်းသုံးသွယ် | ၁၅၅ |
| ၁၂ | ကမ္ဘာကျော် ကေသမုတ္တိသုတ် | ၁၆၆ |
| ၁၃ | ဘာဇီဝကသုတ် | ၁၆၉ |

# ကိုးကားသောကျမ်းများ

၁။ နေတ္တိပါဠိတော်။
၂။ အင်္ဂုတ္တိုရ်ပါဠိတော်။
၃။ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်။
၄။ မဟာဝဂ္ဂသံယုတ်ပါဠိတော်။
၅။ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်။
၆။ သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်။
၇။ မူလပဏ္ဏာသပါဠိတော်။
၈။ ပဏ္ဏာသပါဠိတော်။
၉။ ဥပရိပဏ္ဏာသပါဠိတော်။
၁၀။ မဟာနိဒ္ဒေသပါဠိတော်။
၁၁။ ဓမ္မပဒပါဠိတော်။
၁၂။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်။
၁၃။ ဣတိဝုတ်ပါဠိတော်။
၁၄။ သုတ်မဟာဝါပါဠိတော်။
၁၅။ ဥဒါန်းပါဠိတော်။
၁၆။ စူဠနိဒ္ဒေသပါဠိတော်။
၁၇။ ဓမ္မသင်္ဂဏီပါဠိတော်။
၁၈။ ကထာဝတ္ထုပါဠိတော်။
၁၉။ အာယတနဝိဘင်းပါဠိတော်။
၂၀။ ဓမ္မစကြာပါဠိတော်။
၂၁။ ဘိက္ခုဝိဘင်းပါဠိတော်။
၂၂။ မဟာဝါပါဠိတော်။
၂၃။ အဘိဓမ္မာဝိဘင်းပါဠိတော်။
၂၄။ အဋ္ဌသာလိနီအဋ္ဌကထာ။
၂၅။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။
၂၆။ နေတ္တိအဋ္ဌကထာ။
၂၇။ သံယုတ်အဋ္ဌကထာ။
၂၈။ သုတ္တသင်္ဂဟအဋ္ဌကထာ။
၂၉။ အဘိဓမ္မာဝတာရအဋ္ဌကထာ။
၃၀။ ထေရဂါထာအဋ္ဌကထာ။

၃၁။ နေတ္တိအဋ္ဌကထာ။
၃၂။ စတုက္ကအင်္ဂုတ္တရအဋ္ဌကထာ။
၃၃။ အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ။
၃၄။ သမ္မောဟဝိနောဒနီအဋ္ဌကထာ။
၃၅။ ပရိဝါရအဋ္ဌကထာ။
၃၆။ ဣတိဝုတ်ပါဠိတော်အဋ္ဌကထာ။
၃၇။ ခုဒ္ဒကပါဌအဋ္ဌကထာ။
၃၈။ ဥဒါန်းအဋ္ဌကထာ။
၃၉။ ပါရာဇိကဏ်အဋ္ဌကထာ။
၄၀။ သဠာယတနသံယုတ်အဋ္ဌကထာ။
၄၁။ မူလပဏ္ဏာသအဋ္ဌကထာ။
၄၂။ အဘိဓမ္မာဝတာရဋီကာ။
၄၃။ အဘိဓမ္မတ္ထသင်္ဂဟဋီကာ။
၄၄။ အဘိဓမ္မတ္ထဝိဘာဝနီဋီကာ။
၄၅။ သဠာယတနသံယုတ်ဋီကာ။
၄၆။ သီလက္ခန်ဋီကာ။
၄၇။ ဝိသုဒ္ဓိမဂ်မဟာဋီကာ။
၄၈။ အဘိဓမ္မတ္ထဝိကာသနီဋီကာ။
၄၉။ ဥပရိပဏ္ဏာသဋီကာ။
၅၀။ ပဋိသမ္ဘိဒါမဂ်ဂဏ္ဌိ။
၅၁။ သဒ္ဒနီတိကျမ်း။
၅၂။ ဂမ္ဘီရာဂမ္ဘီရမဟာနိဗ္ဗုတဒီပနီ (ပထမရွှေကျင်ဆရာတော်ဘုရား)
၅၃။ နိဗ္ဗာနဒီပနီ (လယ်တီဆရာတော်ဘုရားကြီး)
၅၄။ ရူပဒီပနီ (လယ်တီဆရာတော်ဘုရားကြီး)
၅၅။ ပရမတ္ထစက္ခုကျမ်း(ဒီပဲရင်းဆရာတော်ဘုရားကြီး)
၅၆။ အဘိဓမ္မတ္ထသရူပဒီပက၊နိဗ္ဗာနကဏ္ဍ(ဒုတိယမြို့ပြင်ကြီးဆရာတော်)
၅၇။ လက်တွေ့ဗုဒ္ဓဘာသာကျမ်း(အရှင်ပညိန္ဒာဘိဝံသ)
၅၈။ ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒကျမ်း(ဦးအေးမောင်)
၅၉။ နိဗ္ဗာန်ဝါဒသမိုင်း (ဆရာမာဃ)
၆၀။ ဘာသာပြန်စာပေ(စာပေဗိမာန်ထုတ်)
၆၁။ ပညာနေတ္တိဝိပဿနာကျမ်း (ဆရာကြီးဦးညွန့်)

# နိဒါန်း။

"စိတ်,စိတ်အတိုင်းတိုင်းထား...."

ဤအဆုံးအမကား....ကျောက်ဆည်မြို့ကျေးဇူးရှင်"ကျောက်သဘော် ဆရာတော်ဘုရားကြီး"၏ အဆုံးအမဖြစ်သည်။ မြန်မာပြည် ဝိပဿနာ လောကတွင် အလွန်ကျော်ကြား လူသိများလေသည်။ လိုက်နာကျင့်သုံး ကြသော တပည့်သာဝကလည်း အလွန်များပြားသည်နှင့်အမျှ ဝေဖန် ရှုံ့ချမှုများလည်း ရှိသည်။ ပို၍မြင့်လာသော သစ်ပင်သည် ပို၍လေတိုက် ခံရတတ်သည်မှာ နိယာမပင်ဖြစ်သည်။

ဆန်းစစ် ဝေဖန်ခြင်းဟူသည် ယေဘုယျအားဖြင့် ကောင်းသော အစဉ်အလာဖြစ်ခြင်းကြောင့် စင်စစ် လိုလားအပ်သော အရာဖြစ်သည်။ သို့ရာတွင် ဝေဖန်ခြင်း၏ နောက်ကွယ်၌ အမှန်ကိုလိုလားသော သစ္စာနှင့် မမှားစေလိုသော မေတ္တာစေတ်တို့ ပါလာတတ်သကဲ့သို့ ငါမှငါဟူသော အတ္တလွန်ကဲမှုကြောင့် မစ္ဆရိယသဘောနှင့် အာဃာတသဘောတို့သည် လည်း အရိပ်သဖွယ် ကပ်လျက်ပါလာတတ်လေသည်။ အမှန်ကို ဖြစ်စေ လိုသည့် မေတ္တာသဘောပါသော ဝေဖန်မှုတို့ကို လက်ခံရပေမည်။ အားပေးရပေမည်။ ယင်းဝေဖန်မှုမျိုးကို စနစ်တကျ ဝေဖန်တတ်စေရန် ဦးဆောင်မှုပေးကြရမည်။

ဤသို့ ဆန်းစစ်ဝေဖန်တတ်သော အလေ့အလာ ရှင်သန်ကြီးထွား လာစေရန် ပြုစုပျိုးထောင်ကြရပေမည်။ ၎င်းဝေဖန်မှုမျိုးနှင့် ဆန့်ကျင် ဖက်ဖြစ်သော မစ္ဆရိယနှင့် အာဃာတသဘောသို့ သက်ဝင်သော ဝေဖန် မှုမျိုးတို့သည် စေတနာမမှန်ခြင်းကြောင့် တနည်း....မူမမှန်ခြင်းကြောင့် ယင်းဝေဖန်မှုမျိုးကို မလိုလားအပ်ပေ။ ဤသည်တို့ကား....ဝေဖန်မှု ဟူသော စကားကို အကာအကွယ်ယူထားသော ရှုံ့ချခြင်းတို့သာဟု ယူဆရမည်ဖြစ်ပါ၍ ပညာဉာဏ်နှင့် ပြည့်စုံသော သမဝိတ္တမျှတသော သာသနာပြုပုဂ္ဂိုလ်များနှင့် ဘာသာရေးခေါင်းဆောင်များ လက်ခံနိုင် ဘွယ်မဟုတ်ပေ။

တဖန် ဆရာတော်ဘုရားကြီးက နိဗ္ဗာန်မြင်စေရန် ပြနေခြင်းကြောင့် ဗုဒ္ဓဘာသာတရား လိုက်စားသူတိုင်း၏ ရည်ရွယ်ချက်သည်လည်း နိဗ္ဗာန်ပင်ဖြစ်ခြင်းကြောင့် ဆရာတော်ဘုရားကြီး၏ တရားတော်များကို သာ၍ပင် လေ့လာ ဆည်းပူးသင့်ပေသည်။ အထူးသဖြင့် သံသရာဘေးမှ လွတ်မြောက်လိုကြသော ရဟန်းတော်များအတွက် ပို၍ပင် အရေးကြီးပါသည်။ အဘယ့်ကြောင့်ဆိုသော် ရဟန်းပြုရခြင်း အကြောင်းကပင်လျှင် နိဗ္ဗာန်ကို မျက်မှောက်ပြုရေးအတွက် ဖြစ်ခြင်းကြောင့်ပင်တည်း။

ဤကျမ်းကို ရေးသားပြုစုသူသည် ဘာသာရေး၊ နိုင်ငံရေးနှင့် တွေးခေါ် မြော်မြင်မှုဆိုင်ရာ အစရှိသော စာပေမျိုးစုံတို့ကို လေ့လာလျက်ရှိသော စာပေဝါသနာရှင်တဦးမျှသာ ဖြစ်ပါသည်။ ကျေးဇူးရှင် "ကျောက်သဘော်ဆရာတော်ဘုရားကြီး" သက်တော်ထင်ရှား ရှိစဉ်ကစ၍ ယနေ့ထက်တိုင် နှစ်ပေါင်းများစွာ နာယူကျင့်သုံးနေသော တပည့်ရင်းတဦးလည်း ဖြစ်သည်။ ယခုလည်း ကျေးဇူးရှင် "ကျောက်သဘော်ဆရာတော်ဘုရားကြီး"၏ ဩဝါဒခံ။ **"ဝိမုတ္တိဥာဏဒဿနအဖွဲ့ခွဲ (ပဲခူး)"** တွင် အကျိုးဆောင် အတွင်းရေးမှူးအဖြစ်ဖြင့် သာသနာပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်လုပ်ကိုင်နေပါသည်။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ "စိတ်-စိတ်အတိုင်းတိုင်းထား"ဟူသော အဆုံးအမ၏ ဆိုလိုရင်းသဘောကို လုပ်သားပြည်သူတို့ ယထာဘူတကျကျ၊အမြင်ရှင်း၍လည်း အဂတိကင်းစွာ ဝေဖန်သုံးသပ် လေ့လာနိုင်ရန် ရည်သန်လျက် ဤကျမ်းကို ကြိုးစား၍ ရေးသားတင်ပြရခြင်း ဖြစ်လေသည်။

ဤကျမ်းတွင် အဖွင့်ကျမ်းချည်း သက်သက်ကိုသာ တင်ပြထား၍ ဆရာတော်ဘုရားကြီး၏ ဟောကြားချက် မူရင်းမပါလျှင် ပြည့်စုံမည် မဟုတ်သောကြောင့် ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သော တရားတိတ်ခွေများမှ တပုဒ်ကို ဤကျမ်းအစတွင် ဖေါ်ပြထားပါသည်။

ဆရာတော်ဘုရားကြီး၏ ဟောကြားချက်များတွင် ခက်ခဲသော စကားလုံးများပါခဲ့ပါသည်။ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော မဟာ

သတိပဋ္ဌာန်တရား လေးပါးတို့မှ စိတ္တာနုပဿနာ သတိပဋ္ဌာန်နှင့် ဓမ္မာနုပဿနာသတိပဋ္ဌာန်တို့ကို အခြေခံလျက် လူတိုင်း,လူတိုင်း သိနားလည်လွယ်သော အရပ်သုံးစကားလုံးတို့ဖြင့်သာ ဆရာတော်ဘုရားကြီး ဟောကြားလေ့ရှိ၏။ ပရိယတ္တိအရာတွင် ကောင်းစွာ တတ်မြောက်တော်မူသော်လည်း တရားဟောရာတွင် စာသံ,ပေသံတို့ဖြင့် ဟောလေ့မရှိပါ။ လူတိုင်း, လူတိုင်း သိနားလည်ကြစေခြင်းငှါ ပိဋကတ်တော်များကို မြန်မာဘာသာသို့ပြန်ဆိုထုတ်ဝေနေပြီ ဖြစ်သော်လည်း များစွာသော ဗုဒ္ဓဘာသာဝင်တို့မှာ ပါဠိကိုသာလျှင် အထင်ကြီးလျက်ရှိနေကြသေး၏။ ပါဠိတော်ပါမှ၊ ပါဠိတော်နှင့် ရွတ်ဆို၍ဟောမှ တရားဟုထင်သောခေတ်သည် မကုန်ဆုံးသေးကြောင်း တွေ့ရလေသည်။

"ကျောက်သဘော် ဆရာတော်ဘုရားကြီး" ဟောကြားသော တရားတော်တို့ကို သဘောမပေါက်သူတို့အား လေ့လာကြည့်သော အခါတွင် ပရိသတ်သုံးမျိုးရှိကြောင်းကို တွေ့ရလေသည်။

၁။ ရိုးသားစွာ နားမလည်သူ။

၂။ ပါဠိတော်နှင့် ညှိ၍မပြခြင်းကြောင့် ကျမ်းဂန်ပါဠိတော်တို့နှင့် ညီညွတ်မှု ရှိ,မရှိကို သံသယဝင်နေသူများနှင့်....

၃။ မိမိလိုရာဆွဲ၍ အဓိပ္ပါယ်လွဲမှားစွာ ကောက်ယူသူများ ဖြစ်ကြပါသည်။

အထက်ပါ သုံးမျိုးတို့တွင် အမှတ်(၁)နှင့် အမှတ်(၂)မှ ပုဂ္ဂိုလ်များအတွက်ကိုသာလျှင် အမှန်အတိုင်း သိမြင်ကြစေရန် ဤကျမ်းက ရည်ရွယ်ပါသည်။

ဤကျမ်းကို လေ့လာပြီးသောအခါတွင် လေ့လာသူသည် "စိတ်-စိတ်အတိုင်းတိုင်းထား" ဟူသည် မည်သည့်သဘောကိုဆိုကြောင်း တိတိကျကျ သိကြသည်ဆိုလျှင်-ဝါ၊ တနည်းအားဖြင့်....

၁။ ကာမသုခလ္လိကာနုယောဂအကျင့် ဖြစ်သော ကာမဂုဏ်, အာရုံ တရားတို့ကို လေ့လာလိုက်စားပျော်ပါးပြီး "စိတ်-စိတ်အတိုင်း တိုင်းထားကြ"ဟူသော ဖွင့်ဆိုချက်များ။

၂။ လောဘဖြစ်လျှင် လောဘစိတ်အတိုင်းတိုင်းထား၊ ဒေါသဖြစ် လျှင် ဒေါသစိတ်အတိုင်းတိုင်းထား၊ သောကဖြစ်လျှင် သောက စိတ်အတိုင်းတိုင်းထား၊ ခိုးချင်လျှင် ခိုးချင်သောစိတ်အတိုင်း တိုင်းခိုးလိုက်ကြ၊ သတ်ချင်လျှင် သတ်ချင်သောစိတ်အတိုင်း တိုင်း သတ်လိုက်ကြဟူသော အနက်ကောက်ယူပုံများ။

၃။ "စိတ်အတိုင်းတိုင်း"ဟူသည် ဘဝင်စိတ်ကို ဟောနေခြင်း ဖြစ် သည်။ ထို့ကြောင့် စိတ်အတိုင်းတိုင်းထားလိုလျှင် အိပ်၍သာ နေကြ၊ အိပ်မပျော်လျှင် အိပ်ဆေးသောက်ပြီး အိပ်ကြဟူသော ဝိနိစ္ဆယများ။

၄။ စိတ်ဟူသည် ဉပါဒ်, ဌီ, ဘင် သန္တတိအစဉ်နှင့် ဖြစ်ပျက်၍နေ သောတရားသာဖြစ်သည်။ ဖြစ်ပြီး-ပျက်တတ်သောစိတ်ကို အတ္တ အနေဖြင့် မပျက်စေရန် အတင်း စိတ်အတိုင်းတိုင်းထားခိုင်းနေ သော အတ္တဝါဒသာဖြစ်သည်ဟူသော ဖွင့်ဆိုချက်များသည်....

ကျေးဇူးရှင် "ကျောက်သဘော်ဆရာတော်ဘုရားကြီး"၏ လေးနက် သော"စိတ်-စိတ်အတိုင်းတိုင်းထား"ဟူသော အဆုံးအမတို့နှင့် တခြားစီ ပါကလားဟု သိမြင်သဘောပေါက်ကြသည်ဆိုလျှင် ဤကျမ်းကိုပြုစုကျိုး နပ်ပါတော့သည်။

ဤကျမ်းကို အမှားကင်းနိုင်သမျှ ကင်းစေရန်နှင့် ပို၍ပြည့်စုံနိုင်သမျှ ပြည့်စုံစေရန် စစ်ဆေး, တည်းဖြတ်၍ အကြံဉာဏ်များကို ပေးတော်မူကြ သော အောက်ပါဆရာတော်ကြီးများနှင့် လူပုဂ္ဂိုလ်ကြီးများအား အထူး ကျေးဇူးဉပကာရ တင်ရှိပါကြောင်းကို အနူးအညွတ် ဂါရဝပြု၍ ဖော်ပြ အပ်ပါသည်။

* ဦးကုသလ၊ ဖြူးမြို့နယ်လုံးဆိုင်ရာ ဩဝါဒါစရိယ ဆရာတော်ဘုရားကြီး၊ ဖြူးမြို့။
* ဦးအဂ္ဂဝံသ၊ ချောင်းဂွဆရာတော်ဘုရားကြီး၊ တံတားဦးမြို့နယ်။
* ဦးပညာစက္က၊ ရန်ကုန်ကျောက်သဘော်ာရိပ်သာ ဆရာတော်ဘုရား၊ ရန်ကုန်မြို့။
* ဦးကောဝိဒ၊ ပဲခူးကျောက်သဘော်ာရိပ်သာဆရာတော်၊ ပဲခူးမြို့။
* ဦး ဝိ သု ဒ္ဓ၊ မူ လ ကျောက် သ ဘော်ာ ရိပ် သာ ဆ ရာ တော်၊ ကျောက်ဆည်မြို့။
* ဦးနန္ဒိယ၊ မန္တလေး ကျောက်သဘော်ာ ရိပ်သာ ဆရာတော်၊ မန္တလေးမြို့။
* ဦး ဣ န္ဒေ ာ ဘာ သ၊ ရွှေကျောင်းဆရာတော်၊ ကြာ ပိုင် ရွာ၊ မုံရွာမြို့နယ်။
* ဦးကောဝိဒ၊ မြစ်ဆုံရွာ၊ မြောင်မြို့နယ်။
* ဦးဘကျော် ဥက္ကဋ္ဌ ဝိမုတ္တိဥာဏဒဿနအဖွဲ့ချုပ်၊ ကျောက်ဆည်မြို့။
* ဦးငွေဆိုင်၊ အငြိမ်းစားရဲဝန်၊ ရန်ကုန်မြို့။
* ဦးသိမ်းညွန့်၊ B. Sc. (Hons.) အငြိမ်းစား ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ် လက်ထောက်ကထိက၊ အကြီးတန်းသုတေသနအရာရှိ (ဓာတုကထာနှင့် ပဋ္ဌာန်းကျမ်းကြီးများကို အင်္ဂလိပ်ဘာသာပြန်ဆိုရေးသားပြီး ဗုဒ္ဓတရားတော်များကို အင်္ဂလိပ်ဘာသာဖြင့် ဟောကြားနေသောပုဂ္ဂိုလ်ကြီး ) ရန်ကုန်မြို့။

ဦးစိန်ဖေ (ပဲခူး)
၂၅-၆-၇၂
၁၃၃၄-ခုနှစ်၊ ပထမဝါဆိုလပြည့်။

# ပြင်ဆင်ဖတ်ရှုပါရန်

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၂၄ | ၁၇ | ဒွယတာနုပဿနာ | ဒွယတာနုပဿနာသုတ် |
| ၂၇ | အောက်ဆုံး ၃ | | (နှုတ်ပယ်ရန်) |
| ၃၈ | ၃။ ၁၉ | ပင်ဂို | ပင်ကိုယ် |
| ၃၉ | ၄ | ပင်ဂို | ပင်ကိုယ် |
| ၄၀ | ၂၇ | တတ်၏။ | အပ်၏။ |
| ၄၇ | ၂၂ | သင်္ခတ | သင်္ခတံ |
| ၇၇ | ၁၂ | (နိဗ္ဗာန်ဟူသောဥပမိ) | (နိဗ္ဗာန်ဟူသော) ဥပမိ |
| ၈၀ | ၁၂<br>၂၂ | အနတ္တနုပဿနာ<br>ခြင်းကို | အနတ္တာနုပဿနာ<br>မှု ကင်းခြင်းကို |
| ၉၂ | ၂၃ | ကုန်အပ်ပြီးသော | ကုန်ပြီးသော |
| ၁၀၇ | ၂၀ | | (နှုတ်ပယ်ရန်) |
| ၁၃၂ | ၁<br>၇ | ကင်းပြုတ်သည်ကိုရင်း၊<br>သာယာဥပေက္ခာ | ရာဂ ကင်းသည်ကိုရင်း၊<br>ယာ ဥပေက္ခာ |
| ၁၃၃ | ၁။ ၂ | အိန္ဒြိယဘာဝနာ | ဣန္ဒြိယဘာဝနာ |
| ၁၄၃ | ၉ | အထက်ကလင်းပါးခဲ့ပြီ | အထက်ကရှင်းလင်းခဲ့ပြီ |
| ၁၆၂ | ၁၄ | ပနေတံ | တံ ပနေတံ |
| ၁၇၀ | ၁၆ | သူကြွယ် အရှင်ဘုရား<br>အာနန္ဒာ | သူကြွယ် |

ရတနတ္တယံ အာစေရံ အဟံ ဝန္ဒာမိ



## ကျေးဇူးရှင် ကျောက်သဘော်ဆရာတော်ဘုရားကြီး
## ဟောကြားတော်မူသော

# မဂ်ပေါက်ဖိုလ်ဝင်, နိဗ္ဗာန်မြင်တရားတော်

( ဤတရားတော်ကို ၁၃၂၆-ခုနှစ် တပို့တွဲလဆုတ် ( ၂ ) ရက်နေ့ ညတွင် ပဲခူးမြို့၊ ရွှေမော်ဓောဘုရားခြေတော်ရင်းရှိ မဟာပုည ဓမ္မသာလာယံ တန်ဆောင်းကြီး၌ ကျေးဇူးရှင် ကျောက်သဘော်ဆရာတော်ဘုရားကြီးကိုယ်တိုင် ဟောကြားတော်မူခဲ့သည်။ )

လောကမှာရှိတာတွေက တရားတွေချည်းပဲရှိပါတယ်။ တရားမဟုတ်တာရယ်လို့ မရှိဘူး။ တရားသက်သက်သာလျှင်ရှိတယ်။ ဒီလိုသန့်သန့်မမြင်ကြလို့ တရားအပြင် သူတွေရှိတယ်၊ ငါတွေရှိတယ်၊ လူတွေရှိတယ်။ နတ်တွေရှိတယ်၊ သတ္တဝါတွေရှိတယ်။ ယောကျ်ားတွေ, မိန်းမတွေရှိတယ်လို့ ထင်ထားကြတယ်၊ မှတ်ထားကြတယ်၊ သိမှတ်စွဲယူထားတတ်ကြတယ်၊ အဲဒါဝိပလ္လာသတရားပဲ။ ဘာဖြစ်လို့ ဝိပလ္လာသ တရားတွေဖြစ်ကြရသလဲဆိုတော့ တရားချည်းပါပဲရယ်လို့ တရားကိုသန့်သန့် မမြင်မသိကြလို့။

ကောင်းကောင်းဆိုးဆိုး အမျိုးမျိုး၊ ဟုတ်ဟုတ် မှန်မှန် မှားမှား အများအစား ထွေထွေလာလာ ဘာဘာညာညာ ဘာတွေပဲဖြစ်ဖြစ် တရားတွေချည်းပါပဲဆိုတာ သိတဲ့ဉာဏ်ဖြစ်ကြရမှာ။

ကောင်းတာတွေဖြစ်တော့ ကောင်းတဲ့တရား
မကောင်းတာတွေဖြစ်တော့ မကောင်းတဲ့တရား
ကောင်း, မကောင်းမဖြစ်တော့လဲ မဖြစ်တဲ့တရား


၁၆၇၄၁

ပါဠိလိုတော့ ကုသလာဓမ္မာ....
အကုသလာဓမ္မာ....
အဗျာကတာဓမ္မာ....

ရယ်လို့ သုံးမျိုးပဲ ရှိတယ်။ ကုသလာဓမ္မာဆိုတာ ကောင်းတဲ့ စိတ်တွေ ဖြစ်တာ။ အကုသလာဓမ္မာဆိုတာ မကောင်းတဲ့စိတ်တွေဖြစ်တာ။ အဗျာကတာ ဓမ္မာဆိုတာ ကောင်း, မကောင်းမဟုတ်တဲ့ တရားတွေ အစရှိသည်ဖြင့် တရားတွေချည်းပါပဲ။

အစ မရှိတဲ့ သံသရာက ဖြစ်လာသမျှတွေဟာ တရားချည်းပါပဲ၊ ရှေးဦးစွာ ဤလိုသိရမယ်။ နောက်အဆင့်ကတော့ ဒီတရားတွေဟာ အနတ္တတရားတွေပါပဲလို့ သိရမယ်။ အဲဒါကြောင့် "သဗ္ဗေဓမ္မာအနတ္တာ" လို့ ဟောခဲ့ပါတယ်။ လိုရင်းကတော့ ဒါပါပဲ။ သဗ္ဗေဓမ္မာ အနတ္တာကို ဟောရမှာပဲ။ အစမရှိတဲ့ သံသရာက ဖြစ်လာရသမျှတွေကလဲ တရားချည်းပါပဲ။

ဖြစ်လာရတဲ့ တရားတွေက လောကီ တရားတွေ ဖြစ်တယ်။ လောကီ တရားဆိုတာ ကာမတရား၊ ရူပတရား၊ အရူပတရားတွေပေါ့။ သုံးဆယ့် တစ်ဘုံတရားဆိုတဲ့ လောကီတရား၊ ဈာန်တရား၊ အဘိညာဉ်တရားတွေလဲ ဖြစ်ကြရဘူးပါပြီ။ အခုမဖြစ်လဲ နောက်နောက်ဘုံးက ဖြစ်ခဲ့ဘူးပါတယ်။ ဖြစ်နေကျတရားလက်ချိုးကြီးပဲ။ အဲဒီလို အဲဒီလိုသာလျှင် ဖြစ်၍လာတယ်။

တရားတွေချည်းပါပဲလို့ ပြောပေမယ်သို့ လိုရင်း ပြောလိုဘာက သံသရာတလျှောက်လုံးက ဘယ်တုံးကမှ မဖြစ်ခဲ့ဘူးသေးတဲ့ တရား၊ အဲဒီ တရားဖြစ်ဘို့ရာ အရေးကြီးတယ်။ အဲဒီတရားကို သိတဲ့ဉာဏ်ဖြစ်ဘို့ရာ ဘုန်းကြီးတို့က ဟောပြနေရတာပဲ။ အဲဒီတရားက လောကုတ္တရာတရား။ လောကုတ္တရာတရားဆိုတာ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားပဲ။ လိုရင်းကတော့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်။ အဲဒီလောကုတ္တရာဆိုတဲ့ တရားက ဘယ်တုံးကမှ မဖြစ်ခဲ့ကြဘူးသေးဘူး။

လောကီကုသိုလ်ဆိုတာ မကြာမကြာ ဖြစ်ပါတယ်။ မကြာမကြာဖြစ်ဆိုတာ အခု တရားပွဲကြီး ကျင်းပတယ်ဆိုတာ ကုသိုလ်ပေါ့၊ တရား

ဟောရတယ်ဆိုတာ ကုသိုလ်ပေါ့ဗျ၊ တရားနာကြရတယ်ဆိုတာ ကုသိုလ်ပေါ့ဗျ၊ ဆွမ်း, ဆီမီး, ရေချမ်း, ပန်း-အစရှိသည်တို့ လှူဒါန်းပေးကမ်းရတာလဲ ကုသိုလ်ပေါ့။ ဒါနကုသိုလ်၊ သီလကုသိုလ်၊ သမထကုသိုလ်၊ ဝိပဿနာကုသိုလ်ဆိုတဲ့ ဒီလိုကုသိုလ်တွေကတော့ အဖန်တလဲလဲ ထပ်ခါထပ်ခါ ဖြစ်ခဲ့ကြရလေပြီ။

အဲဒီလို ဖြစ်ခဲ့တဲ့ တရားတွေက မမြဲဘူး၊ ဆင်းရဲတဲ့တရားမို့လို့ ဒုက္ခတရား၊ ဒုက္ခသစ္စာတရား၊ ဒါကြောင့် "တေဘူမကံ ဝဋ္ဋံ ဒုက္ခံ" ဘုံသုံးပါးမှာတော့ ဘာတွေပဲဖြစ်ဖြစ် ဖြစ်သမျှမှာတော့ ဒုက္ခပါပဲ။ ဒုက္ခဆိုတာ အချည်းနှီး၊ အချည်းနှီးဖြစ်သွားတယ်၊ အလကား၊ အလကားဖြစ်သွားတယ်၊ ဆင်းရဲတယ်၊ အချည်းနှီးပဲ ဒီလိုဆိုတယ်။ အဲဒါကြောင့် အခု ကျင်းပတဲ့ တရားပွဲက သံသရာ တလျှောက်လုံးက ဘယ်တုံးကမှ မဖြစ်ဘူးသေးတဲ့ ကုသိုလ်တွေဖြစ်ကြဘို့ရာ ပြုလုပ်ကြ၊ ကျင်းပကြရတယ်။ တရားပွဲကြီး ပြုလုပ်ကြရတယ်၊ ဟောကြရတယ်၊ နာယူကြရတယ်၊ နာယူတဲ့သူတွေကလဲပဲ တို့တတွေ ဘယ်တုံးအခါ ဘယ်ကာလကမှ မဖြစ်ခဲ့ဘူးသေးတဲ့ ကုသိုလ်ဖြစ်ကြရတော့မယ်ရယ်လို့ တရားကို လေးလေးစားစားနဲ့ ကြိုးစား၍သာ နာကြပေတော့။

ဘုန်းကြီးတို့ကလဲ ဘယ်တုံး ဘယ်အခါကမှ မဖြစ်ဘူးသေးတဲ့ ကုသိုလ်တွေ ဖြစ်ကြရအောင်လို့ ဟောပေးရမှာ။ ဖြစ်နေကျ ကုသိုလ်မျိုး မဟုတ်ဘူး၊ အဲဒီ ကုသိုလ်တွေကတော့ အဖန်တလဲလဲ ဖြစ်ခဲ့ဘူးကြပါပြီ။ ဒီ ဖြစ်နေကျ ကုသိုလ်မျိုးတွေ ဖြစ်ဖို့လောက်ကိုတော့ ဘုန်းကြီးတို့က ကြိုးကြိုးစားစား၊ ပင်ပင်ပန်းပန်း၊ ဆင်းဆင်းရဲရဲ ဟောပေးဘို့မလိုပါဘူး၊ နာယူတဲ့ပရိသတ်တွေကလဲ ဒါလောက် ဆင်းဆင်းရဲရဲ ဒုက္ခခံ၍ နာကြလိမ့်မယ် မဟုတ်ပါဘူး။ အဲဒီတော့ သံသရာတလျှောက်လုံးက ဘယ်တုံးကမှ မဖြစ်ခဲ့ဘူးသေးတဲ့ကုသိုလ်၊ လောကုတ္တရာကုသိုလ်တွေ ဖြစ်ကြရအောင်လို့ ဟောကြရတယ်၊ နာကြရတယ်၊ သတိဝိရိယစိုက်ပြီးတော့ ကောင်းမွန်စွာ နာယူကြ။

သံသရာတလျှောက်လုံးက ဘယ်တုံးကမှ မဖြစ်ခဲ့ဘူးသေးတဲ့ ကုသိုလ်မျိုးဆိုတာ ဘယ်လိုလုပ်ရသေးသလဲ၊ ဒါကအလုပ်မဟုတ်ဘူး။ လော

ကုတ္တရာကုသိုလ်ဆိုတာ အလုပ်မဟုတ်ဘူး။ အပြုအပြင်မျိုးမဟုတ်ဘူး။ ပြုရတယ် ပြင်ရတယ် အားထုတ်ရတယ်မဟုတ်ဘူး။ ပြုရတယ် ပြင်ရတယ် လုပ်ရတယ် အားထုတ်ရတယ်ဆိုတာက လောကီကုသိုလ်မျိုးသာလျှင် ဖြစ်ကြရတယ်။

လောကုတ္တရာကုသိုလ်မျိုးဆိုတာ ပြုရပြင်ရ လုပ်ရကိုင်ရတာမျိုးမဟုတ်ဘူး။ လောကုတ္တရာဆိုတာ ဖြစ်လာရအောင် လုပ်ရတာမျိုးမဟုတ်ဘူး။ လောကုတ္တရာ နိဗ္ဗာန်ဆိုတဲ့တရားက အသင်္ခတဓာတ်မို့ မပြုမပြင် မစီရင် ဘဲလျက် သူ့အလိုလိုက ရှိနေတဲ့တရား၊ ရှိပြီးသားတရား၊ ဟုတ်ပြီးသား မှန်ပြီးသားတရား၊ အဲဒီတရားက ဘယ်မှာရှိသလဲ။ ဟိုအနား ဒီအနား၊ ဟိုမှာ ဒီမှာရှိတာလား၊ ဒီလိုမဟုတ်ဘူး။ မိမိတို့ရဲ့ခန္ဓာကိုယ်မှာရှိတယ်။ အကျယ်ပြောမယ်ဆိုတော့ တကိုယ်လုံးပဲရှိတယ်။ သည့်ထက်ကျယ်ပြန့် အောင် ပြောရမယ်ဆိုရင် နေရာတကာမှာရှိနေတယ်။ရှိနေတဲ့တရားကြီးက ကျယ်ကျယ်ဝန်းဝန်းကြီးပါဗျာ။

ဘယ်နေရာမှာရှိဘယ်လို့ နေရာနဲ့ညွှန်ပြခြင်းငှါမထိုက်....တဲ့။ ဒါဖြင့် နေရာတကာမှာ ရှိနေတယ်ပေါ့။

မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ၊ မိမိတို့ရဲ့ စိတ်သန္တာန်မှာ သူ့အလိုလိုက သူ့သဘာဝအတိုင်း ပကတိအလိုလိုရှိနေတဲ့ သန္တိသုခဆိုတဲ့ နိရောဓသစ္စာ နိဗ္ဗာန်တရားကို သိကြရမယ်။

ဘုန်းကြီးတို့ကတော့ သိလွယ်အောင် မြင်လွယ်အောင် ဗမာလို ရိုးရိုးနဲ့ လွယ်လွယ်ကလေး ဟောပြမယ်။ ခင်ဗျားတို့က သိအောင် မိမိတို့ရဲ့ခန္ဓာမှာ (ဝါ) စိတ်မှာ ကြည့်ကြရလိမ့်ဦးမယ်။ ကြည့်မှမြင်မှာဗျ၊ မကြည့်ပဲနဲ့တော့ မမြင်ဘူး။ အဲဒါ အလုပ်နဲ့ ပြောရင် အလုပ်ပေါ့၊ ကြည့် ဆိုတာကတော့ လောကီ၊ လောကီအလုပ်ဆိုတာက ဝိပဿနာပေါ့။

တိုတိုကတော့ ဘယ်တော့မှ မဖြစ်ဘူးသေးတဲ့ ကုသိုလ်ဖြစ်အောင်၊ ဘယ်တုံးကမှ မသိသေးတဲ့ အသိတွေဖြစ်လာအောင် ဘယ်လိုလုပ်ရမလဲ ဆိုတော့ ဘယ်လိုမှမလုပ်ရဘူး၊ မိမိတို့ရဲ့ မနောမှာ စိတ်ဆိုတာ သိကြ တယ်မဟုတ်လား။ သိပါတယ်၊ လူတိုင်းသိကြပါတယ်။ မိမိတို့ရဲ့စိတ်မှာ

ဘယ်ပုံ ဘယ်လို ဟုတ်နေသလဲဆိုတာကို ခင်ဗျားတို့သိလိုက်ကြ။ တရားနာ ပရိသတ်တို့ သိလိုက်ကြ။ တရားဆိုတာ အဟောမဟုတ်ဘူး။ အပြော မဟုတ်ဘူး။ ပြောရုံ ဟောရုံ မဟုတ်ဘူး။ နာရုံ ကြားရုံ မဟုတ်ဘူး။ ဘုန်းကြီးတို့ ဟောတာတွင် မနေကြနဲ့။ သူ့ဘာသာ သူ့အလိုလိုဟုတ် နေတာကို ကြည့်လိုက်လျှင်သိတာ။ အဲဒါကိုမှ သန္ဒိဋ္ဌိကတရား၊ အကာ လိကတရား၊ ဩပနေယျိကတရားလို့ ပြောတာ။

ပြောရုံသက်သက် မဟုတ်ဘူး။ပါးစပ်ကတော့ ပြောချင်တာတွေပြော၊ ဟောချင်တာတွေဟော၊ ဆိုချင်ရာတွေဆို ဖြစ်တာပဲ။ တကာကြီးတို့လဲ ဖြစ်ပါတယ်ဗျ။ စိတ်ဆိုတာလဲဒီအတိုင်းပဲ၊ ပါးစပ်က ပြောချင်တာတွေ ပြောရင် ပြောလို့ဖြစ်သလို၊ စိတ်ကလဲ ကြံချင်တာတွေကြံ၊ တွေးချင်တာ တွေကိုတွေး၊ ဘယ်သူမှမတားနိုင်ဘူး။ ဘုရားလဲမတားနိုင်ဘူး။ စိတ်လုပ် သမျှမှာတော့ ဒုက္ခ၊ ဒုက္ခသစ္စာသာ မှန်တယ်။ စာလိုတနည်းပြောတော့ စိတ္တအဘိသင်္ခါရဏာသင်္ခါရ၊ အဝိဇ္ဇာကြောင့်ဖြစ်တဲ့စိတ်၊ အဝိဇ္ဇာကြောင့် ဖြစ်တဲ့သင်္ခါရ၊ ဒီလိုဆိုတယ်။

ဒီစိတ်ကလုပ်နေတိုင်းလဲ မဟုဘ်ဘူး။ စိဘ်က သိမှဘ်ယူစွဲပြီး ပြောဆို နေတိုင်းလဲ မဟုတ်ဘူး။ မှန်ချင်မှလဲမှန်မှာပေါ့။ မှန်ရာကိုပြောမိလို့ မှန်ချင်လဲမှန်မှာပေါ့။ မှန်ရာကိုလုပ်မိလို့ မှန်ချင်လဲမှန်မှာပေါ့။ မှန်ပေ မယ်လို့ ဒီလိုမှန်တာမျိုးကို ပြောတာမဟုတ်ဘူး။ ဟုဘ်ရမှာက သူ့ဘာ သာသူ၊ သူ့အလိုလို၊ သူ့သဘာဝအတိုင်းတိုင်း ဟုတ်နေတာကို ဟုတ် နေတဲ့အတိုင်းတိုင်း သိလိုက်တာ၊ သိသွားတာ၊ အဲဒါ မဖြစ်ဘူးသေးတဲ့ ကုသိုလ်ဖြစ်တာပဲ။ ဘယ်သောအခါကမှ မဖြစ်ဘူးသေးတဲ့ ကုသိုလ် ဖြစ်လာတာဘဲ။ အဲဒါကို လောကုတ္တရာကုသိုလ်လို့ခေါ်တယ်။

အဲဒီအသိဉာဏ်ရမှ ဘေးခပ်သိမ်း၊ ရန်ခပ်သိမ်း၊ ဒုက္ခခပ်သိမ်းတို့မှ ချုပ်ငြိမ်းမယ်။ ဟုတ်နေတဲ့အတိုင်းတိုင်း၊ မှန်နေတဲ့အဘိုင်းတိုင်း၊ တရား အတိုင်းတိုင်းသိမှ ချမ်းသာမယ်။ ဤလိုသိတဲ့ဉာဏ်မှတပါး ဘာမှ ချမ်း သာတာမရှိဘူး။ ခင်ဗျားတို့ဆီမှာ ဘာတွေရှိရှိ၊ ရှိနေလေ-ဆင်းရဲလေပဲ။ ဒုက္ခတွေများလေလေပဲ။ ရွှေ,ငွေ, စိန်-အစရှိသည်ဖြင့် ဘာပဲရှိရှိ၊ ရှိရင်

ရှိတာနဲ့ ပူရမှာပဲ။ မရှိတော့လဲ မရှိလို့ပူရမှာပဲ။ ဘယ်တော့မှ မသက်သာဘူး။ မရှိတောင့်တ ရှိကြောင့်ကျနဲ့ သက်သာမှာကတော့ "တရား-တရားအတိုင်းတိုင်း" သိတဲ့ဉာဏ်ဖြစ်မှ သက်သာရာရမယ်။ ချမ်းသာရာရမယ်။

ချမ်းသာရာရအောင်လို့၊ သက်သာရာရအောင်လို့ တရားတွေဟောကြရတာ။ လူနတ်ပြဟ္မာ သတ္တဝါတွေ ချမ်းသာရာရအောင်လို့ ဘုရားအဆူဆူတွေ ပွင့်ထွန်းတော်မူလာခဲ့ရတာ။ အလကားမဟုတ်ဘူး။ သူတို့တတွေ ချမ်းသာအောင်လို့၊ သက်သာရာရအောင်လို့၊ ထောက်ရာတည်ရာရအောင်လို့၊ ဘုရားရယ်၊တရားရယ်၊ သံဃာရယ်လို့ ရတနာသုံးပါးရှိရတာ။ ပေါ်ပေါက်ရတာ။

ဘုရားရယ်လို့ ပွင့်ထွန်းတော်မူလာပြီး ဘာလုပ်သလဲ။ သတ္တဝါတွေကိုတရားဟောတယ်။ လေးပါးသောသစ္စာတရားကို ဟောတယ်။ လေးပါးသောသစ္စာတရားတို့တွင် နိရောဓသစ္စာဆိုတဲ့ နိဗ္ဗာန်တရား၊ အဲဒီနိဗ္ဗာန်ကိုသိဘို့ရန် အရေးကြီးတယ်။ နိဗ္ဗာန်သိလို့ရှိရင် ဒုက္ခကလဲ ပိုင်းခြားပြီးသားဖြစ်မှာဘဲ။ သမုဒယကလဲ ပယ်ပြီးသားဖြစ်မှာပဲ။ မဂ်ကလဲ ပွားပြီးသားဖြစ်မှာပဲ။ သိ-ပယ်-ဆိုက်-ပွါး၊ လေးပါးကိစ္စ၊ မဂ်၏ကိစ္စတွေ ဆိုတာ စိတ်တခုထဲဖြစ်တာ။ မဂ်စိတ်တခုထဲဖြစ်တာ။ ၎င်းမဂ်စိတ်က ဘာကိုသိသလဲ။ ဘာကိုအာရုံပြုသလဲ။ နိဗ္ဗာန်တခုထဲ အာရုံပြုတယ်။ အဲဒီနိဗ္ဗာန်တခုကို သိတော့ လေးပါးသောကိစ္စ ပြီးသွားတာပဲ။

နိဗ္ဗာန်ဆိုတာက ဘာလဲ။ ဘယ်မှာလဲ။ တခြားမှာမဟုတ်ဘူးဗျ။ မိမိတို့ခန္ဓာကိုယ်မှာရှိကြောင်း ရောဟိတဿနတ်သား အစရှိသည်တို့ကို ဟောကြားတဲ့ ဒေသနာတွေမှာ ရှိပါတယ်။ ကြားဘူးကြမှာပေါ့။ ထပ်မံအကျယ်တဝင့်ပြောမနေပါရစေနဲ့တော့။ နိဗ္ဗာန်ဆိုတာ မိမိတို့ရဲ့ခန္ဓာမှာရှိတယ်။ သေပြီးမှနိဗ္ဗာန်ရောက်မှာမဟုတ်ဘူး။ မသေခင် အရှင်လတ်လတ်ရောက်ရမှာ။ မသေခင် အရှင်လတ်လတ်ရောက်တာကို ကိလေသာ ပရိနိဗ္ဗာန်လို့ခေါ်တယ်။ ပရိနိဗ္ဗုတပုဂ္ဂိုလ်လို့ခေါ်တယ်။ ကိလေသာတွေ ပရိနိဗ္ဗာန်ပြုကုန်ပြီပေါ့။

ကိလေသာတွေ ပရိနိဗ္ဗာန်ပြုကုန်ပြီဆိုတာ ကိလေသာတွေ အဖြစ်ငြိမ်းနေတာ ပြောတာ။ ကိလေသာတွေ အဖြစ်ငြိမ်းကုန်ပြီ၊ လောဘ, ဒေါသ, သောက, ပရိဒေဝ, ဒေါမနဿတို့ အစရှိသည်ဖြင့် ထောင့်ငါးရာ ကိလေသာပေါ့။ ဆယ်ပါးသော ကိလေသာ၊ သံယောဇဉ်နဲ့ ပြောတော့ သံယောဇဉ်၊ ဥပါဒါန်နဲ့ ပြောတော့ ဥပါဒါန်၊ အာသဝ၊ ကာမ၊ ယောဂ၊ နီဝရဏ အစရှိသည်ဖြင့် အမည်ရတဲ့ တရားတွေ အဖြစ်ငြိမ်းနေတာကို ပရိနိဗ္ဗုတပုဂ္ဂိုလ်လို့ သမုတ်ရတာပဲ။

ကိလေသာတွေကငြိမ်းတော့ ကိလေသာငြိမ်းတဲ့သူရှိရမှာပဲ။ လောကကြီးမှာ စိတ်ဆင်းရဲနေတော့ စိတ်ဆင်းရဲနေတဲ့သူ မရှိဘူးလား။ စိတ်ချမ်းသာနေတော့ စိတ်ချမ်းသာနေတဲ့သူ မရှိဘူးလား။ ရှိတာပေါ့ဗျ။ သမုတ်တာပေါ့ဗျ။ အဲဒီလို သမုတ်တာတွေရှိတာ။

တရားက သူ့ဘာသာသူ ဟုတ်နေတာ၊ မှန်နေတာဗျ။ သမုတ်တာ မပါသေးဘူးပေါ့။ အဲဒီ သမုတ်တာ မပါသေးတဲ့တရား သိရမှာ။ အဲဒါကြောင့် ကိလေသာချုပ်ငြိမ်းနေတော့ ကိလေသာချုပ်ငြိမ်းနေတဲ့ပုဂ္ဂိုလ်ပေါ့။ အဲဒီလိုပုဂ္ဂိုလ်ကို ပရိနိဗ္ဗုတပုဂ္ဂိုလ်လို့ သမုတ်ပြီး ပြောရတာ။ ပရိဆိုတာက ကိလေသာတွေ ချုပ်ငြိမ်းနေတာကို ပရိလို့ ခေါ်တယ်။ ပရိမပါပဲ နိဗ္ဗာန်ဆိုတာက အသခ်တဓာတ်နိဗ္ဗာန်၊ ပရိနိဗ္ဗာန်ပေါ့။ ဒါတွေကို ရှင်းပြီး ပြနေရတာက ခင်ဗျားတို့ကို နိဗ္ဗာန်ဆိုတာ သေပြီးမှ၊ သေပြီးတဲ့နောက်မှ ရောက်မှာမဟုတ်ဘူးဆိုတာ သိစေလိုလို့ပဲ။ ဟိုဘဝ, ဒီဘဝ, မနက်ဖြန်,သဘက်ခါကျမှ ရောက်မှာမဟုတ်ဘူး။ အခု မျှော်ပြလိုက်လို့ အခု သိမြင်သွားရင် အခု ရောက်မှာ။

နိဗ္ဗာန်ကို သိတာ မြင်တာ ဒဿနကိစ္စလို့ ခေါ်တယ်။ အဲဒါကိုပဲ သောတာပန်လို့ ခေါ်တယ်။ အရိယာ အငယ်စားကလေး ဖြစ်လာပြီပေါ့။ ရှေးဦးစွာ နိဗ္ဗာန်ကိုမြင်လိုက်တယ်။ ရှေးဦးစွာ သိလိုက်တယ်ပေါ့။ သိရင် သိတဲ့ အတိုင်းတိုင်း၊ မြင်-မြင်တဲ့ အတိုင်းတိုင်း၊ သိသလို မြင်သလို နေ့ထိုင်ကျင့်သုံးသွားတယ်ပေါ့။ ပွားများတယ်ပေါ့။ အဲဒါ အထက်မဂ်အလို့ငှါပဲ။ ဒီလိုကျင့်သုံးသွားရင် ကိလေသာအဖြစ်တွေ နည်းနည်းသွား

တယ်။ ဒါကိုပဲ ကိလေသာက ပါးပါးသွားတယ်၊ ကုန်ကုန်သွားတယ်လို့ ဆိုရပြန်တာ။ အဲဒီလို နေသွားရမှာ။

လိုရင်းကတော့ မိမိတို့ရဲ့စိတ်မှာ သူ့ဟာသူ ဟုတ်နေတာကို သိကြရမယ်၊သိအောင်လို့ ကြည့်လိုက်ကြရမယ်၊ ဒါအလုပ်ပဲဗျ။အဲဒါ ဘုန်းကြီးတို့ပေးတဲ့ အလုပ်တရားပဲ။ မိမိတို့ရဲ့စိတ်မှာ သူ့ဟာသူ အလိုလိုဟုတ်နေတာကို မှန်နေတာကို ယထာဘူတလို့ခေါ်တယ်။ သမ္မာလို့လဲခေါ်တယ်။ ယထာဘူတတဲ့၊ "ဘူတံ ဘူတတော ပဿတိ" အဲဒါကို စက္ခုမံသပုဒ်လို့ ခေါ်တယ်။ စာလိုခေါ်တာပါ၊ လိုရင်းကတော့ ခင်ဗျားတို့စိတ်မှာ သူ့ဟာသူ ဟုတ်နေ, မှန်နေတာမြင်လိုက်ကြ၊ သိလိုက်ကြ။

တရားနာပရိသတ်တို့၊ မိမိတို့စိတ်မှာ ဘယ်လိုအနေနဲ့ ဟုတ်မှန်နေသလဲ၊ ဟုတ်မှန်မှာက ဘယ်သိုသာလျှင် ဟုတ်မှန်၍နေကြမလဲ။ များသောအားဖြင့် ခင်ဗျားတို့စိတ်ထဲမှာ အေးပြီးသား၊ ငြိမ်းပြီးသား၊အေးလျက်, ငြိမ်းလျက်၊ ချမ်းသာလျက်၊ လွတ်ပြီးသား၊ ကျွတ်ပြီးသား၊ ဒီအတိုင်းသာလျှင် မှန်ရမယ်၊ ဟုတ်ရမယ်။

အဲဒီအချိန်မှာ လောဘတွေ ဖြစ်နေတာလဲမဟုတ်ဘူး၊ ဒေါသတွေ ဖြစ်နေတာလဲမဟုတ်ဘူး၊ သောက, ပရိဒေဝတွေကလဲ ဖြစ်မနေဘူး၊ တောင့်တ ကြောင့်ကျတဲ့ စိတ်တွေကလဲ ဖြစ်မနေဘူး။ သတ်မှုတွေ, ခိုးမှုတွေကလဲ ကင်းရှင်း၍နေပါတယ်၊ ဖြစ်မနေပါဘူး၊ အဲဒါ အနတ္တ။ ဘာတွေ-ဘာတွေကို လုပ်ဦးမယ်ဆိုတဲ့ စိတ်ကလဲမရှိပါဘူး၊ အယူအစွဲတွေကလဲ မရှိပါဘူး။

အယူအစွဲတခုနဲ့ ပြုလုပ်တာကို အတ္တလို့ခေါ်တယ်။ အခုအချိန်အခါမှာတော့၊ အခုအခိုက်အတန့်ကလေးမှာတော့ ဘာကိုမှ စွဲလမ်းတဲ့စိတ်၊ ဘာကိုမှ ပြုချင်တဲ့ စိတ်ကလဲ မရှိလေတော့ ပကတိ အတိုင်းတိုင်း အေးနေပါတယ်။ အဲဒါ အနတ္တ။ ကိုယ်က ဘယ်လိုမှမလုပ်ပဲ၊ ဘာကိုမှ မကြံပဲ၊ ဘယ်ကိုမှမတွေးပဲ-ဒီအတိုင်းတိုင်း အေးနေပါတယ်။ လိုရင်းကတော့ စိတ်အကြံ, စိတ်အတွေး, စိတ်အလုပ်, စိတ်ကိစ္စ, စိတ်အပူတွေ မဖြစ်တာ၊ စိတ်အလုပ်တွေမဖြစ်တာ၊ ဒီစိတ်အလုပ်တွေကြောင့်ခက်တာ၊

နိဗ္ဗာန်ကိုမမြင်နိုင်တာပဲ။ ဒီစိတ်အလုပ်တွေက ဖုံးဖုံးနေတယ်။ ကောင်းတဲ့စိတ်ပဲဖြစ်ဖြစ်၊ မကောင်းတဲ့စိတ်ပဲဖြစ်ဖြစ်၊ ဘာစိတ်ပဲဖြစ်ဖြစ်၊ စိတ်အလုပ်လုပ်ရင်တော့ စိတ်အလုပ်ဖုံးတာ၊ဒီစိတ်အလုပ်ကို စာလိုတော့ သင်္ခါရလို့ ခေါ်တယ်၊ စိတ္တသင်္ခါရလို့ ခေါ်တယ်။ အဲဒါကြောင့်မို့ နိဗ္ဗာန်ကို ကံကိလေသာဖုံးတယ်၊ သင်္ခါရဖုံးတယ်လို့ ဘုရားကဟောခဲ့တာ။

အဲဒီ ကံကိလေသာတွေက အဝိဇ္ဇာကြောင့်ပူတာ၊ အဝိဇ္ဇာဆိုတာ မသိတာပဲ၊ မသိတာက ဘာကိုမသိတာလဲ၊ ဘယ်လိုမသိတာလဲ၊ မိမိတို့စိတ်မှာ သူ့အလိုလိုကတော့ အေးနေတာ၊ ချုပ်နေတာ၊ အေးငြိမ်းချမ်းသာနေတာ။ ပူတယ်,ဆွေးတယ်, မအေးတယ်ဆိုတဲ့ စိတ်မျိုးတွေမရှိဘူး။ တကာကြီးတွေ, တကာမကြီးတွေမှာ ပူစိတ်တွေ ဖြစ်ပြီးသားအနေနဲ့ မရှိဘူး၊ ဖြစ်နေတာတွေ မရှိဘူး။ သူကအနိစ္စမျိုး၊အဲဒီအနိစ္စကို အတ္တနဲ့ ပြန်ဖြေရရင်တော့ အကျယ်ကြီးဟောရဦးမှာပဲ၊ သဗ္ဗေသင်္ခါရအနိစ္စလို့ ဟောလို့မို့ အလုံးစုံသော သင်္ခါရတရားက ရှိနေတာမဟုတ်ဘူး၊လောဘတွေကလဲ ရှိနေတာမဟုတ်ဘူး၊ ဒေါသတွေကလဲ ရှိနေတာမဟုတ်ဘူး၊ မောဟဆိုတာကလဲ ရှိနေတာမဟုတ်ဘူး၊ ရှိမနေဘူး၊ အဲဒါကြောင့်အနိစ္စလို့ဟောတာ။

တခါတခါတော့ ရှိတာပေါ့၊ ရံခါရံခါကတော့ ရှိတာပေါ့၊ ဖြစ်လာတာပေါ့၊ ဖြစ်ပြီးတော့လဲ ပျက်သွားတယ်၊ ဖြစ်ပြီးပျက်သွားလို့ မရှိဘူး။ ဖြစ်ဦးမဲ့တရားကလဲ မဖြစ်သေးလို့မို့ ဖြစ်နေတာတွေ မရှိဘူး။ အဖြစ်မှ အေးလျှက်, ငြိမ်းလျှက်ရှိတယ်၊ လွတ်လျှက်ရှိတယ်။ ခပ်သိမ်းသောအဖြစ်တို့ရဲ့ အေးရာ, ငြိမ်းရာကြီးရှိတယ်။ နိဗ္ဗာန်အထင်အရှားရှိတယ်ဆိုတာ ဒါပြောတာ။

အဲဒါကြောင့် အေးပြီးသား, ငြိမ်းပြီးသားတရားကို အေးပြီးသား, ငြိမ်းပြီးသားပါကလား၊ သူ့ပင်ကိုယ်ကတော့၊ သူ့အလိုလိုကတော့ သူ့ဟာသူ အေးပြီးသား, ငြိမ်းပြီးသား, ချုပ်ပြီးသား တရားပါကလား ရယ်လို့ ဤလိုသိတဲ့ဥာဏ်ဖြစ်တာပဲ။

ဤကဲ့သို့ ဘယ်တုံးကမှ မသိခဲ့ဘူးလေတော့ ရှုမှ, မှတ်မှ, ပွါးမှ, ဒါမှရမှာလို့ သိပြန်ရော။ အဲဒီတော့မှ သင်္ခါရတွေက ဖြစ်လာပြန်ပါ

ရော။ နိဗ္ဗာန်ဆိုတာ အလုပ်လုပ်ယူရမယ် အစရှိသည်ဖြင့် ဒီလိုသိသွားကြပြန်ရော။ ဘုရားက ဟောသွားခဲ့ပါတယ်၊ သစ္စာလေးပါး ဖြစ်လာအောင် သင်တို့က လုပ်မပေးရပါဘူး၊ သစ္စာလေးပါးတရား ဆိုတာသူ့သဘာဝအနေနဲ့ကိုက မဖေါက်မပြန် ဟုတ်မှန်စွာ ရှိပြီးသားပါတဲ့။ အဲဒီ ရှိပြီးသား သစ္စာလေးပါးကို ရှေးဦးစွာ သိမြင်တော်မူတာကို ဘုရားလို့ ခေါ်တာ။ သစ္စာလေးပါးတရားကို ဘုရားက ပြုလုပ်ပေးထားတာမဟုတ်ဘူး။ ဘုရားကလုပ်ပေးလို့ သစ္စာလေးပါးဖြစ်လာတယ်ဆိုရင် အခြားအခြားသော ဘာသာဝင်တွေ ဖြစ်ကုန်လိမ့်မယ်၊ သူ့ဟာသူ ဟုတ်နေ, မှန်နေတာကိုသိတာ။

သိစရာတရားအပေါင်းတို့တွင် သူ့အလိုလိုမှန်ကန်ပြီး ငြိမ်းချမ်း၍နေသောတရားကို သိမြင်ဘို့ရာ အရေးကြီးတယ်၊ အဲဒီတရားက နိရောဓသစ္စာတရား၊ သည့်အပြင် ဖြစ်လာတဲ့တရားတွေကတော့ သင်္ခါရတရားခေါ်တယ်။ အဲဒါတွေကလဲ ခင်ဗျားတို့ မနေ့ာမှာ ရံဖန်,ရံခါ ဖြစ်လာတာတွေကလဲ မလွဲဘူး မှန်တယ်။

လောဘဖြစ်တော့ လောဘဖြစ်တဲ့တရား၊
ဒေါသဖြစ်တော့ ဒေါသဖြစ်တဲ့တရား၊
သောက,ပရိဒေဝဖြစ်တော့ သောက,ပရိဒေဝဖြစ်တဲ့တရား၊
တရားတခုခုရှုမှတ်နေတော့လဲ ရှုမှတ်နေတဲ့တရား။

အဲဒီလိုလဲ မှန်နေပါတယ်။ဘယ်လိုမှလွဲနေတာမဟုတ်ပါဘူး၊ဒီလိုသိကြရမယ်။ အဲဒီလို စိတ်ကဖြစ်လာတာတွေကို ဥပါဒါနက္ခန္ဓာလို့ခေါ်တယ်၊ အဲဒီဥပါဒါနက္ခန္ဓာက အစဉ်အမြဲ ရှိနေတာမဟုတ်ဘူး၊ ဖြစ်အောင်လုပ်တဲ့အခါမှဖြစ်ပြီး-ဖြစ်ပြီးတော့လဲ ပျက်တဲ့တရား၊ အဲဒါလို သိကြရမယ်။ ဒီခန္ဓာကိုယ်ကြီးကို ပြောတာမဟုတ်ဘူး၊ ဒီခန္ဓာကိုယ်ကြီးက ပဉ္စက္ခန္ဓာလို့ခေါ်တယ်၊ အနုပါဒါနက္ခန္ဓာလို့လဲ ခေါ်တယ်။

အဲဒီ ခြေအစ, ခေါင်းအဆုံးဖြစ်တဲ့ ပဉ္စက္ခန္ဓာ ( ဝါ ) အနုပါဒါနက္ခန္ဓာကို ကြည့်ရမှာမဟုတ်ဘူး၊ မြင်တာတို့, ကြားတာတို့, စားတာတို့ကိုလဲ ကြည့်ရမှာ မဟုတ်ဘူး၊ ဒီခန္ဓာကို ကြည့်နေလို့ မဂ်မဖြစ်ဘူး၊

နိဗ္ဗာန်ရောက်မှာမဟုတ်ဘူး၊ နိဗ္ဗာန်ရောက်ဖို့ နိဗ္ဗာန်မြင်ဘို့က ဥပါဒါ နက္ခန္ဓာတွေ သူ့အလိုလို မဖြစ်ပဲနေတာ၊ သူ့အလိုလို ချုပ်ငြိမ်း၍နေတာ၊ သူ့အလိုလို-

ခယ မမ္မဖြစ်၍ နေတာ
ဝယ မမ္မဖြစ်၍ နေတာ
ဝိရာဂ မမ္မဖြစ်၍ နေတာ
နိရောမ မမ္မဖြစ်၍ နေတာ

ကို သိကြရမယ်၊ အဲဒါ ဥပါဒါနက္ခန္ဓာတည်းဟူသော လောကကြီး သုဉ်းနေတယ်၊ ဆိတ်နေတယ်၊ ကုန်နေတယ်၊ ခန်းနေတယ်၊ မရှိဘူး၊ ဤလို ဟောကြားတော်မူခဲ့တာ။ အဲဒါ ဥပါဒါနက္ခန္ဓာဆိုတဲ့ နာမ်ရုပ်က သူ့အလိုလို အဖြစ်တို့မှ သုဉ်းဆိတ်, ချုပ်ငြိမ်း၍နေတယ်၊ မရှိဘူး၊ အဲဒီလို သိကြရမယ်။ အဲဒီလိုသိမှ မဖြစ်ဘူးသေးတဲ့ ကုသိုလ်တွေဖြစ်မှာ။

ခန္ဓာနာမ်ရုပ်တွေရှိတယ်လို့ သိခဲ့ကြသားပဲ၊ ဖြစ်တယ်, ပျက်တယ်၊ ဘယ့်နှယ်, ညာ့နှယ်နဲ့ သိခဲ့ကြသားပဲ၊ အဲဒါမှန်တော့မှန်တယ်၊ လောကီ ကုသိုလ်ပေါ့၊ ထပ်ခါထပ်ခါ, ထပ်တလဲလဲ ဖြစ်ခဲ့ကြဘူးတဲ့ လမ်းစဉ် လက်ရိုးကြီးပေါ့၊ မဖြစ်သေးတဲ့ ကုသိုလ်မျိုးမဟုတ်ဘူး၊ မဖြစ်သေးတဲ့ ကုသိုလ်မျိုးဆိုတာက ဆိုခဲ့တဲ့ ဥပါဒါနက္ခန္ဓာတို့ရဲ့ ချုပ်ငြိမ်းရာပဲ။ ဥပါဒါနက္ခန္ဓာတို့မှ သူ့အလိုလို ချုပ်ငြိမ်းနေတယ်။ ဥပါဒါနက္ခန္ဓာဆိုတာ အစွဲအလမ်းနဲ့တကွဖြစ်တဲ့ စိတ်ကိုပြောတာ၊ လောဘစိတ်, ဒေါသစိတ်, သောကစိတ်, ပရိဒေဝစိတ်, သူထင်ငါထင်, ပုဂ္ဂိုလ်သတ္တဝါထင် အစ ရှိသည်ဖြင့် အထင်နှင့်တကွ, အစွဲနှင့်တကွ ဖြစ်လေ့ရှိတဲ့စိတ်မျိုးတွေကို ဥပါဒါနက္ခန္ဓာလို့ခေါ်တယ်။

အဲဒီမနောဒွါရကဖြစ်တဲ့ခန္ဓာငါးပါး၊ အဲဒီခန္ဓာငါးပါးက သူ့အလိုလို ကတော့ သုဉ်းနေတယ် ပြောနေရတာက ဖြစ်တုံးက ဖြစ်ခဲ့တာတွေ, ဖြစ်တတ်တာတွေကို ပြောနေရတာ။ အခုအခိုက်အတန့်မှာ မရှိတော့ တာကို ငှါးပြီးပြောရတယ်။ အခုအခိုက်အတန့်ကလေးမှာ နေတာက ဘယ်လိုနေသလဲ၊ အေးနေတဲ့သဘောပဲရှိတယ်၊ အေးနေတာသာ ဟုတ်တယ်၊ ငြိမ်းနေတာရှိတာပဲ၊ အဲဒီ အေးငြိမ်းနေတာကို သိကြရမယ်၊ အဲဒီလို

အသိမျိုးက ဘယ်ဘိုးကမှ မဖြစ်ခဲ့ကြဘူးသေးတော့ ဒီလိုနေလို့တော့ အလကားပဲ၊ ဒီလိုနဲ့ရနိုင်ပါ့မလား ရောက်နိုင်ပါ့မလား အစရှိသည်ဖြင့် အဲဒီလို သိကုန်ကြပြန်ရော၊ ခက်သွားပဲ။

ဒီအတိုင်းတိုင်းနေတာ အေးချမ်းနေပါကလား၊ ငြိမ်းချမ်းနေပါ ကလား၊ အေးရာ, ငြိမ်းရာပါကလား၊ ချုပ်ရာပါကလား၊ နိဗ္ဗာန်ပါ ကလား၊ ဤလိုမှတပါး ဘာမှ ရှေ့ကိုမတိုးရပါကလား၊ သည့်ထက် မတိုးရပါကလား - ရယ်လို့ သိတာ။ ဤလို ပိုင်းပိုင်း ခြားခြား သိတော့ သည့်ထက်များ တိုးလုပ်လိုက်ရင်တော့ သင်္ခါရမျိုးတွေချည်းပဲ ဖြစ်ကုန် မှာပါလား၊ ဒုက္ခဆိုးတွေ ဖြစ်တော့မှာပါလား၊ ဒီအတိုင်းတိုင်းအေးရာမှ တိုးလုပ်လိုက်ရင်တော့၊ တမျိုးတက်လိုက်ရင်တော့ ဒုက္ခဖြစ်မဲ့သဘောတွေ၊ ဖြစ်ပြီးရင်လဲ ပျောက်ပျက်ကုန်ဆုံးမဲ့ သဘောတွေသာ ဖြစ်တော့မှာပဲ ရယ်လို့ ကေန်သိသွားတာ၊ ခြားခြားနားနား သိသွားတာကို ပိုင်းခြား သိတယ်လို့ဟောတာပဲ။

ဤကား ဒုက္ခသစ္စာ
ဤကား သမုဒယသစ္စာ
ဤကား နိရောဓသစ္စာ
ဤကား မဂ္ဂသစ္စာ

ရယ်လို့ ပိုင်းခြားပြီးသိတာ၊ သည့်ထက်မတိုးရဘူးလို့ သိတော့ ရှေ့မဆက် တော့ပဲ ဒီတွင်ဆုံးနေတာပေါ့၊ အသိဉာဏ်က ဦးစီးထားတာကိုး၊ ဒီလို သိတာကို တရားဦးခေါင်းဆုံးအောင် သိတယ်ပေါ့၊ တရားဦးခေါင်း ဆုံးတယ်ပေါ့၊ ဓမ္မခန်းဆုံးတယ်ပေါ့၊ ဓမ္မခန်းဆုံးအောင် သိတဲ့အသိပဲ၊ ဒသနကိစ္စ ပြီးတယ်လို့လဲခေါ်တယ်၊ လောကုတ္တရာဆိုတဲ့ သဘောတာ ပတ္တိမဂ်ဉာဏ်၊ ပုဂ္ဂလနဲ့ပြောတော့ အဲဒါသောတာပန်ဖြစ်တာဗျ၊ နိဗ္ဗာန် မြင်တာပဲ။

နိဗ္ဗာန်မြင်အောင်က ခင်ဗျားတို့ ပြုလုပ်ပေးနေရမှာမဟုတ်ဘူး၊ ဘယ့် နှယ်မှ မလုပ်ရဘူး၊ ဘယ့်နှယ်မှမလုပ်ရလို့ နိဗ္ဗာန်လို့ပြောတာ။ အသင်္ခ တာဓမ္မာလို့တော့ ခင်ဗျားတို့ ရွှတ်ဆိုကြသားပဲ၊ ဘာသာပြန်လိုက်တော့ ကံရယ်, စိတ်ရယ်, ဥတုရယ်, အာဟာရရယ်-အစရှိတဲ့ အကြောင်းတရား

တို့ဖြင့် မပြုပြင်အပ်တဲ့တရား၊ ဘယ်နည်းနှင့်မှမလုပ်ရတဲ့တရား၊ ဘယ်နည်းနှင့်မှ မလုပ်ရလို့လဲ ချမ်းသာတယ်လို့ ပြောတာ၊ ဘာကိုမှ ဘယ်လိုမှ မပြုလုပ်ရလို့ ချမ်းသာတာ၊ နိဗ္ဗာန်ချမ်းသာဆိုတာက ဘယ်နည်းနှင့်မှမလုပ်ရပဲ အလိုလိုရှိပြီးသား၊ လောကီချမ်းသာဆိုတာက ဒီလိုရှိပြီးသား မဟုတ်ဘူးဗျ၊ လုပ်နိုင်၊ ကိုင်နိုင်၊ ရှာနိုင်၊ ဖွေနိုင်မှရတာ၊ ပြုနိုင်ပြင်နိုင်၊ ထူထောင်နိုင်မှရတာ၊ လောကီကုသိုလ်ဆိုတာ တယ်လွယ်တာမျိုးမဟုတ်ဘူး။

လောကီကုသိုလ်ဆိုတာ ပြုနိုင်၊ ပြင်နိုင်၊ လုပ်နိုင်၊ ကိုင်နိုင်၊ ရှာဖွေနိုင်မှ ရတာမျိုး၊ အလုပ်လုပ်တယ်ဆိုတာ ဒီအတိုင်းတိုင်း နေလို့ မဖြစ်ဘူး၊ သွားရ၊ လာရ၊ လုပ်ရ၊ ကိုင်ရသေးတာ။ထမင်းဆာတယ်ဆိုရင် စားပေးရသေးတယ်၊ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာဆိုတာ အလိုလိုရတာမျိုးမဟုတ်ဘူး၊ ပြုလုပ်ပေးရတယ်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဖြစ်တယ်ဆိုတာလဲ အလိုလိုမဖြစ်ဘူး၊မိုက်ရမှ၊ မိုက်နိုင်မှဖြစ်တာ။

ထင်ရှားအောင် ဥပမာတခု ပြောရရင် ခင်ဗျားတို့တတွေ အခုရှိတဲ့ အကျဉ်းထောင်ကြီးတွေထဲ အလိုလိုကျပါ့မလား၊ မကျပါဘူးဗျ၊ ဒါဖြင့် ထောင်က အလိုလိုလွတ်ပြီးသား မဟုတ်ဘူးလား၊ သူ့အတိုင်းတိုင်းကတော့ လွတ်ပြီးသားမဟုတ်လား၊ ထောင်ကလွတ်နေအောင် ဘယ်သူ့ကိုမှ ပြောဆိုတိုင်ကြား ထားရတာမဟုတ်ဘူး၊ ပြုလုပ်ဆောင်ရွက် ထားရတာမဟုတ်ဘူး၊ ဒီအတိုင်းတိုင်းပဲ လွတ်နေပါတယ်၊ ဘယ်လိုမှမလုပ်ရပါဘူး။

နိဗ္ဗာန်ဆိုတာလဲ ဒီသဘောပဲ၊ ဘယ်လိုမှမလုပ်ရပဲအလိုလို ငြိမ်းချမ်းနေတဲ့သဘော၊ ဒီအတိုင်းတိုင်း လွတ်နေတဲ့သဘော၊ ဘယ်လိုမှမလုပ်ရပါဘူး။ ဥပမာ ဒီလိုပြောတာ။ ထောင်ကလွတ်အောင်ကတော့ ဘယ်နည်းနှင့်မှမလုပ်ရဘူး၊ ဒီအတိုင်းတိုင်းနေရုံပဲ၊ လွတ်ပြီးသား၊ လွတ်ပြီးသား အတိုင်းတိုင်းနေရုံပဲ။ ထောင်ကျဘို့ကတော့ လွယ်တယ်မှတ်သလား၊ တယ်မလွယ်ဘူး၊တော်တော်မိုက်ရမှကျမှာ၊ တော်တော်ဆိုးသွမ်းမှ ထောင်ထဲကျတာ၊ အဲဒီလိုပဲ၊ သုံးဆယ့်တဘုံ တည်းဟူသော ထောင်ကြီးထဲ၊ နှောင်အိမ်ကြီးထဲ ကျရောက်ဖို့ကတော့ ဒီအတိုင်းတိုင်း မကျဘူး၊ တော်တော်ကြီးမိုက်ရမှ ရောက်တာ၊ကျတာ။

ပြောတာလဲမယုံ၊ ဟောတာလဲမယုံ၊ ဟုတ်တာလဲမသိ၊ မဟုတ်တာလဲမသိ၊ မသိလို့ သပ္ပုရိသလဲမရှာမှီးပဲနဲ့ ပုထုဇဉ်ဆိုတာ ထင်ရာလုပ်တာပဲ၊ အဲဒါ မိုက်မဲတာ၊မိုက်ရဲတာပဲ၊ တရားလိုတော့ အဝိဇ္ဇာပဲ၊ အဝိဇ္ဇာဆိုတာ အသိဉာဏ်မရှိဘူး၊ မိုက်မဲတယ်၊ ဘာကို မသိတာလဲဆိုတော့ သူ့အလိုလို ချုပ်ငြိမ်းပြီးသွားပါကလား၊ အေးနေပါကလား၊ ငြိမ်းနေပါကလား ရယ်လို့မသိတာ။ ဒီလိုမသိတော့ မသိတဲ့အတိုင်း ရပ်နေသေးတာမဟုတ်ဘူး၊ အေးအောင်ကတော့ လုပ်ရဦးမှာပဲ၊ ရှာဦးမှပဲ၊ ကြံဦးမှ၊ပြုပြင်ဦးမှနဲ့ ဖြစ်လာတာပေါ့။

အေးမှု၊ ငြိမ်းမှု၊ ချမ်းသာမှုဆိုတာ သူ့အလိုလိုက ရှိပြီးသား၊ ရှိနေတာကို ဘယ်နည်းနဲ့မှ မလုပ်ရဘူး၊ မပြုပြင်ရဘူး၊ ဘာကိုမှ၊ ဘယ်လိုမှ မလုပ်၊ မကိုင်ရလို့ အသင်္ခတဓာတ်နိဗ္ဗာန်လို့ ဟောခဲ့တာပေါ့။ ဒီအတိုင်းတိုင်း အေးမနေဘူးလား၊ အေးချင်ကြရင်တော့ ဒီအတိုင်းတိုင်းနေကြရုံပဲ၊ စိတ်ချမ်းသာလိုကြရင်၊ စိတ်အေးလိုကြရင်ဖြင့် ဒီအတိုင်းတိုင်းနေကြရုံပဲ။ ဒီအတိုင်းတိုင်းကတော့ အေးပြီးသားပါဗျာ၊ ပူချင်၊ ဆွေးချင်ရင်ဖြင့် ဒီအတိုင်းမနေကြနဲ့၊ စိတ်အလုပ် ကြပ်ကြပ်လုပ်ကြ၊ စိတ်လုပ်သမျှတော့ ဒုက္ခချည်းပဲ၊ ဒုက္ခသစ္စာတဲ့။ စိတ်အလုပ် ကြပ်ကြပ်လုပ်လေ-ဒုက္ခများများ ရောက်လေပဲ။

ယခုအချိန်၊ ယခုအခိုက်မှာ ခင်ဗျားတို့စိတ်ကလေးမှာ ဟုတ်မှန်၍ နေရမှာက....

လောဘတွေကလဲ ဖြစ်ဆဲမဟုတ်။
ဒေါသတွေကလဲ ဖြစ်ဆဲမဟုတ်။
သောကတွေကလဲ ဖြစ်ဆဲမဟုတ်။
ပရိဒေဝတွေကလဲ ဖြစ်ဆဲမဟုတ်။
သတ်ချင်ဖြတ်ချင်တဲ့စိတ်တွေကလဲ ဖြစ်ဆဲမဟုတ်။
ခိုးချင်၊ဝှက်ချင်တဲ့စိတ်တွေကလဲ ဖြစ်ဆဲမဟုတ်။

ယခုအချိန်၊ ယခုအခိုက်မှာ ဖြစ်ဆဲကတော့ ကုသလာဓမ္မာ၊ ဒီလိုစိတ်မျိုးကတော့ ဖြစ်တယ်ဗျ၊ ပယ်လို့မဖြစ်ဘူး၊ ဘုရား၊ရဟန္တာများလဲ တရားနာတဲ့စိတ်ကတော့ ဖြစ်တယ်၊ ဒီစိတ်က ကျေးဇူးပြု ထောက်ပံ့တယ်ပေါ့၊

တရားနာနေတဲ့စိတ်ဟာ လောကီကုသိုလ်ပေါ့ဗျာ၊ အဲဒီစိတ်က ကျေးဇူးပြုပေးတာ၊ ဟောတဲ့အတိုင်းကြည့်တော့ ဒီအတိုင်းက အေးနေတာ၊ ပင်ကိုယ်က ငြိမ်းနေတာ၊ ချမ်းသာနေတာကို သိသွားတယ်။

အဲဒါကြောင့်မို့ ပင်ကိုယ်ကတော့ ကင်းနေတယ်၊ ပင်ကိုယ်ကတော့ ရှင်းနေတယ်၊ ပင်ကိုယ်ကရှင်း, ပင်ကိုယ်က ကင်းတဲ့တရား၊ အဲဒီလိုသိတာဗျ။ ဒါဟာ မဖြစ်ဘူးသေးတဲ့ ကုသိုလ်ဖြစ်တာ။ ဒီလိုပြောလိုက်တော့ ခင်ဗျားတို့က လွယ်လှချေလားလို့ ပြောဦးမှာဗျ၊ လွယ်တယ်ဆိုတာကလဲ ပြောပြလိုက်တာကိုး၊ လွယ်မှာပေါ့၊ ပြောလိုက်တော့ ခင်ဗျားတို့က ကြည့်လိုက်၊ ကြည့်လိုက်တော့ မြင်သွားရော၊ လွယ်တာပေါ့၊ ပြောဟောပေးတော့ လွယ်တာပေါ့။

ဥပမာ.... ခင်ဗျားတို့ရဲ့ နာမည်တွေကို တစုံတယောက်က သိချင်လို့ မေးရင် ပြောလိုက်တော့ မေးသူမှာ သိရတာမလွယ်ဘူးလား။ ဒီလိုမှ မမေးပဲ, မပြောပဲ စဉ်းစားနေရင်, ကြံဆနေရင်တော့ နာမည်သိဖို့ရာ လွယ်ပါ့မလား။ ဘယ်လွယ်ပါ့မလဲ၊ မေးလို့ပြောလိုက်ရင်တော့ လွယ်ကူတာပေါ့။ အဲဒီ ဥပမာလိုပဲ ဒီမှာလဲ နိဗ္ဗာန်ကို သိချင်,ရောက်ချင်ကြတယ်ဆိုတော့ ပြောဟောပေးလိုက်တော့ လွယ်ကူစွာ သက်သာစွာ သိသွားကြတာပဲ၊ သူ့အလိုလိုကတော့ သိနိုင်ပါ့မလား။

အခုတော့ ဒီလိုမဟုတ်ကြဘူး၊ မမြင်ကြဘူး၊ ကိလေသာဆိုတာ ရှိနေတယ်, ပရိယုဋ္ဌာနအားဖြင့် မရှိသော်ငြားလဲ အနုသယအားဖြင့်တော့ရှိနေတယ်ရယ်လို့ လာပြန်သေးတယ်။ တရားဟောရင်လဲ ဟောတဲ့အတိုင်းတိုင်း မသိကြဘူး၊ ပိုပိုပြီးတော့ လာလိုက်တာတွေကလဲ နဲတာမဟုတ်ဘူး။ ဘုရားက သဗ္ဗေသင်္ခါရ အနိစ္စရယ်လို့ ဟောတယ်၊ သူတို့က ရှိနေတယ်လို့ယူတယ်၊တည့်ပါ့မလား၊မတည့်ပါဘူး။ကိလေသာအမြဲရှိနေတယ်လို့ယူတဲ့တရားသမားဟာ နိဗ္ဗာန်နဲ့ ဝေးသွားပြီ တော်တော်ကြီး ဝေးသွားပြီ၊ ခက်သွားပြီ။

အမှန်က ကိလေသာဆိုတာ အမြဲရှိမနေဘူး၊ အမြဲရှိမနေကြောင်းကို ဘုရားက အချိုးမျိုးဟောကြားခဲ့ပါတယ် "အဒဿနတော အာယန္တိ"

အစရှိသည်ဖြင့် ဟောခဲ့ပါတယ်၊ ဒီသင်္ခါရတရားတွေက အချည်းအနှီး တရားတွေပဲ၊ ဖြစ်ချည်, ပျက်ချည်တရားတွေ၊ ဖြစ်ပြီးရင်လဲ ပျက်တယ်၊ မရှိဘူးလို့ ဟောတာ၊ အဲဒါ ဥပါဒါနက္ခန္ဓာ ဟောတာ။

ဥပါဒါနက္ခန္ဓာဆိုတာ အဒ္ဓါန သန္တတိတွေ မရှိဘူး။ အဒ္ဓါနသန္တတိ ဆိုတာ ဘဝအဘူအဖြစ်မရှိဘူး၊ ရှိမှုမရှိပဲ-အာရမ္မဏမရှိဘူး၊ သူက-ကိုင် စမ်းဖမ်းလို့လဲမရဘူး၊ ပုံဟန်သဏ္ဌာန် နိမိတ်မရှိဘူး၊ အကောင် အထည် မရှိဘူး၊ လောဘတရားဆိုတာ အကောင်အထည် ရှိပါ့မလား၊ ဒေါသ, သောက, ပရိဒေဝတရားတွေကလဲ အကောင်အထည် ရှိပါ့မလား၊ စိတ် တွေး, စိတ်အကြံဆိုတာကလဲ အကောင်အထည် ရှိပါ့မလား၊ မရှိပါဘူးဗျ၊ ဖြစ်တဲ့အခါဖြစ်ပြီး ပျက်တဲ့အခါ ပျက်သွားတာပါ၊ အဲဒါကို ပြောတာ၊ နဂိုက ရှိမနေဘူးလို့ပြောတာ။

ဒါကို ဘုရားက ဥပမာနဲ့ ဟောခဲ့တယ်၊တိမ်တိုက်နှစ်ရပ်စပ်မှ လျှပ်စစ် ရောင် လက်ခနဲပေါ်သလို၊ စည်နဲ့ လက်ခတ်နဲ့ တီးခတ်ကြတော့မှ အသံ တွေမြည်သလို၊ အကြောင်းတိုက်မှုဖြစ်၊ ဖြစ်ပြီးတော့လဲ ပျောက်ပျက် သွားတာပဲ၊ နဂိုက ရှိမနေပါဘူး နဂိုကတော့ အဲဒီလျှပ်စစ်တို့ရဲ့မရှိရာ၊ အသံတို့ရဲ့မရှိရာ၊ အေးရာ, ငြိမ်းရာ, ချုပ်ရာသာလျှင် ရှိတယ်။ ဒီမှာလဲ ဒီလိုပဲ၊ လောဘ, ဒေါသ, သောကတရားတွေက ရှိမနေပါဘူး၊ငင်းကိလေ သာတရားတွေရဲ့ မဖြစ်ရာ (ဝါ) ချုပ်ရာ, အေးရာ, ငြိမ်းရာသာလျှင် ရှိပါတယ်။

အဲဒီ လောဘ, ဒေါသ, သောကဆိုတဲ့ ကိလေသာတရားတွေ မရှိလေ တော့၊ တရားနဲ့လွဲနေတယ်ရယ်လို့၊ တရားမဟုတ်ဘူးရယ်လို့ ထင်နေကြ သလား၊ ဒီလိုမဟုတ်ပါဘူး၊ "စတုသစ္စဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ"တဲ့၊ သစ္စာလေးပါးမှ လွတ်နေတဲ့တရား၊ လွဲနေတဲ့တရား မရှိဘူးတဲ့။ သစ္စာ လေးပါးအနက် တပါးပါးနဲ့တော့ မှန်နေရဦးမှာ၊ ဟုတ်နေရဦးမှာ။ မိမိတို့ရဲ့ မနောမှာလဲ တပါးပါးကတော့ ဟုတ်ရမှာ, ရှိရမှာ၊ အဲဒါ ကြောင့်မို့ လောဘ, ဒေါသ, မောဟတွေက ဖြစ်နေတာ မရှိလေတော့ လောဘ,ဒေါသတွေရဲ့ မဖြစ်ရာ, ချုပ်ရာဆိုတဲ့ သဘောကြီးရှိတယ်၊ အဲဒီ ချုပ်ရာဆိုတဲ့ သဘောကို နိဗ္ဗာန်လို့ဆိုတာ။

နိဗ္ဗာန်ဆိုတာ ဘုံကြီးနဲ့၊ ဗိမာန်ကြီးနဲ့၊ ပြာသာဒ်ကြီးနဲ့ မဟုတ်ဘူး။ ရာဂ, ဒေါသ, မောဟ မရှိလေတော့ အပူတွေ၊ အဆွေးတွေ၊ မအေးတဲ့ စိတ်တွေက မရှိလေတော့ မိမိတို့ရဲ့စိတ်မှာ ပကတိအတိုင်း အေးနေတာ၊ ငြိမ်းချမ်း၍နေတာ အဲဒါ နိဗ္ဗာန်ဗျ။ ပကတိအတိုင်း စိတ်မှာ ငြိမ်းချမ်း၍ နေတာ။ စိတ်ကိုလဲ နိဗ္ဗာန်လို့လဲ မယူကြနဲ့ဦး။ စိတ်ငြိမ်းချမ်းနေတယ် ဆိုတာ စိတ်မှာ အပူတွေမကပ်တာပေါ့၊ အဲဒီ အပူတွေမကပ်လေတော့ စိတ်အပူတို့ရဲ့ မကပ်ရာ၊ ဒီနေရာမှာ အပူမကပ်တာနဲ့၊ အပူမကပ်ရာနဲ့ နည်းနည်းကလေးကွဲတာကို သတိထားကြ။ (အပူမကပ်တာက ကိလေသာ တို့၏ အဘာဝ၊ အပူမကပ်ရာက နိဗ္ဗာန်၏ သဘာဝတရား) ပူတာတွေ မကပ်လေတော့ မကပ်ရာပဲရှိတယ်၊ အဲဒါနိဗ္ဗာန်ပါပဲ။

အပူတွေမကပ်တော့ အေးရာနဲ့နေတဲ့စိတ်၊ အဲဒါကိုတနည်းပြောတော့ နိဗ္ဗာန်နဲ့နေတဲ့စိတ်။ (နိရောဓနိယာမိတ)။ အဲဒါ "စိတ်-စိတ်အတိုင်းတိုင်း" ဆိုပြီး ဘုန်းကြီးကဟောတာ။ "စိတ်-စိတ်အတိုင်းတိုင်း" ဆိုတာ ဘယ်လို နေတာလဲ၊ အဲဒီလိုသိမှ နေတတ်တာ။ အမှန်ကတော့ "စိတ်-စိတ်အတိုင်း တိုင်း" ဘာနဲ့နေမလဲ၊ " စိတ်အတိုင်းတိုင်း " နိဗ္ဗာန်နဲ့ နေတာပေါ့၊ "စိတ်-စိတ်အတိုင်းတိုင်း" ဆိုရင်တော့ ဖြူစင်သန့်ရှင်းတယ်ပေါ့။

စိတ်မှာ ရာဂ, ဒေါသ, မောဟ ကပ်ရောက်နေတာ မရှိဘူးပေါ့၊ အတိုင်းတိုင်းဆိုတာ ဒါကိုပြောတာ။ဖြူစင်သန့်ရှင်းနေတာအတိုင်းတိုင်းပဲ၊ ရေသည် ရေအတိုင်းတိုင်း နေတာလိုပေါ့၊ ရေထဲ အမျိုးမျိုးရောတော့ အမျိုးမျိုးမဖြစ်ကြဘူးလား၊ ရေထဲ အနီတွေရောတော့ ရေနီနေမှာပေါ့၊ အစိမ်းရောတော့ ရေစိမ်းနေမှာပေါ့၊ နောက်စရာတွေရောတော့ ရေ နောက်နေမှာပေါ့၊ အဲဒီလိုပဲ မိမိတို့ရဲ့ စိတ်မှာလဲ....

ပူစရာထည့်တွေးတော့ ပူတဲ့စိတ်တွေဖြစ်
သားထည့်ပေးတော့ သားစိတ်တွေဖြစ်
သမီးထည့်ပေးတော့ သမီးစိတ်တွေဖြစ်
ကုသိုလ်ထည့်ပေးတော့ ကုသိုလ်စိတ်တွေဖြစ်
အကုသိုလ်ထည့်ပေးတော့ အကုသိုလ်စိတ်တွေဖြစ်
ဘာတွေထည့်ပေးပေး ထည့်ပေးတာတွေ ဖြစ်ကြမှာပဲ။

“စိတ်-စိတ်အတိုင်းတိုင်း”ဆိုတာ အစစ်အမှန် တိတိကျကျ သိကြရအောင် မေးကြပါလား၊ စိတ်ဆိုတာ အာရုံနဲ့ကင်းပြီးတော့ နေမဖြစ်ပါဘူး၊ စိတ်အတိုင်းတိုင်း ဘာနဲ့နေသလဲလို့ မေးကြပါလား။

“စိတ်-စိတ်အတိုင်းတိုင်း” ဘာနဲ့နေသလဲဆိုရင်၊ ဘာနဲ့ထားသလဲဆိုရင်၊ နိဗ္ဗာန်တည်းဟူသော အာရုံနဲ့နေတယ်၊ နိဗ္ဗာန်တည်းဟူသော အာရုံနဲ့ထားတယ်၊ နိဗ္ဗာန်ဆိုတာ မိမိတို့ရဲ့စိတ်မှာ စိတ်အလုပ်၊စိတ်အပူ၊ စိတ်ကိစ္စတွေ မရှိတာ၊ စိတ်အတိုင်းတိုင်းနေတာ၊ စိတ်အတိုင်းတိုင်းနေရင် မအေးဘူးလား၊ မငြိမ်းဘူးလား၊ ငြိမ်းနေတာ၊ ငြိမ်းနေတဲ့တရား၊လောဘတွေ မဖြစ်တော့ မဖြစ်တဲ့တရား၊ ချုပ်တဲ့တရား၊ မဖြစ်တာ ချုပ်တာက လောဘတွေ့ လောဘတွေမဖြစ်တာ၊ လောဘတွေချုပ်တာ နိဗ္ဗာန်မဟုတ်ဘူး။ မဖြစ်တာ, ကုန်တာ, ချုပ်တာကတခြား။ မဖြစ်မှု, ကုန်မှု, ချုပ်သွားမှု ကုန်ရာ, ချုပ်ရာကြီး ကျန်နေတယ်။ စိတ်ပူတွေ ကုန်သွားလို့ရှိရင် စိတ်ကျန်နေရမှာပေါ့။ လောဘတွေ ချုပ်သွားလို့ရှိရင် စိတ်ကျန်နေမှာပေါ့။အဲဒါ “စိတ်အတိုင်းတိုင်း” လို့ ပြောတာ။ သည်မှတပါး အဖြေတွေကတော့ အများကြီးပေါ့။

ဘုန်းကြီးတို့က အနည်းနည်းနဲ့ ဟောခဲ့ပါတယ်။ ဖြေခဲ့ပါတယ်။ အခုနေအခါမှာ ခင်ဗျားတို့ လောဘတွေ ဖြစ်နေကြသလား၊ လောဘဖြစ်ရင် ဘယ်မှာဖြစ်သလဲ၊ စိတ်မှာဖြစ်တာပါ။ ဒေါသဖြစ်ရင် ဘယ်မှာဖြစ်သလဲ၊ စိတ်မှာဖြစ်တာပါ။ ဒါဖြင့် ဒေါသမဖြစ်တော့ ဒေါသစိတ်မဟုတ်ဘူးပေါ့၊ ဒေါသဖြစ်နေတဲ့စိတ် မဟုတ်ဘူးပေါ့။ ဒေါသမဖြစ်ပဲ ဒေါသမဖြစ်တာနဲ့ပဲ ခင်ဗျားတို့စိတ် မရှိဘူးလို့ ပြောမလား။ ဒေါသသာမဖြစ်တာဗျ၊ စိတ်ကတော့ရှိပါတယ်။ ဒါဖြင့် ဒေါသမဖြစ်တဲ့စိတ်ပေါ့၊ ဒေါသမဟုတ်တဲ့( ဒေါသမပါတဲ့ )“စိတ်စိတ်အတိုင်းတိုင်း”ပါပဲ၊လောဘမဖြစ်လေတော့ လောဘမဖြစ်တဲ့စိတ် “စိတ်-စိတ်အတိုင်းတိုင်း” အဲဒါပြောတာ၊ ဤလိုဟောတာ။

တနည်းအားဖြင့် နိဗ္ဗာန်နဲ့နေတဲ့စိတ်၊ လောကုတ္တရာစိတ်၊ နိဗ္ဗာန်နဲ့ထားတဲ့စိတ်။ အဲဒီလောက်ဆိုရင် နိဗ္ဗာန်နဲ့ နေတတ်ကြပါပြီ၊ ထားတတ်ကြပါပြီ၊ နိဗ္ဗာန်ဆိုတာ ဘယ်လိုမှ မလုပ်ရဘူး၊ ဒီလိုမှ မဟုတ်ရင်တော့ လောကီချည်းပဲ၊ လောကီမှာတော့ အလုပ်ရှိတယ်၊ လောကမှာတော့

အလုပ်ရှိတယ်၊ လောကုတ္တရာဆိုတာ ခင်ဗျားတို့ လုပ်နေကျအလုပ်မျိုး မရှိဘူး၊ ချုပ်ရာကိုသိပြီး သိသလိုနေသွားကြတာပဲ၊ အဲဒါဘာဝနာပွါး တယ်လို့ ခေါ်တာပဲ၊ တနည်းအားဖြင့် မဂ္ဂဘာဝနာ ပွါးတယ်လို့ ခေါ်တယ်၊ ဒုက္ခနိရောဓဂါမိနိပဋိပဒါအကျင့်ကို အခုဆိုရင် သိလောက် ကြပါပြီ။

နိဗ္ဗာန်ကို သူရောက်ချင်, ငါရောက်ချင်နဲ့၊ သူရချင်, ငါရချင်နဲ့ ပြုလုပ်နေကြတာ။ သတ္တကိစ္စ, အတ္တကိစ္စနဲ့ ပြုလုပ်နေကြတာတွေဟာ မဟုတ်ဘူး။ ဘယ်သူ့ဘယ်ဝါမှ မရောက်ဘူး၊ မရဘူး၊ ဘာပြုလို့လဲ ဆိုတော့ ဘယ်သူ့ဘယ်ဝါ ဘာဘာညာညာဆိုတာ အစတုံးထဲက မရှိဘူး။ အစတုံးထဲက ရှိတာက တရားတွေချည်းပဲရှိတယ်၊ ခြေအစ,ခေါင်းအဆုံး ဆိုတာကလဲ တရားတုံးကြီး၊ တရားကောင်ကြီး၊ ဖြစ်ဖြစ်သမျှ စိတ် တရားကလဲ ဖြစ်ပြီး ပျက်တယ်၊ ဖြစ်ပြီးတော့ ပျောက်ပျက်ကုန်ဆုံး သွားတာ၊ အလကား အချည်းနှီးပဲဖြစ်တယ်၊ အဲဒါက မှန်တယ်၊ အဲဒါကို လုပ်ရင် သူရမယ်, ငါရမယ်, ငါလုပ်မှ ငါကျိုးရမယ်, ကိုယ်ပြုမှ ကိုယ် ကျိုးရမယ်ဆိုတာက အယူဖြစ်တာ၊ မဟုတ်ပဲနဲ့ တလွဲယူတာ၊ မဟုတ်ပဲနဲ့ အလွဲစွဲတာ၊ အဲဒါကို ဉပါဒါန်တရားလို့ဆိုတယ်။

အဲဒီ ဉပါဒါန်စိတ်တွေကလဲ အမြဲဖြစ်နေသလားဆိုတော့ ဖြစ်မနေပါ ဘူး၊စွဲယူတဲ့အခါမှာမှ စွဲယူတဲ့ဉပါဒါန်စိတ်တွေကဖြစ်လာတာပါ၊သူ့အလို လိုကတော့ စွဲပြီးသားမရှိပါဘူး၊ အစွဲတွေမှ လွတ်ပြီးသား, ငြိမ်းပြီးသား သာလျှင် ရှိပါတယ်၊ သူ့ဟာသူ လွတ်ပြီးသား, ငြိမ်းပြီးသား မှန် ပါကလားလို့သိတာ။ သူ့ဟာသူ အဖြစ်တွေမှ ချုပ်နေတာ,ငြိမ်းနေတာ မှန်တယ်၊ အဲဒါ သုညတလို့ခေါ်တယ်၊ သုညတအနတ္တလို့ ခေါ်တယ်၊ အနိမိတ္တ အနိစ္စာနုပဿနာလို့လဲခေါ်တယ်။ အဲဒါ ဝိပဿနာဉာဏ်။

သူ့ဟာသူ သဉ်းဆိတ်ချုပ်ငြိမ်းနေတယ်ပေါ့။ ငြိမ်းမနေကြဘူးလား၊ ချုပ်မနေကြဘူးလား၊ ခင်ဗျားတို့ သွားလုပ်ရတာ မဟုတ်ဘူး၊ သွားလုပ် လို့ ချုပ်ရင်တော့ သမထဖြစ်မှာပေါ့၊ အခိုက်အတန့်ဖြစ်မှာပေါ့၊ အတ္တ စိတ်နဲ့ပြုတာကိုး၊ အဲဒါကြောင့် တရားကလဲ အတ္တတရားနဲ့အနတ္တတရား

ရယ်လို့ရှိတာ။ အနတ္တတရားကို အနတ္တတရားအတိုင်းတိုင်းသိ၊ အဲဒီလို သိရမယ်။ သီလကလဲ အနတ္တသီလ၊ သမာဓိကလဲ အနတ္တသမာဓိ၊ ပညာကလဲ အနတ္တပညာ ဖြစ်ကြမယ်။

အဲဒီလို အနတ္တသီလ, အနတ္တသမာဓိ, အနတ္တပညာတွေ မဖြစ်ကြလို့ နိဗ္ဗာန်မရကြတာ၊ခင်ဗျားတို့ သီလမရှိလို့မဟုတ်ဘူး၊ သီလကလဲရှိသားပဲ၊ သီလတွေ ရှိကြပါတယ်။ ငါးပါး, ရှစ်ပါး, ဆယ်ပါး, နှစ်ရာ့နှစ်ဆယ့်ခွန်နှစ်သွယ် အစရှိသည်ဖြင့် သီလတွေချည်းပဲ-ရှိသားပဲ။ ဒါဖြင့် နိဗ္ဗာန် မြင်ကြပလား၊ မမြင်ကြသေးဘူး၊ သီလကတော့မှန်တယ်၊ ဒါပေမဲ့ ခင်ဗျားတို့သီလတွေက အတ္တသီလကိုး၊ ဘယ်မှာနိဗ္ဗာန်မြင်နိုင်ပါ့မလဲ၊ နိဗ္ဗာန်ဆိုတာက ကိုယ်လုပ်လို့ ငြိမ်းတာမဟုတ်ဘူး၊သူ့ဟာသူ အလိုလိုက ငြိမ်းနေတာ၊ အဲဒီလို သူ့ဟာသူ အလိုလို ချုပ်ငြိမ်းနေတာမှ(ဝါ)သူ့ဟာ သူ အလိုလို အကုသိုလ်မှုတွေမှ လွတ်ငြိမ်းလျက် စောင့်စည်းပြီးသား ဖြစ်နေတာမှ အနတ္တသီလ၊ အဲဒီသီလမှ မဂ်ဖြစ်တာ၊ မဖြစ်ဘူးသေးတဲ့ ကုသိုလ်တွေဖြစ်နိုင်တာ။

သမာဓိကလဲ အခုနပြောတဲ့ အတိုင်းပဲ၊ ခင်ဗျားတို့မှာ မဖြစ်ဘူးသေးဘူးရယ်လို့မရှိဘူး၊ သမထလေးဆယ်ထဲက တခုခု အားထုတ်လို့မို့ လွန်ခဲ့တဲ့ဘဝအထွေထွေက သမာဓိတရားတွေ အားထုတ်ခဲ့ဘူးပါတယ်။ ယခုတိုင်လဲ အားထုတ်ချင် အားထုတ်နေကြဦးမှာပါပဲ။ သမထလေးဆယ်မှ တခုခုကို အားထုတ်၍ဖြစ်တဲ့ သမာဓိနဲ့ နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီသမာဓိက အတ္တသမာဓိဖြစ်နေလို့ပဲ။အဲဒီသမာဓိလမ်းစဉ်ကဈာန်လမ်းဖြစ်တယ်။နိဗ္ဗာန်လမ်းမဟုတ်ဘူး။

နိဗ္ဗာန်ရောက်စေနိုင်တဲ့၊ မျက်မှောက်ပြုစေနိုင်တဲ့ သမာဓိက သူ့အလိုလိုက ငြိမ်းနေပြီး မပြန့်လွင့်တာ၊ တည်ငြိမ်နေတာ၊ သူ့အလိုလိုက အဖြစ်တွေ, ဖြစ်နေတာတွေ မရှိဘူး၊ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသောစိတ်တွေ ဖြစ်နေတာမရှိဘူး၊ သူ့အလိုလိုကတော့ အမျိုးမျိုးသောစိတ်အဖြစ်တို့မှ (ဝါ) စိတ်ပြန့်လွင့်နေခြင်းမှ ငြိမ်းနေတယ်၊ တည်ငြိမ်နေတယ်။ အဲဒီလို အလိုလိုငြိမ်းနေတာ, တည်ငြိမ်နေတာ သမာဓိပဲ။

စိတ်ဆိုတာက အမြဲတမ်း ပြန့်လွင့်မနေပါဘူး၊ သူ့အလိုလိုကတော့ တည်ငြိမ်ငြိမ်းအေးနေတဲ့ သမာဓိဖြစ်နေပါတယ်၊ ရှိနေပါတယ်။ အဲဒီ သမာဓိက ကိုယ်လုပ်လို့ဖြစ်နေတဲ့ သမာဓိမဟုတ်ဘူး၊ သူ့အလိုလို သူ့သဘာဝအတိုင်း တည်ငြိမ်ငြိမ်းအေးနေတယ်၊ အဲဒီသမာဓိကို အနုတ္တ သမာဓိလို့ခေါ်တယ်။ အဲဒီ အနုတ္တသမာဓိကမှ နိဗ္ဗာန်ကို ရောက်စေနိုင်၊ မျက်မှောက်ပြုစေနိုင်တဲ့ သမာဓိပဲ။

အဲဒီလို သူ့အလိုလို ငြိမ်းအေးနေတဲ့ အနုတ္တသီလ, အနုတ္တသမာဓိက ရှိပါတယ်၊ ရှိပြီးသားပါ၊ အဲဒီ ရှိပြီးသားသီလ,သမာဓိကို ခင်ဗျားတို့က သိတဲ့ဉာဏ် မဖြစ်ကြလို့ပါ။ ဒါကြောင့် ဘုရားက ပညာဉာဏ်က ဦးစီး ပြဋ္ဌာန်းတယ်လို့ ဟောတော်မူခဲ့တာ။

ဩော်....သီလသဘောက ဤလိုပါလား၊ သမာဓိသဘောက ဤလို ပါလားလို့ သိတဲ့ဉာဏ် ဖြစ်ကြရမယ်။ သိတဲ့ဉာဏ် ဆိုရာမှာလဲ ဘုန်းကြီး ဟောခဲ့တာလို မိမိတို့ရဲ့မနောမှာ, မိမိတို့ရဲ့စိတ်မှာ ဘယ်ပုံဘယ်လို ဟုတ်နေသလဲဆိုတာ ကြည့်လိုက်ကြ။ မိမိတို့ကိုယ်တိုင် ကြည့်ကြပါ။ ကြည့် လျှင်တော့ ကိုယ်တိုင်သိကြပါတယ်။ ဘုန်းကြီးတို့က သိပေးလို့တော့ မဖြစ်နိုင်ဘူး၊ ခင်ဗျားတို့ကိုယ်တိုင် ကိုယ်တွေ့ကြည့်မှ ကိုယ်တွေ့သိကြမှာ, မြင်ကြမှာ။ အဲဒါမှ သံဒိဋ္ဌိက, အကာလိက ဖြစ်လာကြပြီး ဒိဋ္ဌသရဏဂုံ တည်မယ်။

ကိုင်း.... တော်လောက်ပါပြီ။

---

၁၆၇၄၁

# "အရပ်စကားနှင့်ပါဠိတော်"

ကျေးဇူးရှင် "ကျောက်သဘော်ဆရာတော်ဘုရားကြီး" သည်တရားဟောသည့်အခါတွင် တရားနာယောဂီအပေါင်းတို့ နားလည်လွယ်စေရန် မြန်မာစကား သက်သက်ဖြင့်သာ ဟောကြားလေ့ရှိ၏။ အသိအမြင်ရှုတ်ထွေးစေမည့် စကားလုံးများကို ဆရာတော်ဘုရားကြီး၏ ဟောကြားချက်များတွင် တွေ့ရခဲသည်။ ဥာဏ်နုသူများပင် နားလည်စေရန် ရိုးရိုးနှင့် ရှင်းရှင်းပင် ဟောကြားထားသည်ကို အောက်ပါအတိုင်း တွေ့ရ၏။

"အခုလို တရားနာနေခိုက်မှာ ခင်ဗျားတို့စိတ်မှာ လောဘတွေ ဖြစ်နေကြသလား၊ ဒေါသတွေ ဖြစ်နေကြသလား။ လောဘဖြစ်ရင် ဘယ်မှာဖြစ်သလဲ၊ ဒေါသဖြစ်ရင် ဘယ်မှာဖြစ်သလဲ၊ စိတ်မှာဖြစ်တာပါ။ ဒါဖြင့် ဒေါသမဖြစ်တော့ ဒေါသဖြစ်နေတဲ့ စိတ်မဟုတ်ဘူးပေါ့၊ ဒေါသစိတ်မဟုတ်ဘူးပေါ့။ ဒေါသမဖြစ်တာနဲ့ပဲ ခင်ဗျားတို့မှာ စိတ်မရှိတော့ဘူးလို့ ပြောမလား။ဒေါသသာမဖြစ်တာဗျ၊ ဒေါသမပါတဲ့စိတ်ကတော့ ရှိပါတယ်။ ဒါဖြင့် ဒေါသမဖြစ်တဲ့စိတ်ပေါ့။ ဒေါသမဟုတ်တဲ့၊ ဒေါသစေတသိက် မယှဉ်တဲ့၊ "စိတ်၊ စိတ်အတိုင်းတိုင်း" ပါပဲ။ လောဘမဖြစ်လေတော့ လောဘမဖြစ်တဲ့ " စိတ်-စိတ်အတိုင်း" အဲဒါကိုပြောတာ၊ ဤလိုဟောတာ။"

အထက်ပါအပိုဒ်ကို ကြည့်ခြင်းအားဖြင့် စာရေးသူအနေနှင့် ထပ်မံ၍ ရှင်းလင်းစရာပင် လိုအပ်တော့မည်မထင်ပါ၊ အသိရခက်သော စကားလုံး တလုံးမျှမပါပါ။ သို့ရာတွင် တခုကား ဆိုရန်ရှိသည်၊ မြန်မာပြည်ရှိ ဗုဒ္ဓဘာသာဝင် အများစုသည် မိမိတို့ နားမလည်သော ပါဠိဘာသာဖြင့် ဟောမှ လေးစားတတ်သည်၊ အထင်ကြီးတတ်သည်။ ပါဠိဖြင့်ဟောမှသာလျှင် မှန်သည်ဟု အထင်ရောက်တတ်ကြသည်။ မိမိတို့ နေ့စဉ် သုံးစွဲပြောဆိုနေသော စကားတို့ဖြင့် တရားဟောလျှင် တရားဟူ၍ပင်မထင်၊ လေးစားရကောင်းမှန်းမသိ၊ အထင်သေးတတ်ကြသည်။

ပမာအားဖြင့်ဆိုရသော်- " စိတ်-စိတ်အတိုင်းတိုင်းထား " ဟူသော အရပ်သုံးစကားကို ဆိုမည့်အစား "နမနောဝိညာဏံ ဥပါဒိယိဿာမိ" ဟူ၍၎င်း၊ သို့တည်းမဟုတ် "ဒိဋ္ဌေဒိဋ္ဌမတ္တံ" ဟူ၍၎င်း၊ သို့တည်းမဟုတ်.... "သစိတ္တပရိယောဒါပနံ" ဟူ၍၎င်း၊ သို့တည်းမဟုတ်...."အနိဿိတစိတ္တ" ဟူ၍၎င်း ဆိုရသော် နားလည်သည်ဖြစ်စေ၊ မလည်သည်ဖြစ်စေ အထင်ကြီး၍ လေးစားကြမည်မှာ သေချာ၏။

ထိုနည်းတူစွာပင် " ကျောက်သဘော်ာ ဆရာတော်ဘုရားကြီး " က လူတိုင်းနားလည်လွယ်သော မြန်မာစကားဖြင့်.... "လုပ်သမျှဒုက္ခ" ဟူ၍ ဟောသည်ကို ဝိပဿနာလောကတွင် လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြ၏။ မကြေမနပ်နှင့် ဝေဖန်မှုများ ပြုကုန်ကြ၏။ "လုပ်သမျှဒုက္ခ" သည် မဟုတ်မမှန်ပါ၊ "လုပ်သမျှဒုက္ခ"ဆိုတာ ဘုရားဟောမရှိပါ၊ ဘုရားဟော ပါဠိတော်နှင့် မကိုက်ညီပဲ မိမိတို့၏ အတ္တနောမတိနဲ့ ဟောပြောနေကြသည်ဟူ၍လည်း စောဒနာကြလေသည်။

"သဗ္ဗေ သင်္ခါရာ ဒုက္ခာ-သဗ္ဗေ သင်္ခါရာ ဒုက္ခာ"ဟူ၍ ဗုဒ္ဓဘာသာဝင်တို့၏ နှုတ်ဖျားတွင် ငယ်စဉ်ကပင် နှုတ်တက်ရွရွ ရွတ်ဆိုလာခဲ့ကြသော်လည်း "လုပ်သမျှဒုက္ခ" ဟူသောအသံကို ကြားရသောအခါတွင် မနှစ်သက်ကြပဲ ဘုရားဟော ပါဠိတော်တို့တွင် မရှိပါ-ဟူ၍ပင် ပြောဆိုကြ၏။ ပို၍ဝမ်းနည်းဘွယ်ကောင်းသည်ကား....၊ ဤပုဂ္ဂိုလ်စုတွင် စာတတ်ပုဂ္ဂိုလ်အချို့ ပါဝင်နေခြင်းပင်ဖြစ်၏။

ဆရာတော်ဘုရားကြီးက ဤစကားကို သုံးခြင်းသည် သင်္ခါရအမှုအစုစုတို့ကို ဒုက္ခဟူ၍ မြင်စေခြင်းငှါ.... တနည်း၊ တဏှာ,ဒိဋ္ဌိတို့ ဦးစီး၍ ပြုလုပ်နေကြသော အမှုကိစ္စ အဝဝတို့ကို ငြီးငွေ့၍ သင်္ခါရုပေက္ခာဉာဏ်ဖြစ်ကြပြီးလျှင် သင်္ခါရဒုက္ခနှင့် ဆန့်ကျင်ဖက်တရားဖြစ်သော ဝိသင်္ခါရတရား (ဝါ)အသင်္ခတ,တရားကို ပြလိုသောကြောင့်ဤ"လုပ်သမျှဒုက္ခ"ကို သုံးခြင်းဖြစ်လေသည်။အခြားအခြားသော ဝိပဿနာအဖွဲ့အစည်းတို့အား ဖိနှိပ်လိုသောစေတနာ၊ ထိခိုက်စေလိုသော စေတနာ စိုးစဉ်းမျှ မရှိခဲ့ပါ။

အလျဉ်းသင့်စဉ် "လုပ်သမျှဒုက္ခ"ဆိုသည်မှာ မဟုတ်မမှန်ပါ၊ ပါဠိတော်တို့တွင်လည်း မပါရှိပါဟု ကြားနာထားကြသော ယောဂီအပေါင်းတို့ အမှန်ကို သိစေခြင်းငှါ အောက်ပါ-ပါဠိတော်တို့ဖြင့် ကိုးကားလိုပါသည်။

ယံကိဉ္စိ ဒုက္ခံ သမ္ဘောတိ၊ သဗ္ဗံ သင်္ခါရပစ္စယာ။
သင်္ခါရာနံ နိရောဓေန၊ နတ္ထိ ဒုက္ခဿ သမ္ဘဝေါ။
( သုတ္တနိပါတ်ပါဠိတော်၊ ဒွယတာနုပဿနာသုတ်၊ နှာ-၃၉၂ )

"ဖြစ်ပေါ်လာသော ဆင်းရဲဟူသမျှ အားလုံးသည် သင်္ခါရဟူသောအကြောင်းကြောင့် ဖြစ်ပေါ်လာ၏၊ သင်္ခါရတို့၏သာချုပ်ခြင်းကြောင့် ဆင်းရဲဖြစ်ခြင်းမရှိ။"
( သုတ္တနိပါတ်ပါဠိတော်၊ မြန်မာပြန်၊ ဒွယတာနုပဿနာသုတ်၊ နှာ-၃၇၀ )

ယင်းပါဠိတော်တွင်ပင်....

" ဥပဓိနိဒါနာ ပဘဝန္တိ ဒုက္ခာ၊
ယေကေစိ လောကသ္မိံ မနေကရူပါ။
ယော ဝေ အဝိဒ္ဒါ ဥပဓိံ ကရောတိ၊
ပုနပ္ပုနံ ဒုက္ခမုပေတိ မန္ဒော။
တသ္မာ ပဇာနံ ဥပဓိံ နကယိရာ၊
ဒုက္ခဿ ဇာတိပ္ပဘဝါနုပဿီ " တိ။
(သုတ္တနိပါတ်ပါဠိတော်၊ ဒွယတာနုပဿနာ၊ နှာ-၃၉၂)

"လောကဌ် များသောသဘောရှိကုန်သော ဆင်းရဲဒုက္ခ ဟူသမျှတို့သည် ကုသိုလ်ကံ၊ အကုသိုလ်ကံဟူသောအကြောင်းကြောင့်ဖြစ်ပေါ်ကုန်၏။ မသိသည်ဖြစ်၍ လောကီကုသိုလ်, အကုသိုလ်ကံကိုပြုသော ပညာနည်းသူ ( ပုထုဇဉ် ) သည် အဖန်တလဲလဲ ဆင်းရဲသို့ ကပ်ရောက်ရ၏။ ထို့ကြောင့်....ပိုင်းခြား၍ သိတတ်သူသည် ဝဋ်ဆင်းရဲ၏ ဖြစ်ကြောင်းကို ဆင်ခြင်လျက် လောကီကုသိုလ်, အကုသိုလ်ကံကို မပြုလုပ်ရာ" ဟု ဟောတော်မူ၏။
(သုတ္တနိပါတ်ပါဠိတော်မြန်မာပြန်၊ ဒွယတာနုပဿနာသုတ်၊ နှာ-၃၇၀)

" **(မှတ်ချက်)** ဤအချက်၌ ကုသိုလ်မပြုရဟုမဆိုလို၊ ဝဋ်ကုသိုလ်မဖြစ်စေရန်သာ ရည်ညွှန်းပါသည်။ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်ဟူသော ကိလေသာဝဋ်သုံးပါး ဦးစီး၍ မပြုက သံသရာမလည်နိုင်။"

ယင်းပါဠိတော်တွင်ပင် ဆက်လက်၍....

ယံကိဉ္စိ ဒုက္ခံ သမ္ဘောတိ၊ သဗ္ဗံ အာရမ္ဘပစ္စယာ။
အာရမ္ဘာနံ နိရောဓေန၊ နတ္ထိ ဒုက္ခဿ သမ္ဘဝေါ။

(သုတ္တနိပါတ်ပါဠိတော်၊ ဒွယတာနုပဿနာသုတ်၊ နှာ-၃၉၄)

"ဖြစ်ပေါ်လာသော ဆင်းရဲဟူသမျှ အားလုံးသည် အားထုတ်အပ်သော ကံဟူသောအကြောင်းကြောင့်ဖြစ်၏၊ အားထုတ်အပ်သော ကံတို့၏ ချုပ်ခြင်းကြောင့် ဆင်းရဲဖြစ်ခြင်း မရှိတော့ပေ။"

(သုတ္တနိပါတ်ပါဠိတော် မြန်မာပြန်၊ ဒွယတာနုပဿနာသုတ်၊ နှာ-၃၇၃)

ဓမ္မပဒပါဠိတော်တွင်လည်း....

ဇိဃစ္ဆာ ပရမာ ရောဂါ၊ သင်္ခါရပရမာ ဒုက္ခာ။
ဧတံ ဉတွာ ယထာဘူတံ၊ နိဗ္ဗာနံ ပရမံ သုခံ။

( ဓမ္မပဒပါဠိတော်၊ သုခဝဂ်၊ နှာ-၄၃ )

အဓိပ္ပါယ်မှာ.... "ဆာလောင်မွတ်သိပ်ခြင်းသည် အလွန်ကဲဆုံး အနာရောဂါမည်၏။ သင်္ခါရတရားတို့သည် အလွန်ကဲဆုံးဆင်းရဲမည်ကုန်၏။ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း။ ပညာရှိသည် ဤသို့ဟုတ်တိုင်းမှန်စွာသိ၍ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြု၏။"

တဖန်၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်တွင်လည်း....

ဥပ္ပါဒဥ္စ ပဝတ္တဥ္စ၊ နိမိတ္တံ ဒုက္ခန္တိ ပဿတိ။
အာယူဟနံ ပဋိသန္ဓိံ၊ ဉာဏံ အာဒီနဝေ ဣဒံ။
အနုပ္ပါဒံ အပ္ပဝတ္တံ၊ အနိမိတ္တံ သုခန္တိ စ။
အနာယူဟနံ အပ္ပဋိသန္ဓိံ၊ ဉာဏံ သန္တိပဒေ ဣဒံ။

( ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ဉာဏကထာ၊ နှာ-၅၈ )

"ဖြင်းစွာပင်ပန်းခြင်းသည် သင်္ခါရတို့မည်ကုန်၏။ ဖြင်းစွာ မပင်ပန်းခြင်းသည် နိဗ္ဗာန်မည်၏၊ ဟု (ဖြစ်သော) ပညာသည် ငြိမ်းအေးသော သန္တိပဒဉာဏ်မည်၏။

ဖြစ်ပေါ်ခြင်းကိုရင်း၊ ဖြစ်ပွားခြင်းကိုရင်း၊ သခ်ါရနိမိတ်ကိုရင်း၊ ဒုက္ခဟူရှု၏။ အားထုတ်ခြင်း၊ တဖန်ဘဝသစ်၌ဖြစ်ခြင်း၊ ဤနှစ်ပါး၌ ဖြစ်သောဉာဏ်သည် အာဒီနဝဉာဏ်မည်၏။

မဖြစ်ပေါ်ခြင်းကိုရင်း၊ မဖြစ်ပွားခြင်းကိုရင်း၊ သခ်ါရနိမိတ် ကင်းခြင်းကိုရင်း၊ သုခဟူရှု၏။ အားမထုတ်ခြင်း၊ တဖန်ဘဝသစ်၌ မဖြစ်ခြင်း၊ ဤနှစ်ပါး၌ ဖြစ်သောဉာဏ်သည်၊ ငြိမ်းချမ်းရာ နိဗ္ဗာန်မည်၏။"
(ပဋိသမ္ဘိဒါမဂ်ပါဠိတော်မြန်မာပြန်၊ ဉာဏကထာ၊ နှာ-၇၇)

## ပြုလုပ်မှုမှန်သမျှ ဒုက္ခ။

အထက်ပါ ဒေသနာတော်တို့အရ ပြုပြင်မှုမကင်းသမျှ သခ်တတရားတို့ဟူသည်မှာ လောကီစိတ်၊ စေတသိက်၊ ရုပ်များသာမက လောကုတ္တရာစိတ်၊ စေတသိက်များပင် ဖြစ်လေသည်။ ထို့ကြောင့်.... ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးက....

"သခ်တဓမ္မ အပေါင်းတို့တွင် အရဟတ္တဖိုလ်သည် အမြတ်ဆုံးတည်း။ ထိုအရဟတ္တဖိုလ်သည် ဇာတိရှိသောတရားမျိုးဖြစ်၍ ရရှိပြီးနောက် ဝင်စားလိုပြန်သည်ရှိသော် ဖြစ်ပေါ်ရန် အကြောင်း အခွင့်တွေကို ကြောင့်ကြစိုက်ထုတ်နိုင်မှဖြစ်ပေါ်၏။ဖြစ်ပေါ်၍ ခံစားစံစားဆဲမှာပင် မတ်တတ်ချုပ်ပျက် ကွယ်ပျောက်၍သွား၏။ ခံစားလိုပြန်လျှင် တဖန်ကြောင့်ကြစိုက်ရပြန်၏။ ကြောင့်ကြစိုက်မှု ပလိဗောဓ မဆုံးရှိနေ၏။ ထိုမျှကြွင်းသော သခ်တတရားတို့၌ ဆိုဘွယ်မရှိ"ဟူ၍ မိန့်ဆိုတော်မူခဲ့လေသည်။
(လယ်တီဆရာတော်ဘုရားကြီး၏၊ ပရမတ္ထသံခိပ်ကျမ်း၊ နှာ-၁၉၆-၇-၈)

ဤမျှဆိုလျှင် "လုပ်သမျှ ဒုက္ခ" ဟူသည် မဟုတ်မမှန်ပါ၊ မြတ်စွာဘုရားဟော ပါဠိတော်မရှိပါဟူ၍ ငြင်းနေစရာမရှိတော့ပေ။

လက္ခဏာဉာဏ်အမြင်နှင့် ဆိုရသော်.... အမှန်စင်စစ် ပြုလုပ်မှုမှန်သမျှသည် ဒုက္ခတို့သာတည်း။ သို့ရာတွင် ဤယခုဘဝ ရရှိလာသော အကျိုးဝိပါက်ခန္ဓာကြီး အတွက်မူကား ပြုပြင်ဆောင်ရွက် လုပ်ကိုင်ရသော အမှုကိစ္စတို့ကား ရှိသေး၏။ ခန္ဓာဝန်အတွက် ဆောင်ရွက်ရသော ဒုက္ခကိုမူ

ဘုရားရဟန္တာများသော်မှ ရှောင်လွှဲ၍မရပါ၊ ပြုလုပ်ကြရသည်သာ။ ဤဒုက္ခကား....မဂ်မပယ်သော ဒုက္ခဖြစ်၏။ ဆွမ်းခံရသောဒုက္ခ၊ ဆွမ်းစားရသောဒုက္ခ၊ တရွာဝင်, တရွာထွက်ဖြင့် ဒေသစာရီ လှည့်လည်၍ တရားဟောရသောဒုက္ခ-အစရှိသော ဒုက္ခတို့ကိုမူ ပြုလုပ်ဆောင်ရွက်ရသေး၏။ သို့ရာတွင် ဤအမှုတို့ကို ပြုလုပ်ဆောင်ရွက်ရာ၌ ဘုရား, ရဟန္တာတို့၏ စိတ်တွင် တဏှာ, ဒိဋ္ဌိ-စသော ကိလေသာတို့ မယှဉ်တော့ပါ။ တဏှာ, ဒိဋ္ဌိတို့ ဦးစီး၍ ပြုလုပ်သော အမှုကိစ္စဟူ၍ မရှိတော့ပါ။

ပုထုဇဉ်တို့မှာမူ ဝိပါက်ခန္ဓာဝန်အတွက် ဆောင်ရွက်ရာတွင် တဏှာ, ဒိဋ္ဌိတို့ ဦးစီး၍သာ ဆောင်ရွက်လေ့ရှိ၏။

ဝိပါက်ခန္ဓာအတွက် ဒုက္ခကတခု၊ တဏှာ, ဒိဋ္ဌိစသော ကိလေသာ ဒုက္ခကတခု စသည်ဖြင့် ဒုက္ခအပေါ်တွင်ဒုက္ခဆင့်၍သာ နေကြတော့၏။ တရားကိုသိမြင်သော ပုဂ္ဂိုလ်တို့မူကား တဏှာ, ဒိဋ္ဌိတို့ ဦးမစီးတော့ပဲ (ဝါ) တဏှာ, ဒိဋ္ဌိတို့ မယှဉ်တော့ပဲ အမှုကိစ္စအဝဝတို့ကို ဆောင်ရွက်ကြခြင်းကြောင့် သမ္မာအာဇီဝ, သမ္မာကမ္မန္တ, သမ္မာဝါယာမဟူသော မဂ္ဂင်ထိုက်သော ပြုလုပ်မှုတို့သာဖြစ်၏။ သူတပါး အသက်ကို သတ်ခြင်း၊ သူတပါးဥစ္စာကို ခိုးယူခြင်း၊ လိမ်လည်လှည့်ဖြား၍ ပြောဆိုခြင်း၊ အစရှိသော ဒုစရိုက်အမှုတို့ကို မပြုလုပ်တော့ပဲ ရိုးရိုးသားသားမဂ္ဂင်ထိုက်သော အမှုတို့ကိုသာ ပြုပြင် လုပ်ကိုင် ဆောင်ရွက်ကြတော့၏။

အချုပ်အားဖြင့် ဆိုရသော် "လုပ်သမျှဒုက္ခ" ဆိုရာ၌ အလုံးစုံ ရောထွေးပြီး မည်သည့် အမှုကိုမျှ မပြုလုပ်ရဟူ၍ ဆုံးမခြင်း မဟုတ်ပါ၊ "လုပ်ရမည့်ဒုက္ခ"နှင့်"မလုပ်ရမည့်ဒုက္ခ"တို့ကိုလည်း ခွဲခြား၍ ဟောကြားလေ့ရှိပါသည်။ ပထမဦးစွာ လက္ခဏာအနေဖြင့်မူ" ပြုလုပ်မှုမှန်သမျှသည် ဒုက္ခ" ဟူ၍သိပါ။ ဤမှတဆင့်တက်၍ ဒုက္ခဟူ၍သိပြီး "မလုပ်အပ်သော ဒုက္ခ"နှင့် ဒုက္ခဟူ၍သိပြီး "လုပ်အပ်သောဒုက္ခ"တို့ကို ခွဲခြား၍ သိပါ။ ဒုက္ခဟူ၍သိပြီး "မလုပ်အပ်သောဒုက္ခ "ကား....တဏှာ, ဒိဋ္ဌိတို့ ဦးစီး၍ ပြုလုပ်သော အကုသိုလ်အမှုအစုစုနှင့် ကုသိုလ်အမှု အစုစုတို့တည်း။ ဒုက္ခဟူ၍သိပြီး "လုပ်အပ်သောဒုက္ခ "ကား....တဏှာ, ဒိဋ္ဌိတို့ ဦးမစီးတော့ပဲ ဝိဇ္ဇာဉာဏ် ဦးစီး၍ပြုလုပ်သော ကုသိုလ်အမှုအစုစုတို့တည်း။

ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက တပည့်အပေါင်းတို့အား

"သိမြင်ရေးလည်း မှန်ပါစေ"

"ပြုပြင်ရေးလည်း မှန်ပါစေ" ဟူ၍ မကြာခဏ သတိပေး ဆုံးမလေ့ ရှိပါသည်။ ဆရာတော်ဘုရားကြီး၏ ဩဝါဒ (၆) ချက်တွင်လည်း "ပုညာ-ပုည အနုဥ္စကို အဝိဇ္ဇာရှေ့ထား အပြုမှား နေကြသူများကို တွေ့မြင်လျှင်၊ ဝိဇ္ဇာရှေ့ထား ပြုနည်းကားကို ဘုရားဟောပြ ဩဝါဒ အတိုင်း ဟောကြားရန်" ဟူသော အချက်တချက်ကို ထည့်သွင်းဆုံးမ ခဲ့ပါသည်။

၁၃၂၁-ခုနှစ် တပို့တွဲလဆန်း(၆)ရက်နေ့ညတွင် ပဲခူးမြို့၊ မြို့တော် ခန်းမကြီး၌ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး "မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန် မြင်တရားတော်များ"ကို ဟောကြားတော်မူစဉ်ကလည်း....

"ဘုန်းကြီးတို့က တကယ့်တရားကိုမြင်ရေး၊ နိဗ္ဗာန်မျက်မှောက်ပြုရေးကို ပြောဟောနေတာ၊ လောကီလုပ်ရေး, ကိုင်ရေး ပြောတာ မဟုတ်ဘူး၊ ဘာမှမလုပ်ရဘူး၊ ဒီအတိုင်းတိုင်း ထိုင်နေတာအေးတယ်ဆိုပြီး လုပ်ရေး, ကိုင်ရေး လုပ်စရာရှိတာတွေ မလုပ်ပဲနေရင်တော့ ငတ်ကြလိမ့်မယ်။တဖက် စွန်းနင်းသွားတာပေါ့၊ အဲဒီလိုပဲ တချို့အရပ်တွေမှာ ကျောက်သဘော် တရားက ဘာမှ မလုပ်ရဘူး၊ ဘာမှ မလုပ်ရဘူး ဆိုပြီး လုံးထွေးပြီး ပြောနေကြတယ်။

ဘုန်းကြီးဟောတာက နိဗ္ဗာန်မျက်မှောက်ပြုရေး ဟောတာ၊ နိဗ္ဗာန် မျက်မှောက်ပြုနေတဲ့အချိန် ဘာလုပ်ရဦးမှာလဲ၊ နိဗ္ဗာန်မျက်မှောက်ပြုနေ တော့ ဘာကိုလုပ်လို့ဖြစ်သေးသလဲ။ လုပ်ဖြစ်သေးတယ်ဆိုရင် နိဗ္ဗာန် မျက်မှောက် ပြုနေတာမဟုတ်ဘူး၊ နိဗ္ဗာန်မျက်မှောက် ပြုနေတယ်ဆိုရင် နိဗ္ဗာန်ပဲ မျက်မှောက်ပြုနေတာပဲ၊ နိဗ္ဗာန် မျက်မှောက်ပြုတဲ့ စိတ်မှတပါး ဘာမျှမဖြစ်ဘူး၊ ဘာမှဖြစ်လို့မရဘူး။

နိဗ္ဗာန် မျက်မှောက်ပြုရေး တရားက အသိတရား၊ အငြိမ်းတရား "စိတ်-စိတ်အတိုင်းတိုင်းတရား" နိဗ္ဗာန်မျက်မှောက်ပြုရေး သဘောပြော တာကို သဘောမပေါက်ကြပဲ လောကီရေးတောင်မှ ဘာမှမလုပ်ရဘူး

ရယ်လို့ ဒီလိုထင်မှတ်၍သွားတတ်ကြတယ်။ ဒီလိုမဟုတ်ဘူး၊ အဲဒါက ပြုပြင်ရေးကိစ္စ။

အဲဒါလို နားမလည်တော့ ဘုန်းကြီးတို့ ကျောက်ဆည်အနီး သာဂရ ဆိုတဲ့ရွာတရွာမှာ လင်မယားနှစ်ယောက်ရှိတယ်၊ ညဘက် ဘုန်းကြီးတို့ တရားကိုနာပြီး မနက်ကျတော့ ဆွမ်းချက်ကြတာပေါ့၊ဒီတော့ တကာမက ထင်းပေါက်ခိုင်းတယ်တဲ့၊ "မောင်ရင်ရယ် ထင်းပေါက်ပေးပါလို့" ခိုင်းတယ်တဲ့။ ဒါနဲ့ ယောကျ်ားလုပ်သူက ပုဆိန်ကိုင်ပြီးတော့ ထင်းတုံး နားသွားပြီး အကြံရတာကိုး၊ ညက "ကျောက်သဘော်ာဆရာတော် ဘုရားကြီး" က၊ ဒီအတိုင်းတိုင်းနေလို့ ပြောတာ၊ ဒီအတိုင်းတိုင်းနေရင် သက်သာတယ်လို့ ပြောတာ၊ မဟုတ်လား, ဟုတ်လားဆိုတာ သိရအောင် ဆိုပြီး ထင်းတုံးပေါ်မှာ ပုဆိန်တင်ပြီး အသာထိုင်နေလိုက်တယ်တဲ့။

အဲဒါနဲ့ တကာမက ထပြီးတော့ "ထင်းပေါက်ခဲ့ပါဆို ဘာလုပ် နေသလဲ မောင့်နှယ်" စသည်ဖြင့် မြည်တွန်တောက်တီးတာပေါ့။ ဒါနဲ့ ယောကျ်ားလုပ်သူက ပြန်ပြောတယ်၊ "ညီးတို့ "ကျောက်သဘော်ာ ဆရာ တော်ကြီး" က ဒီအတိုင်းတိုင်းနေတာ သက်သာတယ်လို့ ပြောတာနဲ့ ငါဒီအတိုင်းတိုင်းနေတာပဲ လို့ ပြန်ပြောလိုက်သတဲ့။ အဲဒီအတိုင်းတိုင်း နေမျိုးလဲမဟုတ်ဘူး" ဟူ၍ ဟောကြားတော်မူခဲ့ပါသည်။

(ကျောက်သဘော်ာဆရာတော်ဘုရားကြီးထေရုပတ္တိနှင့်တရားတော်များ နှာ-၁၂၉)

ဤသို့အားဖြင့် "လုပ်သမျှဒုက္ခ" ဟူသော ဟောကြားချက်နှင့် ပတ် သက်၍ အစွန်းတဖက်သို့မရောက်စေရန် ဆရာတော်ဘုရားကြီးကရှင်းလင်း ဟောကြားတော်မူခဲ့လေသည်။

## "အတိုင်းတိုင်းထားရမည့်စိတ်"

အထက်ကဆိုခဲ့သည့်အတိုင်း....."စိတ်-စိတ်အတိုင်းတိုင်းထား"ဟူသော အဆုံးအမအတွက် ထပ်မံရှင်းလင်း ဖွင့်ဆိုစရာပင် မလိုလောက်အောင် ဆရာတော်ဘုရားကြီးက လွယ်ကူသောစကားများဖြင့် ဟောကြားတော် မူခဲ့သော်လည်း ပါဠိတော် အကိုးအကားကိုသာ အလိုရှိကြသော ပုဂ္ဂိုလ် များအတွက် ပါဠိတော်များဖြင့် ထုတ်ဆောင်ကိုးကား၍ ဆိုပါမည်။

"စိတ်-စိတ်အတိုင်းတိုင်းထား" ဟူသည် "စိတ်-စိတ်အတိုင်းတိုင်း" က တပုဒ်၊ "အတိုင်းတိုင်းထား" ကတပုဒ်၊ ဤနှစ်ပုဒ်ကို ပေါင်းစပ်၍ သုံးထားသော အဆုံးအမဖြစ်လေသည်။ "စိတ်-စိတ်အတိုင်းတိုင်း" ၏ အဓိပ္ပါယ်ကို အကျဉ်းဆုံးနည်းဖြင့် ဖော်ပြရလျှင် တဏှာ, ဒိဋ္ဌိတို့ဖြင့် မမှီသောစိတ်ကို ညွှန်ပြရပေမည်။ပါဠိအားဖြင့်ဆိုလျှင်ကား...."အနိဿိတ စိတ်"ကို ညွှန်ပြလိုပါသည်။ အခြားတနည်းဖြင့်ဆိုရသော် ကိလေသာ တို့နှင့် မယှဉ်သောစိတ်၊ ပါဠိဖြင့်ဆိုရသော် "ဝီတရာဂစိတ္တံ၊ ဝီတဒေါသ စိတ္တံ၊ ဝီတမောဟစိတ္တံ"တို့ကို ဆိုခြင်းဖြစ်၏။

ပကတိသန့်ရှင်းသောရေသည် ကြည်လင်အေးမြဘိသကဲ့သို့ လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန,ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ တည်းဟူသော ကိလေသာတို့နှင့် မယှဉ်သောစိတ်၊ (ဝါ)ကိလေသာမပါ သောစိတ်၊ (ဝါ)ကိလေသာတို့မှကင်းလွတ်လျက်ရှိသောစိတ်သည် ပကတိ ဖြူစင်သန့်ရှင်း နေသောကြောင့် ထိုစိတ်တွင် ကိလေသာတို့ ပူးယှဉ် စေရန် အကြောင်းတို့ကို ပြုလုပ်မပေးတော့ပဲ၊ (ဝါ) အယောနိသော မနသိကာရအားဖြင့် သင်္ခါရအမှုတို့ကို ပြုလုပ်မပေးတော့ပဲ ဖြူစင်သန့်ရှင်း နေသည့်အတိုင်းတိုင်း ဉာဏ်ယှဉ်၍(ဉာဏစရိယ) "စိတ်-စိတ်အတိုင်းတိုင်း ထားရန်" ဆုံးမခြင်း ဖြစ်လေသည်။

တဏှာ, ဒိဋ္ဌိတို့ဖြင့် မမှီသောစိတ် (ဝါ) အတိုင်းတိုင်းထားသော စိတ်သည် အလွန်သန့်ရှင်းစင်ကြယ်၍ မွန်မြတ်ကြောင်းကို အောက်ပါ အတိုင်း ဟောကြားခဲ့လေသည်။

တတ္ထ ကတမာ နိဒ္ဒေသသန္ဓိ၊

နိဿိတစိတ္တာ အကုသလပက္ခေန နိဒ္ဒိသိတဗ္ဗာ၊
အနိဿိတစိတ္တာ ကုသလပက္ခေန နိဒ္ဒိသိတဗ္ဗာ။

နိဿိတစိတ္တာ ကိလေသေန နိဒ္ဒိသိတဗ္ဗာ၊
အနိဿိတစိတ္တာ ဝေါဒါနေန နိဒ္ဒိသိတဗ္ဗာ။

နိဿိတစိတ္တာ သံသာရပ္ပဝတ္တိယာ နိဒ္ဒိသိတဗ္ဗာ၊
အနိဿိတစိတ္တာ သံသာရနိဝတ္တိယာ နိဒ္ဒိသိတဗ္ဗာ။

နိဿိတစိတ္တာ တဏှာယစ အဝိဇ္ဇာယစ နိဒ္ဒိသိတဗ္ဗာ၊
အနိဿိတစိတ္တာ သမထေန စ ဝိပဿနာယ စ နိဒ္ဒိသိတဗ္ဗာ။

နိဿိတစိတ္တာ အဟိရိကေန စ အနောတ္တပ္ပေန စ နိဒ္ဒိသိတဗ္ဗာ၊
အနိဿိတစိတ္တာ ဟိရိယာ စ ဩတ္တပ္ပေန စ နိဒ္ဒိသိတဗ္ဗာ။

နိဿိတစိတ္တာ အသတိယာ စ အသမ္ပဇညေန စ နိဒ္ဒိသိတဗ္ဗာ၊
အနိဿိတစိတ္တာ သတိယာ စ သမ္ပဇညေန စ နိဒ္ဒိသိတဗ္ဗာ။

နိဿိတစိတ္တာ အယောနိယာ စ အယောနိသောမနသိကာရေန စ နိဒ္ဒိသိတဗ္ဗာ၊
အနိဿိတစိတ္တာ ယောနိယာ စ ယောနိသောမနသိကာရေန စ နိဒ္ဒိသိတဗ္ဗာ။

နိဿိတစိတ္တာ ကောသဇ္ဇေန စ ဒေါဝစဿေန စ နိဒ္ဒိသိတဗ္ဗာ၊
အနိဿိတစိတ္တာ ဝိရိယာရမ္ဘေနစ သောဝစဿေနစ နိဒ္ဒိသိတဗ္ဗာ။

နိဿိတစိတ္တာ အဿဒ္ဓိယေန စ ပမာဒေန စ နိဒ္ဒိသိတဗ္ဗာ၊
အနိဿိတစိတ္တာ သဒ္ဓါယ စ အပ္ပမာဒေန စ နိဒ္ဒိသိတဗ္ဗာ။

နိဿိတစိတ္တာ အသဒ္ဓမ္မဿဝနေနစ အသံဝရဏေနစ နိဒ္ဒိသိတဗ္ဗာ၊
အနိဿိတစိတ္တာ သဒ္ဓမ္မဿဝနေန စ သံဝရေန စ နိဒ္ဒိသိတဗ္ဗာ။

နိဿိတစိတ္တာ အဘိဇ္ဈာယ စ ဗျာပါဒေန စ နိဒ္ဒိသိတဗ္ဗာ၊
အနိဿိတစိတ္တာ အနဘိဇ္ဈာယ စ အဗျာပါဒေန စ နိဒ္ဒိသိတဗ္ဗာ။

နိဿိတစိတ္တာ နီဝရဏေဟိ စ သညောဇနိယေဟိ စ နိဒ္ဒိသိတဗ္ဗာ၊
အနိဿိတစိတ္တာ ရာဂဝိရာဂါယ စ စေတောဝိမုတ္တိယာ အဝိဇ္ဇာဝိရာဂါယ စ ပညာဝိမုတ္တိယာ နိဒ္ဒိသိတဗ္ဗာ။

နိဿိတစိတ္တာ ဥစ္ဆေဒဒိဋ္ဌိယာ စ သဿတဒိဋ္ဌိယာ စ နိဒ္ဒိသိတဗ္ဗာ၊
အနိဿိတစိတ္တာ သဥပါဒိသေသာယ စ အနုပါဒိသေသာယ စ နိဗ္ဗာနဓာတုယာ နိဒ္ဒိသိတဗ္ဗာ။
အယံနိဒ္ဒေသသန္ဓိ။

( နေတ္တိပါဠိတော် ဆဋ္ဌမူ၊ နှာ-၃၄-၅ )

တတ္တာသိ ဝစနသိ၊ ထိုစကားရပ်၌။ နိဒ္ဒေသသန္ဓိ၊ နိဒ္ဒေသသန္ဓိသည်။ ကတမာ၊ အဘယ်နည်းဟူမူကား။ နိယ်သိတစိတ္တာ၊ တဏှာ, ဒိဋ္ဌိဖြင့်မှီသော စိတ်ကို။အကုသလပက္ခေန၊ အကုသိုလ်အဖို့အစုဖြင့်။ နိဒ္ဒိသိတဗ္ဗာ၊ညွှန်ပြ အပ်၏။ အနိယ်သိတစိတ္တာ၊ တဏှာ,ဒိဋ္ဌိဖြင့်မမှီသောစိတ်ကို။ကုသလပက္ခေန၊ ကုသိုလ်အဖို့အစုဖြင့်။နိဒ္ဒိသိတဗ္ဗာ၊ညွှန်ပြအပ်၏။

(ထူးရာကိုသာ အနက်ပေးတော့မည်)

ကိလေသေန၊ကိလေသာဖြင့်။ ဝေါဒါနေန၊ ဝေါဒါန်ဖြင့်။ သံသာရပ္ပဝတ္တိယာ၊ ဆုံလည်သောနွား ရဟတ်ချားကဲ့သို့ သံသရာ၌ဖြစ်ခြင်းဖြင့်။ သံသာရနိဝတ္တိယာ၊ သံရာရပ်ခြင်း, ပြတ်ခြင်းကြောင့် လည်ခြင်းသဘော မဖြစ်ခြင်းဖြင့်။တဏှာယစ၊ တဏှာဖြင့်၎င်း။အဝိဇ္ဇာယစ၊ အဝိဇ္ဇာဖြင့်၎င်း။ သမထေနစ၊ သမထဖြင့်၎င်း။ ဝိပဿနာယစ၊ ဝိပဿနာဖြင့်၎င်း။ အဟိရိကေနစ၊ အကုသိုလ်ဒုစရိုက်တရားမှ မရှက်ခြင်းဖြင့်၎င်း။ အနေတ္တပ္ပေနစ၊ အကုသိုလ်ဒုစရိုက်တရား တို့မှ မကြောက်မလန့်ခြင်းဖြင့်၎င်း။ ဟိရိယာစ၊ အကုသိုလ်ဒုစရိုက်တရားတို့မှရှက်ခြင်းဖြင့်၎င်း။ ဩတ္တပ္ပေနစ၊အကုသိုလ်ဒုစရိုက်တရားတို့မှကြောက်လန့်ခြင်းဖြင့်၎င်း။ အသတိယာစ၊ သတိကင်းမဲ့မေ့လျော့ခြင်းဖြင့်၎င်း။ အသမ္ပဇညေနစ၊ ပညာမဲ့ကင်းနိုင်းချိန်မှုမရှိခြင်းဖြင့်၎င်း။သတိယာစ၊ရှစ်မည်ရငြားသတိတရားဖြင့်၎င်း။သမ္ပဇညေနစ၊ငါးမည်ပေါ်ထင် ဉာဏ်အမြင်ဟု ဆိုအပ်သော သမ္ပဇဉ် တရားဖြင့်၎င်း။ အယောနိသောယာစ၊မသင့်မတင့် သောအားဖြင့်၎င်း။ အယောနိသော မနသိကာရေနစ၊ မသင့်တင့် သောအားဖြင့် အာရုံကို နှလုံးသွင်းသော အားဖြင့်၎င်း။ ဝါ၊ အာရုံနှင့်စိတ်ထိသောအားဖြင့်၎င်း။ ယောနိသောယာစ၊ သင့်တင့်သော အားဖြင့်၎င်း။ ယောနိသောမနသိကာရေနစ၊ သင့်တင့်သောအာရုံကို နှလုံးသွင်းသောအားဖြင့်၎င်း။ ကောသဇ္ဇေနစ၊ ပျင်းရိဖင့်နွဲ့ခြင်းဖြင့်၎င်း။ ဒေါဝစဿေနစ၊ မကောင်းစကား ပြောကြားသော အားဖြင့်၎င်း။ ဝီရိယာရမ္ဘေနစ၊ ကိုးမည်ဘွဲ့ရ ဝီရိယတရားဖြင့်၎င်း။ သောဝစဿေနစ၊ ကောင်းသောစကား ပြောကြားသောအားဖြင့်၎င်း။ အဿဒ္ဓိယေနစ၊ သဒ္ဓါတရား မရှိသောအားဖြင့်၎င်း။ ပမာဒေနစ၊ မေ့လျော့သော အားဖြင့်၎င်း။သဒ္ဓါယစ၊ကံ,ကံ၏အကျိုးကို ယုံကြည်သောအားဖြင့်၎င်း။ အပ္ပမာဒေနစ၊ မမေ့မလျော့သောအားဖြင့်၎င်း။ အသဒ္ဓမ္မဿဝနေနစ၊

သူတော်မဟုတ် သူယုတ်တို့၏ အကျင့်တရားကို ကြားနာသောအားဖြင့်ရင်း။ အသံဝရဏောနစ၊ ကိုယ်,နှုတ်နှလုံး, သုံးပါးကို မစောင့်စည်းသောအားဖြင့်ရင်း။ သဒ္ဓမ္မသဝနေနစ၊ သူတော်ကောင်းတို့၏တရားကို နာကြားသောအားဖြင့်ရင်း။ သံဝရေနစ၊ ကိုယ်, နှုတ်, နှလုံး သုံးပါးကို စောင့်သုံးသော အားဖြင့်ရင်း။ အဘိဇ္ဈာယစ၊ အလွန်အလိုကြီးသော လောဘ၏ အစွမ်းအားဖြင့်ရင်း။ ဗျာပါဒေနစ၊ သူတပါးစီးပွားချမ်းသာကို ပျက်စီးစေလိုသော ဒေါသ၏စွမ်းအားဖြင့်ရင်း။ အနဘိဇ္ဈာယစ၊ အလိုချုပ်ငြိမ်း ရုပ်သိမ်းသော အလောဘ၏စွမ်းအားဖြင့်ရင်း။ အဗျာပါဒေနစ၊ မပျက်စီးစေလို နဂိုချုပ်ငြိမ်း ရုပ်သိမ်း၍နေသော အဒေါသစွမ်းအားဖြင့်ရင်း။ နီဝရဏေဟိစ၊ ပိတ်ပင်မှေးယှက်တတ်သော နီဝရဏတရားခြောက်ပါးတို့ဖြင့်ရင်း။ သညောဇနိယေဟိစ၊ ဖွဲ့ချည်တုပ်နှောင်တတ်သော သံယောဇဉ်တရားဆယ်ပါးတို့ဖြင့်ရင်း။ရာဂဝိရာဂါယစ၊ရာဂမှကင်း၍နေသော ဝိရာဂအားဖြင့်ရင်း။ စေတောဝိမုတ္တိယာ၊ ကိလေသာတို့မှလွတ်၍နေသော စေတောဝိမုတ္တိအားဖြင့်ရင်း။ (ဝါ) "အတိုင်းတိုင်းနေသောစိတ်" ၏ ကိလေသာတဏှာ, ရာဂမှ လွတ်သောအားဖြင့်ရင်း။ အဝိဇ္ဇာဝိရာဂါယ၊ မသိမှုအဝိဇ္ဇာမှောင်မှ လွတ်၍နေသော။ ပညာဝိမုတ္တိယာစ၊ ပညာဝိမုတ္တိအားဖြင့်ရင်း။ဝါ၊"အတိုင်းတိုင်းနေသောစိတ်" ၏ အဝိဇ္ဇာမှကင်းခြင်းကို အသိဉာဏ်ရောက်၍ နေခြင်းဖြင့်ရင်း။ ဥစ္ဆေဒဒိဋ္ဌိယာစ၊ ဥစ္ဆေဒဒိဋ္ဌိအားဖြင့်ရင်း။ သဿတဒိဋ္ဌိယာစ၊ သဿတဒိဋ္ဌိအားဖြင့်ရင်း။ သဉပါဒိသေသာယစ၊ ခန္ဓာငါးပါးသာလျှင် ကိလေသာတို့မှ, ကြွင်းသည်နှင့် တကွဖြစ်သော။ နိဗ္ဗာနဓာတုယာ၊ ငြိမ်းအေးသော နိဗ္ဗာနဓာတ်အားဖြင့်ရင်း။ အနုပါဒိသေသာယစ၊ ခန္ဓာငါးပါး အကြွင်းမရှိသော။ နိဗ္ဗာနဓာတုယာ၊ ငြိမ်းအေးသော နိဗ္ဗာနဓာတ်အားဖြင့်ရင်း။ ဤဆိုအပ်ခဲ့ပြီးသည်ကား။ နိဒ္ဒေသသန္ဓိ နိဒ္ဒေသသန္ဓိတည်း။ ။

ဤသို့လျှင် တဏှာ, ဒိဋ္ဌိတို့ဖြင့်မမှီသော၊"အတိုင်းတိုင်းနေသောစိတ်" သည်။ ဝါ"စိတ်-စိတ်အတိုင်းတိုင်း ထားသောစိတ်"သည် အလွန်ဖြူဖွေးစင်ကြယ်၍နေသော၊ သန့်ရှင်းမွန်မြတ်သောစိတ် ဖြစ်ကြောင်းကို နေတ္တိပါဠိတော်ကြီးတွင် ဟောကြားတော်မူခဲ့လေသည်။ယင်းစိတ်တွင် တဏှာ, ဒိဋ္ဌိတို့မမှီပဲ တဏှာ,ဒိဋ္ဌိတို့မှ ကင်းလွတ်အေးငြိမ်း၍ နေခြင်းကြောင့် (ဝါ)

အလုံးစုံသော ကိလေသာတို့မှ လွတ်ကင်းအေးငြိမ်း၍နေခြင်းကြောင့်ရင်း၊ အေးငြိမ်းရာသဘောကြီးကို သဉပါဒိသေသနိဗ္ဗာန်,အနုပါဒိသေသနိဗ္ဗာန် တို့ဖြင့်ပင် ညွှန်ပြအပ်ကြောင်းကို ဟောတော်မူခဲ့လေသည်။

တဏှာဒိဋ္ဌိတို့ဖြင့်မမှီသော၊ "အတိုင်းတိုင်းနေသောစိတ်"ကို သိသော သူကို ပုဂ္ဂိုလ်အားဖြင့် ဆိုရသော် အရိယာပုဂ္ဂိုလ်ဟူ၍ရင်း၊ တဏှာ, ဒိဋ္ဌိ တို့ဖြင့်မှီသော စိတ်ကိုလည်း မသိ၊ လွတ်သော စိတ်ကိုလည်း မသိ၊ (ဝါ) အတိုင်းတိုင်းမနေသောစိတ်ကို မသိသောသူကို ပုထုဇဉ် ပုဂ္ဂိုလ်ဟူ၍ရင်း ညွှန်ပြအပ်၏ဟူ၍ နေတ္တိအဋ္ဌကထာ, နေတ္တိဝိဘာဝိနီဋီကာတွင် အဋ္ဌကထာ ဆရာဖွင့်ဆိုတော်မူခဲ့လေသည်။

တဏှာ, ဒိဋ္ဌိတို့ဖြင့်မှီသော နိဿိတစိတ်နှင့် တဏှာ, ဒိဋ္ဌိတို့ဖြင့်မမှီသော အနိဿိတစိတ်ကိုပင်လျှင် (ဝါ)"စိတ်အတိုင်းတိုင်း မထားသော စိတ်"နှင့် "စိတ်-စိတ်အတိုင်းတိုင်း ထားသောစိတ်"ကိုပင်လျှင် "သရာဂစိတ်" နှင့် "ဝိတရာဂစိတ်"ဟူ၍ မြတ်စွာဘုရားသခင်သည် ဝိဘင်းပါဠိတော်ကြီးတွင် ဟောကြားတော်မူခဲ့လေသည်။

ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ။

ဣဓ ဘိက္ခဝေ ဘိက္ခု သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ၊
ဝီတရာဂံ ဝါစိတ္တံ ဝီတရာဂံ စိတ္တန္တိ ပဇာနာတိ။

သဒေါသံ ဝါ စိတ္တံ သဒေါသံ စိတ္တန္တိပဇာနာတိ၊
ဝီတဒေါသံဝါ စိတ္တံ ဝီတဒေါသံ စိတ္တန္တိ ပဇာနာတိ။

သမောဟံ ဝါ စိတ္တံ သမောဟံ စိတ္တန္တိ ပဇာနာတိ၊
ဝီတမောဟံ ဝါစိတ္တံ ဝီတမောဟံ စိတ္တန္တိ ပဇာနာတိ။

သံခိတ္တံ ဝါ စိတ္တံ သံခိတ္တံ စိတ္တန္တိ ပဇာနာတိ၊
ဝိက္ခိတ္တံ ဝါ စိတ္တံ ဝိက္ခိတ္တံ စိတ္တန္တိ ပဇာနာတိ။

မဟဂ္ဂတံ ဝါ စိတ္တံ မဟဂ္ဂတံ စိတ္တန္တိ ပဇာနာတိ၊
အမဟဂ္ဂတံ ဝါ စိတ္တံ အမဟဂ္ဂတံ စိတ္တန္တိ ပဇာနာတိ။

သဥတ္တရံ ဝါ စိတ္တံ သဥတ္တရံ စိတ္တန္တိ ပဇာနာတိ၊
အနုတ္တရံ ဝါ စိတ္တံ အနုတ္တရံ စိတ္တန္တိ ပဇာနာတိ။

သမာဟိတံ ဝါ စိတ္တံ သမာဟိတံ စိတ္တန္တိ ပဇာနာတိ၊
အသမာဟိတံ ဝါ စိတ္တံ အသမာဟိတံ စိတ္တန္တိ ပဇာနာတိ။

ဝိမုတ္တံ ဝါ စိတ္တံ ဝိမုတ္တံ စိတ္တန္တိ ပဇာနာတိ၊
အဝိမုတ္တံ ဝါ စိတ္တံ အဝိမုတ္တံ စိတ္တန္တိ ပဇာနာတိ။

ဣတိ အဇ္ဈတ္တံ ဝါ စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ၊
ဗဟိဒ္ဓါဝါ စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ၊
အဇ္ဈတ္တ ဗဟိဒ္ဓါ ဝါ စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ။

သမုဒယဓမ္မာနုပဿီ ဝါ စိတ္တသ္မိံ ဝိဟရတိ၊
ဝယဓမ္မာနုပဿီ ဝါ စိတ္တသ္မိံ ဝိဟရတိ၊
သမုဒယဝယဓမ္မာနုပဿီ ဝါ စိတ္တသ္မိံ ဝိဟရတိ။

အတ္ထိ စိတ္တန္တိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ။
ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ အနိဿိတော စ
ဝိဟရတိ၊ နစ ကိဉ္စိ လောကေ ဥပါဒိယတိ။

ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ။

(ဝိဘင်းပါဠိတော်၊ စိတ္တာနုပဿနာ၊ နှာ-၂၀၄)

ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ ရဟန်းသည်။ စိတ္တေ၊ စိတ်၌။ ကထဉ္စ၊ အဘယ်သို့လျှင်။ စိတ္တာနုပဿီ၊ စိတ်၏သဘောမျှကို။ ဝါ၊ စိတ်၌ တဏှာ, ဒိဋ္ဌိတို့ဖြင့် မှီခြင်းသဘောနှင့် တဏှာ, ဒိဋ္ဌိတို့ဖြင့် မမှီသော ငြိမ်းအေးခြင်းသဘောကို သိမြင်လျက်။ ဝိဟရတိပန၊ နေပါသနည်း ဟူမူကား။

ဘိက္ခဝေ၊ရဟန်းတို့။ဣဓဘိက္ခု၊ဤသာသနာတော်ထမ်း ရဟန်းသည်။ သရာဂံဝါစိတ္တံ၊ တပ်မက်မှုနှင့်တကွ ဖြစ်သောစိတ်ကိုမူလည်း။ သရာဂံ စိတ္တန္တိ၊ တပ်မက်မှုနှင့်တကွ ဖြစ်သောစိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။

ဝီတရာဂံ ဝါ စိတ္တံ၊ တပ်မက်မှုကင်းသော စိတ်ကိုမူလည်း။ ဝီတရာဂံစိတ္တန္တိ၊ တပ်မက်မှုကင်းသော စိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။ သဒေါသံ ဝါ စိတ္တံ၊ စိတ်ဆိုးမှုနှင့် တကွဖြစ်သောစိတ်ကိုမူလည်း။ သဒေါသံစိတ္တန္တိ၊ စိတ်ဆိုးမှုနှင့် တကွဖြစ်သောစိတ်ဟူ၍၊ ပဇာနာတိ၊ သိ၏။ ဝီတဒေါသံ ဝါ စိတ္တံ၊ စိတ်ဆိုးမှုကင်းသော စိတ်ကိုမူလည်း။ ဝီတဒေါသံစိတ္တန္တိ၊ စိတ်ဆိုးမှု ကင်းသော စိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။ သမောဟံ ဝါ စိတ္တံ၊ တွေဝေ သိမှားမှုနှင့်တကွ ဖြစ်သောစိတ်ကိုမူလည်း။ သမောဟံစိတ္တန္တိ၊ တွေဝေ သိမှားမှုနှင့်တကွ ဖြစ်သောစိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။ ဝီတမောဟံ ဝါ စိတ္တံ၊ တွေဝေသိမှားမှုကင်းသော စိတ်ကိုမူလည်း။ ဝီတမောဟံ စိတ္တန္တိ၊ တွေဝေသိမှားမှု ကင်းသောစိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။

သံခိတ္တံ ဝါ စိတ္တံ၊ တွန့်ဆုတ်ပျင်းရိသော စိတ်ကိုမူလည်း။ သံခိတ္တံစိတ္တန္တိ၊ တွန့်ဆုတ်ပျင်းရိသော စိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။ ဝိက္ခိတ္တံ ဝါ စိတ္တံ၊ ပျံ့လွင့်ပြေးလွှားသော စိတ်ကိုမူလည်း။ ဝိက္ခိတ္တံစိတ္တန္တိ၊ ပျံ့လွင့်ပြေးလွှား သော စိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။ မဟဂ္ဂတံ ဝါ စိတ္တံ၊ မဟဂ္ဂုတ်ဈာန် စိတ်ကိုမူလည်း။ မဟဂ္ဂတံစိတ္တန္တိ၊ မဟဂ္ဂုတ် ဈာန်စိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။ အမဟဂ္ဂတံ ဝါ စိတ္တံ၊ မဟဂ္ဂုတ်မဟုတ်သော ကာမစိတ်ကိုမူလည်း။ အမဟဂ္ဂတံစိတ္တန္တိ၊ မဟဂ္ဂုတ်မဟုတ်သော ကာမစိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။ သဥတ္တရံ ဝါ စိတ္တံ၊ သူ့ထက်မြတ်ရှိသော အောက်တန်းစား စိတ်ကို မူလည်း သဥတ္တရံစိတ္တန္တိ၊ အောက်တန်းစား စိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။ အနုတ္တရံ ဝါ စိတ္တံ၊ သူ့ထက်မြတ်မရှိသော အထက်တန်းစား စိတ်ကိုမူလည်း။ အနုတ္တရံစိတ္တန္တိ၊ အထက်တန်းစား စိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။ သမာဟိတံ ဝါ စိတ္တံ၊ တည်ကြည်သော စိတ်ကိုမူလည်း။ သမာဟိတံစိတ္တန္တိ၊ တည်ကြည်သော စိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။ အသမာဟိတံ ဝါ စိတ္တံ၊ မတည်ကြည်သော စိတ်ကိုမူလည်း။ အသမာဟိတံစိတ္တန္တိ၊ မတည်ကြည် သော စိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။ ဝိမုတ္တံ ဝါ စိတ္တံ၊ ကိလေသာမှ လွတ် သော စိတ်ကိုမူလည်း။ ဝိမုတ္တံစိတ္တန္တိ၊ ကိလေသာမှ လွတ်သော စိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။ အဝိမုတ္တံ ဝါ စိတ္တံ၊ ကိလေသာမှ မလွတ်သော စိတ်ကို မူလည်း။ အဝိမုတ္တံစိတ္တန္တိ၊ ကိလေသာမှ မလွတ်သော စိတ်ဟူ၍။ ပဇာ နာတိ၊ သိ၏။

ဣတိ၊ ဤဆိုအပ်ပြီးသောနည်းဖြင့်။ အဇ္ဈတ္တံ ဝါစိတ္တေ၊ မိမိ၏စိတ်၌မူလည်း။ စိတ္တာနုပဿီဝိဟရတိ၊ ကိလေသာဖြစ်မှုနှင့် အဖြစ်ငြိမ်းမှုတို့ကို သိမြင်လျက်နေ၏။ ဗဟိဒ္ဓါဝါစိတ္တေ၊ အပြင်အပဖြစ်သော သူတပါး၏ စိတ်၌မူလည်း။ စိတ္တာနုပဿီဝိဟရတိ၊ ကိလေသာဖြစ်မှု ငြိမ်းမှုတို့ကို သိမြင်လျက်နေ၏။ အဇ္ဈတ္တဗဟိဒ္ဓါဝါစိတ္တေ၊ ရံခါ မိမိ၏စိတ်၌ ရံခါ သူတပါး၏ စိတ်၌မူလည်း။ စိတ္တာနုပဿီဝိဟရတိ၊ စိတ်သည် သိမြင်၍ နေ၏။

စိတ္တသ္မိံ၊ စိတ်၌။ သမုဒယဓမ္မာနုပဿီဝါ၊ ဖြစ်ကြောင်းတရားနှင့် ဖြစ်မှုသဘောကို သိမြင်လျက်မူလည်း။ ဝိဟရတိ၊ နေ၏။ စိတ္တသ္မိံ၊ စိတ်၌။သမုဒယဝယဓမ္မာနုပဿီဝါ၊ ဖြစ်ကြောင်း,ပျက်ကြောင်းတရားနှင့် ဖြစ်မှု,ပျက်မှုသဘောတို့ကို သိမြင်လျက်မူလည်း ဝိဟရတိ၊ နေ၏။

ဝါပန၊ သတိပဋ္ဌာန်ရှုနည်း တနည်းသော်ကား။ အတ္ထိစိတ္တန္တိ၊ စိတ်၌ ကိလေသာဖြစ်မှု,အဖြစ်ငြိမ်းမှုမျှသာရှိသည်ဟု။ အဿသတိ၊ ထိုရဟန်း၏ သိမြင်မှုသတိသည်။ ပစ္စုပဋ္ဌိတာဟောတိ၊ ရှေးရှုထင်၏။ သာသတိ၊ ထိုသို့ ထင်သောသတိသည်။ ယာဝဒေဝဉာဏမတ္တာယ၊ အဆင့်ဆင့်အားဖြင့် အသိဉာဏ်တိုးပွားရန် အလို့ငှါသာတည်း။ယာဝဒေဝပဋိဿတိမတ္တာယ၊ အဆင့်ဆင့်အားဖြင့် တဖန်သတိရှိမှု တိုးပွားရုံ အလို့ငှါသာတည်း။

သောဘိက္ခု၊ ထိုသို့သတိရှိလျက် သိမြင်နေသောရဟန်းသည်။ အနိဿိတောစ ဝိဟာရတိ၊ တဏှာ,ဒိဋ္ဌိတို့ဖြင့်မမှီမတွယ်မူ၍လည်း နေသည်မည်၏။ လောကေ၊ ဥပါဒါနက္ခန္ဓာငါးပါးဟူသော လောကထဲ၌။ ကိဉ္စိ၊ တစုံ တခုသော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏကိုမျှ။ နစဥပါဒိယတိ၊ တဏှာ,ဒိဋ္ဌိတို့ဖြင့် စွဲလည်းမစွဲလမ်းတော့ပြီ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခုရဟန်းသည်။ ဧဝမ္ပိခေါ၊ ဤဆိုအပ်ပြီး သော နည်းဖြင့်လည်း။ စိတ္တေ၊ စိတ်၌။စိတ္တာနုပဿီ၊ ကိလေသာဖြစ်မှုနှင့် အဖြစ်ငြိမ်းမှုတို့ကို သိမြင်လျက်။ ဝိဟရတိ၊နေ၏။

တဏှာ, ဒိဋ္ဌိတို့ဖြင့် မမှီသောစိတ်ကို မမှီသေးသော စိတ်အတိုင်းတိုင်း ထား၍ ကျင့်သုံးပွါးများကြ။ တနည်း-ဝီတရာဂစိတ်, ဝီတဒေါသစိတ်,

ဓိတမောဟ, ဝိမုတ္တစိတ်တို့ကို ပွါးများ ကျင့်သုံး၍ နေကြ။ သရာဂစိတ်၊ သဒေါသစိတ်၊ သမောဟစိတ်၊ အဝိမုတ္တစိတ်တို့ ဖြစ်စေရန် အာရုံတရားတို့ အပေါ်၌အယောနိသော မနသိကာရအမှုတို့ကိုပြုမပေးကြနှင့်။ ဝါ၊ပင်ဂိုက ငြိမ်းသည့် အတိုင်းတိုင်း ရှိနေသောစိတ်၏ ပင်ဂိုအနတ္တ သဘောအတိုင်း ထားကြ၊ ရှေ့ဆက်၍ အဘ္ဘာအနေနဲ့ အလွဲသုံးစားမလုပ်ပဲ (ဝါ) စိတ်က အာရုံအပေါ်တွင် ဆောက်မပေးပဲ စိတ်အတိုင်းတိုင်း ထားဟူ၍ အနတ္တ သဘောအတိုင်းထားခိုင်းခြင်းဖြစ်လေသည်။

သရာဂစိတ်, သဒေါသစိတ်-စသည်တို့သည် အလိုလိုဖြစ်ပြီးသား အနေ နှင့် ရှိနေသောတရားများမဟုတ်၊ အယောနိသော မနသိကာရဖြင့် သင်္ခါရ အမှုကို ပြုလုပ်ပေးခြင်းကြောင့် ဖြစ်လာရသော တရားများဖြစ်ကြောင်း ကို ဆက်လက်၍ ဖေါ်ပြပါအံ့။

ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ၊ တဉ္စ ခေါ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌံ၊ တံ အသုတဝါ ပုထုဇ္ဇနော ယထာ- ဘူတံ နပ္ပဇာနာတိ။ တသ္မာ အသုတဝတော ပုထုဇ္ဇနဿ စိတ္တဘာ ဝနာ နတ္ထီတိဝဒါမီတိ။ ။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ဧကနိပါတ်၊ အစ္ဆရာသင်္ဃာတဝဂ်၊ နှာ-၉)

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံစိတ္တံ၊ ဤဝိညာဏ်တည်းဟူသော စိတ်သည်။ ပဘဿရံ၊ ပြိုးပြိုးပြက်ပြက် ထွန်းလင်းတောက်ပသော သဘောတည်း။ ဝါ၊ ကိလေသာ အညစ်အကြေးတို့မှ ပင်ဂိုသဘောအားဖြင့် ဖြူဖွေးစင် ကြယ် သန့်ရှင်းကြည်လင်၍နေ၏။တဉ္စခေါ၊ထိုဖြူဖွေးစင်ကြယ်၍ နေသော စိတ်သည်။အာဂန္တုကေဟိ၊ဧည့်သည် အာဂန္တုဖြစ်ကုန်သော။ ဥပက္ကိလေ သေဟိ၊ ညစ်နွမ်းစေတတ်သော အကြောင်းများကြောင့်။ ဝါ၊ ညစ်နွမ်း စေတတ်သော အစွဲဥပါဒါန်များကြောင့်။ ဥပက္ကိလိဋ္ဌံ၊ မှေးမှိန်ညစ်နွမ်း ပြီးလျှင်ဝိကတိစိတ်အဖြစ်သို့ ရောက်ရလေ၏။တံ၊ ထိုဖြူဖွေးစင်ကြယ်သော စိတ်ကို။ အသုတဝါ၊ အရိယာပုဂ္ဂိုလ်တို့၏ အဆုံးအမကိုမရ၍ အကြား အမြင်သုတမရှိသော။ ပုထုဇ္ဇနော၊ ပုထုဇဉ်သည်။ ယထာဘူတံ၊ ဟုတ်မှန် သည့်အတိုင်း။ နပ္ပဇာနာတိ၊ မသိ။ တသ္မာ၊ထို့ကြောင့် အသုတဝတော၊ အကြားအမြင် သုတမရှိသော။ ပုထုဇ္ဇနဿ၊ပု ထုဇဉ်အား။စိတ္တဘာဝနာ၊

စင်ကြယ်သောစိတ်ကို ပွားစေခြင်းသည်။ နတ္ထီတိ၊ မရှိဟူ၍။ ဝဒါမိ၊ ငါဘုရားသည် ဟောတော်မူ၏။

## ပကတိအားဖြင့်စင်ကြယ်နေသည်။

စိတ်သည် ပင်ကို အနတ္တသဘာဝအားဖြင့် ဖြူဖွေးစင်ကြယ်၍ နေကြောင်းကို၊ မြတ်စွာဘုရားသည် အထက်ပါအတိုင်း ဟောကြားတော်မူခဲ့လေသည်။ ဤဖြူဖွေးစင်ကြယ်၍ နေသောစိတ်ကို ဖြူဖွေးစင်ကြယ်၍ နေပါတကားဟူ၍ ဉာဏ်ယှဉ်ပြီးလျှင် "အနိဿိတောစ ဝိဟရတိ၊ နစ ကိဉ္စိ လောကေ ဥပါဒိယတိ" ဟူသောအထက်ကပြဆိုခဲ့သော စိတ္တာနုပဿနာသတိပဋ္ဌာန်အတိုင်း ကျင့်သုံးကြရပေမည်။

စိတ်နှင့်ပတ်သတ်သည်တို့ကို မြတ်စွာဘုရားသည် အောက်ပါအတိုင်း ဟောကြားခဲ့လေသည်။

ကိဉ္စ ဘိက္ခဝေ ဝိညာဏံ ဝဒေထ ဝိဇာနာတီတိ၊
ခေါ ဘိက္ခဝေ တသ္မာ ဝိညာဏန္တိ ဗုစ္စတိ။ ။
(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ ခဇ္ဇနိယဝဂ်၊ ဆဋ္ဌမူ-နှာ-၇၂)

ရဟန်းတို့....အဘယ့်ကြောင့် ဝိညာဏ်ဟု (ဝါ) စိတ်ဟု ခေါ်ကြသနည်း။ ရဟန်းတို့....သိတတ်သောသဘောရှိ၍ ဝိညာဏ်၊ ဝါ၊ စိတ်ဟု ခေါ်ရ၏။

"အာရမ္မဏံ စိန္တေတီတိ စိတ္တံ။"

ဟူ၍ အဋ္ဌသာလိနီ အဋ္ဌကထာဆရာဖွင့်ဆိုတော်မူသည်။

အာရမ္မဏံ၊ ရူပါရုံစသော အာရုံတရားကို။ စိန္တေတိ၊ သိတတ်၊ ကြံတတ်၊ တွေးတောတတ်သော သဘောလက္ခဏာရှိ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ စိတ္တံ၊ စိတ်မည်၏။

စိတ်သည် အာရုံကို သိတတ်၊ ကြံတတ်၊ တွေးတောတတ်၏ဟု ဆိုခြင်းကြောင့် စိတ်သည် အဆက်မပြတ် တလစပ် တွေးတော ကြံစည်နေသည်ဟူ၍ မယူရချေ။ ကြံစည်တတ်သောသဘော၊ တွေးတောတတ်သော

သဘောရှိခြင်းကိုသာ ဆိုသည်။ ကြံစည်တွေးတောနေသော အခါလည်း ရှိလျှင်ရှိမည်၊ မကြံစည်, မတွေးတောပဲ သန့်ရှင်းကြည်လင်သော စိတ် အတိုင်းတိုင်းနေလျှင်လည်း နေမည်။ ဥပမာ....ဘီးသည် လည်ပတ်သော သဘောရှိသည် ဆိုခြင်းကြောင့် မရပ်မနား သူ့အလိုလို တလစပ် လည်ပတ်နေသည်မဟုတ်။ လည်အောင် လုပ်ပေးသောအခါတွင် လည် ပတ်ပြီး၊ လည်အောင် ပြုလုပ်မပေးပါက လည်နေခြင်းမရှိ၊ ရပ်လျက်သာ ရှိ၏။ဆိုလိုသည်မှာ....ဘီး၏ ပင်ကိုယ်သဘောသည် ရပ်လျက်သာရှိသည်။ လည်ပတ်စေရန် လူ၏လက်ဖြင့်သော်၎င်း၊ ခြေဖြင့်သော်၎င်း၊ လျှပ်စစ် ဓာတ်အားဖြင့်သော်၎င်း ပြုလုပ်ပေးမှသာလျှင် လည်ပတ်ရခြင်းဖြစ်သည်။ ဘီး၏ လည်ပတ်တတ်သော သဘောကိုလည်း သိရမည်။ ပြုလုပ်ဖန်တည်း မပေးက ရပ်နေသော သဘောကိုလည်း သိရမည်။

အလားတူစွာပင် စိတ်သည် အာရုံကို တွေးတောကြံစည်တတ်သည်ဟု ဆိုရာတွင် တွေးတောကြံစည်ခြင်း ( သင်္ခါရ ) အမှုကို ပြုမှသာလျှင် တွေးတောကြံစည်သော သဘောဖြစ်သည်။ တွေးတောကြံစည်ခြင်း ( သင်္ခါရ ) အမှုကို ပြုမပေးပါက ( ဝါ ) အလိုတဏှာနှင့်တကွ ကြံစည် တွေးတောမပေးပါက အထက်ကဖော်ပြခဲ့သော အင်္ဂုတ္တိုရ်ပါဠိတော် အတိုင်း ပင်ကိုယ်ပကတိက သန့်ရှင်းကြည်လင်ပြီး ဖြူစင်နေသော သဘောရှိသည်ကို သိအပ်၏။

ယင်းစိတ်နှင့် ပတ်သက်၍....

စိတ္တေန နီယ္യတိ လောကော၊ စိတ္တေန ပရိကဿတိ။
စိတ္တဿ ဧကဓမ္မဿ၊ သဗ္ဗေဝ ဝသမန္ဝဂူ။
(သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ အဒ္ဓဝဂ်၊ နှာ-၃၆)

ဟူ၍ ဟောကြားတော်မူသည်။

စိတ္တေန၊ စိတ်ဖြင့်။ လောကော၊ လောကကို။ နီယ္ယတိ၊ ဆောင် တတ်၏။ စိတ္တေန၊ စိတ်ဖြင့်။ လောကော၊ လောကကို။ ပရိကဿတိ၊ ဆွဲငင်အပ်၏။ စိတ္တဿ၊ စိတ်ဟုဆိုအပ်သော။ ဧကဓမ္မဿ၊ တခုသော တရား၏။ ဝသံ၊ အလိုသို့။ သဗ္ဗေဝ၊ အလုံးစုံလည်းဖြစ်ကုန်သောသတ္တဝါ တို့သည်။ အန္ဝဂူ၊ အစဉ်လိုက်ကြရကုန်၏။

ဤကား....စိတ်ဦးဆောင်ပုံကို ဟောတော်မူခြင်းဖြစ်လေသည်။ စိတ်သည် ပကတိသဘောအားဖြင့် ဖြူစင်၏။ သန့်ရှင်းကြည်လင်၏။ ထိုစိတ်သည် အာရုံကိုသိတတ်, ကြံတတ်, တွေးတောတတ်သော လက္ခဏာရှိ၏။ ထို့ကြောင့်....အရာရာ၌ စိတ်ကသာ ဦးဆောင်သွားလေသည်။ ထိုဖြူစင်သောစိတ်သည် ဧည့်သည်နှင့်တူသော၊ တရံဆံသူစိမ်းနှင့်တူသော၊ ညစ်နွမ်းစေတတ်သော အကြောင်းများကြောင့် ညစ်နွမ်းနောက်ကျုခဲ့ရလေသည်။

ညစ်နွမ်းစေတတ်သော အကြောင်းဆိုရာတွင် အကြောင်းအမျိုးမျိုးရှိကြသော်လည်း အကျဉ်းအားဖြင့်မူ ဗဟိဒ္ဓအကြောင်းနှင့် အဇ္ဈတ္တအကြောင်းဟူ၍ အကြောင်းနှစ်ပါးသာလျှင် ရှိလေသည်။ ယင်းအကြောင်းနှစ်ပါးတွင်လည်းအဇ္ဈတ္တအကြောင်းသည်သာ ပဓာနကျသောအခန်းမှ ပါဝင်သည်။ ဗဟိဒ္ဓအကြောင်းများက မည်မျှပင်ရှိကြသော်လည်း အဇ္ဈတ္တအကြောင်းတည်းဟူသောစိတ်က အာရုံပြုခြင်း၊ အလိုတဏှာတို့ဖြင့် တွေးတောကြံစည်ခြင်းတို့ကို ပြုလုပ်မပေးပါကညစ်နွမ်းခြင်းတည်းဟူသော ကိလေသာတို့ ဖြစ်ခွင့်မရနိုင်ကြပါ။

## စိတ်ညစ်နွမ်းရခြင်း အကြောင်းရင်း

ဗဟိဒ္ဓက ကုသိုလ်ဖြစ်စရာ၊ အကုသိုလ်ဖြစ်စရာတရားများ မည်မျှရှိစေကာမူ ကုသိုလ်ဖြစ်စရာကို နှလုံးသွင်းပေးမှ၊ ကြံစည်ပေးမှ၊ တွေးတောပေးမှ၊ ပြုလုပ်ပေးမှသာလျှင် ကုသိုလ်တရားတို့ ဖြစ်ကြရသည်။ အကုသိုလ်သည်လည်း အလားတူပင် ဖြစ်လေသည်။

ဥပမာ.... ရွှေမော်ဓောစေတီတော်မြတ်ကို မြင်သောသူသည် ရွှေမော်ဓောစေတီတော်မြတ်အား ရွှေသကၤန်း ကပ်လှူပူဇော်လိုသော အကြံအစည်ဖြင့် ကြည်ညိုသဒ္ဓါတရား ပွားများ၏။ ဤ၌ ရွှေမော်ဓောစေတီတော်မြတ်က ကုသိုလ်တရားကို ပွားများစေရန် ပြုလုပ်ပေးသည်မဟုတ်၊ ရွှေမော်ဓောစေတီတော်မြတ်အား ရွှေသကၤန်း ကပ်လှူပူဇော်ရသော်ကောင်းလေစွဟူသော အကြံအစည် စိတ်ကူးမှုကသာလျှင် ကုသိုလ်တရားဖြစ်ပွားစေရန် အကြောင်းဖြစ်လေသည်။

ယင်းသို့မဟုတ်ပဲ ရွှေမော်ဓေါစေတီတော်မြတ်တွင် ကပ်လှူပူဇော်၍ ထားသော ရွှေသင်္ကန်းနှင့် စိန်ဖူးတော်များကို ခိုးယူရောင်းစားရသော် ကောင်းအံ့-ဟူသော အကြံအစည်ဖြင့် တွေးတောစိတ်ကူးပြန်လျှင်လည်း အကုသိုလ်တရားတို့ ဖြစ်ပွားစေရန် အကြောင်းတို့ဖြစ်လာရပြန်လေသည်။ ဤ၌လည်း ရွှေမော်ဓေါစေတီတော်မြတ်သည် အကုသိုလ်ဖြစ်စေရန် အကြောင်းမဟုတ်ပေ၊ မသင့်သည်ကို နှလုံးသွင်း ကြံစည်တွေးတောပေး သော စိတ်သာလျှင် အဓိက အကြောင်းရင်းဖြစ်လေသည်။

ချစ်စရာ, မုန်းစရာ, သာယာစရာ, ပူပန်စရာ စသည်တို့တွင်လည်း ဤနည်းအတိုင်းပင် ဖြစ်၏။ ချစ်တတ်, မုန်းတတ်သော စိတ်ကြောင့် သာလျှင် ချစ်စရာ, မုန်းစရာတို့ကို တွေးတော ကြံစည် ပေးနေသော ( စိတ္တသင်္ခါရ ) စိတ်ကြောင့်သာလျှင် ချစ်စရာ, မုန်းစရာဟူ၍ ခေါ်ဆို ရခြင်းဖြစ်၏။ စင်စစ် ချစ်စရာ, မုန်းစရာဟူသော ပုဂ္ဂိုလ်, သတ္တဝါတို့သည် မရှိ။ ချစ်စရာ, မုန်းစရာတို့ကို ကြံစည်တွေးတောပေးနေသော(စိတ္တသင်္ခါရ) စိတ်သာမရှိလျှင် ချစ်ခြင်း, မုန်းခြင်းတို့သည်လည်း မဖြစ်၊ ချစ်စရာ,မုန်း စရာဟူ၍လည်း ခေါ်ဆိုစရာပင် မရှိတော့ချေ။

ဘုရား,ရဟန္တာတို့၏ စိတ်အစဉ်တွင် ထိုချစ်စရာ,မုန်းစရာ,သာယာစရာ, ပူပန်စရာ အကြောင်းတို့ကို တွေးတောကြံစည်တတ်သောစိတ် ဘယ်သော အခါမှ မဖြစ်ပေါ်ခြင်းကြောင့် ချစ်ခြင်း, မုန်းခြင်း, တပ်မက်ခြင်း, ပူပန် ခြင်းတို့မှ ကင်းလျက် လွတ်လျက် ငြိမ်းလျက်သာလျှင် ရှိကြလေသည်။ ချစ်စရာ, သာယာစရာ, ပူပန်စရာဟူသော ပုဂ္ဂိုလ်, သတ္တဝါတို့ မရှိကြ တော့ပဲ သတ္တဝါဝေနေယျတို့အပေါ်တွင် အပြစ်ဟူ၍ မမြင်ကြပဲ သန့်စင် သော မေတ္တာဓါတ်သာလျှင် ရှိကြလေသည်။

"ယုတ်ညံ့သောဝိတက်, သိမ်မွေ့သောဝိတက်တို့သည် စိတ်သို့ အစဉ်လိုက်တတ်ကုန်၏။ စိတ်ပေါ်လွင်တက်ကြွမှုကို ပြုတတ်ကုန်၏။ ဤမနောဝိတက်တို့ကို မသိသူသည် စိတ်မတည်တံ့ပဲ အာရုံတခုမှ အာရုံတခုသို့ ပြေးသွားတတ်၏။ ထိုမနောဝိတက်တို့ကိုသိရန် ကိုလေ သာကို ပူပန်စေတတ်သော လုံ့လနှင့် သတိရှိသူ အကြင်ပုဂ္ဂိုလ်သည်

စိတ်သို့ အစဉ်လိုက်တတ်၊ စိတ်ပေါ်လွင်တက်ကြွမှုကို ပြုတတ်သော ဝိတက်တို့ကို ပိတ်ဆို့နိုင်၏။ ထိုပုဂ္ဂိုလ်သည် သစ္စာလေးပါးကို သိသည်ဖြစ်၍ ထိုကာမဝိတက် စသည်တို့ကို အကြွင်းမဲ့ ပယ်စွန့်နိုင်၏။”

(ဥဒါန်းပါဠိတော်မြန်မာပြန်၊ မေဃိယဝဂ်၊ မေဃိယသုတ်၊ နှာ-၁၀၉)

စိတ်သည် ပကတိအားဖြင့် သန့်ရှင်း ဖြူစင်၍နေ၏။ ညစ်နွမ်းစေတတ်သော အကြောင်းများကြောင့်သာလျှင် ညစ်နွမ်းလာကြရ၏။ ညစ်နွမ်းစေတတ်သော အကြောင်းဟူရာတွင်လည်း ကြံစည်တွေးတောတတ်သော အဇ္ဈတ္တစိတ်သာလျှင် အဓိက အကြောင်းရင်းဖြစ်၏။ သူ့အလိုလို ညစ်နွမ်းလာရသည်မဟုတ်၊ သူ့အလိုလို ညစ်နွမ်းစရာအကြောင်းများ ပေါ်လာရသည်မဟုတ်၊ ညစ်နွမ်းစေတတ်သော အကြောင်းများကို ပြုလုပ်ပေး၊ ဖန်တည်းပေး၊ တွေးတောပေးခြင်းကြောင့်သာ ညစ်နွမ်းလာရကြောင်းကို တင်ပြခဲ့ပေပြီ။ အောက်ပါ ပါဠိတော်တို့ကို ကိုးကား ဖော်ပြလိုပါသည်။

န တေ ကာမာ ယာနိ စိတြာနိ လောကေ။
သင်္ကပ္ပရာဂေါ ပုရိသဿ ကာမော။

(သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ ဒေဝတာသံယုတ်၊သတုလ္လပကာယိကဝဂ်၊ နသန္တိသုတ်၊ နှာ-၂၁။ မြန်မာပြန် ၂၁)

အဓိပ္ပါယ်မှာ.... လောက၌ အကြင်အာရုံတို့သည် ဆန်းကြယ်ကုန်၏။ ထိုအာရုံတို့သည် ကာမဂုဏ်မမည်။ (သင်္ကပ္ပရာဂ)တည်းဟူသော ကြံစည်စိတ်ကူးတပ်မက်မှုသည်သာ ထိုယောကျ်ား၏ ကာမဂုဏ်မည်၏။

တဖန်-မဟာဝဂ္ဂသံယုတ်ပါဠိတော်တွင်လည်း....

ကာမရာဂဋ္ဌာနိယာနံ ဘိက္ခဝေ ဓမ္မာနံ မနသိကာရ ဗဟုလီကာရာ အနုပ္ပန္နော စေဝ ကာမစ္ဆန္ဒော ဥပ္ပဇ္ဇတိ။ ဥပ္ပန္နော စ ကာမစ္ဆန္ဒော ဘိယျောဘာဝါယ ဝေပုလ္လာယ သံဝတ္တတိ။ ။

( မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ ဗောဇ္ဈင်္ဂသံယုတ် ဥဒါယိဝဂ်-နှာ-၇၆ )

ရဟန်းတို့ ကာမရာဂ၏ အကြောင်းဖြစ်ကုန်သော တရားတို့အားနှလုံးသွင်းခြင်း မနသိကာရကို များစွာပြုခြင်းကြောင့် မဖြစ်သေးသော

( ကာမဂုဏ်၌ အလိုရှိခြင်း ) ကာမစ္ဆန္ဒသည်လည်း ဖြစ်၏။ ဖြစ်ပေါ်ပြီးသောကာမစ္ဆန္ဒသည်လည်း အတိုင်းထက်အလွန် ပွားများခြင်းငှါ,ပြန့်ပြောခြင်းငှာ ဖြစ်၏။

ထိုပါဠိတော်၌ပင် ဆက်လက်လာရှိသည်မှာ....

ဗျာပါဒဋ္ဌာနိယာနံ ဘိက္ခဝေ ဓမ္မာနံ မနသိကာရ ဗဟုလီကာရာ အနုပ္ပန္နော စေဝ ဗျာပါဒေါ ဥပ္ပဇ္ဇတိ။ ဥပ္ပန္နောစ ဗျာပါဒေါ ဘိယျောဘာဝါယ ဝေပုလ္လာယ သံဝတ္တတိ။

ရဟန်းတို့....မကောင်းကြံစည်ခြင်း ဗျာပါဒ၏ အကြောင်းဖြစ်ကုန်သော တရားတို့အား နှလုံးသွင်းခြင်းကို များစွာပြုခြင်းကြောင့် မဖြစ်သေးသော ဗျာပါဒသည်လည်း ဖြစ်၏။ ဖြစ်ပေါ်ပြီးသော ဗျာပါဒသည်လည်- အတိုင်းထက်အလွန် ပွါးများခြင်းငှါ,ပြန့်ပြောခြင်းငှါ ဖြစ်၏။

ဤသို့ ကြံစည် တွေးတောခြင်းကြောင့်သာလျှင် ( အယောနိသောမနသိကာရ ) ကိလေသာတို့သည် ဖြစ်ကြရ၏။ ဖြစ်ပြီးလျှင်လည်း အမြဲတစေ တည်နေနိုင်သည်မဟုတ် ပျက်ကြရ၏။ တနေရာရာတွင် အမြဲနိစ္စအနေဖြင့် အစုလိုက်, အပုံလိုက် တည်ရှိနေသည်မဟုတ်ပေ။သခ်ါရတည်းဟူသော အကြောင်းတို့ ပြုပေးခြင်းကြောင့်သာလျှင် တိမ်နှစ်ခုစပ်သောအခါ လက်သောလျှပ်စီးကဲ့သို့ ဖြစ်ပြီးလျှင်လည်း ပျက်ကြရကြောင်းကို....

အဒဿနတော အာယန္တိ၊ ဘဂ်ါ ဂစ္ဆန္တျ ဒဿနံ။
ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိစ။

ဟူ၍....ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိခဏ်းတွင်၎င်း၊ မဟာနိဒ္ဒေသပါဠိတော်၊ အဋ္ဌကဝဂ်၊ ဂုဟဋ္ဌ ကသုတ္တနိဒ္ဒေသ၌၎င်းလာရှိ၏။

ဆိုလိုသည်မှာ အလုံးစုံသော ကိလေသာတရားတို့သည် မမြင်အပ်သည်မှ လာကုန်၏။ ပျက်ကုန် ပျက်ပြီးသော ကိလေသာသခ်ါရတို့သည်လည်း မမြင်အပ်သည်၏အဖြစ်သို့ ရောက်ကုန်၏။ ကောင်းကင်၌ လျှပ်စီးပြက်သကဲ့သို့ ဖြစ်လည်းဖြစ်ကုန်၏။ ပျက်လည်းပျက်ကုန်၏-ဟု ဆိုလိုခြင်းဖြစ်လေသည်။

တဖန်.... မဟာနိဒ္ဒေသပါဠိတော်တွင်လည်း ကြံစည်ခြင်းကြောင့်သာ လျှင် ဖြစ်ကြောင်းကို ဟောတော်မူလေသည်။

အဒ္ဒသံ ကာမ တေ မူလံ၊
သင်္ကပ္ပါ ကာမ ဇာယတိ။
န တံ သင်္ကပ္ပယိဿာမိ၊
ဧဝံ ကာမ န ဟေဟိသိ။ ။
(ဗုဒ္ဓဥဒါနဂါထာ၊ မဟာနိဒ္ဒေသပါဠိတော် နှာ-၂)

ကာမ၊ ဆိုးညစ်ယုတ်မာ ကြံစည်ကာဖြင့် မိစ္ဆာလမ်းပြ အပါယ်ကျ အောင် မုချကြံထ ဟယ်ကာမ။ ဝါ-ကာမ၊ မြင်,ကြား, နံ,စား, ထိ- သိတို့အပေါ်၌ ကောင်းဆိုးနှစ်တန်တည်းဟူသော အလိုနှင့်တကွ မိစ္ဆာ လမ်းပြ အပါယ်ကျအောင် မုချကြံထ ဟယ်ကာမ။ တေ၊ သင်ကာမ၏။ မူလံ၊ အရင်းအစ အမြစ်မူလကို။ အဒ္ဒသံ၊ ငါမြင်ပြီ။ သင်္ကပ္ပါ၊ ကြံစည် သည်ရှိသော်။ ဝါ၊ ရှေ့ရေး, နောက်ရေး စိတ်ကလေးက လှည့်လည် တွေးခဲ့သည်ရှိသော်။ ကာမ၊ သာယာနှစ်သက် လိုချင်တပ်မက်သော ကာမစိတ်သည်။ ဇာယတိ၊ ဖြစ်ပေါ်၍လာ၏။ တံ၊ သင့်ကို။ အဟံ၊ ငါသည်။ နသင်္ကပ္ပယိဿာမိ၊ မကြံစည်တော့အံ့။ ဧဝံ၊ ဤသို့မကြံစည် သည်ရှိသော်၊ ဝါ၊ မကြံစည်သေးမှိက မကြံစည်သေးသည့် စိတ်တိုင်း တိုင်းနေသည်ရှိသော်။ ကာမ၊ လိုချင်တပ်မက်သော ကာမစိတ်သည်။ ဝါ၊ ကာမတည်းဟူသော ဘီလူးသည်။ နဟေဟိသိ၊ မညှဥ်းဆဲနိုင်ပြီ။ ။

ဥပ္ပဇ္ဇန္တိ ခေါ မေ ဣဋ္ဌံ မနာပံ၊
ဥပ္ပဇ္ဇန္တိ အမနာပံ၊ ဥပ္ပဇ္ဇန္တိ မနာပါမနာပံ၊
တဉ္စ ခေါ သတိသမ္ပဇာနော ပဋိစ္စသမုပ္ပန္နံ။ ။
(ဥပရိပဏ္ဏာသ ပါဠိတော်၊ နှာ-၃၄၈)

ခေါ၊ စင်စစ်။ မေ၊ ငါ၏။ ဣဋ္ဌံမနာပံ၊ ဤနှစ်သက်ခြင်းသည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပြီ။ ဣဋ္ဌံအမနာပံ၊ ဤမနှစ်သက်ခြင်းသည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပြီ။ ဣဋ္ဌံမနာ ပါမနာပံ၊ ဤနှစ်သက်ခြင်း, မနှစ်သက်ခြင်းသည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပြီ။ ခေါ၊ စင်စစ်အားဖြင့်။ တဉ္စ၊ ထိုနှစ်သက်ခြင်း, မနှစ်သက်ခြင်းစသော သဘော

တရားသည်လည်း။ သခ်တံ၊ ပြုပြင်ပေးရသော သခ်တတရားပေတည်း။ (ဝါ) သခ်တံ၊ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော အလိုတဏှာတို့နှင့်တကွ တွေးတောကြံစည်၍ ဖြစ်လာရသော တရားပေတည်း။ ဩဠာရိကံ၊ ရုန့်ရင်းကြမ်းတန်း၏။ ပဋိစ္စသမုပ္ပန္နံ၊ အကြောင်းကိုစွဲပြီးမှ ပျက်စီးရသော ခယဝယတရားပေတည်း။

စိတ်ညစ်နွမ်း လာရခြင်းသည် သူ့အလိုလို ညစ်နွမ်းလာခြင်းမဟုတ်၊ အာရုံ တရားတို့ အပေါ်၌ အဝိဇ္ဇာ နှင့် တဏှာ အကြောင်း ခံလျက် တွေးတော ကြံစည် ပေးခြင်း ကြောင့်သာ ညစ်နွမ်း လာရ၏။ အယောနိသောမနသိကာရကြောင့် ဟူ၍လည်း တနည်းဆိုကြ၏။ ဤညစ်နွမ်းစေတတ်သော တရားကို ကိလေသာဟူ၍ငင်း၊ အာသဝဟူ၍ငင်း၊ တဏှာဟူ၍ငင်း၊ ဥပါဒါန်ဟူ၍ငင်း....အမည်အမျိုးမျိုးတို့ဖြင့် ခေါ်ဆိုကြ၏။

လိုချင်တပ်မက်သောစိတ်ကြောင့် ဥပါဒါန်တို့ ဖြစ်လာရကြောင်းကို ဥပရိပဏ္ဏာသပါဠိတော်တွင်လည်း ဟောကြားတော်မူခဲ့၏။

> ပဉ္စသု ဥပါဒါနက္ခန္ဓေသု ဆန္ဒရာဂဝေမတ္တာ၊
> တံ တတ္ထ ဥပါဒါနံ။ ။

(ဥပရိပဏ္ဏာသပါဠိတော်)

"ဘိက္ခဝေ၊ ရဟန်းတို့။ ပဉ္စသုဥပါဒါနက္ခန္ဓေသု၊ ငါးပါးသောဥပါဒါနက္ခန္ဓာတို့၌။ ဆန္ဒရာဂဝေမတ္တာ၊ ဆန္ဒရာဂလျှင် ပိုင်းခြားခြင်းရှိ၏။ တတ္ထ၊ ထိုဥပါဒါနက္ခန္ဓာငါးပါး၌။ တံ၊ ထိုဆန္ဒရာဂသည်။ ဥပါဒါနံ၊ ဥပါဒါန်မည်၏။"

တဖန်....အင်္ဂုတ္တိုရ် ပါဠိတော်တွင်လည်း အောက်ပါအတိုင်း ဟောကြားတော်မူခဲ့လေသည်။

"ရဟန်းတို့၊ အကုသိုလ် တရားယုတ်တို့သည် အကြောင်းနိမိတ် ရှိကြမှ ဖြစ်ကုန်၏။ အကြောင်းနိမိတ်မရှိကြပဲ မဖြစ်ကုန်။ ထိုအကုသိုလ်၏ အကြောင်းနိမိတ်ကိုသာလျှင် ပယ်ခြင်းကြောင့် ထိုအကုသိုလ်တရားယုတ်တို့သည်မဖြစ်ကုန်။

ရဟန်းတို့၊ အကုသိုလ် တရားယုတ်တို့သည် အကြောင်းနိဒါန်း ရှိကြမှ ဖြစ်ကုန်၏။ အကြောင်းနိဒါန်း မရှိကြပဲ မဖြစ်ကုန်။ ထိုအကုသိုလ်၏ အကြောင်းနိဒါန်းကိုသာလျှင် ပယ်ခြင်းကြောင့် ထိုအကုသိုလ်တရားယုတ်တို့သည် မဖြစ်ကုန်။

ရဟန်းတို့၊ အကုသိုလ်တရားယုတ်တို့သည် အကြောင်းဟိတ် ရှိကြမှ ဖြစ်ကုန်၏။ အကြောင်းဟိတ် မရှိကြပဲ မဖြစ်ကုန်။ ထို အကုသိုလ်၏ အကြောင်းဟိတ်ကိုသာလျှင် ပယ်ခြင်းကြောင့် ထိုအကုသိုလ် တရားယုတ်တို့သည် မဖြစ်ကုန်။

ရဟန်းတို့၊ အကုသိုလ်တရားယုတ်တို့သည် အကြောင်းသင်္ခါရရှိကြမှ ဖြစ်ကုန်၏။ အကြောင်းသင်္ခါရ မရှိကြပဲ မဖြစ်ကုန်။ ထိုအကုသိုလ်၏ အကြောင်းသင်္ခါရကိုသာလျှင် ပယ်ခြင်းကြောင့် ထိုအကုသိုလ်တရားယုတ်တို့သည် မဖြစ်ကုန်။"

(အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်၊ ဆဋ္ဌမူ၊ ဒုကနိပါတ်၊ သနိမိတ္တဝဂ် နှာ-၉၅)

## ကိလေသာ ဘာကြောင့် ဖြစ်ရသလဲ

သံယုတ်ပါဠိတော်၊ ဒုတိယတွဲ၊ သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော်တွင်လည်း ကိလေသာ တည်းဟူသော အနှောင်အဖွဲ့ သံယောဇဉ်သည် လိုချင် စွဲမက်မှုတည်းဟူသော ဆန္ဒ-ရာဂ အကြောင်းများကြောင့် (ဝါ) လိုချင်တပ်မက်မှုတို့ကို တွေးတော ကြံစည် ပေးခြင်းကြောင့် သာလျှင် ကိလေသာများ ဖြစ်ကြရကြောင်းကို ဥပမာများပေးလျက် အောက်ပါအတိုင်း ဟောကြားတော်မူခဲ့လေသည်၊

"ငါ့သျှင် သာရိပုတြာ....မျက်စိသည် အဆင်းတို့၏ အနှောင်အဖွဲ့ သံယောဇဉ်လော၊ အဆင်းတို့သည် မျက်စိ၏ အနှောင် အဖွဲ့ သံယောဇဉ်လော ။ပ။ လျှာသည် အရသာတို့၏၊ စိတ်သည် သဘောတရားတို့၏ အနှောင်အဖွဲ့သံယောဇဉ်လော"ဟု မေးလျှောက်၏။

"ငါ့သျှင် ကောဋ္ဌိက၊ မျက်စိသည် အဆင်းတို့၏ အနှောင်အဖွဲ့ သံယောဇဉ်မဟုတ်၊ အဆင်းတို့သည် မျက်စိ၏ အနှောင်အဖွဲ့ သံယောဇဉ်

မဟုတ်၊ အမှန်အားဖြင့်သော်ကား ထိုမျက်စိ အဆင်း နှစ်မျိုးလုံးကို စွဲ၍ဖြစ်သော လိုချင်စွဲမက်မှု ဆန္ဒရာဂသည် ထို နှစ်မျိုးလုံး၌ အနှောင် အဖွဲ့ သံယောဇဉ်မည်၏။

ငါ့သျှင်....ဥပမာသော်ကား.... နွားနက်နှင့် နွားဖြူတို့ကို တချောင်း တည်းသော လျှော်ကြိုးဖြင့်ရင်း၊ လွန်ကြိုးဖြင့်ရင်း ချည်ထားကုန်ရာ၏။ တစုံတယောက်သောသူသည် နွားနက်သည် နွားဖြူ၏ အနှောင်အဖွဲ့တည်း၊ နွားဖြူသည် နွားနက်၏ အနှောင်အဖွဲ့တည်း-ဟု ပြောဆိုရာ၏၊ ထိုသို့ ပြောဆိုသူသည် အမှန်ကို ပြောဆိုသည်မည်ရာသလော။ ငါ့သျှင်....မမည် နိုင်ပါ။ ငါ့သျှင်.... နွားနက်သည် နွားဖြူ၏ အနှောင်အဖွဲ့မဟုတ်၊ နွားဖြူ သည် နွားနက်၏ အနှောင်အဖွဲ့မဟုတ်၊ အမှန်အားဖြင့်သော်ကား.... ထိုနွားနှစ်ကောင်တို့ကို တချောင်းတည်းသော လျှော်ကြိုးဖြင့်ရင်း၊ လွန် ကြိုးဖြင့်ရင်း ချည်ထားအပ်ကုန်၏။ ထိုကြိုးသည် ထိုနွားနှစ်ကောင်၌ အနှောင်အဖွဲ့မည်ပါ၏။

ငါ့သျှင်....ဤအတူ မျက်စိသည် အဆင်းတို့၏ အနှောင်အဖွဲ့ သံယော ဇဉ်မဟုတ်၊ အဆင်းတို့သည် မျက်စိ၏ အနှောင်အဖွဲ့ သံယောဇဉ်မဟုတ်၊ အမှန်အားဖြင့်သော်ကား.... ထိုနှစ်မျိုးလုံးကို စွဲ၍ဖြစ်သော လိုချင်တပ် မက်မှု ဆန္ဒရာဂသည် ထို နှစ်မျိုးလုံး၌ အနှောင်အဖွဲ့ သံယောဇဉ်မည်၏။

ငါ့သျှင်....မျက်စိသည်မူလည်း အဆင်းတို့၏ အနှောင်အဖွဲ့ သံယောဇဉ် ဖြစ်ခဲ့မူ၊ အဆင်းတို့သည်မူလည်း မျက်စိ၏အနှောင်အဖွဲ့ သံယောဇဉ် ဖြစ်ခဲ့မူ အကြွင်းမဲ့ ဆင်းရဲကုန်ခြင်းငှါ ဤအကျင့်မြတ်ကို ကျင့်သုံးနေမှု သည် မထင်ရှားနိုင်ရာ၊ ငါ့သျှင်....မျက်စိသည် အဆင်းတို့၏ အနှောင်အဖွဲ့ သံယောဇဉ်မဟုတ်၊ အဆင်းသည် မျက်စိ၏ အနှောင်အဖွဲ့ သံယောဇဉ် မဟုတ်၊ အမှန်အားဖြင့်သော်ကား ထိုနှစ်မျိုးလုံးကို စွဲ၍ဖြစ်သော လိုချင် စွဲမက်မှု ဆန္ဒရာဂသည် ထိုနှစ်မျိုးလုံး၌ အနှောင်အဖွဲ့ သံယောဇဉ်ဖြစ် သောကြောင့် အကြွင်းမဲ့ ဆင်းရဲကုန်ခြင်းငှါ ဤအကျင့်မြတ်ကို ကျင့်သုံး နေမှုသည် ထင်ရှား၏။

ငါ့သျှင်.... မြတ်စွာဘုရားအား မျက်စိတော်ရှိ၏၊ မြတ်စွာဘုရားသည် မျက်စိဖြင့် အဆင်းကို ရှုကြည့်တော်မူ၏။ မြတ်စွာဘုရားအား လိုချင်

စွဲမက်မှု ဆန္ဒရာဂမရှိ။ မြတ်စွာဘုရားသည် ကိလေသာမှ ကောင်းစွာ လွတ်မြောက်သော စိတ်ရှိတော်မူ၏။ ငါ့သျှင်.... မြတ်စွာဘုရားအား နားတော်ရှိ၏၊ မြတ်စွာဘုရားသည် နားဖြင့် အသံကို နားထောင်တော်မူ၏။ မြတ်စွာဘုရားအား နှာခေါင်းတော်ရှိ၏။ မြတ်စွာဘုရားသည် နှာခေါင်းတော်ဖြင့် အနံ့ကို ရှူတော်မူ၏။ မြတ်စွာဘုရားအား လျှာတော်ရှိ၏။ မြတ်စွာဘုရားသည် လျှာတော်ဖြင့် အရသာကို လျက်တော်မူ၏။ မြတ်စွာဘုရားအား ကိုယ်ရှိတော်မူ၏။ မြတ်စွာဘုရားသည် ကိုယ်ဖြင့် အတွေ့အထိကို တွေ့ထိတော်မူ၏။ မြတ်စွာဘုရားအား စိတ်ရှိတော်မူ၏။ မြတ်စွာဘုရားသည် စိတ်တော်ဖြင့် သဘောတရားကို သိတော်မူ၏။ မြတ်စွာဘုရားအား လိုချင်စွဲမက်မှု ဆန္ဒရာဂသည်မရှိ။ မြတ်စွာဘုရားသည် ကိလေသာမှ ကောင်းစွာ လွတ်မြောက်သောစိတ် ရှိတော်မူ၏။

ငါ့သျှင်....မျက်စိသည် အဆင်းတို့၏အနှောင်အဖွဲ့သံယောဇဉ်မဟုတ်။ အဆင်းတို့သည် မျက်စိ၏ အနှောင်အဖွဲ့ သံယောဇဉ်မဟုတ်။ အမှန်အားဖြင့်သော်ကား ထိုနှစ်မျိုးလုံးကို စွဲ၍ဖြစ်သော လိုချင်စွဲမက်မှု ဆန္ဒရာဂသည် ထိုနှစ်မျိုးလုံး၌ အနှောင်အဖွဲ့ သံယောဇဉ်မည်၏။" (ကြွင်းသော လျှာ-နှာခေါင်း အစရှိသည်တို့ကိုလည်း ဤနည်းအတိုင်းယူပါ)

( သံယုတ်ပါဠိတော်၊ ဒုတိယတွဲ၊ သဠာယတန သံယုတ်ပါဠိတော်၊ မြန်မာပြန်ဆဋ္ဌမူ၊သမုဒ္ဒဝဂ်၊ကောဋ္ဌိကသုတ် နှာ-၃၆၈-၃၆၉)

ဤသုတ်နှင့်အလားတူသော သုတ်ကိုလည်း သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်၊ မြန်မာပြန်ဆဋ္ဌမူ၊ နှာ-၄၆၉၊ စိတ္တသံယုတ်၊ သံယောဇနသုတ်တွင်လည်း ဟောကြားတော်မူခဲ့လေသည်။

ခုဒ္ဒကပါဌ၊ မဟာဝဂ်၊ ဒွယတာနုပဿနာသုတ်တွင်လည်း....ဖြစ်ပေါ်လာသမျှ၊ ဆင်းရဲဟူသမျှ အားလုံးသည် သင်္ခါရဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာ၏။ သင်္ခါရတို့၏ ချုပ်ခြင်းကြောင့် ဆင်းရဲဖြစ်ခြင်းသည် မရှိ။

(ခုဒ္ဒပါဌက၊ နှာ-၃၉၂)

ယင်းပါဠိတော်တွင်ပင်....

ဖြစ်ပေါ်လာသော ဆင်းရဲဟူသမျှ အားလုံးသည် အားထုတ်အပ်သော "ကံ" ဟူသော အကြောင်းကြောင့် ဖြစ်၏။ အားထုတ်အပ်သော "ကံ"တို့၏ ချုပ်ခြင်းကြောင့် ဆင်းရဲဖြစ်ခြင်း မရှိတော့ပေ။ ဆင်းရဲသည် အားထုတ်အပ်သော"ကံ"ကြောင့် ဖြစ်၏ဟု ဤသို့သောအပြစ်ကိုသိသော ကြောင့် အားထုတ်အပ်သော"ကံ"အားလုံးကိုစွန့်ပြီး၍ အားထုတ်မှု"ကံ" ကင်းသော နိဗ္ဗာန်၌ လွတ်မြောက်သော စိတ်ရှိသော ဘဝတဏှာပြတ်ပြီး သော ငြိမ်းအေးသောစိတ်ရှိသော ရဟန်းအား ဇာတိဟူသော သံသရာ ကုန်ပြီ၊ တဖန်ဘဝသစ် မရှိတော့ပြီ။

(ခုဒ္ဒကပါဠ၊ နှာ-၃၉၄)

ယံ ကိဉ္စိ ဒုက္ခံ သမ္ဘောတိ၊ သဗ္ဗံ ဆန္ဒရာဂမူလကာ။
ဆန္ဒရာဂါနိရောဓေန၊ နတ္ထိ ဒုက္ခဿ သမ္ဘဝေါ။

( ဝိသုဒ္ဓိမဂ်အဋ္ဌကထာ )

ယံကိဉ္စိ၊ အလုံးစုံအမှတ်မရှိသော။ ဒုက္ခံ၊ ဒုက္ခဟူသမျှသည်။ သမ္ဘောတိ၊ ဖြစ်၏။ တံသဗ္ဗံ၊ ထိုဖြစ်ခြင်းရှိသမျှဒုက္ခသည်။ ဆန္ဒရာဂမူလကာ၊ ဆန္ဒရာဂသာလျှင် အကြောင်းရင်းရှိကုန်၏။ ဆန္ဒရာဂနိရောဓေန၊ ဆန္ဒရာဂ မရှိပါက။ သဗ္ဗဒုက္ခဿ၊ အလုံးစုံသော ဇာတိအစရှိသော ဒုက္ခတရား၏။ သမ္ဘဝေါ၊ ပွါးစီးခြင်းသည်။ နတ္ထိ၊ မရှိနိုင်တော့ပြီ။

အလုံးစုံသော ဒုက္ခတရားဟူသမျှတို့သည် ဆန္ဒရာဂတည်းဟူသော လိုချင်မှု, တပ်မက်မှုတည်းဟူသော အကြောင်းရင်းခံခြင်းကြောင့် ဖြစ်ကြ ရ၏။ စိတ်က လိုချင်စရာတို့ကို အာရုံပြု, တွေးတောပေးခြင်းကြောင့် လိုချင်မှုတို့ ဖြစ်ရ၏။ တပ်မက်စရာတို့ကို တွေးတော, ကြံစည်ပေးခြင်း ကြောင့် တပ်မက်မှုတို့ ဖြစ်ကြရ၏။ လိုချင်စရာ၊ တပ်မက်စရာတို့ကို တွေးတောမပေးပါက၊ ကြံစည်မပေးပါက စိတ်သည် အေးငြိမ်းလျက် ရှိ၏။ ကိလေသာတို့မှ လွတ်လျက်ရှိ၏။ အထက်က ဖော်ပြခဲ့သော အင်္ဂုတ္တရပါဠိတော်က ဟောတော်မူသည့်အတိုင်း စိတ်သည် ကိလေသာ တို့မှ ကင်းလွတ်လျက် ပကတိ ဖြူဖွေး,သန့်စင်လျက်ရှိ၏။

များသောအားဖြင့် စိတ်၏ ပကတိသဘောအမှန်ကို မမြင်ကြပဲ ပင်ကိုယ်က "စိတ်-စိတ်အတိုင်းတိုင်း"က မဲညစ်၍နေသည်ဟု အထင်ရောက်နေတတ်သည်။ မဲညစ်မှုတည်းဟူသော ကိလေသာတရားတို့သည် ပြုလုပ်မှုကြောင့် ဖြစ်လာကြသော အဖြစ်တရားများဟူ၍လည်း မသိကြပဲ၊ စိတ်ဖြစ်တိုင်းဖြစ်တိုင်း ကိလေသာကပါ အလိုလိုဖြစ်ပေါ်နေသည်ဟုလည်း ထင်မှားနေကြလေသည်။ နောက်တချက်ကလည်း ကိလေသာဟူသည် အပြင်ဗဟိဒ္ဓတရားများကြောင့် ကိလေသာဖြစ်ကြရ၏ဟု ယူထားကြပြန်လေသည်။ သားကြောင့်၊ သမီးကြောင့်၊ အိုးအိမ်ကြောင့်၊ စီးပွါးကြောင့် အစရှိသည်ဖြင့် ဗဟိဒ္ဓအပြင်တရားများကြောင့် ကိလေသာဖြစ်ကြရသည်ဟူ၍ အပြင်တရားတို့အပေါ်တွင် လက်ညိုးထိုး၍ လွှဲချကြသည်။ အပြစ်ဖို့ကြသည်။ အကြောင်းရှာတတ်ကြသည်။

မြတ်စွာဘုရားက သမုဒယသစ္စာ အကြောင်းခံခြင်းကြောင့် ဒုက္ခသစ္စာဖြစ်ကြရသည်ဟူ၍သာ သစ္စာနည်းအားဖြင့် ဟောကြားတော်မူခဲ့လေသည်။ သားကြောင့် ဒုက္ခဖြစ်ရသည်။ သမီးကြောင့် ဒုက္ခဖြစ်ရသည်။ အိုးအိမ်, စီးပွား, ရွှေငွေရတနာများကြောင့် ဒုက္ခဖြစ်ရသည်ဟူ၍ မဟောခဲ့ပါ။ ဗဟိဒ္ဓတရားများကြောင့် ကိလေသာဖြစ်ရသည်၊ ဒုက္ခဖြစ်ရသည်ဟူ၍ မဟောခဲ့ပါ။ သမုဒယသစ္စာတည်းဟူသော အလိုကြောင့်သာ ကိလေသာတို့ ဖြစ်ကြရသည်။ ဒုက္ခမျိုးစုံတို့ ဖြစ်ကြရသည်။

သားမိုက်သောကြောင့် ဆင်းရဲရသည်ဟု ပြောကြသည်၊ ယူကြသည်။ ဤသို့ယူပါက သားကြောင့်ဆင်းရဲရသည်ဟုဆိုသည်နှင့် အတူတူပင်ဖြစ်ခြင်းကြောင့် ဘုရားဟောနှင့် လွဲရချေပြီ။ အမှန်မှာ.... သားမိုက်သောကြောင့် ဆင်းရဲရသည်မဟုတ်၊ သားကို လိမ္မာစေလိုသော မိမိ၏အလိုကြောင့် မိမိဆင်းရဲရခြင်းဖြစ်သည်။

သားကိုလိမ္မာစေလိုသော အလိုလွန်ကဲမှုသည် မည်သူ့အလိုနည်း၊ မိမိ၏ အလိုမျှသာဖြစ်သည်။ ဤအလိုဆန္ဒကိုပင် မြတ်စွာဘုရားက သမုဒယသစ္စာဖွဲ့၍ ဟောကြားခြင်းဖြစ်လေသည်။ သမီးစာမေးပွဲမအောင်သောကြောင့် စိတ်ဆင်းရဲရသည်ဟု ပြောကြသည်။ သမီးစာမေးပွဲကျသောကြောင့် စိတ်ဆင်းရဲရသည်မဟုတ်၊ သမီးစာမေးပွဲအောင်စေလိုသော မိမိ၏ အလိုလွန်ကဲမှု တဏှာကြောင့်သာ ဖြစ်သည်။ အိမ်မီးလောင်မည်

ကြောင့် စိတ်ဆင်းရဲရသည်ဟု ပြောကြသည်။ အိမ်ကို မီးမလောင်စေလိုသော မိမိ၏ အလိုလွန်ကဲမှု တဏှာကြောင့်သာ စိတ်ဆင်းရဲရခြင်း ဖြစ်သည်။

ဈေးရောင်းမကောင်းသောကြောင့် စိတ်ဆင်းရဲရသည်ဟု ယူကြ, ပြောကြသည်။ အမှန်မှာ ဈေးရောင်းမကောင်းသောကြောင့် မဟုတ်၊ ဈေးရောင်းကောင်းစေလိုသော မိမိ၏ အလိုတဏှာ လွန်ကဲမှုကြောင့်သာလျှင် စိတ်ဆင်းရဲရခြင်း ဖြစ်သည်။ အချို့ကလည်း ရုပ်ရှင်မကြည့်ရသောကြောင့် စိတ်ညစ်ရသည်ဟု ဆိုကြသည်။ အမှန်မှာ ရုပ်ရှင်မကြည့်ရသောကြောင့်မဟုတ်၊ ရုပ်ရှင်ကြည့်လိုသော မိမိ၏ အလိုတဏှာကြောင့် စိတ်ဆင်းရဲရခြင်းသာ ဖြစ်ကြောင်းကို မှန်သည့်အတိုင်းတိုင်း သိမြင်သင့်ကြသည်။

အပြင်ဗဟိဒ္ဓတရားတို့အပေါ်တွင် ပြစ်ဖို့, ဝန်တင်ပြုနေကြမည့်အစား မိမိတို့၏ စိတ်ကိုသာလျှင် အမှန်အတိုင်းတိုင်း သိမြင်ကြစေရန် ဆင်ခြင်, စစ်ဆေးသင့်ကြပေသည်။ ဗဟိဒ္ဓကြောင့် ကိလေသာ ဖြစ်ရမည်ဆိုပါက မည်သူမျှ ကိလေသာသတ်နိုင်မည်မဟုတ်၍ သံသရာမှ လွတ်မြောက်လမ်း မရှိတော့ချေ။

ကိလေသာဟူသည်ကား....ညစ်နွမ်းကြောင်း တရားတည်း။ ပကတိက သန့်ရှင်းသောစိတ်သည်၊ တနည်း....“စိတ်-စိတ်အတိုင်းတိုင်း”က သန့်ရှင်းကြည်လင်သောစိတ်သည်၊ ယင်းကိလေသာတို့ကြောင့် အမျိုးမျိုးပူရ၊ ပင်ရ၊ လွမ်းရ၊ ဆွေးရ၊ ချစ်ရ၊ မုန်းရနှင့် ညစ်နွမ်းနောက်ကျုရ၏။ ဥပမာအားဖြင့် “စိတ်-စိတ်အတိုင်းတိုင်း” သည် ဖွေးဖွေးဖြူသော ပိတ်ကားချပ်ကြီးနှင့် အလားတူ၏။ ကိလေသာတို့သည် ထိုပိတ်ကားပေါ်တွင် ရေးချယ်သော ဆေးရောင်များနှင့် အလားတူ၏။ အနီဖြင့်ရေးသော် ပိတ်ကားကြီးနီသွား၏။ အပြာဖြင့်ရေးသော် ပိတ်ကားကြီးပြာသွား၏။ အစိမ်းဖြင့်ရေးသော် ပိတ်ကားကြီးစိမ်းသွား၏။ အနက်ဖြင့်ရေးသော် ပိတ်ကားကြီးနက်သွား၏။ ရေးသောဆေး၏ သဘာဝသတ္တိအတိုင်း ကားချပ်ပေါ်တွင် အရောင်များထင်လေသည်။

ထိုနည်းတူစွာပင် ကိလေသာတို့၏ သဘာဝသတ္တိအလိုက် စိတ်၌ အရောင်များ လာ၍ဟပ်လေသည်။ ဒေါသရောင်ဟပ်သော် စိတ်သည်

ခက်ထန်လာ၏။ မောဟရောင်ဟပ်သော် စိတ်သည် တွေဝေထိုင်းမှိုင်း လာ၏။ ဤသို့ ပကတိဖြူစင်သောစိတ်ကို အမူအရာများ ပြောင်းသွား အောင် ချေဖျက်တတ်သောကြောင့် ကိလေသာဟု ခေါ်ခြင်းဖြစ်၏။ ကိလေသာ ပူးကပ်, မှီတွယ်, တိုက်ခိုက်လာခြင်း မရှိလျှင်....၊ တနည်း....၊ ကိလေသာဖြစ်စရာ အကြောင်းများကို အာရုံပြုမပေးလျှင်၊ ကြံစည်, တွေးတောမပေးလျှင်....စိတ်သည် သူ့အတိုင်းတိုင်း ဆွတ်ဆွတ်ဖြူနေ၏။ သန့်ရှင်း, ကြည်လင်၍နေ၏။

## နိဗ္ဗာန်သည် စိတ်မဟုတ်

ဤမှတဆင့်တက်အံ့....။

၁။ စိတ်သည် ပကတိသဘောအားဖြင့် အလုံးစုံသော ကိလေသာတို့မှ ကင်းလျက်, လွတ်လျက်ရှိ၏။

၂။ ကိလေသာတို့ စိတ်တွင်ဖြစ်လာကြသည်မှာလည်း ဖြစ်စေရန် အယောနိသောမနသိကာရအားဖြင့်ပြုလုပ်ပေးကြခြင်းကြောင့်၊ ကြံစည် ပေးကြခြင်းကြောင့်၊ တွေးတောပေးကြခြင်းကြောင့် ဖြစ်ဖြစ်လာကြရ၏။ ဖြစ်ပြီးလျှင်လည်း ကြာရှည်တည်တန့်၍ မနေနိုင်ကြ၊ ပျက်ကြရ၏။ ကိလေသာတို့သည် အနိစ္စဓမ္မ, ခယဓမ္မ, ဝယဓမ္မတို့သာ ဖြစ်၏။

၃။ ကိလေသာတို့ဖြစ်စေရန် စိတ်ကကြံစည်မပေးမှီက၊ တွေးတော မပေးမှီက၊ အယောနိသောမနသိကာရပြုမပေးမှီက၊ ကိလေသာ တို့မှ အေး၍နေသော ကိလေသာတို့၏အေးရာ၊ ကိလေသာ အဖြစ်တို့မှလွတ်၍နေသော ကိလေသာတို့၏ လွတ်ရာ၊ ကိလေသာ အဖြစ်တို့မှ ငြိမ်း၍နေသော ကိလေသာတို့၏ ငြိမ်းရာ၊ ကိလေသာ အဖြစ်တို့မှ ချုပ်၍နေသော (ကိလေသာမရှိသည်ကိုပင် ချုပ် သည်ဟူ၍ ခေါ်ဆိုရ၏။ ဥပ္ပါဒချုပ်မဟုတ်၊ အနုပ္ပါဒချုပ်ကို ဆိုသည်။) ကိလေသာတို့၏ချုပ်ရာသဘောသည်ထင်ထင်ရှားရှား ပင်လျှင် နိစ္စ, ဓုဝ သဘောဖြင့် ရှိ၍နေ၏။ ယင်းကား....နိဗ္ဗာန် ပင်တည်း။ ထို့ကြောင့်....စိတ်တွင် ကိလေသာတရားတို့ မရှိသေး ပါကလားဟူ၍ ကိလေသာတို့ မရှိပုံကို သိမြင်သောဉာဏ်သည် အထက်တန်းကျသော ဝိပဿနာဉာဏ်ပင် ဖြစ်လေသည်။

စိတ်တွင် ပကတိသဘောအားဖြင့် ကိလေသာတို့မှ ကင်းလျက်, လွတ်လျက်, အေးလျက်, ငြိမ်းလျက်ရှိသော၊ ကိလေသာတို့၏ ကင်းရာ,ကုန်ရာ, ချုပ်ရာ, ငြိမ်းရာဖြစ်သော၊ နိဗ္ဗာန်ကို သိမြင်သောဉာဏ်သည် မဂ်ဉာဏ်ပင် ဖြစ်လေသည်။

စိတ်တွင် ကိလေသာတို့ မဖြစ်သေးသည်ကို သိခြင်းသည် ကိလေသာတို့၏ အ,ဘာ၀ကို သိခြင်းမည်၏။ စိတ်တွင် ကိလေသာတို့၏ အဖြစ်အေးရာကို သိခြင်းသည် နိဗ္ဗာန်၏ သဘာ၀ကို သိခြင်းမည်၏။

ဤနေရာတွင် သတိချပ်သင့်၏။ စိတ်ကို နိဗ္ဗာန်ဟူ၍ ကောက်ယူပြီး တင်ပြနေခြင်းမဟုတ်၊ စိတ်တွင် ကိလေသာအပူမီးတို့မှ ကင်းလွတ်၍ နေသောသဘော၊ တနည်း.... ကိလေသာအပူမီးတို့၏ ကင်းလွတ်ရာ, အေးငြိမ်းရာ သဘောသည် နိစ္စ, ဓုဝ အနေဖြင့် ထင်ရှားစွာရှိ၏။ ထိုကိလေသာအပူမီးတို့၏ လွတ်မြောက်ရာ, ကင်းရာ, ကုန်ရာ, ချုပ်ငြိမ်းရာ တရားသည် ကံ, စိတ်, ဥတု, အာဟာရ-စသော အကြောင်းတရားတို့ဖြင့် မပြုပြင် မစီရင်ရပဲ သူ့အလိုလို သူ့သဘာ၀အားဖြင့် ရှိနေခြင်းကြောင့် "အသင်္ခတ" မြတ်သောနိဗ္ဗာန်ပင် ဖြစ်လေသည်။ ၎င်းနိဗ္ဗာန်ကို သိမြင်, မျက်မှောက်ပြုသော ဉာဏ်ကို မဂ်ဉာဏ်ဟူ၍ ခေါ်ဝေါ်ခြင်း ဖြစ်လေသည်။ ကိလေသာတို့၏ တင်းရာ, ကုန်ရာ, ချုပ်ငြိမ်းရာ တည်းဟူသော နိဗ္ဗာန်ကို မဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုနေခြင်းကြောင့် ကိလေသာတို့ ဖြစ်ခွင့်မရပဲ ငြိမ်းအေး၍နေ၏။

အေးငြိမ်းရာကို သိမြင်လျက်၊ ကိလေသာတို့ မဖြစ်သေးလျှင် မဖြစ်သေးသည့်အတိုင်းတိုင်း၊ အေးလျှင် အေးသည့်အတိုင်းတိုင်း၊ ငြိမ်းလျှင် ငြိမ်းသည့်အတိုင်းတိုင်း နေထိုင်,ကျင့်သုံး,ပွားများ၍ သွားခြင်းသည်ပင် ဒုက္ခနိရောဓဂါမိနိပဋိပဒါအကျင့်၊ ဒုက္ခချုပ်ငြိမ်းရာ, ချုပ်ငြိမ်းကြောင်းအကျင့်ပင် ဖြစ်လေသည်။ ဤအကျင့်သည် ကိစ္စပြီးသည်တိုင်အောင် "ဘာဝိတော၊ ဗဟုလီကတော" အားဖြင့် ကျင့်သုံး, ပွားများရမည် ဖြစ်သော ဘာဝနာ - ဘာဝေတဗ္ဗကိစ္စပင်တည်း။

ကိလေသာတို့၏ အေးငြိမ်းရာကို သိမြင်လျက် (မျက်မှောက်ပြုလျက်) စိတ်တွင် ကိလေသာတို့ မဖြစ်သေးလျှင် မဖြစ်သေးသည့်အတိုင်းတိုင်း၊

"စိတ်-စိတ်အတိုင်းတိုင်း"ထား၍ နေထိုင်ကျင့်သုံးကြရန် "ကျေးဇူးရှင် ကျောက်သဘော်ဆရာတော်ဘုရားကြီး" က တပည့်သာဝက အပေါင်း တို့အား ဘာဝနာကိစ္စကို "အပ္ပမာဒေန သမ္ပာဒေထ" ဟူ၍ ဆုံးမတော် မူခဲ့ခြင်း ဖြစ်လေသည်။

ကိလေသာတို့၏ အေးငြိမ်းရာကို မျက်မှောက်ပြုလျက်ရှိသော စိတ် သည် ကိလေသာတို့၏ အေးငြိမ်းရာ နိရောဓသစ္စာ နိဗ္ဗာန်ကို အမှီပြုလျက် နေခြင်းကြောင့် "နိရောဓနိဿိတ" နိဗ္ဗာန်မှီနေသော စိတ်ဟူ၍၎င်း၊ တပ်မက်မှုရာဂတို့၏ အေးငြိမ်းရာကို မျက်မှောက်ပြုလျက်ရှိသောစိတ်သည် ရာဂတို့၏ အေးငြိမ်းရာကို အမှီပြုလျက်နေခြင်းကြောင့် "ဝိရာဂနိဿိတ" ရာဂကင်းရာ မှီနေသောစိတ်ဟူ၍၎င်း ဟောကြားတော်မူခဲ့လေသည်။

မြတ်စွာဘုရားကလည်း ဥဒါယီအား....

"ဥဒါယီ....ဤသာသနာတော်၌ ရဟန်းသည် (နိဗ္ဗာန်ဟူသောဥပဓိ) ဝိဝေကကိုမှီသော၊ ရာဂကင်းရာ နိဗ္ဗာန်ကိုမှီသော၊ ရာဂချုပ်ရာ နိရောဓ သစ္စာကိုမှီသော၊ စွန့်လွှတ်ရာ နိဗ္ဗာန်သို့ ရှေ့ရှုညွတ်သော သတိ သမ္ဗောဇ္ဈင်ကို ပွားများ၏" ဟူ၍ ဟောကြားတော်မူခဲ့လေသည်။

(မဇ္ဈိမပဏ္ဏာသပါဠိတော်မြန်မာပြန်၊ မဟာသကုလုဒါယိသုတ်၊ နှာ-(၂၁၆)

ဤကိုရည်၍ ဆရာတော်ကြီးက....

"နိဗ္ဗာန်ဆိုတာ ဘုံကြီးနဲ့၊ ဗိမာန်ကြီးနဲ့၊ ပြာသာဒ်ကြီးနဲ့မဟုတ်ဘူး၊ ရာဂ, ဒေါသ, မောဟတွေ မရှိလေတော့၊ ရာဂ, ဒေါသ, မောဟတွေက မဖြစ်လေတော့၊ အပူတွေ, အဆွေးတွေ, မအေးတဲ့စိတ်တွေက မရှိလေ တော့၊ မိမိတို့ရဲ့စိတ်မှာ ပကတိအတိုင်း အေးနေတာ၊ ငြိမ်းချမ်း၍ နေတာ၊ အဲဒါနိဗ္ဗာန်ဗျ။ ပကတိအတိုင်း စိတ်မှာ ငြိမ်းချမ်း၍နေတာ။ စိတ်ကို နိဗ္ဗာန်လို့လဲ မယူကြနဲ့ဦး၊ စိတ်ငြိမ်းချမ်းနေတယ်ဆိုတာက စိတ်မှာ အပူမကပ်တာပေါ့။ အဲဒီ အပူတွေက မကပ်လေတော့ စိတ်အပူ တို့ရဲ့ မကပ်ရာ။ ဒီနေရာမှာ အပူမကပ်တာနဲ့ အပူမကပ်ရာနဲ့ နဲနဲ ကလေးကွဲတာကို သတိထားကြ။ ပူတာတွေ မကပ်လေတော့ မကပ် ရာတဲ့၊ အဲဒါရှိတယ်၊ အဲဒါနိဗ္ဗာန်ပဲ။"

"အပူတွေမကပ်တော့ အေးရာနဲ့နေတဲ့စိတ်၊ အဲဒါကို တနည်းပြောတော့ နိဗ္ဗာန်နဲ့နေတဲ့စိတ်၊ အဲဒါ "စိတ်-စိတ်အတိုင်းတိုင်း" ဆိုပြီး ဘုန်းကြီးက ဟောတာ၊ "စိတ်-စိတ်အတိုင်းတိုင်း" ဆိုတာ ဘယ်လို နေတာလဲ၊ အဲဒီလိုသိမှ နေတတ်တာ။ အမှန်ကတော့ "စိတ်-စိတ်အတိုင်းတိုင်း" ဘာနဲ့နေမလဲ၊ "စိတ်အတိုင်းတိုင်း" နိဗ္ဗာန်နဲ့နေတာပေါ့၊ "စိတ်-စိတ်အတိုင်းတိုင်း" ဆိုရင်တော့ ဖြူစင်သန့်ရှင်းတယ်ပေါ့။

စိတ်မှာ ရာဂ, ဒေါသ, မောဟ ကပ်ရောက်နေတာ မရှိဘူးပေါ့၊ အတိုင်းတိုင်းဆိုတာ ဒါကိုပြောတာ။ဖြူစင်သန့်ရှင်းနေတာအတိုင်းတိုင်းပဲ၊ ရေသည် ရေအတိုင်းတိုင်း နေတာလိုပေါ့၊ ရေထဲအမျိုးမျိုးရောတော့ အမျိုးမျိုးမဖြစ်ကြဘူးလား။ ရေထဲ အနီတွေရောတော့ ရေနီနေမှာပေါ့၊ အစိမ်းရောတော့ရေစိမ်းနေမှာပေါ့၊ နောက်စရာတွေရောတော့ရေနောက်နေမှာပေါ့။ အဲဒီလိုပဲ မိမိတို့ရဲ့စိတ်မှာလဲ....

ပူစရာတွေထည့်တွေးတော့ ပူတဲ့စိတ်တွေဖြစ်၊

သားထည့်ပေးတော့ သားစိတ်တွေဖြစ်၊

သမီးထည့်ပေးတော့ သမီးစိတ်တွေဖြစ်၊

ကုသိုလ်ထည့်ပေးတော့ ကုသိုလ်စိတ်တွေဖြစ်၊

အကုသိုလ်ထည့်ပေးတော့ အကုသိုလ်စိတ်တွေဖြစ်၊

ဘာတွေထည့်ပေးထည့်ပေး ထည့်ပေးတာတွေ ဖြစ်ကြမှာပဲ။

"စိတ်-စိတ်အတိုင်းတိုင်း"ဆိုတာ အစစ်အမှန် တိတိကျကျ သိကြရအောင် မေးကြပါလား။ စိတ်ဆိုတာ အာရုံနဲ့ကင်းပြီးတော့ နေလို့ မဖြစ်ပါဘူး၊ "စိတ်-စိတ်အတိုင်းတိုင်း" ဆိုတာ ဘာနဲ့နေသလဲလို့ မေးကြပါလား။

"စိတ်-စိတ်အတိုင်းတိုင်း" ဘာနဲ့နေသလဲဆိုရင်၊ ဘာနဲ့ထားသလဲ ဆိုရင် နိဗ္ဗာန်တည်းဟူသော အာရုံနဲ့နေတယ်၊ နိဗ္ဗာန်တည်းဟူသော အာရုံနဲ့ထားတယ်။

နိဗ္ဗာန်ဆိုတာ မိမိတို့ရဲ့စိတ်မှာ စိတ်အလုပ်၊ စိတ်အပူ၊ စိတ်အမှုကိစ္စတွေမရှိတာ။ "စိတ်အတိုင်းတိုင်း"နေတာ။ "စိတ်အတိုင်းတိုင်း" နေရင် မအေးဘူးလား၊ မငြိမ်းဘူးလား၊ ငြိမ်းနေတာ ငြိမ်းတဲ့တရား၊ လောဘတွေမဖြစ်တော့ မဖြစ်တဲ့တရား၊ ချုပ်တဲ့တရား၊ မဖြစ်တာ၊ကုန်တာက လောဘတွေ၊ လောဘကုန်တာ နိဗ္ဗာန်မဟုတ်ဘူး။ ကုန်တာ၊ချုပ်တာက တခြား၊ ကုန်သွား, ချုပ်သွားသော်လည်း မူလကုန်ရာ, ချုပ်ရာကြီးက ကျန်နေတယ်။ စိတ်ပူတွေ ကုန်သွားလို့ရှိရင် အပူကင်းတဲ့စိတ် ကျန်ရမှာပေါ့။ လောဘတွေကုန်တော့ လောဘကင်းတဲ့စိတ်ကျန်တယ်။ အဲဒါ "စိတ်-စိတ်အတိုင်းတိုင်း"လို့ပြောတာ၊ သည်မှတပါး အဖြေတွေကတော့ အများကြီးပေါ့"

(ထေရုပ္ပတ္တိနှင့်တရားတော်များ၊ နှာ-၁၅၆-၇-၈)

# အတိုင်းတိုင်းထားပုံ

" စိတ်အတိုင်းတိုင်း ' ၏ သဘောကို ပေါ်လွင်ထင်ရှားစေရန် ပါဠိတော် အထောက် အထားများ နှင့် တကွ ဥပမာ - ဥပမေယျများ ပေးသျက် ရှင်းလင်းခဲ့ပြီ ဖြစ်သည့်အတွက် အတော်အတန်သဘောပေါက် လောက်ပေပြီ။

စိတ်သည် ပကာတိက ဖြူဖွေးစင်ကြယ်၍နေကြောင်း " စိတ်အတိုင်း တိုင်း"က သန့်ရှင်းကြည်လင်၍ နေကြောင်းတို့ကို ဖော်ပြခဲ့ပြီ။ ညစ်နွမ်း၍ လာရခြင်းမှာလည်း စိတ်ကို စိတ်အတိုင်းတိုင်း မထားကြပဲ ညစ်နွမ်းစေ တတ်သော၊ ပူပင်စေတတ်သော၊ သာယာစေတတ်သော၊ တပ်မက်စေ တတ်သော၊ တောင့်တမှု ကြောင့်ကျမှုတို့ကို စိတ်ဖြင့် တွေးတောခြင်း, ကြံစည်ခြင်းတို့ဖြင့် ပြုလုပ်ပေးခြင်းကြောင့် (အယောနိသော မနသိကာရ) သာ ပကတိ ဖြူစင်သောစိတ်မှ မဲညစ်သော ဝိကတိစိတ်သို့ ပြောင်းလဲ လာရကြောင်းများကိုလည်း ရှင်းသင်းခဲ့ပေပြီ။

" စိတ် - စိတ်အတိုင်းတိုင်း ထား " ကို ထိထိမိမိ သဘောမပေါက် ကြသော အချို့ အချို့သော သာဝက အပေါင်းတို့သည်စိတ်ကို ထိန်းချုပ် လျက် အတိုင်းတိုင်း ဖြစ်စေရန်တမင်လိုက်၍, လိုက်၍ထားနေကြသည်ကို တွေ့ရသည်။ သင်္ခါရအမှုပြု၍,ပြု၍ ထားနေကြသည်။ ဤသို့ဖြစ်ရသည်မှာ စိတ်၏ ပကတိသဘော ' စိတ်- အတိုင်းတိုင်း " ၏ သဘောကို ရေရေ လည်လည် သဘောမပေါက်သည်ကတချက် "ထား"ဟူသော စကားကို သာမန်ယေဘုယျအားဖြင့် အမှုမဲ့ယူပြီး **ပြုလုပ်ရမည်၊ ဆောင်ရွက်ရမည်၊**ဟု သဘောပေါက်ပြီး "စိတ်အတိုင်းတိုင်း" ဖြစ်စေရန် လိုက်ထားနေကြခြင်း ဖြစ်လေသည်။

"ထား"ဟူသော စကားတွင် ထားခြင်း နှစ်မျိုး ရှိလေသည်။ (၁) ရှိပစ္စည်း တခုကို ရှိရာမှယူ၍ မရှိရာသို့ ဖြည့်စွက်ရန်ထားခြင်း၊ (၂) ရှိရာ တွင်ပင် မူလ အတိုင်း ရှိစေခြင်း ဟူ၍ ရှိလေသည်။ ဥပမာ ဖြင့် ဆောင်၍ပြရလျှင်....စားပွဲပေါ်၌ရှိသော စာအုပ်ကို ဘီရိုထဲမှာ ထားပါဟု ဆိုလျှင် သင်သည် ဤအတိုင်းနေ၍ မဖြစ်။ စာအုပ်ရှိရာ စာပွဲသို့ သွား

ရမည်။ စားပွဲပေါ်မှ စာအုပ်ကိုယူငင်ရမည်။ ယူငင်ပြီး ဘီရိုရှိရာသို့ သွားရမည်။ ထို့နောက် ဘီရိုတံခါးကိုဖွင့်ပြီး စာအုပ်ကို ဘီရိုထဲမှာ ထားရပေမည်။ ဤထားခြင်းသည် ပြုလုပ်ရသည်။ ဆောင်ရွက် ရသည်။ ကာယသင်္ခါရထူထောင် ရသည်။ သင်္ခါရအမှု တခုခုကို ပြုလုပ် ရသည်။ သင်္ခါရသဘောမလွတ်ချေ။

ဤသို့မဟုတ်ပဲ စားပွဲပေါ်၌ရှိသော စာအုပ်ကို သူ့ အတိုင်းတိုင်းထားဟူ၍ဆိုလျှင် သင်သည် ဤအတိုင်းတိုင်း နေရုံမှတပါး ပြုလုပ်ဆောင်ရွက်စရာ မလိုတော့ပေ။ ဘီရိုထဲသို့ ယူထားရသကဲ့သို့ ပြုလုပ်ရတော့မည်မဟုတ်၊ စာအုပ်ရှိရာစားပွဲသို့ သွားရန်မလို၊ စာအုပ်ကိုယူရန်လည်းမလို၊ ဘီရိုထဲသို့ ထည့်ရန်လည်း မလိုတော့ချေ၊ သူ့ ထားပြီးသား အတိုင်းတိုင်း ထားရုံမှတပါး အခြားလုပ်ဖွယ်မရှိ၊ ပြုလုပ်ဆောင်ရွက်ရသော အမှုကိစ္စတို့ငြိမ်း၏။ သင်္ခါရအမှု ထူထောင်ရခြင်းမှ ငြိမ်းလေသည်။ ဤကား-ပြုလုပ်ဆောင်ရွက်၍ ထားခြင်းနှင့်သူ့ အတိုင်းတိုင်းထားခြင်းတို့၏ ထားနည်းနှစ်မျိုးဖြစ်၏။

" စိတ် အတိုင်းတိုင်းထား " ဟူရာတွင်လည်း ဤသဘောပင် ဖြစ်၏၊ ဒုတိယ ဖေါ်ပြသော အတိုင်းတိုင်းထားနည်းမျိုးကို ထားခိုင်းခြင်းသာ ဖြစ်လေသည်။ စိတ်၏ ပင်ကိုယ်, ပကတိသဘောသည် အလုံးစုံသော ကိလေသာတို့မှ ကင်းလျက်၊ လွတ်လျက်ရှိ၏။ ယင်း ပကတိ သဘောကို သိမြင်ပြီးပါက စိတ်တွင် ကိလေသာတို့မှ ကင်းလျှင် ကင်းသည့် အတိုင်းတိုင်း၊ လွတ်လျှင် လွတ်သည့်အတိုင်းတိုင်း၊ ငြိမ်းလျှင် ငြိမ်းသည့် အတိုင်းတိုင်းထား။ ကိလေသာတွေ ဖြစ်လာစေရန် ပြုလုပ်မပေးနှင့်၊ ထူထောင်မပေးနှင့်၊ တွေးတောမပေးနှင့်၊ သူ့ အတိုင်းတိုင်းထား၊ "စိတ်စိတ်အတိုင်းတိုင်းထား " ငြိမ်း - ငြိမ်း သည့် အတိုင်းတိုင်း ထား၊ အေး- အေးသည့် အတိုင်းတိုင်းထား။

ကိလေသာတွေဖြစ်စေရန် အကြောင်းတွေ ပြုမပေးမိက (ဝါ) တွေးမပေးမိက၊ ကြံစည်မပေးမိက၊ ကိလေသာ အဖြစ်တို့မှ၊ ကိလေသာ ဖြစ်မှုတို့မှ အေးငြိမ်းလျက် ရှိသော ကိလေသာတို့၏ အေးငြိမ်းရာကို သိပြီး အေးသည့် အတိုင်းတိုင်းထား။ ငြိမ်းသည့်အတိုင်းတိုင်းထား။ လွတ်သည့် အတိုင်းတိုင်းထား။ " စိတ် - စိတ်အတိုင်းတိုင်းထား " ဟူ၍ ဘာဝနာကိစ္စကို မြန်မာပြန်သက်သက်ဖြင့် ဆုံးမတော်မူခြင်း ဖြစ်လေသည်။

အလုံးစုံသော ကိလေသာတို့၏ ငြိမ်းအေးရာကိုမြင်လျှက်(မျက်မှောက်ပြုလျှက်) ငြိမ်းအေးသည့်အတိုင်းတိုင်းနေကြ။ အလုံးစုံသော ကိလေသာတို့၏ ကင်းလွတ်ရာကိုမြင်လျှက် ကင်းလွတ်သည့်အတိုင်းတိုင်းနေကြ။ ကျင့်သုံးကြ။ ဤသို့ ငြိမ်းလျှင် ငြိမ်းသည့် အတိုင်းတိုင်း၊ အေးလျှင် အေးသည့် အတိုင်းတိုင်း၊ "စိတ် - စိတ် အတိုင်းတိုင်း" နေထိုင် ကျင့်သုံးခြင်း တည်းဟူသော ဘာဝနာကို ပွားများအားထုတ်ကြမှသာလျှင် ကိလေသာတို့ တဖြေးဖြေး အဖြစ်နည်း၊ အဖြစ်ကြဲပြီးလျှင် ဘာဝနာ၏ အဆုံးတွင် ကိလေသာတို့ သမုစ္ဆေဒအားဖြင့် ကုန်ခန်း, ချုပ်ငြိမ်းမည်ကို မြင်တော်မူခြင်းကြောင့် ဘာဝနာကိစ္စအလို့ငှါ "စိတ်-စိတ်အတိုင်းတိုင်းထားကြ" ဟူ၍ ဆရာတော်ဘုရားကြီးက ဆုံးမတော်မူခဲ့ခြင်းဖြစ်လေသည်။

## ပဘဿရ၏ အနက်အဓိပ္ပါယ်

ကိုးကားဖေါ်ပြခဲ့သောအင်္ဂုတ္တိုရ်ပါဠိတော်မှ၊ "ပဘဿရ"၏ ဘာသာပြန်ကို အနည်းငယ် ထပ်လောင်း၍ တင်ပြလိုပါသည်။

"ပ္ဘဿရမိဒံ ဘိက္ခဝေ စိတ္တံ၊ ဤပကတိဝိညာဏ်တည်းဟူသောစိတ်သည်။ ပဘဿရံ၊ ပြိုးပြိုးပြက်ပြက် ထွန်းလင်းတောက်ပသော သဘောရှိ၏" ဟူ၍လည်း ပြန်ဆိုကြသည်။ "ပဘဿရံ၊ ကိလေသာအညစ်အကြေးတို့မှ ပကတိအားဖြင့် ဖြူဖွေးစင်ကြယ် သန့်ရှင်းကြည်လင်၍နေ၏" ဟူ၍လည်း ပြန်ဆိုကြသည်။ စာရေးသူကမူ နှစ်ခုစလုံးကို ငြမိစေရန် ပြန်ဆိုလိုက်ပါသည်။

ပြိုးပြိုးပြက်ပြက် ထွန်းလင်းတောက်ပသော သဘောရှိ၏ဟူရာ၌ အညစ်အကြေးတို့ မရှိခြင်းကြောင့် ပကတိအားဖြင့် သန့်ရှင်းစင်ကြယ်၍ နေသောသဘော၊ ချေးညှော်များမရှိခြင်းကြောင့် ဖြူဖွေး၍နေသော သဘောကို သိမြင်စေလိုသော စေတနာဖြင့်၎င်း၊ ညစ်ကြေးကင်းစင်၍ နေသောသဘောကို ပေါ်လွင်သည်ထက် ပေါ်လွင်စေလိုသော စေတနာဖြင့်၎င်း တင်စားသောအားဖြင့် ပြိုးပြိုးပြက်ပြက် ထွန်းလင်းတောက်ပသော သဘောရှိ၏ဟူ၍ ရှေးဆရာတို့သည် ဂုဏာလင်္ကာရစကားဖြင့် ဖေါ်ပြ, ပြန်ဆိုကြခြင်းဖြစ်သည်ဟု ယူအပ်၏။ နိဗ္ဗာန်ရွှေပြည်မြတ်သို့၊ နိဗ္ဗာန်နန်းသို့ဟူ၍ နိဗ္ဗာန်ကို တင်စား၍ သုံးကြသကဲ့သို့ပင် ဖြစ်လေသည်။

အချို့သောသူတို့သည် ဤသို့နှလုံးမပိုက်မိကြပဲ ၎င်းစိတ်ကို ဖြူစင်သော သဘောထက် လွန်ကဲပြီး အရောင်တလက်လက် ထွက်နေရမည်၊ စိန်ရောင်, ကျောက်ရောင်တို့ကဲ့သို့ ပြိုးပြိုးပြက်ပြက် ထွန်းလင်းတောက်ပြောင် နေရမည်ဟု ယူကြပြီးလျှင် ယင်း-တောက်ပနေသောစိတ်ကို မတွေ့တွေ့အောင် ကြိုးစားအားထုတ်၍ ရှာဖွေနေကြသော ဓမ္မမိတ်ဆွေများကို တွေ့ရသည့်အတွက် ယထာဘူတကျကျ သိမြင်ကြစေရန် ရည်သန်၍ တင်ပြရခြင်း ဖြစ်ပါသည်။

ကိလေသာတို့နှင့် မယှဉ်သောစိတ်ကိုသာလျှင် ဆိုကြောင်းကို (ဝါ) ကိလေသာတို့၏ ကင်းလွတ်ရာနိဗ္ဗာန်ကို မှီ၍နေသော ဖြူဖွေးသန့်စင်သော သဘောကိုသာလျှင် ဆိုကြောင်းကို....

သဗ္ဗတော ပဘန္တိ = ကိလေသန္ဓကာရာ
ဘာဝတော သမန္တတော ပဘာဿရံ။

ဟူ၍ ဋီကာဆရာက ဖွင့်ဆိုတော်မူလေသည်။

သဗ္ဗတောပဘန္တိ၊ သဗ္ဗတောပဘံဟူသည်ကား။ ကိလေသန္ဓကာရာဘာဝတော၊ ကိလေသာအညစ်အကြေးတည်းဟူသော အမိုက်တိုက်တို့သည် မကပ်ရောက်, မဝင်လာ, မပူးယှဉ်သည်ဖြစ်၍။ တံ၊ ထိုသန့်ရှင်းကြည်လင်၍ နေသော အနန္တဓာတ် နိဗ္ဗာန်တော်မြတ်သည်။ ပဘာဿရံ၊ အရောင်တလက်လက် ပြိုးပြိုးပြက် တောက်ပ၍ နေ၏။

အဋ္ဌကထာဆရာကလည်း....

ကိံ ပန စိတ္တဿ ဝဏ္ဏော နာမ အတ္ထီတိ၊ နတ္ထိ။
(ကေဂုတ္တရ အဋ္ဌကထာ)

စိတ်၏ အရောင်အဆင်းဟူသည် ရှိပါသလား။ ဝါ၊ စိတ်တွင် အဆင်းရှိပါသလား၊ မရှိပါ-ဟူ၍ ဖြေဆိုထားလေသည်။ တဆက်တည်းပင်....

နီလာဒီနဥ္စ ဝိ အညတရဝဏ္ဏ ံ ဝါ ဟောတု၊ အဝဏ္ဏ ံ ဝါ၊
ယံကိဉ္စိ ပရိသုဒ္ဓတာယ ပဘဿရန္တိ ဝုစ္စတိ၊
ဣဒမ္ပိ နိရုပက္ကိလေသတာယ ပရိသုဒ္ဓန္တိ ပဘဿရံ။

( ကောင်္ခုတ္တရ အဋ္ဌကထာ )

အဓိပ္ပါယ်မှာ....အညိုရောင်, အနီရောင် အစရှိသော အရောင်အဆင်း အမျိုးမျိုးရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ တစုံတခုသော အရာတွင် သန့်ရှင်းဖြူစင်နေသော သဘောသတ္တိ၊ တနည်း.... အညစ်အကြေးတို့မှ ကင်းဝေး သန့်စင်နေခြင်းကြောင့် ဖြူဆွတ်, တောက်ပ၍ နေသည်ဟု ဆိုရသည်-ဟူ၍ အဋ္ဌကထာဆရာကလည်း ဖွင့်ဆိုထားလေသည်၊ ကိုက်နှစ် သက်ရာ ယူကြလေ။

# တွေးတောကြံစည်မပေးသောအကျင့်

စိတ်အတိုင်းတိုင်းက ငြိမ်းအေးနေပုံကိုင်ငင်း၊ တွေးတော ကြံစည်ပေးနေခြင်းကြောင့်သာကိလေသာ ဖြစ်ရပုံကိုင်ငင်း ဖေါ်ပြခဲ့ပေပြီ။တွေးတော ကြံစည်သည်ဟူရာ၌လည်း လျှော့ဒါးထစ် မယူအပ်၊ အလိုတကျ နှင့်တကွ တွေးတော ကြံစည်ခြင်းကိုသာ ဆိုလိုကြောင်းကိုလည်း သတိချပ်သင့်၏။

တောင်တောင်ကြံကြံ အလီလီတို့ကို အလိုနှင့်တကွ တွေးတော ကြံစည် မပေးတော့ပဲ အေးလျှင်အေးသည့်အတိုင်းတိုင်း၊ ငြိမ်းလျှင် ငြိမ်းသည့်အတိုင်းတိုင်း ထားခြင်းဖြင့် စိတ်ကို စောင့်ရှောက်သော အကျင့်သာလျှင် ဆရာတော်ဘုရားကြီးက....

"ပကတိငြိမ်းအေးရာကိုမြင်ပြီး ငြိမ်းအေးသည့်အတိုင်းတိုင်း ကျင့်သုံးနေထိုင်ကြ၊ ကိလေသာတွေ ဖြစ်ဖြစ်လာအောင် ထူထောင်မပေးကြနဲ့၊ ကြံစည်မပေးကြနဲ့၊ တွေးတောမပေးကြနဲ့၊ ငြိမ်းအေးရာနဲ့ တစပ်တည်း နေသော စိတ်ကို (ဝါ) အကျင့်ကို ပူပန်မှုတွေကို ဟွေးတောပေးခြင်းဖြင့် ဖျက်မပြစ်ကြနဲ့၊ တောင့်တမှုတွေကို တွေးတော ကြံစည်ပေးခြင်းဖြင့် ဖျက်မပြစ်ကြနဲ့၊ ကြောင့်ကျမှုတွေကို တွေးတော ကြံစည်ပေးခြင်းဖြင့် ဖျက်မပြစ်ကြနဲ့၊ သာယာမှုတွေကို တွေးတော ကြံစည်ပေးခြင်းဖြင့် ဖျက်မပြစ်ကြနဲ့၊ သတ်မှုတွေပြုလုပ်ခြင်းဖြင့် ဖျက်မပြစ်ကြနဲ့၊ ခိုးမှုတွေ ပြုလုပ်ပေးခြင်းဖြင့် ဖျက်မပြစ်ကြနဲ့၊ သောက်မှုတွေ ပြုလုပ်ပေးခြင်းဖြင့် ဖျက်မပြစ်ကြနဲ့၊ "စိတ်ကို စိတ်အတိုင်းတိုင်းထားကြ"။အကျင့်ပျက်တယ်၊ အကျင့်ပျက်တယ်ဆိုတာ သူတပါးအသက်ကို မသတ်သေးပဲ အသတ်အေးနေတဲ့စိတ်ကို သတ်မှုနဲ့ ဖျက်ပြစ်ကြတယ်၊ သူတပါးဥစ္စာကို မခိုးသေးပဲ အခိုးအေးနေတဲ့စိတ်ကို ခိုးမှုနဲ့ ဖျက်ပြစ်ကြတယ်။ သေရည်သေရက်ကို မသောက်သေးပဲ အသောက်အေးနေတဲ့စိတ်ကို သောက်မှုနဲ့ ဖျက်ပြစ်ကြတယ်။ အဲဒီတော့မှ အကျင့်ပျက်ကြတာ။"

ဟူ၍ အများသိနားလည်လွယ်သော စကားတို့ဖြင့် သုံးနှုန်း၍ ဆုံးမတော်မူခဲ့ပါသည်။

ဆရာတော်ဘုရားကြီးသည် သင်္ခါရတို့၏ သဘောကိုလည်း သိစေလိုသည်။ သင်္ခါရတို့မှ လွတ်နေသောသဘောကိုလည်း ပေါ်လွင်စေ

လိုသည်။ ဤသို့သခ်ါရတို့၏ လွှတ်ရာသဘောကို ပေါ်လွင်ထင်ရှားစွာ သိမြင်စေလိုသော စေတနာကြောင့်၊ "စိတ်-စိတ်အတိုင်းတိုင်းထား" ဟူသောစကားလုံးကို ရွေးချယ်သုံးနှုန်းခဲ့ခြင်းဖြစ်လေသည်။ (အဘယ့်ကြောင့်ဤစကားလုံးကိုမှ သုံးရသည်ကို နောက်ပိုင်းတွင်ထင်ရှားစေအံ့။)

ဥပမာ.... ဤနေရာတွင်ရှိသော သန်းပေါင်းများစွာ တန်သော ပတ္တမြားတွင်းကြီးမှ ပတ္တမြားများကို ဘယ်ကိုမှ မရောက်စေရန် စောင့်ရှောက်ထားကြ-ဟုဆိုလျှင် ပတ္တမြားတွင်းကြီးနှင့်တကွ ပတ္တမြားရတနာများကို သူ့နဂိုအတိုင်းတိုင်း ထားကြရုံမျှသာရှိသည်။ ရွှေ့မပေးရ၊ ယူငင်၍မပစ်ရ၊ ရွှေ့လျားလှုပ်ရှားစေမည့်အမှုတို့ကို မည်သည့်အမှုကိုမျှ မပြုလုပ်စေရ။

ထိုနည်းတူစွာပင် စိတ်ကိုစောင့်ရှောက်ထားကြဟူ၍ မြတ်စွာဘုရားက ဆုံးမတော်မူရာတွင် စိတ်ကို ပူပန်မှုတွေကို တွေးတော,ကြံစည်မပေးခြင်းဖြင့် စောင့်ရှောက်ထားကြ။ တောင့်တမှုတွေကို တွေးတော,ကြံစည်မပေးခြင်းဖြင့် စောင့်ရှောက်ထားကြ။ ကြောင့်ကျမှုတွေကို တွေးတော,ကြံစည်မပေးခြင်းဖြင့် စောင့်ရှောက်ထားကြ။ သာယာစရာ, သာယာမှုတွေကို တွေးတော,ကြံစည် မပေးခြင်းဖြင့် စောင့်ရှောက်ထားကြ။ သူတပါးအသက်ကို သတ်ခြင်းတို့ကို ပြုလုပ်မပေးခြင်းဖြင့် စောင့်ရှောက်ထားကြ။ သူတပါးဥစ္စာကို ခိုးယူခြင်းတို့ကို ပြုလုပ်မပေးခြင်းဖြင့် စောင့်ရှောက်ထားကြ။ မူးရစ်စေတတ်သော သေအရက်တို့ကို သောက်သုံးမပေးခြင်းဖြင့် စောင့်ရှောက်ထားကြ-ဟူ၍ ဆုံးမတော်မူခြင်းဖြစ်လေသည်။တနည်းအားဖြင့်ဆိုရသော်၊ ပြုလုပ်မပေးရသော အပြုရှင်း, အပြုကင်းစွာ ယင်း၏ပင်ကိုယ်အတိုင်းတိုင်း ထားခြင်းဖြင့် စောင့်ရှောက်ထားရန် ဖြစ်လေသည်။

## မလုပ်ရသောအကျင့်

လုပ်သောအကျင့်နှင့် မလုပ်သောအကျင့်ဟူ၍ ရှိရာတွင် လုပ်သောအကျင့်ကိုသာလျှင် အသိများကြ၏။ မလုပ်သောအကျင့်ကိုမူ သိသူ, သဘောပေါက်သူ အလွန်နည်း၏။ တနည်းဆိုရသော်....အတ္တအကျင့်နှင့် အနတ္တအကျင့် ဆိုရသော်....ပို၍ သင့်မည်ထင်၏။ အတ္တအကျင့်ဆိုသည်မှာ

ငြိမ်းအေးစေရန် ကာယ, ဉာဏ-စွမ်းအားတို့ဖြင့် ကိုယ်စွမ်းထုတ်၍ လုပ်သောအကျင့်ကိုဆိုသည်။ အနတ္တအကျင့်ဆိုသည်မှာ အတ္တအကျင့်နှင့် ဆန့်ကျင်ဖက်ဖြစ်၏။ ပင်ကိုယ်ငြိမ်းကို ငြိမ်းသည့်အတိုင်းတိုင်း ( မငြိမ်းစေမှုတို့ကို ပြုလုပ်မပေးတော့ပဲ )သိမြင်၍ ကျင့်သုံးပွားများနေသော အကျင့်ဖြစ်သည်။ "ကာမသုခလ္လိကာအစွန်း" နှင့် "အတ္တကိလမထအစွန်း" တည်းဟူသော အစွန်းနှစ်ဖက်မှလွတ်သော မဇ္ဈိမပဋိပဒါအကျင့် ဖြစ်သည်။

ဆေးလိပ်သောက်သော အကျင့် ရှိသောသူကိုမူ ဆေးလိပ်သောက်သော အကျင့် ရှိသည်ဟု လူတိုင်းပင် သိမြင်ကြ၏။ အသိလွယ်ကြ၏။ ဆေးလိပ်မသောက်သောသူကိုမူ ဆေးလိပ်မသောက်သော အကျင့်ရှိသည်ဟူ၍ မမြင်တတ်ကြ။ မသိတတ်ကြ။ ဤ၌ သောက်သောသူကို သောက်သောအကျင့်(ပြုလုပ်မှု နိမိတ်ပါနေသောကြောင့်)ရှိသည်ဟု သိလွယ်၏။ မသောက်သော အကျင့်ရှိသူကိုမူ(ပြုလုပ်မှု နိမိတ်ကင်းနေသောကြောင့်) အကျင့်ရှိသူဟု မမြင်၊ ဘာမျှမလုပ်သောသူဟုသာ မြင်၏။ နိမိတ်နောက်ကိုသာ လိုက်လေ့ရှိ၏။

ဤသည်မှာ ဘာဝနှင့် အ,ဘာဝကို မကွဲသောကြောင့် ဖြစ်၏၊ သောက်သောအကျင့်မရှိလျှင် မည်သည့်အကျင့် ရှိသနည်းဟု မေးလျှင်၊ မည်သည့်အကျင့်မျှမရှိဟူ၍ပင် လွယ်လွယ်(အ,ဘာဝ) ကိုသာ ဖြေကြ၏။ ဆေးလိပ်မသောက်လျှင် အသောက်အေးမှု (ဘာဝ) အကျင့်ရှိသည်ကို သတိချပ်သင့်ကြ၏။ များသောအားဖြင့် ဝေနေယျတို့သည်....

"လုပ်မှုအေးမှာ"

ကို သိမြင်လွယ်, လက်ခံလွယ်, ယုံကြည်လွယ်ကြသလောက်....

"လုပ်မှုအေးရာ"

ကိုမူ အသိခက်, အမြင်ခက် ဖြစ်နေကြလေသည်။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကား.... "လုပ်မှုအေးရာ"တည်းဟူသော ဝိသင်္ခါရတရား (ဝါ) အသင်္ခတ-တရားကို ဉာဏ်အမြင်ရှင်း လင်းလွယ်ကူစေလိုသော စေတနာတို့ဖြင့်၎င်း၊ သင်္ခါရအရိပ်, နိမိတ်ကင်းဆိတ်,

ရာ၊ရပ်ရာကို မြင်လိုသျှင်(အသုပ်သဘောအရ)ရပ်ကြည့်မှသာလျှင် မြင်နိုင်ပုံကို ကိုယ်တိုင်သိမြင်သည့်အတိုင်း သိစေလိုသော စေတနာတို့ဖြင့်၎င်း၊ ပူပန်စေတတ်သော ကိလေသာတရားတို့ကို တွေးတော ကြံစည်ပေးခြင်းတို့ဖြင့် ပြုလုပ်မပေးစေလိုသော စေတနာတို့ဖြင့်၎င်း "စိတ်-စိတ်အတိုင်းတိုင်းထား" ဟူသော စကားလုံးတို့ဖြင့် ဆုံးမတော်မူခြင်းဖြစ်လေသည်။

စိတ်ကို စိတ်အတိုင်းတိုင်းထား (ပညာယှဉ်၍ထား) ခြင်းဖြင့် ကိလေသာဘေးမှ ကင်းဝေးပုံ ဓမ္မပဒ ပါဠိတော်၌....

သုဒုဒ္ဒသံ သုနိပုဏံ၊ ယတ္ထ ကာမနိပါတိနံ။
စိတ္တံ ရက္ခေထ မေဓာဝီ၊ စိတ္တံ ဂုတ္တံ သုခါဝဟံ။

(ဓမ္မပဒပါဠိတော်၊စိတ္တဝဂ်၊ဆဋ္ဌမူ နှာ-၁၈။ဂါထာအပိုဒ် ၃၆)
(မြန်မာပြန်၊ဆဋ္ဌမူ နှာ-၁၈)

သုဒုဒ္ဒသံ၊ အလွန်မြင်နိုင်ခဲစွာထသော။ သုနိပုဏံ၊ အလွန်သိမ်မွေ့စွာထသော။ ယတ္ထကာမနိပါတိနံ၊ အလိုရှိရာအာရုံ၌ ကျလေ့ ရှိထသော။ စိတ္တံ၊ စိတ်ကို။ မေဓာဝီ၊ ပညာရှိသည်။ ရက္ခေထ၊ စောင့်ရှောက်ရာ၏။ ဂုတ္တံ၊ စောင့်၍လုံခြုံသော။ စိတ္တံ၊ စိတ်သည်။ သုခါဝဟံ၊ ချမ်းသာကို ဆောင်တတ်၏။

ဒူရင်္ဂမံ ဧကစရံ၊ အသရီရံ ဂုဟာသယံ။
ယေ စိတ္တံ သံယမိဿန္တိ၊ မောက္ခန္တိ မာရဗန္ဓနာ။

(ဓမ္မပဒပါဠိတော်၊ စိတ္တဝဂ်၊ ဆဋ္ဌမူ၊ နှာ ၁၈-ဂါထာအပိုဒ်-၃၇)
( မြန်မာပြန်၊ ဆဋ္ဌမူ၊ နှာ-၁၈ )

ဒူရင်္ဂမံ၊ ဝေးသောအရပ်၌ တည်သော အာရုံသို့လည်း သွားတတ်ထသော။ ဧကစရံ၊ တခုချုပ်ပြီးမှ တခုဖြစ်ထသော။အသရီရံ၊ကိုယ်လည်း မဟုတ်ထသော။ ဂုဟာသယံ၊ မဟာဘုတ် တည်းဟူသော လိုဏ်ဂူလျှင် တည်ရာရှိထသော။ စိတ္တံ၊ စိတ်ကို။ ယေ၊ အကြင်သူတို့သည်။ သံယမိဿန္တိ၊ စောင့်စည်းနိုင်ကုန်၏။ တေ၊ ထိုစိတ်ကို စောင့်စည်းနိုင်သော သူတို့သည်။ မာရဗန္ဓနာ၊ ကိလေသာမာရ်အန္ခောင်အဖွဲ့မှ။ မောက္ခန္တိ၊လွတ်ကုန်လတ္တံ့။

တဖန် နေတ္တိပါဠိတော်တွင်လည်း....

"တသ္မာ ရက္ခိတ စိတ္တဿ၊ သမ္မာသင်္ကပ္ပ ဂေါစရော။
သမ္မာဒိဋ္ဌိ ပုရေက္ခာရော၊ ဉတွာန ဥဒယဗ္ဗယံ။
ထိနမိဒ္ဓါဘိဘူ ဘိက္ခု၊ သဗ္ဗာ ဒုဂ္ဂတိယော ဇဟေ" တိ။

တသ္မာ ရက္ခိတစိတ္တဿာတိ = တိဏ္ဏံ သုစရိတာနံ ပဒဋ္ဌာနံ၊ စိတ္တေ ရက္ခိတေ တံ ရက္ခိတံ ဘဝတိ ကာယကမ္မံ ဝစီကမ္မံ မနောကမ္မံ။ သမ္မာဒိဋ္ဌိပုရေက္ခာရောတိ=သမ္မာဒိဋ္ဌိယာ ဘာဝိတာယ ဘာဝိတော ဘဝတိ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ ကေန ကာရဏေန၊ သမ္မာဒိဋ္ဌိတော ဟိ သမ္မာသင်္ကပ္ပေါ ပဘဝတိ၊သမ္မာသင်္ကပ္ပတော သမ္မာဝါစာ ပဘဝတိ၊ သမ္မာဝါစာတော သမ္မာကမ္မန္တော ပဘဝတိ၊ သမ္မာကမ္မန္တတော သမ္မာအာဇီဝေါ ပဘဝတိ၊ သမ္မာအာဇီဝတော သမ္မာဝါယာမော ပဘဝတိ၊သမ္မာဝါယာမတော သမ္မာသတိ ပဘဝတိ၊ သမ္မာသတိတော သမ္မာသမာဓိ ပဘဝတိ၊ သမ္မာသမာဓိတော သမ္မာဝိမုတ္တိ ပဘဝတိ၊ သမ္မာဝိမုတ္တိတော သမ္မာဝိမုတ္တိဉာဏဒဿနံ ပဘဝတိ။ အယံ အနုပါဒိသေသော ပုဂ္ဂလော အနုပါဒိသေသာ စ နိဗ္ဗာနဓာတု။

(နေတ္တိပါဠိတော်၊ ဆဋ္ဌမူ နှာ-၉၀)

ဆိုလိုသည်မှာ အထက်၌ဖော်ပြခဲ့သည့်အတိုင်း တောင်တောင် ဤဤ အလီလီတို့ကို တောင့်တမှု၊ ကြောင့်ကျမှုတို့ဖြင့် ကြံစည်မပေးပဲ အေးလျှင် အေးသည့်အတိုင်းတိုင်း၊ ငြိမ်းလျှင်-ငြိမ်းသည့်အတိုင်းတိုင်း ထားခြင်းဖြင့် စိတ်ကို စောင့်ရှောက်၍နေသော အကျင့်သည်သာလျှင် (ဝါ)ကျင့်သုံး၍ နေသော အကျင့်သည် သမ္မာဒိဋ္ဌိ၊သမ္မာသင်္ကပ္ပ၊သမ္မာဝါစာ၊သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာဝိမုတ္တိ၊ သမ္မာဝိမုတ္တိဉာဏဒဿန-အစရှိသည်တို့ ထင်ရှားဖြစ်ပေါ်၍ လာပြီးလျှင် အနုပါဒိသေသ တည်းဟူသော နိဗ္ဗာနဓာတ်သို့ တက်လှမ်းနိုင်မည် ဖြစ်ကြောင်းအတိအလင်း ဟောကြားတော်မူလေသည်။

ထို့ကြောင့် "စိတ်ကိုစိတ်အတိုင်းတိုင်းထား" ခြင်းဖြင့် (ဝါ)ကိလေသာဖြစ်စရာတို့ကို ကြံစည်၊ တွေးတော မပေးခြင်းဖြင့် စိတ်ကို စောင့်ရှောက်ထားကြရပေမည်။

# စရိယသုံးပါး။

တဏှာ, ဒိဋ္ဌိတို့ဖြင့် မမှီသောစိတ်၊ ဝါ၊ အတိုင်းတိုင်းနေသောစိတ်သည် ကိလေသာတို့မှ အေးငြိမ်းလျက်ရှိကြောင်းကို မြတ်စွာဘုရား ဟောကြားတော်မူသော ပါဠိတော်တို့ဖြင့် ကိုးကားရှုပြဆိုခဲ့ပေပြီ။ ဆက်လက်၍ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ စရိယနာနတ္တအခန်းတွင် ဟောကြားတော်မူခဲ့သည်တို့ကို ကိုးကားတင်ပြလိုပေသည်။ ၎င်းပါဠိတော်တွင် ကိလေသာတို့နှင့်မယှဉ်သော ဤစိတ်ကို "ဝိညာဏစရိယာ" ဟူသော အမည်နှင့် ဟောကြားတော်မူခဲ့လေသည်။

ကထံ စရိယာဝဝတ္ထာနေ ပညာစရိယာနာနတ္တေ ဉာဏံ။
စရိယာတိ တိဿော စရိယာယော ဝိညာဏစရိယာ အညာဏ
စရိယာ ဉာဏစရိယာ။ ။
(ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ စရိယာနာနတ္တ၊ နှာ-၇၇)

စရိယာဝဝတ္ထာနေ၊ သုံးပါးသော စရိယာတို့ကို ပိုင်းခြားမှတ်သားရာ၌။ ပညာ၊ ပညာသည်။ စရိယာနာနတ္တေဉာဏံ၊ စရိယာနာနတ္တဉာဏ် မည်သည်။ ကထံဟောတိ၊ အဘယ်သို့ ဖြစ်သနည်းဟူမူကား။

စရိယာတိတ္ထေ၊ စရိယာဟူသော ဤပုဒ်၌။ စရိယာယော၊ စရိယာတို့သည်။ ဝိညာဏစရိယာ၊ ဝိညာဉ်၏ဖြစ်ခြင်း ဝိညာဏစရိယာ၎င်း။ အညာဏစရိယာ၊ မသိမှုမောဟ၏ဖြစ်ခြင်း အညာဏစရိယာ၎င်း။ ဉာဏစရိယာ၊ အသိဉာဏ်၏ ဖြစ်ခြင်း ဉာဏစရိယာ၎င်း။ ဣတိ၊ ဤသို့။ တိဿော၊ သုံးပါးတို့တည်း။

၁။ ဝိညာဏစရိယ
၂။ အညာဏစရိယ
၃။ ဉာဏစရိယ
ဟူ၍ စရိယသုံးပါးရှိလေသည်။

**ဝိညာဏစရိယ**

**မြင်ခြင်းအကျိုးငှာ ဆင်ခြင်စိတ်၌ ကိလေသာမရှိ**

ကတမာ ဝိညာဏစရိယာ၊ ဒဿနတ္ထာယ
အာဝဇ္ဇနကိရိယာဗျာကတာ ဝိညာဏစရိယာ ရူပေသု။
( ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ နှာ-၇၇ )

ဝိညာဏစရိယာ၊ ဝိညာဏစရိယာသည်။ ကတမာ၊ အဘယ်နည်း။ ဒဿနတ္ထာယ၊ မြင်ခြင်းအကျိုးငှာ။ အာဝဇ္ဇနကိရိယာဗျာကတာ၊ နှလုံးသွင်းဆင်ခြင်မှု အာဝဇ္ဇန်းဟုဆိုအပ်သော ကိရိယာအဗျာကတစိတ်သည်။ ရူပေသု၊ ရူပါရုံတို့၌။ ဝိညာဏစရိယာ၊ ဝိညာဏစရိယမည်၏။

စက္ခုဝိညာဏ်စိတ်သည် ရူပါရုံကိုမြင်ဆဲ ပစ္စုပ္ပန်ခဏ၌ နှလုံးသွင်းဆင်ခြင်ခြင်းတွင် ကိလေသာဟူ မြူမျှမရှိသောကြောင့် ကိရိယာအဗျာကတစိတ်ခေါ်၏။ ကိလေသာမရှိသော ဤစိတ်သည်လည်း "ဝိညာဏစရိယ" မည်၏။

## မြင်နေသော အခိုက်အတန့်၌လည်း ကိလေသာမရှိ

ဒဿနဋ္ဌော စက္ခုဝိညာဏံ ဝိညာဏစရိယာ ရူပေသု။

( ပဋိသမ္ဘိဒါမဂ် ပါဠိတော်၊ နှာ-၇၇ )

ဒဿနဋ္ဌော၊ မြင်ခြင်းသဘောဟုဆိုအပ်သော။ ဝါ၊ မြင်ခြင်းသဘောရှိသော။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်သည်။ ရူပေသု၊ ရူပါရုံတို့၌။ ဝိညာဏစရိယာ၊ ဝိညာဏစရိယာမည်၏။

## မြင်ပြီးနောက် ထိုရူပါရုံ၏အဆင်း ရှေ့ရှုဘင်ပေးခြင်း၌လည်း ကိလေသာမရှိ

ဒိဋ္ဌတ္တာ အဘိနိရောပနာ ဝိပါကမနောဓာတု
ဝိညာဏစရိယာ ရူပေသု။ ။

( ပဋိသမ္ဘိဒါမဂ် ပါဠိတော်၊ နှာ-၇၇ )

ဒိဋ္ဌတ္တာ၊ မြင်အပ်ပြီးသည်၏ အဖြစ်ကြောင့်။ အဘိနိရောပနာ၊ မြင်အပ်ပြီးသော အဆင်းရူပါရုံသို့ ရှေ့ရှုတင်ခြင်း သဘောရှိသော။ ဝိပါကမနောဓာတု၊ ဝိပါကမနောဓာတ်မည်သော သမ္ပဋိစ္ဆိုင်းစိတ် (အာရုံကိုလက်ခံသောစိတ်)။ ဝါ၊ ရူပါရုံကို လက်ခံသောစိတ်သည်။ ရူပေသု၊ ရူပါရုံတို့၌။ ဝိညာဏစရိယာ၊ ဝိညာဏစရိယာမည်၏။

## မြင်စိတ် ('ဝိပါက်မနောဝိညာဏဓာတ်) ၌လည်း ကိလေသာမရှိ

အဘိနိရောပိတတ္တာ ဝိပါကမနောဝိညာဏဓာတု
ဝိညာဏစရိယာ ရူပေသု။ ။

(ပဋ္ဌာနသမ္ဘိဒါမဂ် ပါဠိတော်၊ နှာ-၇၇)

အဘိနိရောပိတတ္တာ၊ အဆင်းအာရုံသို့ ရှေးရှုတင်အပ်ပြီးသည်၏ အဖြစ်ကြောင့်။ (ပဝတ္တာ၊ ဖြစ်သော။) ဝိပါကမနောဝိညာဏဓာတု၊ ဝိပါကမနောဝိညာဏဓာတ်မည်သော သန္တီရဏစိတ်သည်။ ရူပေသု၊ ရူပါရုံတို့၌။ ဝိညာဏစရိယာ၊ ဝိညာဏစရိယာမည်၏။

(ကြွင်းသော ကြားမှု, နံမှု, စားမှု အစရှိသည်တို့၌လည်း ဤနည်းအတိုင်း သိပါလေ။)

## မြင်တိုင်းကြားတိုင်းကိလေသာမဖြစ်

ပဋိသမ္ဘိဒါမဂ်ပါဠိတော်တွင် ဤသို့ ဟောကြားတော်မူခဲ့သည်တို့ကို ထောက်၍ ယခုအခါတွင် မြင်ရုံ, ကြားရုံမျှဖြင့် ကိလေသာဖြစ်သည်ဟု ယူထားကြ၊ ပြောမှား, ဆိုမှားပြုနေကြခြင်းသည် ဤပါဠိတော်နှင့် ဆန့်ကျင်နေကြခြင်းကြောင့် မသင့်။ “စက္ခုံ ရူပေန သံဝါသာ ရာဂ ပုတ္တံ ဝိဇာယတိ” ဟူသောပါဠိတော်၏ အနက်ကိုလည်း မှားယွင်းစွာ ဖွင့်ဆိုကိုးကားကြလေသည်။

မျက်စိနှင့်အဆင်း (စက္ခုနှင့်ရူပါရုံ) တို့ တိုက်ဆိုင်ခဲ့သည်ရှိသော် ရာဂတည်းဟူသော သားကို ဖွားသည်ဟူ၍ အနက်ပြန်ဆိုကြပြီး မြင်ရုံ, ကြားရုံမျှနှင့် ရာဂတည်းဟူသော ကိလေသာဖြစ်သည်ဟု ယူဆ, ပြောဆိုနေကြသည်ကို များစွာပင် တွေ့မြင်နေရလေသည်။ စာရေးသူတို့နှင့်လည်း မကြာမကြာ ယင်းပြဿနာကို ဆွေးနွေးခဲ့ရသည်။ မြင်ရုံ,ကြားရုံမျှဖြင့် ကိလေသာမဖြစ်သေးကြောင်း ယုတ္တိအမျိုးမျိုးပြလျက် တင်ပြ,

ဆွေးနွေးသောအခါတွင်လည်း ၎င်းတို့သည် ဘဝင်မကျဖြစ်နေသည်ကို တွေ့ရတတ်သည်။

မြင်ရုံ့, ကြားရုံမျှဖြင့်ပင် ကိလေသာဖြစ်ရမည်ဆိုလျှင် ဘုရား,ရဟန္တာ တို့သည်လည်း နေ့စဉ်နှင့်အမျှ မြင်,ကြား,နံ,စား,ထိ,သိ-တို့နှင့် တွေ့ကြုံ နေရခြင်းကြောင့် ဘုရားရဟန္တာများလည်း ကိလေသာဖြစ်နေကြသည်ဟု ယူရပေတော့မည်။ ဤသို့ကားမဟုတ်ပါ၊ ၎င်းတို့ကိုးကားသော "စက္ခု ရူပေန သံဝါသာ ရာဂပုတ္တံ ဝိဇာယတိ" ဟူသော ပါဠိတော်ကလည်း မမှားပါ။ အမှန်စင်စစ် ယင်းပါဠိတော်ကို အနက်ပြန်ဆိုရာတွင် မှားယွင်း နေခြင်းမျှသာ ဖြစ်လေသည်။ အများအားဖြင့်လည်း ဤကဲ့သို့ ပြန်ဆို နေခြင်းတို့က များလေသည်။ ( ပမာဒလေခြင်း ) ဟုပင် ဆိုရမည် ထင်ပါသည်။

စာရေးသူတို့ ငယ်စဉ်ကလည်း ယင်းသို့ပင် ပြန်ဆိုသုံးနှုန်းခဲ့ကြသည်။ အမှားကြာတော့လည်း အမှန်ကဲ့သို့ ဖြစ်နေသည်ဆိုသော စကားကဲ့သို့ ပြုပြင်ပေးသည့်သူကလည်း ပြုပြင်၍မပေးကြခြင်းကြောင့် အမှန်ဟုပင် ထင်မြင်ယူဆကြပြီး အစဉ်အဆက် ပြောဆိုသုံးနှုန်းခဲ့ကြခြင်း ဖြစ်သည်ဟု ယူဆမိပါသည်။ အလားတူ အသုံးအနှုန်းများ မြန်မာပြည်တွင် အများ အပြားပင် ရှိလေသည်။ ယင်းကဲ့သို့ အမှားကြာတော့ အမှန်ဖြစ်ပြီး ထိုအမှားကိုပင် ပြောဆိုသုံးနှုန်းနေကြခြင်း၊ တွေးခေါ်,ယူဆခြင်းတို့ကို ပြုပြင်သင့်ကြပေပြီ။

မျက်စိနှင့် အဆင်း ( စက္ခုနှင့် ရူပါရုံ ) တို့ တွေ့ဆုံ,တိုက်ဆိုင်ခဲ့သည် ရှိသော် ရာဂတည်းဟူသောသား ဖွားတတ်သည်-ဟူ၍ ဆရာတော်ကြီး အချို့က အနက်ပေးကြ၏။ ဤအနက်သည်သာလျှင် ယထာဘူတ ကျသောအနက် ဖြစ်လေသည်။ ဖွားသည်နှင့် ဖွားတတ်သည်ဟူ၍ ကွဲလွဲ ခြင်းဖြစ်၏။ ဖွားတတ်သည်ဟု ပြန်ဆိုရမည့်အစား ဖွားသည်ဟု ပြန်ထား ကြ၏။ အမှုမဲ့ သာမန်ကြည့်လျှင် တူသယောင်ယောင် ရှိသော်လည်း အဓိပ္ပါယ်မှာ များစွာပင် ကွာခြားသွားလေသည်။

ဖွားသည်ဟူသော အသုံးအနှုန်းသည် တိတိကျကျ သုံးထားသော အသုံးအနှုန်းဖြစ်သည်။ ကေန်ဖြစ်သည်၊ အနေကန်မဟုတ်။ ဖွားသည်ဟု

တိတိကျကျ ကေန်အနေဖြင့် သုံးထားခြင်းကြောင့် ခြွင်းချက်မရှိပေ။ မျက်စိနှင့် ရူပါရုံတို့ တိုက်ဆိုင်လာပါက တိုက်ဆိုင်တိုင်း, တိုက်ဆိုင်တိုင်း မည်သည့်ပုဂ္ဂိုလ်ဖြစ်စေ ရာဂသားတည်းဟူသော ကိလေသာဖြစ်ရတော့မည်။ ဖြစ်ကို,ဖြစ်ရမည်ဟု ဆိုရာရောက်သည်။ ဖွားတတ်သည်ဟူသော စကားမှာ ကေန်မဟုတ်၊ အနေကန်ဖြစ်သည်။ ခြွင်းချက်ရှိသည်၊ တိုက်ဆိုင်တိုင်း ကိလေသာမဖြစ်၊ မြင်တိုင်းကိလေသာမဖြစ်။ ဖြစ်သည့်အခါဖြစ်၍၊ မဖြစ်သည့်အခါလည်းမဖြစ်။ ပုဂ္ဂိုလ်တိုင်းမှာလည်းမဖြစ်၊ အချို့သော ပုဂ္ဂိုလ်တို့တွင်ဖြစ်ပြီး အချို့သောပုဂ္ဂိုလ်တို့တွင် မဖြစ်ဟု အဓိပ္ပါယ်ရသည်။

မျက်စိနှင့်အဆင်းတို့ တိုက်ဆိုင်သည့်အခါတွင်-(ဝါ) မြင်သည့်အခါတွင် မသင့်သည်ကို နှလုံးသွင်းသော (အယောနိသော မနသိကာရ) အခါတွင်သာ ကိလေသာဖြစ်သည်။ သင့်တင့်စွာ နှလုံးသွင်းသော (ယောနိသောမနသိကာရ)အခါတွင် ကိလေသာမဖြစ်။ ပုဂ္ဂလအားဖြင့် ပြောရလျှင် အယောနိသောမနသိကာရ ရှိသူတို့သာ ကိလေသာဖြစ်သည်။ ယောနိသောမနသိကာရ ရှိသူတို့မှာ ကိလေသာမဖြစ်ပေ။ တနည်းပြောရလျှင် ချုပ်ငြိမ်းရာ, ချုပ်ငြိမ်းကြောင်း အကျင့်ဖြင့်နေသူတို့မှာ ကိလေသာမဖြစ်ပဲ၊ ချုပ်ငြိမ်းရာ,ချုပ်ငြိမ်းကြောင်းအကျင့်ဖြင့် မနေသူတို့သာ ကိလေသာဖြစ်လေသည်။

"ဖွား" နှင့် "သည်" အကြားတွင် "တတ်" ဟူသော စကားတလုံး ပြုတ်ကျန်ခဲ့ခြင်းကြောင့် အဓိပ္ပါယ်မည်မျှ ကွာခြား သွားကြောင်းကို သတိမူသင့်ကြသည်။ အနက်ပေးမှားခြင်းကြောင့် အသိမှား, အယူမှား ဖြစ်ကြရသည်။ အသိမှား, အယူမှားခြင်းကြောင့် အပြုမှားကြရပြန်တော့သည်။ ဆက်၍ဆက်၍ ဖြစ်ပေါ်လာရသော အကျိုးသက်ရောက်မှုတို့သည် မူလအမှန်နှင့် ဝေးသည်ထက်, ဝေးသွားကြရတော့သည်။

အလားတူစွာပင် ဗုဒ္ဓဝါဒီတို့၏ ပန်းတိုင်ဖြစ်သော နိဗ္ဗာန်နှင့်ပတ်သက်၍ ကောက်ယူပုံအမျိုးမျိုး၊ ဖွင့်ဆိုပုံအမျိုးမျိုးတို့ကြောင့် အသိအမျိုးမျိုး အယူအမျိုးမျိုးတို့ ဖြစ်ကြရ၏။ အသိအယူအမျိုးမျိုး ကွဲလွဲသည်နှင့်အမျှ ထိုနိဗ္ဗာန်သို့ ရောက်ရှိစေရန် (ဝါ)သိမြင်မျက်မှောက်ပြုစေရန် နည်းလမ်းအမျိုးမျိုးတို့ ကွဲလွဲကြပြီးလျှင် ဝိပဿနာအဖွဲ့ အမျိုးမျိုးတို့ ပေါ်ပေါက်၍ နေကြရခြင်းဖြစ်လေသည်။ ဤကားဖြစ်တတ်သောသဘောပင်တည်း။

## ပါပသ္မိံ ရမတိ မနော

အကြောင်းဆိုက်လာ၍ တဆက်တည်း ရှင်းလင်း တင်ပြလိုပေသည်။ ဓမ္မပဒပါဠိတော်၊ပါပဝဂ်တွင် "ပါပသ္မိံ ရမတိ မနော"ဟူ၍ ဟောကြားတော်မူခဲ့၏။ အနက်ပြန်ဆိုသောအခါတွင် မနော၊ စိတ်သည်။ ပါပသ္မိံ၊ မကောင်းမှု၌။ ရမတိ၊ မွေ့လျော်တတ်၏-ဟူ၍ရပေသည်။ (ဗုဒ္ဓသာသနာမှုတွင်လည်း ဤအတိုင်းပြန်ဆိုထားပါသည်) ဤအရာ၌လည်း အထက်က တင်ပြခဲ့သကဲ့သို့ပင် မှားယွင်းတတ်ကြသည်။ စိတ်သည် မကောင်းမှု၌ မွေ့လျော်၏ဟု ယူကြပြန်၏။ ဤအသိ,ဤအယူသည် ဤတွင်မရပ်သေးပဲ "ကျောက်သဘော် ဆရာတော်ဘုရားကြီး"က "စိတ်ကို စိတ်အတိုင်းတိုင်းထား" ဟူ၍ ဆုံးမသောအခါတွင် ဤဓမ္မပဒပါဠိတော်လာ "ပါပသ္မိံ ရမတိ မနော"ဟူသော ပါဠိတော်ကို ကိုးကား၍ ဆူကြ,ပွက်ကြပြန်သည်။ ထိုသူတို့က....

"စိတ်ဆိုတာ မကောင်းမှု၌သာ ပျော်မွေ့တာပဲ၊ စိတ်-စိတ်အတိုင်းတိုင်းသာထားလိုက်ရင် ထင်ရာတွေစိုင်းပြီး အရိုင်းတွေ ဖြစ်ကုန်ကြတော့မယ်။ စိတ်ဆိုတာက ထိန်းချုပ်နိုင်ကာမှ တော်ကာကျတာ၊ ဒီလိုသာထိန်းချုပ်ထားခြင်းမရှိပဲ စိတ်အတိုင်းတိုင်းထားရင် လုပ်ချင်ရာတွေ လုပ်ကုန်ကြတော့မယ်၊ဘုရားမှန်းမသိ၊တရားမှန်းမသိ၊သံဃာမှန်းမသိနဲ့ ဘယ်သူ့ကိုမှ ရိုသေရကောင်းမှန်းမသိတော့ပဲ ရိုင်းစိုင်းကုန်ကြတော့မှာပဲ၊ သာသနာတော်ကြီးတော့ ပျက်စီးကြရတော့မှာပဲ။ ဒီဝိတဏ္ဍဝါဒီ ကျောက်သဘော် ဆရာတော်ဘုရားကြီးကလဲ ဘုရားအရေတော်ကိုခြုံပြီး ပေါက်လွတ်ပဲစား အဓမ္မတရားတွေကို ဘာ့ကြောင့်များ ဟောရတာလဲ။လူတွေကလဲ နဂိုကမှ ရတနာသုံးပါးကို လေးစားရမှန်းမသိ၊ရိုသေရမှန်းမသိရတဲ့အထဲ ဒီတရားနဲ့သာဆိုရင်တော့ အကုန် အပါယ်ကို ကျကုန်တော့မှာပဲ" အစရှိသည်ဖြင့် ငြီးတွားကြ၊ ဝေဖန်ကြလေသည်။ ဝိပဿနာလောကတွင် ဂယက်ရိုက်ခတ်ကြလေသည်။

မွေ့လျော်တတ်သည်ဟူ၍ ပြန်ဆိုရမည့်အစား မွေ့လျော်သည် ဟူ၍ ပြန်ဆိုကြခြင်းကြောင့် အမှားများ ဆက်ခါ ဆက်ခါ ဖြစ်လာခြင်းဖြစ်လေသည်။

အကြောင်းရင်းကို ရှာလိုက်လျှင်လည်း "ပါပသ္မိံ ရမတိ မနော" ဟူသော ပါဠိကိုသာ အချို့တို့က မိမိတို့ အလိုရှိသလို ကောက်ယူနိုင်ရန် ရွေးထုတ်ပြီး ဘာသာ ပြန်လိုက်ကြ သဖြင့်သာ "မေ့ လျော့၏" "မေ့လျော့တတ်၏" ဟူသော ပြဿနာ ပေါ်လာခြင်း ဖြစ်ပါသည်။ ဆိုင်ရာပါဠိ တပုဒ်လုံးကိုရင်း၊ ထိုပါဠိကို ဟောရခြင်းအကြောင်းကိုရင်း၊ သိရှိပါက ထိုပါဠိပါ "ရမတိ" ဟူသော စကားမှ "မေ့လျော့တတ်၏" ဟူသော အဓိပ္ပါယ်ကိုသာ ဆောင်နေကြောင်း ပေါ်လွင်နေပါသည်။

ဓမ္မပဒပါဠိတော်တွင်....

အဘိတ္ထရေထ ကလျာဏေ၊
ပါပါ စိတ္တံ နိဝါရယေ။
ဒန္ဓံ ဟိ ကရောတော ပုညံ၊
ပါပသ္မိံ ရမတိ မနော။

ဟုလာရှိပါသည်။

( ဓမ္မပဒပါဠိတော်-ပါပဝဂ်၊ စူဠေကသာဋကဗြာဟ္မဏဝတ္ထု၊နှာ-၃၀ )

ဤဒေသနာကို ဟောကြားရခြင်း အကြောင်းမှာ အလွန် ဆင်းရဲ လှသော ဧကသာဋကပုဏ္ဏားသည် မြတ်စွာဘုရားတရားကို နာကြားရ၍ အလွန်သဒ္ဓါတရားဖြစ်မိသဖြင့် မိမိ၏ တထည်တည်းသောတဘက်ကို လှူရန် ညဉ့်ဦးယံကတည်းက အကြံဖြစ်လာ၏။ သို့ရာတွင် ဤတဘက်ကို လှူလိုက်ပါက မိမိမှာ ခြုံစရာ လွှားစရာ မရှိဖြစ်မည်ကို သတိရပြန်၍ မလှူမိပဲ ဖြစ်ပြန်၏။

ဤသို့လျှင် ချီတုံ ချတုံဖြင့် ညဉ့်ဦးယံမှသည် သန်းခေါင်ယံ၊ သန်းခေါင်ယံမှသည် မိုးသောက်ယံသို့ ရောက်ခဲ့၏။ မိုးသောက်ယံကျမှ မိမိစိတ်ကို ချိုးနှိမ်,ဆုံးမကာ ရတ်ချင်းထ၍ လှူလိုက်တော့၏။

ဤအချက်ကို သိမြင်တော်မူသော ဘုရားရှင်က ထို ပုဏ္ဏားအား ကုသိုလ်ကောင်းမှုပြုလိုက မကောင်းစိတ်များ မဝင်မှီ လျှင်လျှင်မြန်မြန် ပြုသင့်ကြောင်းကို ဟောတော်မူသည်။

အထက်ပါ ဂါထာ၏ အနက်သည်ကား....

ကလျာဏ၊ ကုသိုလ်ကောင်းမှုတို့ကို။ အဘိတ္ထရေထ၊ လျှင်စွာလျှင်စွာ ပြုလုပ်ကြရာ၏။ ပါပါ၊ မကောင်းမှုမှ။ စိတ္တံ၊ စိတ်ကို။ နိဝါရယေ၊ တားမြစ်ရာ၏။ ဟိ၊ ထိုစကားကို ထင်ရှားစွာ ပြဆိုဦးအံ့။ ဒန္ဓံ၊ နှေးနှေးကန်ကန်။ ပုညံ၊ ကောင်းမှုကို။ ကရောတော၊ ပြုသောသူ၏။ စိတ္တံ၊ စိတ်သည်။ ပါပသ္မိံ၊ မကောင်းမှု၌။ ရမတိ၊ မွေ့လျော်တတ်၏။

အထက်ဝတ္ထုကြောင်းနှင့်အနက်အဓိပ္ပါယ်ကို ကြည့်ခြင်းဖြင့် "ကုသိုလ်ကောင်းမှုပြုလိုလျှင် မကောင်းစိတ် ဝင်မလာအောင် မြန်မြန်ပြုကြ။ နှေးဆေးနေက မကောင်းစိတ် ဝင်လာတတ်၏" ဟု အဓိပ္ပါယ် ပေါ်လွင်နေပါသဖြင့် ရမတိဟူသော ပါဠိမှာ "မွေ့လျော်၏" ဟူသော "ကေန်" သဘောမဟုတ် "မွေ့လျော်တတ်၏" ဟူသော အနေကန် သဘောပင်ဖြစ်ကြောင်း ထင်ရှားလှတော့သည်။

## ဝိညာဏစရိယ

စရိယနာနတ္တအခန်း၊ ဝိညာဏစရိယကိုဆက်ဦးအံ့ -

ဝိညာဏစရိယာတိ ကေနဋ္ဌေန ဝိညာဏစရိယာ။

ဝိညာဏစရိယာတိတွေ၊ ဝိညာဏစရိယဟူသော ဤပုဒ်၌။ ကေနဋ္ဌေန၊ အဘယ်အကြောင်းကြောင့်။ ဝါ၊ အဘယ်အနက်ကြောင့်။ ဝိညာဏစရိယာ၊ ဝိညာဏစရိယာ မည်သနည်း။

နီရာဂါ စရတီတိ ဝိညာဏစရိယာ၊
နိဒ္ဒေါသာ စရတီတိ ဝိညာဏစရိယာ၊
နိမ္မောဟာ စရတီတိ ဝိညာဏစရိယာ၊
နိမ္မာနာ စရတီတိ ဝိညာဏစရိယာ၊
နိဒ္ဒိဋ္ဌိ စရတီတိ ဝိညာဏစရိယာ၊
နိဥဒ္ဓစ္စာ စရတီတိ ဝိညာဏစရိယာ၊
နိဗ္ဗိစိကိစ္ဆာ စရတီတိ ဝိညာဏစရိယာ၊
နာနုသယာ စရတီတိ ဝိညာဏစရိယာ၊

ရာဂဝိပ္ပယုတ္တာ စရတီတိ ဝိညာဏစရိယာ၊
ဒေါသဝိပ္ပယုတ္တာ စရတီတိ ဝိညာဏစရိယာ၊
မောဟဝိပ္ပယုတ္တာ စရတီတိ ဝိညာဏစရိယာ၊
မာနဝိပ္ပယုတ္တာ စရတီတိ ဝိညာဏစရိယာ၊
ဒိဋ္ဌိဝိပ္ပယုတ္တာ စရတီတိ ဝိညာဏစရိယာ၊
ဥဒ္ဒစ္စဝိပ္ပယုတ္တာ စရတီတိ ဝိညာဏစရိယာ၊
ဝိစိကိစ္ဆာဝိပ္ပယုတ္တာ စရတီတိ ဝိညာဏစရိယာ၊
ကုသလေဟိ ကမ္မေဟိ သမ္ပယုတ္တာ စရတီတိ ဝိညာဏစရိယာ၊
အကုသလေဟိ ကမ္မေဟိ ဝိပ္ပယုတ္တာ စရတီတိ ဝိညာဏစရိယာ၊
သာဝဇ္ဇေဟိ ကမ္မေဟိ ဝိပ္ပယုတ္တာ စရတီတိ ဝိညာဏစရိယာ၊
အနဝဇ္ဇေဟိ ကမ္မေဟိ သမ္ပယုတ္တာ စရတီတိ ဝိညာဏစရိယာ၊
ကဏှေဟိ ကမ္မေဟိ ဝိပ္ပယုတ္တာ စရတီတိ ဝိညာဏစရိယာ၊
သုက္ကေဟိ ကမ္မေဟိ သမ္ပယုတ္တာ စရတီတိ ဝိညာဏစရိယာ၊
သုခုဒြယေဟိ ကမ္မေဟိ သမ္ပယုတ္တာ စရတီတိ ဝိညာဏစရိယာ၊
ဒုက္ခုဒြယေဟိ ကမ္မေဟိ ဝိပ္ပယုတ္တာ စရတီတိ ဝိညာဏစရိယာ၊
သုခဝိပါကေဟိ ကမ္မေဟိ သမ္ပယုတ္တာ စရတီတိ ဝိညာဏစရိယာ၊
ဒုက္ခဝိပါကေဟိ ကမ္မေဟိ ဝိပ္ပယုတ္တာ စရတီတိ ဝိညာဏစရိယာ၊
ဝိညာတေ စရတီတိ ဝိညာဏစရိယာ၊
ဝိညာဏဿ ဧဝရူပါ စရိယာ ဟောတီတိ ဝိညာဏစရိယာ၊
ပကတိပရိသုဒ္ဓမိဒံ စိတ္တံ နိက္ကိလေသဋ္ဌေနာတိ ဝိညာဏစရိယာ။
အယံ ဝိညာဏစရိယာ။

(ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ နှာ-၇၇-၇၈)

နိရာဂါ၊ ရာဂကင်းသည်ဖြစ်၍၊ စရတိ၊ ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိညာဏစရိယာ၊ ဝိညာဏစရိယာမည်၏။နိဒ္ဒေါသာ၊ဒေါသကင်းသည်ဖြစ်၍။ နိမ္မောဟာ၊ မောဟကင်းသည်ဖြစ်၍ ။နိမ္မာနာ၊ မာနကင်းသည်ဖြစ်၍။ နိဒ္ဒိဋ္ဌိ၊ ဒိဋ္ဌိကင်းသည်ဖြစ်၍။ နိဥဒ္ဒစ္စာ၊ ဥဒ္ဒစ္စကင်းသည်ဖြစ်၍။ နိဗ္ဗိစိကိစ္ဆာ၊ ဝိစိကိစ္ဆာကင်းသည်ဖြစ်၍။ နာနုသယာ၊ အနုသယကင်းသည်ဖြစ်၍။ စရတိ၊ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိညာဏစရိယာ၊ဝိညာဏစရိယမည်၏။

ရာဂဝိပ္ပယုတ္တာ၊ ရာဂနှင့်မယှဉ်သည်ဖြစ်၍ ။ပ။ အနုသယဝိပ္ပယုတ္တာ၊ အနုသယနှင့်မယှဉ်သည်ဖြစ်၍။ စရတိ၊ ဖြစ်တတ်၏။ ဣတိတသ္မာ ထို့ကြောင့်။ ဝိညာဏစရိယာ၊ ဝိညာဏစရိယာမည်၏။

ကုသလေဟိ၊ ကုသိုလ်ဖြစ်ကုန်သော။ ကမ္မေဟိ၊ကံတို့နှင့်။ သမ္ပယုတ္တာ၊ ယှဉ်သည်ဖြစ်၍ ။ပ။ အကုသလေဟိ၊ အကုသိုလ်ဖြစ်ကုန်သော။ သာဝဇ္ဇေဟိ၊ အပြစ်ရှိကုန်သော။ ကမ္မေဟိ၊ ကံတို့နှင့်။ ဝိပ္ပယုတ္တာ၊ မယှဉ်သည် ဖြစ်၍ ။ပ။ အနဝဇ္ဇေဟိ၊ အပြစ်မရှိကုန်သော။ ကမ္မေဟိ၊ ကံတို့နှင့်။ သမ္ပယုတ္တာ၊ယှဉ်သည်ဖြစ်၍။ပ။ကဏှေဟိ၊ မည်းညစ်ကုန်သော။ ကမ္မေဟိ၊ ကံတို့နှင့်။ ဝိပ္ပယုတ္တာ၊ မယှဉ်သည်ဖြစ်၍ ။ပ။ သုက္ကေဟိ၊ ဖြူစင်ကုန်သော။ သုခုဒြယေဟိ၊ ချမ်းသာသော-ကောင်းသောဖြစ်ခြင်းရှိကုန်သော။ ကမ္မေဟိ၊ကံတို့နှင့်။ သမ္ပယုတ္တာ၊ ယှဉ်သည်ဖြစ်၍ ။ပ။ ဒုက္ခုဒြယေဟိ၊ ဆင်းရဲကို တိုးပွားစေတတ်သောကံတို့နှင့် မယှဉ်သည်ဖြစ်၍။ ချမ်းသာသော အကျိုးရှိကုန်သော ကံတို့နှင့်ယှဉ်သည်ဖြစ်၍။ ဆင်းရဲသောအကျိုးကို ပေးတတ်ကုန်သောကံတို့နှင့် မယှဉ်သည်ဖြစ်၍။ စရတိ၊ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ဝိညာဏစရိယာ၊ဝိညာဏစရိယာမည်၏။

ဝိညာတေ၊ သိအပ်သောအာရုံ၌။ စရတိ၊ဖြစ်တတ်၏။ ဝိညာဏဿ၊ ဝိညာဏ်၏၊ဧဝရူပါ၊ ဤသို့သဘောရှိသော။ စရိယာ၊ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ထို့ကြောင့်။ ဝိညာဏစရိယာ၊ ဝိညာဏ စရိယမည်၏။ **နိက္ကိလေသဋ္ဌေန၊ ကိလေသာမရှိသောသဘောအားဖြင့်။ ဣဒံစိတ္တံ၊ ဤစိတ်သည်။ ပကတိပရိသုဒ္ဓံ၊ ပကတိ အားဖြင့် စင်ကြယ်၏။** ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိညာဏစရိယာ၊ ဝိညာဏစရိယာမည်၏။ အယံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား။ဝိညာဏစရိယာ၊ဝိညာဏစရိယာမည်၏။

အချုပ်အားဖြင့် ဆိုရသော် ဤပဋိသမ္ဘိဒါမဂ်ပါဠိတော်တွင် ဟောကြားတော်မူသော ဝိညာဏစရိယဟူသည် နေတ္တိပါဠိတော်ကြီးတွင် ဟောကြားတော်မူသော အနိဿိတစိတ္တနှင့် ဝိဘင်းပါဠိတော်ကြီးတွင် ဟောကြားတော်မူသော ဝီတရာဂစိတ်နှင့် ဝိမုတ္တစိတ်တို့ကိုပင် အမည်တမျိုးဖြင့် ဟောတော်မူခြင်း ဖြစ်လေသည်။ ဤစိတ်ကိုပင် ဆရာတော်ဘုရားကြီးက အရပ်သုံးစကားတို့ဖြင့် "အတိုင်းတိုင်းနေဇသာစိတ်" ဟူ၍ ဟောကြား

တော်မူခြင်း ဖြစ်လေသည်။ မြင်, ကြား, နံ, စား, ထိ,သိ-တို့တွင် ကိလေသာယှဉ်, မယှဉ်ကို မိမိတို့သာလျှင် အသိဆုံးဖြစ်၏။ ကိလေသာမယှဉ်က ဝိညာဏစရိယာသာတည်း။

ဝိညာဏစရိယသည် အတ္တမဟုတ်သော အနတ္တအနေနှင့် ရှိနေသည် မှန်သော်လည်း ၎င်းကို သိတတ်,မြင်တတ်သောဥာဏ်။ဝါ၊ ဉာဏစရိယ ရှိမှသာလျှင် တန်ဘိုးရှိ၍ မသိမမြင်သော အညာဏစရိယ ဖြစ်နေပါက တန်ဘိုးရှိ၍ ရှိနေမှန်းမသိတတ်ကြချေ။ ဥပမာ.... မိမိ၏လက်တွင်း၌ ရှိနေသော ရွှေဒင်္ဂါးကို ရွှေဒင်္ဂါးဟူ၍ မသိပဲ ကြေးပြားထင်မှတ်၍ နေသောသူသည် မသုံး, မစားရဘိသကဲ့သို့ပင်တည်း။

ဆိုခဲ့သော ဝိညာဏစရိယကို ပေါ်လွင်ထင်ရှားစွာ သိမြင်စေရန်၎င်း၊ စရိယသုံးပါးစလုံးကို ပြည့်ပြည့်ဝဝ သိရှိစေရန်၎င်း ကျန်သောအညာဏစရိယတို့ကို ဆက်လက်၍ တင်ပြအပ်ပါသည်။

## အ ညာ ဏ စ ရိ ယ

ကတမာ အညာဏစရိယာ၊ မနာပိယေသု ရူပေသု
ရာဂဿ ဇဝနတ္ထာယ အာဝဇ္ဇနကိရိယာဗျာကတာ
ဝိညာဏစရိယာ၊ ရာဂဿ ဇဝနာ အညာဏစရိယာ။

(ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ နှာ-၄၈)

အညာဏစရိယာ၊ အညာဏစရိယာသည်။ ကတမာ၊ အဘယ်နည်း။ မနာပိယေသု၊ နှလုံးကို ပွားစေတတ်ကုန်သော။ ရူပေသု၊ ရူပါရုံတို့၌။ ရာဂဿ၊ ရာဂ၏။ ဇဝနတ္ထာယ၊ ဖြစ်ခြင်းအကျိုးငှါ။ အာဝဇ္ဇနကိရိယာဗျာကတာ၊ နှလုံးသွင်းဆင်ခြင်မှု အာဝဇ္ဇန်းဟုဆိုအပ်သော ကိရိယာအဗျာကတစိတ်သည်။ ဝိညာဏစရိယာ၊ ဝိညာဏစရိယာမည်၏။ ရာဂဿ၊ ရာဂ၏။ ဇဝနာ၊ ဖြစ်ခြင်းသည်။ အညာဏစရိယာ၊ အညာဏစရိယမည်၏။

( ကြွင်းသော သဒ္ဒေသု၊ ဂန္ဓေသု၊ ရသေသု၊ စသည်တို့၌လည်း အထက်နည်းအတိုင်းယူပါ )

အညာဏစရိယာတိ ကေနဋ္ဌေန အညာဏစရိယာ။

အညာဏစရိယာတိတွေ၊ အညာဏစရိယ ဟူသောပုဒ်၌။ ကေနဋ္ဌေန၊ အဘယ်မည်သော အနက်ကြောင့်။ အညာဏစရိယာ၊ အညာဏစရိယာ မည်သနည်း။

သဒေါသာ စရတီတိ အညာဏစရိယာ၊....အညာတေ စရတီတိ အညာဏစရိယာ၊ အညာဏဿ ဝေရူပါ စရိယာ ဟောတီတိ အညာဏစရိယာ။ အယံအညာဏစရိယာ။
( ရှည်အံ့စိုး၍ ပါဠိကိုအကုန်မပြတော့ပြီ၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော် နှာ-၇၉၊ အပိုဒ်-၇၀-တွင်ယူလေ။)

သရာဂါ၊ ရာဂနှင့် တကွဖြစ်၍။ သဒေါသာ၊ ဒေါသနှင့် တကွဖြစ်၍။ သာနုသယာ၊ အနုသယနှင့် တကွဖြစ်၍။ ရာဂသမ္ပယုတ္တာ၊ ရာဂနှင့် ယှဉ်သည်ဖြစ်၍။ အနုသယသမ္ပယုတ္တာ၊ အနုသယနှင့် ယှဉ်သည်ဖြစ်၍။ ကုသလေဟိ ကမ္မေဟိ ဝိပ္ပယုတ္တာ၊ ကုသိုလ်ကံတို့နှင့်မယှဉ်သည်ဖြစ်၍။ အကုသိုလ်ကံတို့နှင့် ယှဉ်သည်ဖြစ်၍။ အပြစ်ရှိသောကံတို့နှင့် ယှဉ်သည်ဖြစ်၍။ အပြစ်မရှိသောကံတို့နှင့် မယှဉ်သည်ဖြစ်၍။ စရတိ၊ ဖြစ်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အညာဏစရိယာ၊ အညာဏစရိယာမည်၏။

အညာတေ၊ အမှန်အတိုင်းမသိအပ်သောအာရုံ၌။ စရတိ၊ ဖြစ်တတ်၏။ အညာဏဿ၊ ဉာဏ်၏ဆန့်ကျင်ဘက် မောဟ၏။ ဝေရူပါ၊ ဤသို့ သဘောရှိသော။ စရိယာ၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့် အညာဏစရိယာ၊ အညာဏစရိယမည်၏။ အယံ၊ ဤဆိုအပ်ပြီးသည်ကား။ အညာဏစရိယာ၊ အညာဏစရိယတည်း။

အချုပ်အားဖြင့် ဆိုရသော် အဝိဇ္ဇာတည်းဟူသော မောဟပင်ဖြစ်၏။ မောဟအကြောင်းခံခြင်းကြောင့်ဖြစ်သော ဝိညာဏ်သည် အညာဏစရိယပင်တည်း။

## ဉာဏစရိယ

ကတမာ ဉာဏစရိယာ၊ အနိစ္စာနုပဿနတ္ထာယ
အာဝဇ္ဇနကိရိယာဗျာကတာ ဝိညာဏစရိယာ၊
အနိစ္စာနုပဿနာ ဉာဏစရိယာ။ ။
(ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ နှာ-၈၀)

ဉာဏစရိယာ၊ ဉာဏစရိယာသည်။ ကတမာ၊ အဘယ်နည်း။အနိစ္စာနုပဿနတ္ထာယ၊ မမြဲဟုရှုသော အနိစ္စာနုပဿနာအကျိုးငှါ။ ဝါ၊ အမြဲမရှိပုံကို သိမြင်သော ဝိပဿနာဉာဏ် ဖြစ်စေခြင်းအကျိုးငှါ။ အာဝဇ္ဇနကိရိယာဗျာကတာ၊ နှလုံးသွင်းဆင်ခြင်မှု အာဝဇ္ဇန်းဟု ဆိုအပ်သော ကိရိယာအဗျာကတသည်။ ဝိညာဏစရိယာ၊ ဝိညာဏစရိယာမည်၏။ အနိစ္စာနုပဿနာ၊အနိစ္စာနုပဿနာသည်။ဝါ၊ အမြဲမရှိဟုရှုမြင်ခြင်းသည်။ ဉာဏစရိယာ၊ ဉာဏစရိယာမည်၏။

အနိစ္စနုပဿနာ ဉာဏစရိယာ၊ အနိစ္စကို အဖန်တလဲလဲ ရှုမြင်ခြင်းသည်၊ ဉာဏစရိယာမည်၏။

ဒုက္ခနုပဿနာ ဉာဏစရိယာ၊ ဒုက္ခကို အဖန်တလဲလဲ ရှုမြင်ခြင်းသည်၊ ဉာဏစရိယာမည်၏။

အနတ္တနုပဿနာ ဉာဏစရိယာ၊ အနတ္တကို....
နိဗ္ဗိဒါနုပဿနာ ဉာဏစရိယာ၊ ငြီးငွေ့ခြင်းကို....
ဝိရာဂါနုပဿနာ ဉာဏစရိယာ၊ ရာဂကင်းခြင်းကို....
နိရောဓာနုပဿနာ ဉာဏစရိယာ၊ ချုပ်ခြင်းကို....
ပဋိနိဿဂ္ဂါ နုပဿနာ ဉာဏစရိယာ၊ စွန့်ခြင်းကို....
ခယာနုပဿနာ ဉာဏစရိယာ၊ ကုန်ခန်းခြင်းကို....
ဝယာနုပဿနာ ဉာဏစရိယာ၊ ပျက်ခြင်းကို....
ဝိပရိဏာမာ နုပဿနာ ဉာဏစရိယာ၊ ဖောက်ပြန်ခြင်းကို....
အနိမိတ္တာနုပဿနာ ဉာဏစရိယာ၊ နိမိတ်ကင်းခြင်းကို....
အပ္ပဏိဟိတာ နုပဿနာ ဉာဏစရိယာ၊ တဏှာဟူသော တောင့်တခြင်းကို....
သုညတနုပဿနာ ဉာဏစရိယာ၊ သုဉ်းဆိတ်ခြင်းကို....
အဓိပညာ နုပဿနာ ဉာဏစရိယာ၊ အဓိပညာကို အဖန်တလဲလဲ ရှုခြင်းအကျိုးငှါဖြစ်သော။....
ယထာဘူတာ နုပဿနာ ဉာဏစရိယာ၊ ယထာဘူတဉာဏ်ကို....
အာဒိနဝါ နုပဿနာ ဉာဏစရိယာ၊ အပြစ်ကို....
ပဋိသင်္ခါနုပဿနာ ဉာဏစရိယာ၊ ဆင်ခြင်ခြင်းကို....

ဤဆိုအပ်ခဲ့သော အလုံးစုံသည် ဉာဏစရိယ တရားများဖြစ်ကြ၏။ မဂ်လေးပါး, ဖိုလ်လေးပါးတို့သည်လည်း ဉာဏစရိယပင်ဖြစ်၏။ အချုပ်ကားအမှန်တရားတို့ကို အမှန်တရားအတိုင်းတိုင်း သိသောဉာဏ်သည် ဉာဏစရိယမည်၏။

ထိုဉာဏစရိယတို့သည် အောက်ပါအနက်သဘောတို့ရှိကြ၏။

ရာဂကင်းသောသဘော

ဒေါသကင်းသောသဘော

မောဟကင်းသောသဘော

မာနကင်းသောသဘော

ဒိဋ္ဌိကင်းသောသဘော

ဥဒ္ဓစ္စကင်းသောသဘော

ဝိစိကိစ္ဆာကင်းသောသဘော

အနုသယကင်းသောသဘော

အချုပ်အားဖြင့်သော်ကား ယထာဘူတဉာဏ်၊ ဝိဇ္ဇာဉာဏ်၊ သမ္မာဒိဋ္ဌိဉာဏ်၊ ပဋိဝေဓဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်-အစရှိသော လောကုတ္တရာနှင့်စပ်သော ဉာဏ်တို့ကိုပင် တနည်းမှတ်ခေါ်ထားခြင်း ဖြစ်၏။

ထိုတရားသဘောသည် ဝိညာဏစရိယသည် တခြား၊ အညာဏစရိယသည် တခြား၊ ဉာဏစရိယသည် တခြားဟု ဤသို့သိတတ်သော အနက်သဘောကြောင့် ဉာဏ်မည်၏။ ခွဲခြား၍သိတတ်သော အနက်သဘောကြောင့် ပညာမည်၏။ ထို့ကြောင့် စရိယတို့ကို ပိုင်းခြားမှတ်သားခြင်း၌ဖြစ်သောပညာသည် စရိယာနာနတ္တဉာဏ်မည်၏။

ဤဉာဏစရိယကို ရရှိမှသာလျှင် ဝိညာဏစရိယတည်းဟူသော၊ ကိလေသာတို့နှင့်မယှဉ်သော ပကတိစိတ်ဝိညာဏ်ကိုလည်း သိနိုင်၏။ ကိလေသာ

တို့နှင့်ယှဉ်သော အညာဏစရိယတည်းဟူသော ဝိကတိစိတ်ဝိညာဏ်ကို လည်း သိနိုင်၏။ ဆိုလိုသည်မှာ....ပညာဝိမုတ္တ ဖြစ်ရန်သာလျှင် အဓိက ဖြစ်၏။ ကိလေသာတို့မှ လွတ်နေသော်လည်း ပညာဝိမုတ္တ မဖြစ်ပါက၊ တနည်း လွတ်ကင်း၍ နေပါတကားဟူသော ဉာဏ်ယှဉ်ခြင်းမရှိပါက အဗျာကတသာ ဖြစ်နေပေမည်။

ဥပမာ.... အိပ်ပျော်နေသောသူသည် ရာဂလည်းမဖြစ်၊ ဒေါသလည်း မဖြစ်၊ ပူပန်ခြင်းလည်းမဖြစ်၊ တောင့်တခြင်းလည်းမဖြစ်၊ ကြောင့်ကျခြင်း လည်းမဖြစ်။ ဤသို့မဖြစ်သော်လည်း ရာဂ, ဒေါသ-စသည်တို့မှ မိမိ၏ စိတ်သည် ကင်းလွတ်၍နေပါတကားဟူ၍ လွတ်ကင်းသည်ကိုလည်း မသိ၊ ဖြစ်နေသည်ကိုလည်း မသိခြင်းကြောင့် အဗျာကတသာလျှင် ဖြစ်၏။ ဉာဏစရိယမဖြစ်။

# အကြောင်းပြု၍ အကျိုးပေါ်သည်

အဝိဇ္ဇာ အကြောင်းခံခဲ့သည်ရှိသော်၊ တနည်း....အဝိဇ္ဇာ ဦးစီးခဲ့သည် ရှိသော်၊ ကိလေသာ တည်းဟူသော သံသရာလည်ပတ်ပုံ နှင့် အဝိဇ္ဇာ အကြောင်းမခံခဲ့သည်ရှိသော်၊ တနည်း....ဝိဇ္ဇာဉာဏ် ဦးစီးခဲ့သည်ရှိသော်- သံသရာပြတ်၍ ရပ်ပုံတို့ကို သိမြင်စေခြင်းငှါ မြတ်စွာဘုရားသည် ပဋိစ္စ သမုပ္ပါဒ် ဒေသနာတော်ကို ဟောကြားတော်မူခဲ့လေသည်။

ဤဒေသနာတော်သည် အကြောင်းကြောင့် အကျိုးဖြစ်ပုံနှင့် ယင်း အကြောင်းပြတ်က အကျိုးရပ်ပုံတို့ကို သေချာစွာ ဟောကြားထားသော ဒေသနာတော်ဖြစ်၏။ နိဗ္ဗာန်မှတပါး မည်သည့်သဘောတရားမှ အကြောင်းမရှိပဲ အကျိုးတရားတို့ မဖြစ်နိုင်၊ အကြောင်းတွေ ပြုပြုပေး နေခြင်းကြောင့်သာ အကျိုး တရားတို့ ဖြစ်ပေါ်ကြရ၏။ အချို့သူတို့ ယူသကဲ့သို့ ( အနုသယ ) အပါအဝင် ကိလေသာတို့သည် အလိုလို ရှိနေ သည်ဟူသော အယူသည် မြတ်စွာဘုရားနှင့် ဆန့်ကျင်သော အယူသာ ဖြစ်ကြောင်း သတိရှိအပ်၏။

> အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏ ပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ သဠာယတန ပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ ။

( နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်၊ ဗုဒ္ဓဝဂ်၊ ပဋိစ္စသမုပ္ပါဒသုတ် နှာ-၂၄၃)

မသိမှုအဝိဇ္ဇာ အကြောင်းကြောင့် ပြုလုပ်မှုသင်္ခါရတို့ ဖြစ်ကုန်၏။ သင်္ခါရအကြောင်းကြောင့် သိမှုဝိညာဏ်ဖြစ်ရ၏။ ဝိညာဏ် အကြောင်း ကြောင့် နာမ်ရုပ်ဖြစ်ရ၏။ နာမ်ရုပ်အကြောင်းကြောင့် တည်ရာအာယတန ခြောက်ပါးဖြစ်ရ၏။ အာယတနခြောက်ပါး အကြောင်းကြောင့် တွေ့ထိမှု ဖဿဖြစ်ရ၏။ ဖဿအကြောင်းကြောင့် ခံစားမှုဝေဒနာဖြစ်ရ၏။ ဝေဒနာ

အကြောင်းကြောင့် တပ်မက်မှုတဏှာ ဖြစ်ရ၏။ တဏှာ အကြောင်းကြောင့် ပြင်းစွာစွဲလမ်းမှု ဥပါဒါန်ဖြစ်ရ၏။ ဥပါဒါန်အကြောင်းကြောင့် ဘဝဖြစ်ရ၏။ ဘဝအကြောင်းကြောင့် ဇာတိဖြစ်ရ၏။ ဇာတိအကြောင်းကြောင့်အိုမှုဇရာ,သေမှုမရဏ,စိုးရိမ်မှုသောက,ငိုကြွေးမှုပရိဒေဝ,ဆင်းရဲမှုဒုက္ခ,နှလုံးမသာမှု ဒေါမနဿ, ပြင်းစွာပင်ပန်းမှု ဥပါယာသတို့ ဖြစ်ကြရ၏။ ဤသို့လျှင် အလုံးစုံသော ထိုဆင်းရဲအစု ဖြစ်ပွား၏။

## ဝိဇ္ဇာဉာဏ်ဦးစီးက သံသရာအကျိုးဆက် ပြတ်ခြင်း

ဤကား....မသိမှု အဝိဇ္ဇာ အကြောင်းခံပေးခြင်းကြောင့် ပေါ်လာရသော ဓမ္မသဘာဝ,ဓမ္မနိယာမတို့ဖြစ်၏။ချမ်းသာမဖက် ဆင်းရဲသက်သက်တို့သာတည်း။ အဝိဇ္ဇာ အကြောင်းခံမပေးလျှင်(ဝါ)သိမှုတည်းဟူသော ဝိဇ္ဇာဉာဏ် ဦးစီးထားလျှင် အကျိုးဆက်တရားများ ချုပ်ကြောင်းကိုလည်း အောက်ပါအတိုင်း ဟောကြားတော်မူခဲ့လေသည်။

> အဝိဇ္ဇာယ တွေဝ အသေသ ဝိရာဂနိရောဓါ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓါ ဝိညာဏနိရောဓော၊ ဝိညာဏနိရောဓါ နာမရူပနိရောဓော၊နာမရူပနိရောဓါ သဠာယတနနိရောဓော၊သဠာယတနနိရောဓါ ဖဿနိရောဓော၊ ဖဿနိရောဓါ ဝေဒနာနိရောဓော၊ ဝေဒနာနိရောဓါ တဏှာနိရောဓော၊ တဏှာနိရောဓါ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓါ ဘဝနိရောဓော၊ ဘဝနိရောဓါ ဇာတိနိရောဓော၊ ဇာတိနိရောဓါ ဇရာ,မရဏ,သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတီတိ။ ။

(နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊ ဗုဒ္ဓဝဂ်၊ ပဋိစ္စသမုပ္ပါဒသုတ် နှာ-၂၄၄)

အဝိဇ္ဇာ အကြွင်းမဲ့ချုပ်ခြင်းကြောင့် သင်္ခါရချုပ်ရ၏။ သင်္ခါရ ချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်ရ၏။ ဝိညာဏ်ချုပ်ခြင်းကြောင့် နာမ်ရုပ်ချုပ်ရ၏။ နာမ်ရုပ်ချုပ်ခြင်းကြောင့် အာယတနချုပ်ရ၏။ အာယတန ချုပ်ခြင်းကြောင့် ဖဿချုပ်ရ၏။ ဖဿချုပ်ခြင်းကြောင့် ဝေဒနာချုပ်ရ၏။ ဝေဒနာ ချုပ်ခြင်းကြောင့် တဏှာ ချုပ်ရ၏။ တဏှာ ချုပ်ခြင်းကြောင့်

ဥပါဒါန်ချုပ်ရ၏။ ဥပါဒါန်ချုပ်ခြင်းကြောင့် ဘဝချုပ်ရ၏။ ဘဝချုပ်ခြင်းကြောင့်ဇာတိချုပ်ရ၏။ဇာတိချုပ်ခြင်းကြောင့် ဇရာ,မရဏ,သောက, ပရိဒေဝ, ဒုက္ခ,ဒေါမနဿ,ဥပါယာသတို့သည် ချုပ်ကြရကုန်၏-ဟု ဟောတော်မူလေသည်။

ဤသို့ ဟောကြားတော်မူသော ပါဠိတော်အရ မသိမှုအဝိဇ္ဇာပြုတ်သော် (ဝါ) သိမှုဝိဇ္ဇာ ဦးစီးထားသော်၊ ဆင်းရဲဒုက္ခ အဝဝတို့ပြုတ်သည်မှာ ထင်ရှားလှ၏။ထို့ကြောင့် အဝိဇ္ဇာကိုဖယ်ရှားရန် အရေးကြီး၏။ အဝိဇ္ဇာကို ဖယ်ရှားသည်ဟူရာ၌ အဝိဇ္ဇာကို တမင်ဖယ်ရှားနေရသည် မဟုတ်၊ အလင်းရောင်ရောက်လျှင် အမှောင်အလိုလို ပျောက်ဘိသကဲ့သို့ သိမှု တည်းဟူသော ဝိဇ္ဇာဉာဏ်ရောက်လျှင် မသိမှု အဝိဇ္ဇာ အလိုလို ပျောက်ရ၏။

အဝိဇ္ဇာဟူသည် အဘယ်နည်း....။

> ဒုက္ခေ အဉာဏံ၊ဒုက္ခသမုဒယေ အဉာဏံ၊ ဒုက္ခနိရောဓေ အဉာဏံ၊ ဒုက္ခနိရောဓဂါမိနိပဋိပဒါယ အဉာဏံ၊ အယံ ဝုစ္စတိ ဘိက္ခဝေ အဝိဇ္ဇာ။

(မဟာဝဂ္ဂသံယုတ်ပါဠိတော်၊သစ္စသံယုတ်၊ဓမ္မစက္ကပဝတ္တနဝဂ်၊ နှာ-၃၇၆)

အဓိပ္ပါယ်မှာ....ဒုက္ခဆင်းရဲကို မသိခြင်း၊ ဒုက္ခဆင်းရဲ၏ဖြစ်ကြောင်းကိုမသိခြင်း၊ ဒုက္ခဆင်းရဲ၏ ချုပ်ငြိမ်းရာကို မသိခြင်း၊ ဒုက္ခဆင်းရဲ၏ ချုပ်ငြိမ်းရာ,ချုပ်ငြိမ်းကြောင်းအကျင့်ကို မသိခြင်း၊ ရဟန်းတို့....ဤမသိခြင်းကို အဝိဇ္ဇာဟူ၍ ခေါ်ဆိုအပ်၏။ အရိယသစ္စာလေးပါးကို မသိခြင်းကိုပင် အဝိဇ္ဇာဟူ၍ခေါ်ဆိုရ၏။

ဝိဇ္ဇာဟူသည် အဘယ်နည်း....။

> ဒုက္ခေ ဉာဏံ၊ ဒုက္ခသမုဒယေ ဉာဏံ၊ ဒုက္ခနိရောဓေ ဉာဏံ၊ ဒုက္ခနိရောဓဂါမိနိပဋိပဒါယ ဉာဏံ၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဝိဇ္ဇာ။

(မဟာဝဂ္ဂသံယုတ်ပါဠိတော်၊သစ္စသံယုတ်၊ဓမ္မစက္ကပဝတ္တနဝဂ်၊ နှာ-၃၇၆)

ဒုက္ခဆင်းရဲကိုသိခြင်း၊ ဒုက္ခဆင်းရဲ၏ ဖြစ်ကြောင်းကိုသိခြင်း၊ ဒုက္ခဆင်းရဲ၏ ချုပ်ငြိမ်းရာကိုသိခြင်း၊ ဒုက္ခဆင်းရဲ၏ ချုပ်ငြိမ်းရာ, ချုပ်ငြိမ်းကြောင်းအကျင့်ကို သိခြင်း၊ ရဟန်းတို့.. ဤသိခြင်းကို ဝိဇ္ဇာဟူ၍ ခေါ်ဆိုအပ်၏။ အရိယသစ္စာလေးပါးကို သိခြင်းကိုပင် ဝိဇ္ဇာဟူ၍ ခေါ်ဆိုရ၏။

ဤအဝိဇ္ဇာသည် နိစ္စအမြဲအနေနှင့် တည်ရှိနိုင်သော တရားမျိုးမဟုတ်၊ သပ္ပုရိသ သံသေဝတည်းဟူသော ဆရာကောင်းနှင့် မတွေ့မီသာလျှင်၊ (ဝါ)အရိယာသူတော်ကောင်းတို့၏ အရိယသစ္စာလေးပါး မြတ်တရားကို မနာကြားရသေးခြင်းကြောင့် မသိမြင်သေးမီ အတွင်းမှာသာလျှင် ယင်းအဝိဇ္ဇာရှိ၍ အရိယာသူတော်ကောင်းတို့၏ တရားကို နာယူကျင့်သုံးခြင်းကြောင့် အရိယသစ္စာလေးပါးတို့ကို ကိုယ်တိုင်ဒိဋ္ဌ သိမြင်သောအခါတွင် အဝိဇ္ဇာပျောက်၍ ဝိဇ္ဇာဉာဏ် ရောက်ရတော့၏။ အဝိဇ္ဇာသည်လည်း အမြဲမရှိနိုင်ကြောင်းကို....

အဝိဇ္ဇာ ဘိက္ခဝေ အနိစ္စာ သင်္ခတာ ပဋိစ္စသမုပ္ပန္နာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာ။

(နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊ နိဒါနသံယုတ်၊ အာဟာရဝဂ်ပစ္စယသုတ်၊ ဆဋ္ဌမူ၊ နှာ-၂၆၅။ မြန်မာပြန်၊ဆဋ္ဌမူ၊နှာ-၂၅၀)

ဟူ၍ဟောတော်မူသည်။

"ရဟန်းတို့....အဝိဇ္ဇာသည် မမြဲ၊ ပြုစီရင်ခံရ၏။ အကြောင်းတရားကို စွဲ၍ဖြစ်၏။ ကုန်ခြင်းသဘောရှိ၏။ ပျက်စီးခြင်း သဘောရှိ၏။ ကင်းပြတ်ခြင်းသဘောရှိ၏။ ချုပ်ခြင်းသဘောရှိ၏" ဟု ဟောတော်မူ၏။

ဤသို့ ဟောတော်မူချက်ကို ထောက်သောအားဖြင့် မသိမှုအဝိဇ္ဇာသည် ဝေနေယျတို့၏ သန္တာန်၌ အမြဲတစေ ရှိနေသည်ဟူ၍ မယူအပ်။ အလိုအလျောက် ဖြစ်ပေါ်လာနိုင်သော စွမ်းအားသတ္တိ လုံးဝမရှိ။ ပြုစီရင်ခံရ၏။ အကြောင်းတရားကိုစွဲ၍ ဖြစ်ပေါ်လာရခြင်းကို သိအပ်၏။ အဝိဇ္ဇာသည် အကြောင်းကြောင့်ဖြစ်ခြင်းကို မြတ်စွာဘုရားသည် အောက်ပါအတိုင်း ဟောကြားတော်မူလေသည်။

## အဝိဇ္ဇာ၏ အကြောင်း

အဝိဇ္ဇမ္ပာဟံ ဘိက္ခဝေ သာဟာရံ ဝဒါမိ၊
နောအနာဟာရံ၊ ကောစာဟာရော အဝိဇ္ဇာယ၊
ပဉ္စနီဝရဏာတိဿ ဝစနီယံ။ ။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ဒသကနိပါတ်၊ ယမကဝဂ်၊ အဝိဇ္ဇာသုတ်၊
ဆဋ္ဌမူ၊ နှာ-၃၄၆။ မြန်မာပြန်၊ ဆဋ္ဌမူ၊ နှာ-၃၄၄။)

ရဟန်းတို့....အဝိဇ္ဇာကိုလည်း အကြောင်းနှင့်တကွ ဖြစ်၏ဟု ငါဆို၏။ အကြောင်းမရှိဟု ငါမဆို။ အဝိဇ္ဇာ၏ အကြောင်းကား အဘယ်နည်း။ နီဝရဏငါးပါးတည်းဟု ဟောတော်မူ၏။ တဖန် မူလပဏ္ဏာသပါဠိတော်တွင်လည်း....

အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော၊
အာသဝနိရောဓာ အဝိဇ္ဇာနိရောဓော။

(မူလပဏ္ဏာသပါဠိတော်၊ မူလပရိယာယဝဂ်၊ သမ္မာဒိဋ္ဌိသုတ်
ဆဋ္ဌမူ၊ နှာ-၆၇-မြန်မာပြန်၊ ဆဋ္ဌမူ၊ နှာ-၇၄။)

ဟူ၍ ဟောတော်မူလေသည်။

အာသဝေါတရားတို့ ဖြစ်ခြင်းကြောင့် အဝိဇ္ဇာဖြစ်၏။ အာသဝေါတရားတို့ ချုပ်ငြိမ်းခြင်းကြောင့် အဝိဇ္ဇာချုပ်ငြိမ်းရ၏။

သင်္ဂြိုဟ်၊ ပစ္စည်းပိုင်း၊ ပဋိစ္စသမုပ္ပါဒ်နည်းမှာလည်း....

"အာသဝါနံ သမုပ္ပါဒါ၊ အဝိဇ္ဇာစ ပဝတ္တတိ။"

ဟူ၍ ပြထားပါသည်။

အာသဝါနံ၊ အာသဝေါတရားတို့၏။ သမုပ္ပါဒါ၊ ဖြစ်ခြင်းကြောင့်။ အဝိဇ္ဇာစ၊ အဝိဇ္ဇာသည်လည်း။ ပဝတ္တတိ၊ ဖြစ်၏။

ဤပါဠိတော်အရ အဝိဇ္ဇာအကျိုးတရားသည် အာသဝအကြောင်းကြောင့် ဖြစ်ကြောင်း ထင်ရှားလှပါသည်။

အာသဝတရားတို့သည် အဘယ်မှာဖြစ်သနည်း ဆိုသော် စိတ်မှာပင် ဖြစ်ရ၏။ စိတ်မပါလျှင် အာသဝတို့ ဖြစ်၍မရ။ ယင်းအာသဝဖြစ်သော စိတ် (အာသဝစိတ်) ပင်လျှင် အမြဲတစေ ရှိနေနိုင်သည်မဟုတ်၊ အာရုံ ပြုပေးမှု၊ အယောနိသော မနသိကာရ တည်းဟူသော သခါရအမှု ထူထောင်ပေးမှု (ဝါ) ကြံစည်, တွေးတောပေးမှသာလျှင် ဖြစ်ပေါ် လာရ၏။ ဖြစ်ပြီးလျှင်လည်း ပျက်ကြရ၏။ ထူထောင်မပေးမီကလည်း ရှိနှင့်နေသော တရားမဟုတ်သည်ကို ဉာဏ်ဖြင့် သိအပ်၏။

အဝိဇ္ဇာနှင့် အာသဝတို့ အပြန်အလှန် ကျေးဇူးပြုနေကြောင်းကိုလည်း အောက်ပါအတိုင်း ဟောကြားတော်မူလေသည်။

အဝိဇ္ဇာ သမုဒယာ အာသဝသမုဒယော၊
အဝိဇ္ဇာ နိရောဓာ အာသဝနိရောဓော။

(မူလပဏ္ဏာသပါဠိတော်၊ မူလပရိယာယဝဂ်၊ သမ္မာဒိဋ္ဌိသုတ်၊
ဆဋ္ဌမူ၊ နှာ-၆၇၊ မြန်မာပြန် ဆဋ္ဌမူ နှာ-၇၅။)

အဝိဇ္ဇာဖြစ်ခြင်းကြောင့် အာသဝေါတရားဖြစ်သည်။ အဝိဇ္ဇာချုပ် ငြိမ်းခြင်းကြောင့် အာသဝေါတရားတို့ ချုပ်ငြိမ်းသည်-ဟု ဗုဒ္ဓမြတ်စွာ ဘုရား ဟောကြားတော်မူခဲ့လေသည်။

အမှန်ကို အမှန်အတိုင်းတိုင်း၊ တရားကို တရားအတိုင်းတိုင်း မသိမမြင် ကြသောကြောင့် အမှန်ကို အမှားထင်၊ အမှားကို အမှန်ထင်ကြပြီးလျှင် မြင်, ကြား, နံ, စား, ထိ, သိ-တို့အပေါ်၌ ထင်ချင်သလိုထင်၊ မြင်ချင်သလို မြင်၍ ယူချင်သလိုယူ နေကြခြင်းဖြစ်၏။

စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။
တိဏ္ဏံ သင်္ဂတိ ဖဿော။ ဖဿပစ္စယာ ဝေဒနာ။
ဝေဒနာပစ္စယာ တဏှာ။ အယံ ဒုက္ခဿ သမုဒယော။ ။

(သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်၊ သဠာယတနသံယုတ်၊ယောဂက္ခေမိဝဂ်။
ဥပဿုတိသုတ်၊ ဆဋ္ဌမူ၊ နှာ-၃၁၀။ မြန်မာပြန်၊ ဆဋ္ဌမူ၊ နှာ-၃၀၃။)

စက္ခုပသာဒကိုရင်း၊ ရူပါရုံတို့ကိုရင်း စွဲ၍၊ စက္ခုဝိညာဏ်သည် ဖြစ်၏။ (စက္ခု,ရူပါရုံ, စက္ခုဝိညာဏ်) သုံးပါးသောတရားတို့၏ ပေါင်းဆုံခြင်းသည် "ဖဿ" မည်၏။ ဖဿဟူသော အကြောင်းကြောင့် "ဝေဒနာ" သည် ဖြစ်၏။ ဝေဒနာဟူသော အကြောင်းကြောင့် "တဏှာ" သည် ဖြစ်၏။ ဤသည်ကား ဆင်းရဲဒုက္ခ၏ ဖြစ်ကြောင်းပေတည်း။ (အခြားသော-သောတ, ဃာန-စသည်တို့အတွက်လည်း ဤအတိုင်းပင် လာရှိလေသည်။

မြင်မှု, ကြားမှု-စသော ပဉ္စဝိညာဏ်တို့သည် မဂ်ဖြင့်ပယ်သတ်၍ မရသော အပဟာတဗ္ဗတရားများ ဖြစ်ကြသည်။ အကျိုးဝိပါက် အဗျာကတ တရားတို့ဖြစ်သည်။ ပဉ္စဝိညာဏ်တို့သည် မချုပ်စကောင်းသော တရားတို့ဖြစ်ကြသည်။ "စိတ်-စိတ်အတိုင်းတိုင်းထား" ဟူသော အဆုံးအမကို သဘောမပေါက်သူတို့သည် ဤမြင်,သိမှု၊ ကြား,သိမှု-စသော ပဉ္စဝိညာဏ်တို့ပင်လျှင် မဖြစ်ပေါ်ရဟူ၍ ယူကြပြီးလျှင် ယင်းမြင်,သိမှု၊ ကြား,သိမှုတို့ပင် မဖြစ်ပေါ်စေရန် ကြိုးစားအားထုတ်ကြသည်ကို တွေ့ရ၏။ အချို့ကလည်း ဤသို့ယူကြပြီးလျှင် "စိတ်-စိတ်အတိုင်းတိုင်းထား" ဟူသည်မှာ မဖြစ်နိုင်ပါဟူ၍လည်း ဆိုကြပြန်၏။

အကျိုးဝိပါက်တည်းဟူသောပဉ္စဝိညာဏ်တို့ကို အကျိုးတရားကိုအကျိုးတရားအတိုင်းတိုင်းထားကာ ယင်းအကျိုးတရားတို့အပေါ်၌ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသောအလိုတဏှာတို့ဖြင့် အကြောင်းပြုမပေးတော့ပဲ (ပြုလျှင်ဖြစ်လာတတ်သော တဏှာကိုလည်း အသိဉာဏ်က ဦးစီးထားခြင်းကြောင့်) အကျိုးတရားအတိုင်းတိုင်းထား၍။ ဝါ၊ ဝေဒနာမှ တဏှာသို့မကူးစေတော့ပဲ၊ တဏှာသို့ကူးစေရန် အကြောင်းတရားတို့ ပြုလုပ်မပေးတော့ပဲ၊ အပြုအေးသည့်အတိုင်းတိုင်း အသိဉာဏ်ဦးစီးလျက် (တနည်း) ဉာဏ်ယှဉ်လျက် အကျိုးတရားအတိုင်းတိုင်း ထားသည်ကိုသာ ဆိုလိုကြောင်း သဘောပေါက်သင့်ပေသည်။

ယင်းသို့ ဝိဇ္ဇာဉာဏ်ဦးစီး၍ ထားခြင်းကြောင့်၊ တဏှာဖြစ်ပေါ်ခွင့် မရခြင်းကြောင့်၊ ကျန်အကျိုးဆက်တရားတို့သည်လည်း အဆင့်ဆင့်ချုပ်ငြိမ်းကြောင်းကို....

ကတမောစ ဘိက္ခဝေ ဒုက္ခဿ အတ္ထင်္ဂမော။
စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။
တိဏ္ဏံ သင်္ဂတိ ဖဿော။ ဖဿပစ္စယာ ဝေဒနာ။
ဝေဒနာပစ္စယာ တဏှာ။ တဿာယေဝ တဏှာယ
အသေသ ဝိရာဂနိရောဓာ ဥပါဒါန နိရောဓော။ ဥပါဒါန
နိရောဓာ ဘဝနိရောဓော။ ဘဝနိရောဓာ ဇာတိနိရောဓော။
ဇာတိနိရောဓာ ဇရာ,မရဏ, သောက, ပရိဒေဝ, ဒုက္ခ,
ဒေါမနဿု ပါယာသာ နိရုဇ္ဈန္တိ။ ဧဝမေတဿ
ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။
အယံ ဒုက္ခဿ အတ္ထင်္ဂမော။ ။

(သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်၊ သဠာယတနသံယုတ်၊ ယောဂက္ခေမိဝဂ်၊
ဥပဿုသုတ်၊ ဆဋ္ဌမူ၊ နှာ-၃၁၀။ မြန်မာပြန် ဆဋ္ဌမူ၊ နှာ-၃၀၃၊)

ဟူ၍ ဟောကြားတော်မူလေသည်။

"ရဟန်းတို့.... ဆင်းရဲဒုက္ခ၏ ချုပ်ကြောင်းသည် အဘယ်နည်း ဟူမူကား.... စက္ခုပသာဒကိုငင်း၊ ရူပါရုံကိုငင်းစွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏။ သုံးခုသောတရားတို့၏ ပေါင်းဆုံခြင်းသည် ဖဿမည်၏။ ဖဿဟူသော အကြောင်းကြောင့် ဝေဒနာသည်ဖြစ်၏။ ဝေဒနာဟူသော အကြောင်းကြောင့် တဏှာသည်ဖြစ်၏။ ထိုတဏှာ၏သာလျှင်(ဝိဇ္ဇာဉာဏ် ဦးစီးထားခြင်းကြောင့်) အရိယာမဂ်ဖြင့်ချုပ်ခြင်းကြောင့် ဥပါဒါန်၏ ချုပ်ခြင်းသည် ဖြစ်၏။ ဥပါဒါန်၏ချုပ်ခြင်းကြောင့် ဘဝချုပ်၏။ ဘဝချုပ်ခြင်းကြောင့် ဇာတိချုပ်၏။ ဇာတိချုပ်ခြင်းကြောင့် အိုခြင်း, သေခြင်း, စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ဆင်းရဲခြင်း, နှလုံးမသာယာခြင်း, ပြင်းစွာပူပန်ခြင်းတို့သည် ချုပ်ကုန်၏။ ဤသို့ အလုံးစုံသော ထိုဆင်းရဲဒုက္ခအစု၏ ချုပ်ခြင်းသည် ဖြစ်၏။ ရဟန်းတို့.... ဤသည်ကား ဆင်းရဲဒုက္ခ ချုပ်ခြင်းပေတည်း။"(သောတ၊ဃာနစသည်တို့အတွက်လည်း ဤအတိုင်း ပင်ဟောတော်မူလေသည်။)

အမှန်ကို အမှန်အတိုင်းတိုင်း မသိမမြင်သော အဝိဇ္ဇာဦးစီးထားပါက ရပ်၍မနေတော့ပဲ ဝေဒနာမှသည် တဏှာအထိ ကူးစက်သွားပြီးလျှင်

အဆက်ဆက်သော အကျိုးတရားတို့ ဖြစ်ပေါ်လာရတော့၏။မြင်,ကြား, နံ့, စား စသည်တို့အပေါ်၌ ဝေဒနာတွင်မနေတော့ပဲ သုခဝေဒနာ ဖြစ်သော် ယင်းသုခဝေဒနာ၌ လိုချင်တပ်မက်သော အလိုနှင့်တကွ ခံစား ခြင်းလောဘဖြစ်၏။ ဒုက္ခဝေဒနာဖြစ်သော် ၎င်းဝေဒနာ၌ အလိုမကျ သောစိတ်နှင့်တကွ ခံစားခြင်းဒေါသဖြစ်၏။ ထိုဒုက္ခ,သုခဝေဒနာတို့၌ လောဘဖြစ်၍လည်း ဖြစ်မှန်းမသိ၊ ဒေါသဖြစ်၍လည်း ဖြစ်မှန်းမသိ၊ လောဘ, ဒေါသတို့ချုပ်၍လည်း ချုပ်မှန်းမသိပဲ အမူမဲ့ အမှတ်မဲ့နေလျှင် မောဟဖြစ်၏။ ထိုသို့ဖြစ်ကြောင်းကို....

> စက္ခုဉ္စ ဘိက္ခဝေ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။
> တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ
> သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ။သော သုခါယ ဝေဒနာယ
> ဖုဋ္ဌော သမာနော အဘိနန္ဒတိ အဘိဝဒတိ အဇ္ဈောသာယ
> တိဋ္ဌတိ။ တဿ ရာဂါနုသယော အနုသေတိ။ ။
>
> (ဥပရိပဏ္ဏာသပါဠိတော် ဆဆက္ကသုတ်၊ ဆဋ္ဌမူ၊ နှာ-၃၃၂၊
> မြန်မာပြန်၊ ဆဋ္ဌမူ၊ နှာ-၃၃၂။

ဟူ၍ဟောကြားတော်မူလေသည်။

"ရဟန်းတို့....စက္ခုပသာဒကိုင်၎်း၊ ရူပါရုံကိုင်၎်း၊ စွဲ၍ စက္ခုဝိညာဏ် သည်ဖြစ်၏။ ထိုသုံးပါးတို့ပေါင်းဆုံခြင်းကြောင့် ဖဿဖြစ်၏။ ဖဿဟူ သောအကြောင်းကြောင့် ခံစားတတ်သော သုခဝေဒနာသည်၎င်း၊ ဒုက္ခ ဝေဒနာသည်၎င်း၊ ဥပေက္ခာ ဝေဒနာသည်၎င်း ဖြစ်၏။ ထိုပုဂ္ဂိုလ်သည် သုခဖြစ်သော ဝေဒနာသည် တွေ့ထိအပ်သည်ရှိသော် (ဝိဇ္ဇာဉာဏ် းမထားခြင်းကြောင့်) အလွန်နှစ်သက်၏။ အလွန်ကောင်း၏ဟု ပြောဆို၏။သက်ဝင်၍တည်၏။ထိုပုဂ္ဂိုလ်အား၊ရာဂါနုသယသည်ကိန်း၏"

အလိုကျမှု၊ မကျမှုတို့နှင့် တွေးတောကြံစည်ပေးလျှင် လောဘနှင့် ဒေါသကိလေသာတို့ဖြစ်၍၊ ထိုသို့ကြံစည်တွေးတော ပေးခြင်းလည်းမပြု၊ (ပညာယှဉ်၍ ငြိမ်းနေပါကလားဟုလည်း မသိပဲ)အမူမဲ့ အမှတ်မဲ့ နေခြင်း သည်လည်း မောဟကိလေသာတို့သာ ဖြစ်၏။ "စိတ်အတိုင်းတိုင်းထား"

ဟူသည် ထိုအစွန်းနှစ်ဖက်မှ လွတ်၍နေသော၊ ဉာဏ်ပညာတည်းဟူသော အသိဉာဏ်ဝိဇ္ဇာဦးစီး၍နေသော စိတ်ကိုသာဆိုသည်။

ပရမတ္ထတရားတို့၏ နိယာမသဘောကို ယထာဘူတကျကျ သိမြင်နေခြင်းကြောင့် အကျိုးတရားတို့အပေါ်၌ နောက်ထပ်တဖန် ထပ်မံ၍ အကြောင်းတရားတို့ ပြုလုပ်မပေးတော့ပဲ သခါရတရားတို့၏ လွတ်ရာ....၊ ဝါ၊ ကိလေသာတရားတို့၏မရှိရာ၊ ကင်းရာ၊ ကုန်ရာ၊ ချုပ်ငြိမ်းရာကို မြင်လျက် ချုပ်ငြိမ်းသည့်အတိုင်းတိုင်း၊ လွတ်သည့်အတိုင်းတိုင်း (လွတ်နေပါကလားဟု ဉာဏ်ယှဉ်လျက်) အသိဉာဏ်ယှဉ်လျက်-ယှဉ်လျက်၊ ကျင့်သုံးနေထိုင်ခြင်းကိုသာလျှင် ဆိုလိုခြင်းဖြစ်လေသည်။

## အရိယာပုဂ္ဂိုလ်နှင့်ခံစားမှု

ဝေဒနာနှင့် ပတ်သက်၍ အချို့သောသူတို့က အရိယာပုဂ္ဂိုလ်များသည် သုခ, ဒုက္ခဟူသော ဝေဒနာကို မခံစားကြရတော့ဟူ၍ ပြောဆိုယူမှတ်ကြ၏။ အမှန်မှာ ရဟန္တာများပင်လျှင် သုခ, ဒုက္ခဝေဒနာများကို ခံစားရသေး၏။ ယင်းသုခ, ဒုက္ခဝေဒနာတို့အပေါ်၌ နှစ်သက်မှု၊ မနှစ်သက်မှုတို့ကိုသာ ပယ်စွန့်ကြ၏။ ဤသို့ ရဟန္တာ ပုဂ္ဂိုလ်များ သုခ, ဒုက္ခဝေဒနာတို့ကို ခံစားကြောင်း ဣတိဝုတ်ပါဠိတော်တွင်....

> ဣမေ ဘိက္ခဝေ ဘိက္ခု အရဟံ ဟောတိ ခီဏာသဝေါ ဝုသိတဝါ ကတကရဏီယော ဩဟိတဘာရော အနုပ္ပတ္တသဒတ္ထော ပရိက္ခီဏဘဝသညောဇနော သမ္မဒညာဝိမုတ္တော၊ တဿ တိဋ္ဌန္တေဝ ပဉ္စိန္ဒြိယာနိ၊ ယေသံ ဘာဝိတတ္တာမနာပါမနာပံ ပစ္စနုဘောတိ၊ သုခဒုက္ခံ ပဋိသံဝေဒိယတိ။ ။
>
> (ဣတိဝုတ်ပါဠိတော်)

အဓိပ္ပါယ်မှာ၊ "ကုန်အပ်ပြီးသော အာသဝေါရှိသော၊ ကျင့်အပ်ပြီးသော အရိယာမဂ်ရှိသော၊ ပြုအပ်ပြီးသော အရဟတ္တဖိုလ်ကိစ္စရှိသော၊ စွန့်အပ်ပြီးသော ကာမဂုဏ်ရှိသော၊ မဂ်အားဖြင့် အစဉ်အတိုင်း ရောက်အပ်သောကြောင့် မြတ်သောအရဟတ္တဖိုလ်လည်းရှိထသော၊ အရဟတ္တမဂ်ဉာဏ်ဖြင့် ကုန်ခန်းစေအပ်ပြီးသော သံယောဇဉ်ရှိသော၊ အဟုတ်တကယ်

သိပြီးသည်ဖြစ်၍ ဥပါဒါနက္ခန္ဓာ ဘေးဆိုးကြီးမှ လွတ်၍နေသော၊ ကိလေသာကင်းစင် ရဟန္တာအရှင်သည်။ ဝါ၊ ရဟန္တာအရှင်တို့သည် စက္ခု စသော ဣန္ဒြေငါးပါးတို့သည် တည်ရှိကုန်သေးသည်ဖြစ်၏။ ယင်းသို့သော မျက်စိစသော ဣန္ဒြေငါးပါးတို့ ရှိနေခြင်းကြောင့် မြင်မှု-ကြားမှု စသော နှစ်မျို့ဘွယ်၊မနှစ်မျို့ဘွယ်သော အာရုံငါးပါးကို သုံးဆောင် ခံစားရ သေး၏။ ချမ်းသာ,ဆင်းရဲကို ခံစားရသေး၏။"

ပရမတ္ထတရားတို့ကို ယသာဘူတာကျကျ သိမြင်ခြင်း မရှိကြသော အဝိဇ္ဇာဦးစီးသူတို့သည် မြင်ကောင်း, သိကောင်းသော အဆင်း, အသံ စသည်တို့ကို မသိမမြင်ကြပဲ၊ မမြင်ကောင်းသော မိန်းမ, ယောကျ်ား စသော ပညတ်တရားတို့ကိုသာလျှင် ဝိပလ္လာသတရားသုံးပါးတို့နှင့် မြင်ကြ ပြန်၏။ထို့ကြောင့် သံသရာဝဋ်ဆင်းရဲမှ မလွတ်ကင်းနိုင်ကြောင်းကို....

ယံ ပဿတိ န တံ ဒိဋ္ဌံ၊ ယံ ဒိဋ္ဌံ တံ နပဿတိ။
အပဿံ ဗဇ္ဈတေ မုဠှော၊ ဗဇ္ဈမာနော န မုစ္စတိ။ ။
(သုတ်မဟာဝါ မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာနှင့် သမ္မောအဋ္ဌကထာ သတိပဋ္ဌာနဝိဘင်)

ယံ၊ အကြင်ယောကျ်ား,မိန်းမအစရှိသောအာရုံကို။ ပဿတိ၊မြင်ရ၏။ တံ၊ ထိုယောကျ်ား, မိန်းမအစရှိသော အာရုံကို၊နဒိဋ္ဌံ၊ မမြင်အပ်။ ယံ၊ အကြင်မဟာဘုတ်, ဥပါဒါရုပ်တရားကို။ ဒိဋ္ဌံ၊ မြင်အပ်၏။ တံ၊ ထိုမဟာ ဘုတ်,ဥပါဒါရုပ်တရားကို။ နပဿတိ၊ ပညာမျက်စိဖြင့်မမြင်ကြ။ မုဠှော၊ မောဟဖြင့် တွေဝေသည်ဖြစ်၍။ အပဿံအပဿန္တော၊ ဘူတရုပ်, ဥပါဒါ ရုပ်ကိုပညာမျက်စိဖြင့် မသိမမြင်သောပုဂ္ဂိုလ်ကို။ ဗဇ္ဈတေ၊ တဏှာ,မာန စသောကိလေသာတို့ဖြင့် ဖွဲ့ချည်၍ထားတော့၏။ ဗဇ္ဈမာနော၊ ကိလေသာ တို့ဖြင့် ချည်နှောင်ထားအပ်သော ပုဂ္ဂိုလ်သည်။ နမုစ္စတိ၊ သံသရာဝဋ် ဆင်းရဲမှ မလွတ်ကျွတ်နိုင်သည်သာတည်း-ဟု အဋ္ဌကထာဆရာ ဖွင့်ဆို တော်မူ၏။

## မြင်လျှင်မြင်ကာမတ္တ

မမြင်အပ်၊ မကြားအပ်၊ မနံအပ်သော တရားတို့ကို (ဝိဇ္ဇာဥာဏ်ဦးစီး ထားခြင်းဖြင့်)မမြင်ပဲ၊ မြင်အပ်၊ ကြားအပ်၊ သိအပ်ကုန်သော တရားတို့ကို

သာလျှင် မြင်ကာမျှ၊ ကြားကာမျှဖြင့်သာလျှင် အလိုတဏှာမပါသေးမူ။ ဝါ၊ ငြိမ်းလျှင် ငြိမ်းသည့်အတိုင်းတိုင်း။ ဝါ၊ အလိုတဏှာတည်းဟူသော ကိလေသာမပါသေးလျှင် မပါသေးသည့်အတိုင်းတိုင်း၊ မြင်လျှင်မြင်ကာမျှ၊ ကြားလျှင် ကြားကာမျှသာလျှင် ကျင့်သုံး၍နေရန် မြတ်စွာဘုရားသည် မာလုကျပုတ္တအား အောက်ပါအတိုင်း ဟောကြားတော်မူလေသည်။

ဧတ္ထ စ တေ မာလုကျပုတ္တ၊ ဒိဋ္ဌ, သုတ, မုတ, ဝိညာတဗ္ဗေသု ဓမ္မေသု ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊သုတေ သုတမတ္တံ ဘဝိဿတိ၊ မုတေ မုတမတ္တံ ဘဝိဿတိ၊ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ။ ။ တတော တွံ မာလုကျပုတ္တ၊ နေဝ ဧ န ဟုရံ န ဥဘယမန္တရေန ဧသေဝန္တော ဒုက္ခဿာတိ။ ။

(သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်၊ သဠဝဂ်၊ မာလုကျပုတ္တသုတ်၊ ဆဋ္ဌမူ၊ နှာ-၂၉၅။ မြန်မာပြန်၊ ဆဋ္ဌမူ၊ နှာ-၂၀၇)

မာလုကျပုတ္တ၊ မာလုကျပုတ္တရဟန်း။ ဧတ္ထ၊ ဤသို့မမြင်, မကြား, မနံ,မလျက်,မတွေ့,မသိသော အထည်ဒြပ် ဥပါဒ်ဋ္ဌီဘင်ရှိသော ဝတ္ထုမျိုးတို့၌။ တေ၊ ထိုလေးဆယ့်လေးပါးသောစိတ်တို့သည်။ ဒိဋ္ဌ,သုတ,မုတ, ဝိညာတဗ္ဗေသု၊ မြင်အပ်, ကြားအပ်,တွေ့အပ်, သိအပ်ကုန်သော။ ဓမ္မေသု၊ အာရုံခြောက်ပါးတရားတို့၌။ ဒိဋ္ဌေ၊ မြင်လာသည်ရှိသော်၊ ဒိဋ္ဌမတ္တံ၊ မြင်ရုံမျှသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ သုတေ၊ ကြားသည်ရှိသော်။ သုတမတ္တံ၊ ကြားရုံသာမတ္တသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ မုတေ၊ တွေ့သည်ရှိသော်။ မုတမတ္တံ၊ တွေ့ရုံသာမတ္တသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဝိညာတေ၊ သိပြန်သည်ရှိသော်။ ဝိညာတမတ္တံ၊ သိရုံမျှမတ္တသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

မာလုကျပုတ္တ၊ မာလုကျပုတ္တရဟန်း။ တတော၊ ထိုသို့ဖြစ်ခြင်းကြောင့်။ တွံ၊ သင်သည်။ ဣဓ၊ ဤလူ့ပြည်,နတ်ပြည်၌။ နေဝဟောတိ၊ မဖြစ်။ ဟုရံ၊ အထက်ဗြဟ္မာ့ပြည်၌။ နဟောတိ၊ မဖြစ်။ ဥဘယမန္တရေန၊ နှစ်ပါးသောအကြား၌။ နဟောတိ၊ မဖြစ်။ ဧသေဝ၊ ဤသည်လျှင်။ ဒုက္ခဿ၊ ဒုက္ခ၏။ အန္တော၊ အဆုံးတရားတည်း။

အလားတူ တရားတော်ကို ဗာဟိယဒါရုစီရိယ ပရိဗိုဇ်ကိုလည်း အောက်ပါအတိုင်းဟောကြားတော်မူလေသည်။

ချစ်သား ဗာဟိယဒါရုစီရိယ၊ ကိလေသာတို့၏ အေးငြိမ်းရာသို့ (သမုစ္ဆေဒအားဖြင့်) ခိုလှုံလိုသည်ရှိသော် ငါဘုရားညွှန်ပြသော နည်းလမ်းအတိုင်းသာလျှင် ကျင့်အပ်၏။

ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊
သုတေ သုတမတ္တံ ဘဝိဿတိ၊
မုတေ မုတမတ္တံ ဘဝိဿတိ၊
ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ၊
(ဥဒါန်းပါဠိတော်၊ ဗောဓိဝဂ်၊ ဗာဟိယဒါရုစီရိယသုတ်။
နှာ-၈၅၊ အဆုံးသုတ်။)

မြင်သည်ရှိသော်....၊မြင်ကာမတ္တမျှသာ ဖြစ်ရာ၏။
ကြားသည်ရှိသော်....၊ ကြားကာမတ္တမျှသာ ဖြစ်ရာ၏။
တွေ့ထိသည်ရှိသော်....၊ တွေ့ထိကာမတ္တမျှသာ ဖြစ်ရာ၏။
သိသည်ရှိသော်....၊သိကာမတ္တမျှသာလျှင် ဖြစ်ရာ၏။

ဆိုလိုသည်မှာ....“ချစ်သားဗာဟိယဒါရုစီမြင်သောအခါ၊ကြားသောအခါ၊ တွေ့ထိသောအခါ၊ သိသောအခါတို့၌ စိတ်သည် ရှေ့သို့ဆက်မသွားပဲ၊ ဝ၊ ရှေ့သို့ဆက်၍ တွေးတောကြံစည်ခြင်းအမှုကို ပြုမပေးပဲ (အယောနိသောမနသိကာရအားဖြင့် သင်္ခါရအမှုကိုပြုမပေးပဲ)မြင်သည့်၊ ကြားသည့်၊ တွေ့ထိရသည့်၊ သိရှိရသည့်အပေါ်တို့၌ မြင်ကာမျှ၊ ကြားကာမျှ၊ တွေ့ထိကာမျှ၊ သိကာမျှသာလျှင် ကျင့်သုံးပေးရမည်” ဟု ဟောတော်မူခြင်းဖြစ်လေသည်။

“ကျောက်သဘော်ဆရာတော်ဘုရားကြီး”ဟောလေ့ရှိသောစကားတို့ဖြင့်ဆိုရသော် “မြင်သည်ရှိသော်.... မြင်သည့်စိတ် အတိုင်းတိုင်းထား၊ မြင်သည့်အပေါ်၌ ဘာဘာညာညာ ကောင်းကောင်းဆိုးဆိုး အချိုးမျိုးသော အသိတဏှာတို့နှင့်တကွ အသိကျမှု၊ မကျမှုတို့ကို ကြံစည်မပေးနှင့်၊ တွေးတောမပေးနှင့်။”

"ကြားသည်ရှိသော်.... ကြားကာမတ္တမျှ - ကြားသည့်စိတ်အတိုင်းတိုင်းထား။ ကြားသည့်အပေါ်၌ တောင်တောင်ဤဤ အလီလီသော အလိုတဏှာတို့နှင့်တကွ သာယာ မုန်းထား ပြစ်မှားမှုတို့ကို ကြံစည်မပေးနှင့်။ တွေးတောမပေးနှင့်။"

"တွေ့သည်ရှိသော်....တွေ့ကာမတ္တမျှ-တွေ့သည့်စိတ်အတိုင်းတိုင်းထား၊ တွေ့သည့်အပေါ်၌ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော အလိုတဏှာတို့နှင့်တကွ၊ သဘောကျမှု, မကျမှုတို့ကို ကြံစည်မပေးနှင့်၊ တွေးတောမပေးနှင့်။"

"သိသည်ရှိသော် သိကာမတ္တမျှ-သိသည့် စိတ်အတိုင်းတိုင်းထား၊ သိသည့်အပေါ်၌ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော အလိုတဏှာနှင့်တကွ အလိုကျမှု,မကျမှုတို့ကို ကြံစည်မပေးနှင့်၊တွေးတောမပေးနှင့်။"

"တွေးတောမပေးပါက အလုံးစုံသောကိလေသာတို့မှ လွတ်နေပါတကားဟု အသိဉာဏ်ယှဉ်ပြီးလျှင် လွတ်လျှင် လွတ်သည့်စိတ်အတိုင်းတိုင်းထား။ ကိလေသာဖြစ်ရာဖြစ်ကြောင်းတို့ကို ထူထောင်မပေးနဲ့၊ အားထုတ်မပေးနဲ့၊ပြုလုပ်မပေးနဲ့၊"ဟူ၍ဆုံးမတော်မူခြင်းဖြစ်လေသည်။ တနည်းပြောရသော် ပညာဝိမုတ္တတည်းဟူသော ဝိဇ္ဇာဉာဏ်ယှဉ်လျက်နေထိုင်ကျင့်သုံးရန်ဖြစ်လေသည်။

# ပင်ကိုယ်စိတ်တွင် ကိလေသာ မဖြစ်လာစေလင့်

" စိတ်-စိတ်အတိုင်းတိုင်းထား "ဟူသော အဆုံးအမသည် အသစ်အဆန်းမဟုတ်ပါ။ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်ကပင် ဤသို့သောအဆုံးအမမျိုး ရှိခဲ့ပါသည်။ ခေတ်ကာလအလျောက် ပြောဆိုသုံးနှုန်းသော အပြောအဆို အသုံးအနှုန်းတို့ ကွဲပြားခြင်းသာ ဖြစ်သည်။ သုံးနှုန်း ပြောဆိုသော ဝေါဟာရတို့ မတူသော်လည်း ဆိုလိုရင်း အနက်သဘောတို့မှာမူ နှစ်ထွေမပြား တသားတည်းသာလျှင် ဖြစ်လေသည်။

ဇေတဝန် ကျောင်းတော်ကြီးကို ဆောက်လုပ် လှူဒါန်း၍ မြတ်စွာဘုရားနှင့်တကွ တပည့်သံဃာတော် အပေါင်းတို့အား အလွန်ကြည်ညို လေးစားစွာ ဆည်းကပ်ကိုးကွယ်၍နေသော အနာထပိဏ်သူဌေးကြီးသည် အသည်းအသန် မမာမကျန်းဖြစ်၏။ ထိုအခါ အနာထပိဏ်သူဌေးကြီး၏ စေလွှတ်လျှောက်ထားချက်ကြောင့် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးနှင့် အရှင်အာနန္ဒာမထေရ်မြတ်တို့သည် သူဌေးကြီးထံသို့ ကြွရောက်တော်မူကြပြီးလျှင် တရားဟောကြား ဆုံးမတော်မူလေသည်။ အရှင်သာရိပုတ္တရာမထေရ်မြတ်၏ အဆုံးအမ အကျဉ်းချုပ်ကား....

န မနံ ဥပါဒိယိဿာမိ။
န စ မေ မနော နိဿိတံ ဝိညာဏံ ဘဝိဿတီတိ
ဧဝံ ဟိ တေ ဂဟပတိ သိက္ခိတဗ္ဗံ။ ။

( ဥပရိပဏ္ဏာသပါဠိတော် နှာ-၃၁၃ )

ဂဟပတိ၊သူဌေးကြီး။ မနံ၊ဝိညာဏဋ္ဌိတိ,ဝိညာဏစရိယဟုဆိုအပ်သော ပကတိဖြူဖွေးစင်ကြယ်၍နေသော အဇ္ဈတ္တမနောဝိညာဏ်စိတ်ကို။ နဥပါဒိယိဿာမိ၊ ဥပါဒါန်တည်းဟူသော ကိလေသာတို့ မဖြစ်စေလင့်။ မေ၊ ငါ့အား။ မနောနိဿိတံ၊ ဖြူဖွေးစင်ကြယ်သော ပကတိမနောဝိညာဏ် စိတ်ကိုစွဲမှီရမှသာ ဖြစ်ပေါ်လာနိုင်သော။ ဝိညာဏံ၊မမှာရုံဥပါဒါနက္ခန္ဓာနှင့် ဥပါဒါန်တည်းဟူသော ကိလေသာဝိညာဏ်သည်။ နစဘဝိဿတိ၊ ဖြစ်လည်းမဖြစ်ရလတ္တံ့ ။ဣတိဧဝံ၊ဤသို့လျှင်။ သိက္ခိတဗ္ဗံ၊ ကျင့်သုံးအပ်၏။

ဆိုလိုသည်မှာ.... "သူဌေးကြီး၊ ပကတိ သူ့သဘာဝ သူ့အတိုင်း တိုင်းက ဖြူဖွေးစင်ကြယ်၍ နေသော စိတ်ကို ဘာဘာ ညာညာ ကောင်း ကောင်း ဆိုးဆိုး အမျိုးမျိုးသော ဥပါဒါနက္ခန္ဓာနှင့် ဥပါဒါန် တည်း ဟူသော ကိလေသာတို့ မဖြစ်စေလင့်။ ပကတိဖြူဖွေး စင်ကြယ်သော စိတ် ကို စွဲမှီရမှသာ ဖြစ်နိုင်သော၊တနည်း.... ပကတိဖြူဖွေးစင်ကြယ်သောစိတ် ကိုအမှီပြု၍၊ ဆန္ဒ-ရာဂတည်းဟူသော အကြောင်းတို့ကြောင့် ဖြစ်ပေါ် လာနိုင်သော ဥပါဒါနက္ခန္ဓာ ငါးပါးနှင့်တကွ ဥပါဒါန် တည်းဟူသော ကိလေသာတို့သည် ငါ့အားမဖြစ်စေရ။ ဖြစ်စေရန် ထူထောင်မပေးနှင့်၊ အားထုတ်မပေးနှင့်၊ ကြံစည်မပေးနှင့်၊ တွေးတောမပေးနှင့်။ ငြိမ်းနေ သည်ကို ငြိမ်းနေသည့် အတိုင်းတိုင်း၊ အေးနေသည်ကို အေးနေသည့် အတိုင်းတိုင်းထား၍ ကျင့်သုံးပေတော့"ဟူ၍ ဆုံးမခြင်းဖြစ်လေသည်။

အရှင်သာရိပုတ္တရာ မထေရ်မြတ်၏ တရားတော်ကို ကြားနာရသော အခါ ပင်ကိုယ်က ချုပ်ငြိမ်းလျက်ရှိသော (အနုပ္ပါဒနိရောဓ)ကိလေသာ တို့၏ ကင်းရာ၊ ကုန်ရာ၊ ချုပ်ငြိမ်းရာကိုမြင်၏။ တနည်း၊ပင်ကိုယ်ပကတိက ကိလေသာတို့မှ အလိုလို ကင်းလွတ်လျက်ရှိသော ပကတိအဇ္ဈတ္တစိတ်ကို အမှီပြု၍ လိုချင်မှု၊ တပ်မက်မှု တည်းဟူသော ဆန္ဒ-ရာဂတည်းဟူသော အကြောင်းတို့ဖြင့် ကြံစည် တွေးတောခြင်းတို့ကြောင့်သာ ဗဟိဒ္ဓအာရုံ တည်းဟူသော ဥပါဒါနက္ခန္ဓာ ငါးပါးတို့ ဖြစ်ကြရ၏။ ယင်းကိုစွဲ၍ ဥပါဒါန်အစွဲဝိညာဏ်တို့ ဖြစ်ရ၏။ဤသို့သောအကြောင်းများကို ပြုမပေး မှုက စိတ်သည် ကိလေသာတို့မှကင်းလျက်၊ လွတ်လျက်ရှိ၏။ ယင်း ကိလေ သာတို့၏ ကင်းရာလွတ်ရာကို မြင်သောအခါ အနာထပိဏ်သူဌေးကြီးသည် မျက်ရည်တွေတွေကျဆင်းလေ၏။

ထိုအခါ အရှင်အာနန္ဒာမထေရ်သည် အနာထပိဏ်သူဌေးကြီးအား "သူဌေး သင်သည် စည်းစိမ်တို့၌ကပ်ငြိသလော။သူဌေး သင်သည် ကုသိုလ် တို့၌ ဆုတ်နစ်သလော"ဟု မိန့်ဆို၏။ "အသျှင်ဘုရားအာနန္ဒာ၊ အကျွန်ုပ် သည် စည်းစိမ်တို့၌ မကပ်ငြိပါ။ ကုသိုလ်တို့၌လည်း မဆုတ်နစ်ပါ။ စင်စစ် သော်ကား အကျွန်ုပ်သည် ရှည်မြင့်စွာသောကာလပတ်လုံး မြတ်စွာ ဘုရားကိုလည်း ဆည်းကပ်ပါ၏။ မြတ်စွာဘုရား၏ တပည့်သံဃာတော်

တို့ကိုလည်း ဆည်းကပ်ပါ၏။ သို့သော်လည်း အကျွန်ုပ်သည် ဤသို့သော တရားမျိုးကို မကြားနာခဲ့ရဘူးပါ ဘုရား” ဟု လျှောက်ထားလေ၏။

ထပ်၍ရှင်းဦးအံ့။ ပကတိစိတ်သည် ဖြူဖွေးစင်ကြယ်၏။ ၎င်းစိတ်ကို အမှီပြုပြီးမှ-ခြေကုတ်ယူပြီးမှသာ ဝိကတိစိတ်သည် ဖြစ်ရ၏။ ထို့ကြောင့် စိတ်ကိုဖြူဖွေးစင်ကြယ်လာစေရန် ပြုလုပ်ပေးရန်မလို။ အဘယ်ကြောင့် ဆိုသော် ပင်ကိုယ်က စင်ကြယ်ပြီးသားဖြစ်နေခြင်းကြောင့်ပင် ဖြစ်သည်။ ဤအချက်ကို အလေးအနက် သဘောပေါက်ထားသင့်သည်။ စိတ်ကို မဲညစ်လာစေရန်မူကား ဤအတိုင်းနေ၍မရ၊ အတိုင်းတိုင်းနေ၍မရ။ ပြုလုပ်ပေးရမည်။ ဖန်တည်းပေးရမည်။ ကြံစည်ပေးရမည်။ သင်္ခါရမှုကို ပြုပေးရမည်။ သူ့အလိုလို မဲညစ်လာရိုးမရှိ။ ပြုလုပ်ပေးခြင်းကြောင့်သာ မဲညစ်ရခြင်းဖြစ်သည်။အပုညာဘိသင်္ခါရ-ဟူ၍ ဟောတော်မူသည်ကို သတိထားသင့်၏။(အထက်ကလည်းပါဠိတော်တို့ကို ကိုးကားခဲ့ပြီဖြစ်၏။)

ထို့ကြောင့် စိတ်ကိုဖြူဖွေးစင်ကြယ်စေလိုလျှင် မဲညစ်အောင်မလုပ်ပဲ သူ့အတိုင်းတိုင်းထားရုံမျှသာရှိသည်။ စင်ကြယ်ပြီးသား စင်ကြယ်ပြီးသားအတိုင်းတိုင်း ထားရုံမျှသာဖြစ်သည်။ “စိတ်-စိတ်အတိုင်းတိုင်း” ထားရုံသာရှိသည်။ ထိုထက်ပေါ်လွင်စေရန် အနည်းငယ်ချဲ့ရသော်....၊ ပူစရာ၊ ဆွေးစရာ၊ သာယာစရာ၊ စွဲလမ်းစရာ၊ ကြောင့်ကျစရာတို့ကို တွေးတောကြံစည်မပေးပဲ၊ ပြုလုပ်မပေးပဲ၊ အေးလျှင် အေးသည့်အတိုင်းတိုင်းထားရမည်။ ကိလေသာမရှိသေး-မရှိသေးသည့်အတိုင်းတိုင်း ထားရမည်။ လွတ်လျှင် လွတ်သည့်အတိုင်းတိုင်း၊ ငြိမ်းလျှင် ငြိမ်းသည့် အတိုင်းတိုင်း နေထိုင်ကျင့်သုံး၍ သွားကြရမည်။

စာရေးသူတို့မြို့တွင် အကျဉ်းထောင်ရှိ၏။ အကျဉ်းထောင်ပင်ရှိသော်လည်း စာရေးသူသည် ထောင်မကျ၊ ထောင်မှလွတ်လျက်သာ ရှိ၏။ ထောင်မကျစေရန်၊ ထောင်မှလွတ်မြောက်စေရန် ပြုလုပ်ဆောင်ရွက်ထားခြင်းမရှိ။ အလိုလို ထောင်မှလွတ်မြောက်နေခြင်းသာဖြစ်၏။ ဤအတိုင်းတိုင်း လွတ်မြောက်နေခြင်းသာဖြစ်၏။ ထောင်ကျစေရန်မူကား.... ဤအတိုင်းတိုင်းနေ၍မဖြစ်။ထောင်ကျစေမည့်အမှုတို့ကို ပြုလုပ်ရပေမည်။

ကျူးလွန်ရပေမည်။ တချားဥပဒေက တားမြစ်ထားသောအရာတို့ကို၊ ဖြစ်မှုတို့ကို ကျူးလွန်ဖေါက်ဖျက်ရပေမည်။ လူသတ်မှုကိုသော်ငြင်း၊ ခိုးမှုကိုသော်ငြင်း၊ ပြုလုပ်ရမည်။ ကျူးလွန်ရမည်။ ဖေါက်ဖျက်ရမည်။ ဤသို့ ပြုလုပ်မှသာလျှင် ထောင်ကျရပေမည်။

မည်သည့်ဖြစ်မှုတို့ကိုမျှ မကျူးလွန်ပဲ ဤအတိုင်းတိုင်းသာ နေပါက ထောင်ကျမည့်ဘေးမှ အလိုလိုလွတ်မြောက်ပြီးသားဖြစ်နေသည်။ ထောင်ကျစေရန်ကား မိုက်ရဲရမည်၊ သတ်ရဲ-ဖြတ်ရဲရပေမည်။ ဤအတိုင်းတိုင်း ထောင်မှလွတ်မြောက်နေပါတကားဟူ၍ သိနိုင်ခဲ့ကြသည်။

အလားတူစွာပင် အကုသိုလ်အမှုတခုခုကို ပြုလုပ်ကျူးလွန်မှသာလျှင် အပြစ်ဖြစ်ကြသည်။ ကိလေသာဖြစ်စရာ အမှုတခုခုကို တွေးတောကြံစည် ပြုလုပ်ဆောင်ရွက်မှသာလျှင် ကိလေသာတရားတို့ စိတ်တွင်ဖြစ်ပေါ်လာရသည်။ ကိလေသာဖြစ်စရာ အကြောင်းတခုခုကို ပြုလုပ်မပေးပါက၊ ကြံစည်မပေးပါက၊ တွေးတောမပေးပါက၊ "စိတ်-စိတ်အတိုင်းတိုင်း ထား"ပါက စိတ်သည် ကိလေသာတို့မှ လွတ်လျှက်ရှိသည်။

ထောင်ကျစေရန် ဖြစ်မှုတခုခုကို ပြုလုပ်မှသာလျှင်၊ ကျူးလွန်မှသာလျှင် ထောင်ကျနိုင်ဘိသကဲ့သို့ ကိလေသာဖြစ်စရာ အကြောင်းတခုခုကို တွေးတောကြံစည်ခြင်း ပြုလုပ်မှသာလျှင် စိတ်တွင် ကိလေသာတို့ ဖြစ်ကြရ၏။ ထောင်ကျစရာ ဖြစ်မှုတို့ကို ပြုလုပ်မပေးပါက၊ ကျူးလွန်မပေးပါက ထောင်မှ အလိုလို လွတ်မြောက်၍နေသကဲ့သို့ ကိလေသာဖြစ်စရာတို့ကို ပြုလုပ်ထူထောင်မပေးပါကစိတ်တွင်ကိလေသာတို့မှ အလိုလို လွတ်မြောက်လျှက်ရှိ၏။ ထို့ကြောင့် စိတ်တွင် ကိလေသာတို့မှ လွတ်မြောက်စေလိုလျှင် ပင်ကိုယ်က လွတ်မြောက်ပြီးသားပါတကားဟု သိပြီးလျှင် လွတ်မြောက်ပြီးသား လွတ်မြောက်ပြီးသားအတိုင်းတိုင်း ထားရုံမျှသာရှိသည်။ "စိတ်ကို စိတ်အတိုင်းတိုင်း" ထားရုံမျှသာရှိသည်။

တနည်း....။ ဖယောင်းတိုင်သည် သူ့အတိုင်းတိုင်းက မီးလွတ်ပြီးသား ဖြစ်သည်။ မီးဖြင့်ထွန်းညှိပေးမှ မီးတောက်လောင်လာခြင်းဖြစ်သည်။ ဖယောင်းတိုင်တွင် မီးလွတ်လိုပါက မီးဖြင့်ရှို့မပေးပဲ ဖယောင်းတိုင်,

ဖယောင်းတိုင် အဘိုင်းတိုင်းထားလိုက်လျှင် မီးမှအလိုလိုလွတ်ပြီးသား ဖြစ်သည်။ ဖယောင်းတိုင်တွင် မီးတောက်လိုပါက ဖယောင်းတိုင်, ဖယောင်းတိုင် အတိုင်းတိုင်းထား၍မဖြစ်၊ မီးရှို့ပေးရမည်။ ထွန်းညှိ ပေးရမည်။

ဥပမေယျကား....။ဖယောင်းတိုင်သည် စိတ်နှင့်တူ၏။ ဖယောင်းတိုင်, ဖယောင်းတိုင် အတိုင်းတိုင်းက မီးလွတ်နေခြင်းသည် စိတ်,စိတ်အတိုင်း တိုင်းက ကိလေသာအပူမီးတို့မှ ကင်းလွတ်လျက် သူ့အလိုလို ဖြူဖွေးစင် ကြယ်၍နေသည်နှင့်တူ၏။ ဖယောင်းတိုင်ကို မီးရှို့ပေးမှ၊ ထွန်းညှိပေးမှ ဖယောင်းတိုင်တွင် မီးတောက်လာသည်နှင့် စိတ်က သားအပေါ် လှည့် တွေးခြင်းဖြင့်ရင်း၊ သမီးအပေါ် လှည့်တွေးပေးခြင်းဖြင့်ရင်း၊အိုးအပေါ်, အိမ်အပေါ် လှည့်တွေးပေးခြင်းဖြင့်ရင်း၊ စီးပွားဥစ္စာအပေါ်တွင် လှည့် တွေးပေးခြင်းဖြင့်ရင်း၊ မီးရှို့ပေးခြင်းကြောင့် ရာဂမီး, ဒေါသမီး, မောဟမီးတို့ တောက်လာသည်နှင့်တူ၏။

တနည်း....လောဘဖြစ်စရာ၊ ဒေါသဖြစ်စရာ၊ ပူပန်စရာတို့ကို၊ရှေ့ရေး, နောက်ရေးအစရှိသည်တို့ကို တွေးပေးခြင်းကြောင့် ကိလေသာအပူမီးတို့ တောက်လာသည်နှင့်တူ၏။ ဖယောင်းတိုင်တွင် မီးလွတ်လိုလျှင် ဖယောင်း တိုင်,ဖယောင်းတိုင် အဘိုင်းတိုင်းထား၊မီးရှို့မပေးနှင့်။အလားတူစွာပင် စိတ်တွင် ရာဂမီး,ဒေါသမီး, မောဟမီးတည်းဟူသော ကိလေသာမီးတို့မှ လွတ်လိုလျှင်(ဝါ)စိတ်ကို စင်ကြယ်စေလိုလျှင် စိတ်ကို စိတ်အတိုင်းတိုင်း ထား၊ ပူပန်စရာ၊တောင့်တစရာ၊ ကြောင့်ကျစရာတို့ကို တွေးတွေး မပေး လေနှင့်။

နောက်တနည်းဥပမာ....

ရေသည် ပင်ကိုယ်ပကတိအတိုင်းတိုင်းက ကြည်လင်၍နေ၏။ ဆေး အနီထည့်ပေးသောအခါ ရေသည် နီရဲလာ၏။ဆေးအပြာထည့်ပေးသော အခါ ရေသည် ပြာလာ၏။ အဝါထည့်က ဝါ၏။ အစိမ်းထည့်က စိမ်း၏။ ရေကို အရောင်အမျိုးမျိုး ဖြစ်လာစေရန် ဆေးရောင် အမျိုးမျိုးတို့ကို ထည့်ပေးရ၏။ ထည့်ပေးသောဆေး၏ အရောင်အတိုင်း ရေ၏အရောင်

သည် ပြောင်းလဲလာရ၏။ ရေကို ကြည်လင်စေလိုလျှင် ရေအတိုင်းတိုင်း ထားရုံသာရှိ၏။ ဆေးရောင်များထည့်မပေးလျှင်၊ ဆိုးမပေးလျှင် ရေသည် ရေအတိုင်းတိုင်းက ကြည်လင်ပြီးသားဖြစ်၏။

အလားတူစွာပင် စိတ်သည် ရေနှင့်တူ၏။ ရေသည် ပင်ကိုယ်က ကြည်လင်နေသကဲ့သို့ စိတ်သည်လည်း ပင်ကိုယ်က ကြည်လင်သန့်ရှင်းနေ၏။ ရေကို ဆေးရောင်အမျိုးမျိုးဆိုးပေးပါက ဆိုးပေးသောအရောင်သို့လိုက်၍ ရေ၏ အရောင် ပြောင်းရသကဲ့သို့ စိတ်ကိုလည်း သာယာမှုအမျိုးမျိုး၊ တောင့်တမှုအမျိုးမျိုး၊ ပူပန်မှုအမျိုးမျိုး၊ ကြောင့်ကျမှုအမျိုးမျိုးတို့ကို တွေးတောပေးပါက တွေးတောပေးသော အကြောင်းကိုလိုက်၍ ကိလေသာအမျိုးမျိုးတို့ ဖြစ်ကြရ၏။ ရေကို ကြည်လင်စေလိုလျှင် ရေအတိုင်းတိုင်းထားရသကဲ့သို့ စိတ်ကို ကြည်လင် သန့်ရှင်း စေလိုလျှင် စိတ်ကို စိတ်အတိုင်းတိုင်းသာ ထားရ၏။ တနည်း....ရေထဲသို့ ဆေးရောင်များထည့်မပေး၊ ဆိုးမပေးလျှင် ရေသည် ရေအတိုင်းတိုင်း ကြည်လင်သန့်ရှင်းသကဲ့သို့ စိတ်ကိုလည်း ပူပန်စရာ၊ တောင့်တစရာ၊ ကြောင့်ကျစရာ အဖုံဖုံတို့ကို တွေးမပေးလျှင် စိတ်သည် စိတ်အတိုင်းတိုင်း ကြည်လင်သန့်ရှင်း၍သာနေ၏။

ပူပန်မှုမရှိသောစိတ်သည် ပူပန်မှုငြိမ်းအေးရာနှင့် နေရ၏။ (ဝါ) နိဗ္ဗာန်နှင့်နေရ၏။ ကြောင့်ကျမှု မရှိသောစိတ်သည် ကြောင့်ကျမှုငြိမ်းအေးရာနှင့် နေရ၏။ (ဝါ) နိဗ္ဗာန်နှင့် နေရ၏။ ကပ်ငြိမှုမရှိသောစိတ်သည် ကပ်ငြိမှုငြိမ်းအေးရာနှင့် နေရ၏။ (ဝါ) နိဗ္ဗာန်နှင့် နေရ၏။ ခက်ထန်မှုမရှိသောစိတ်သည် ခက်ထန်မှုငြိမ်းအေးရာနှင့် နေရ၏။ (ဝါ) နိဗ္ဗာန်နှင့် နေရ၏။ တွေဝေငေးမောမှု မရှိသောစိတ်သည် တွေဝေငေးမောမှု ငြိမ်းအေးရာနှင့် နေရ၏။ (ဝါ) နိဗ္ဗာန်နှင့်နေရ၏။ ငြိမ်းအေးရာနှင့်နေရသောစိတ် (ဝါ) နိဗ္ဗာန်နှင့်နေရသောစိတ်ကို နိရောဓနိဿိတ၊ ဝိရာဂနိဿိတဟူ၍ ဟောတော်မူလေသည်။

မီးသည် တောက်လောင်လျှင်လည်း မီးစာမှာ တောက်လောင်ရ၏။ မီးငြိမ်းလျှင်လည်း မီးစာမှာပင်ငြိမ်းရ၏။ လွတ်လျှင်လည်း မီးစာမှာပင်

လွတ်ရ၏။မီးသည် မီးစာမဟုတ်၊ မီးစာသည်လည်းမီးမဟုတ်၊ ငြိမ်းအေးမှု သည် မီးစာမဟုတ်၊ မီးစာသည်လည်း ငြိမ်းအေးမှုမဟုတ်၊ ဤသဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်ရမည်။

ကိလေသာသည် ဖြစ်လျှင် စိတ်မှာပင်ဖြစ်ရ၏။ ငြိမ်းလျှင်လည်း စိတ်မှာပင်ငြိမ်းရ၏။လွတ်လျှင်လည်း စိတ်မှာပင်လွတ်ရ၏။ စိတ်သည် ကိလေသာမဟုတ်၊ ကိလေသာသည် စိတ်မဟုတ်၊ ငြိမ်းအေးမှုသည် စိတ်မဟုတ်၊ စိတ်သည်ငြိမ်းအေးမှုမဟုတ်၊ စိတ်ကိုအမှီပြု၍ ကိလေသာတို့ ဖြစ်ကြရ၏။ ထို့ကြောင့် ဤစိတ်ကို ကိလေသာစိတ်ဟူ၍ စိတ်နှင့် ကိလေသာတို့ကို တွဲလျက်ခေါ်ခြင်း ဖြစ်လေသည်။ တွဲ၍ခေါ်ခြင်းမျှသာ ဖြစ်လေသည်။ အမှန်မှာ စိတ်သည်စိတ်၊ကိလေသာသည်ကိလေသာမျှသာဖြစ်လေသည်။ ဤသို့ကွဲပုံကိုလည်း သိထားရမည်။

ကိလေသာ မယှဉ်သောအခါတွင် စိတ်သည် ကိလေသာတို့နှင့် ရောလျက်ပါသွားသည်မဟုတ်၊ စိတ်,စိတ်အတိုင်းတိုင်း ကျန်နေရသည်သာ။ ကိလေသာတို့ရှိလျှင်လည်း စိတ်သည်ရှိ၏။ ကိလေသာတို့ မရှိသောအခါ တွင်လည်း စိတ်သည်ရှိ၏။ (ဤသို့ဆိုခြင်းဖြင့် စောဒကဝင်လာစရာရှိ၏။ စိတ်သည် သပစ္စယတရား ဖြစ်ခြင်းကြောင့် နိစ္စ-ဓုဝအနေဖြင့် ရှိနေနိုင်သလောဟု စောဒနာရန်ရှိ၏။ဤကား တခြားတပါးသာဖြစ်၏။ဤနေရာတွင် ပြသောအရာသည်ကိလေသာတို့သည် စိတ်နှင့်နှိုင်းယှဉ်လျှင် နောက်မှဖြစ်လာသော၊ ပူးယှဉ်လာသော တရားဖြစ်ကြောင်း ထင်ရှားစေရန်သာ ပြဆိုခြင်းဖြစ်သည်ဟု မှတ်ယူကြရာသည်။)

လက်တွင် အိုးမဲများပေလာသောအခါ လက်ညစ်ပတ်၍နေသည်၊ လက်ညစ်ပတ်သည်ဟူ၍ ပြောကြ၏။ ဤအရာ၌ လက်က ညစ်ပတ်၍ နေခြင်းမဟုတ်၊ အိုးမဲက ညစ်ပတ်နေခြင်းသာဖြစ်သည်။ လက်ကို အိုးမဲနှင့် တွဲလျက် လက်ညစ်ပတ်နေသည်ဟု ဆိုခြင်းသာဖြစ်လေသည်။ အမှန်စင်စစ် လက်သည်လက်၊ အိုးမဲသည် အိုးမဲမျှသာ ဖြစ်သည်။

တဖန်၊ လက်ကို ရေဖြင့် ဆေးကြောသုတ်သင်လိုက်သောအခါ လက် ပြောင်သွားသည်၊ လက်စင်ကြယ်သွားသည်ဟု ဆိုကြ၏။ အမှန်မှာ

လက်သည် ပြောင်သွားသည်မဟုတ်၊ အိုးမဲပြောင်သွားခြင်းသာ ဖြစ်လေသည်။ အိုးမဲရှိစဉ်ကလည်း တနည်း.... ညစ်ပတ်နေစဉ်ကလည်း လက်သည်ရှိ၏။ အိုးမဲမရှိပဲ ပြောင်စင်သွားသောအခါတွင်လည်း လက်သည်ရှိ၏။ လက်ချည်း လက်အတိုင်းတိုင်းနေစဉ်က ညစ်ပတ်မှုတို့မှ၊ အိုးမဲတို့မှ ကင်းစင်နေမှုသဘောကို ဉာဏ်ဖြင့်မြင်အောင် ကြည့်ကြရမည်။

စိတ်သည် စိတ်ချည်းသက်သက်ရှိစဉ်က (ဝါ) စိတ်သည် စိတ်အတိုင်း တိုင်းက ကိလေသာတို့ ပူးယှဉ်ခြင်းမရှိသေးပဲ အလိုလို သူ့သဘာဝ အလျောက် ( အနတ္တသဘာဝအလျောက် ) ကိလေသာတို့မှ ကင်းလျက် လွတ်လျက်ရှိ၏။ ကိလေသာတို့မှ ငြိမ်းအေးမှုသဘော၊ ကင်းလွတ်မှု သဘောသည် ထင်ထင်ရှားရှားပင်ရှိ၏။ ယင်းသဘောကို သာမန် မျက်စိဖြင့် ကြည့်၍မရ၊ ကိုင်တွယ်စမ်းသပ်ပြ၍မရ။ ဓာတ်ခွဲခန်းသို့သွင်း၍ ဓာတ်ခွဲပြ၍မရ။ ဉာဏ်ယှဉ်ကြည့်မှသာလျှင် သိမြင်နိုင်သောအရာဖြစ် သည်။ ဉာဏ်ဖြင့်သာ သိနိုင်ကောင်းသည်။

ယင်းသို့ စိတ်တွင် ကိလေသာတို့မှ ကင်းလွတ်လျက်ရှိသော၊ကိလေသာ တို့၏ကင်းလွတ်ရာ ကင်းလွတ်မှုသဘော (ဝါ) သူ့အလိုလို ပင်ကိုယ် ပကတိအားဖြင့် ကိလေသာတို့မှ ကင်းလွတ်မှုသဘော ကင်းလွတ်ရာ၊ ငြိမ်းအေးမှုသဘော ငြိမ်းအေးရာသည် ( ပူပြင်မှုသဘော၊ ပူလုပ်မှု သဘောတို့မှ ကင်းလျက် တည်ရှိနေခြင်းကြောင့် ) အသခ်တဓာတ် မြတ်သောနိဗ္ဗာန်ပင်တည်း။

"စိတ်အတိုင်းတိုင်းထား" ဟူသည် အထက်တွင် ဖေါ်ပြသကဲ့သို့ ကိလေသာတို့၏ အေးငြိမ်းရာကိုမြင်လျက် အေးငြိမ်းရာနှင့်ထား၊ ရာဂ ကင်းရာကိုမြင်လျက် ရာဂကင်းရာနှင့်ထား၊ နိဗ္ဗာန်ကိုမြင်လျက် နိဗ္ဗာန်နှင့် ထားဟူ၍ ဆိုးမခြင်းဖြစ်လေသည်။ တနည်း....ကိလေသာအပူခပ်သိမ်းတို့ မရှိသောစိတ်သည် ကိလေသာအပူခပ်သိမ်းတို့၏ ငြိမ်းအေးရာနိဗ္ဗာန်နှင့် နေရခြင်းကြောင့် ငြိမ်းအေးသက်သာလျက်ရှိ၏။ ချမ်းသာလျက်ရှိ၏။ ငြိမ်းအေးသက်သာခြင်းဟူသော အကျိုးတရားတို့ကို ရရှိခံစားရ၏။

မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုလျက်နေခြင်းကြောင့် မိမိ၏စိတ်တွင် ရာဂကင်း၍ ငြိမ်းအေးသက်သာခြင်းဟူသော အကျိုးတရားတို့ ပေါ်လာရ၏။ ယင်းအကျိုးတရားကို ဝိရာဂဟုခေါ်၏။ ဤအကျိုးတရားဖြင့်ပင်နေတော့၊ ကိလေသာတွေဖြစ်အောင် ထူထောင်, ထူထောင်၍ မပေးလေနှင့်တော့၊ ပြုလုပ်, ပြုလုပ်မပေးလေနှင့်တော့ဟူ၍ ဆုံးမခြင်းပင်ဖြစ်လေသည်။ အလွန်လေးနက်လှသောအဆုံးအမပင်တည်း။

"ပူပန်မှုတို့ကို ဖြစ်အောင်ပြုလုပ်မပေးလျှင် သို့မဟုတ်၊ ပူပန်မှုတို့ မရှိလျှင် ပူပန်မှုအေးရာနှင့်နေပြီးသား (ဝါ) နိဗ္ဗာန်နှင့်နေရ၏" ဟူ၍ ဆိုခဲ့၏။ အချို့က ဤအယူကို မနှစ်သက်ကြချေ။ "ပူပန်မှုမရှိရုံမျှဖြင့် မပြီး၊ အေးအောင်ပြုလုပ်ရဦးမည်" ဟု ယူကြ၏။ တနည်းဆိုရသော်၊ ပူပန်အောင်လည်း ပြုလုပ်ကြ၏။ အေးအောင်လည်း ပြုလုပ်ကြ၏။ (ဝါ) ကိလေသာဖြစ်အောင်လည်း ပြုလုပ်ကြ၏။ ကိလေသာချုပ်ငြိမ်းကုန်အောင်လည်း ပြုလုပ်ကြ၏။ မီးဖိုလ်တွင် မီးတောက်လောင်စေရန်လည်း မီးကိုမွှေးပေးကြ၏။ မီးဖိုတွင် မီးငြိမ်းစေရန်လည်း ငြိမ်းသတ်နေကြ၏။ "မီးမွှေးမပေးလျှင် မီးငြိမ်းမှုကြီးက ရှိပြီးသား" ဟူ၍ အထက်ကပြဆိုခဲ့သည့်သဘောတို့ကိုလည်း သဘောဉာဏ်မရောက်ကြချေ။

အမှန်စင်စစ် ကိလေသာဖြစ်အောင် ပြုလုပ်နေကြခြင်းသည် အစွန်းတဖက်သို့ ရောက်နေခြင်းသာဖြစ်၏။ တဖန် ကိလေသာငြိမ်းအောင် ပြုလုပ်နေကြခြင်းသည်လည်း အခြားအစွန်းတဖက်သို့ ရောက်နေခြင်းဖြစ်လေသည်။ အန္တဟူသော အစွန်းနှစ်ဖက်တို့မှ မလွတ်မြောက်နိုင်ကြပေ။ ပင်ကိုယ်က အေးနေပါကလားဟု ဉာဏ်သက်ရောက်ကြမှသာလျှင် ဖြစ်အောင်လုပ်နေရသော ထဖက်အစွန်းနှင့် ငြိမ်းအောင်လုပ်နေရသော တဖက်အစွန်းတို့မှ ကင်းလွတ်၍ မဇ္ဈိမပဋိပဒါကျသော ယထာဘူတဉာဏ်ကိုရရှိနိုင်ပေသည်။

# နိဗ္ဗာန်

အထက်ကဖော်ပြခဲ့သည့်အတိုင်း "ကျေးဇူးရှင် ကျောက်သဘော်ဆရာတော်ဘုရားကြီး" ဟောကြားတော်မူသော နိဗ္ဗာန်တရားတော်မြတ်သည် ပါဠိတော်အရပ်ရပ်တို့၌လာသော ရှင်တော်မြတ်ဘုရား၏အလို၊ အဋ္ဌကထာဆရာမြတ်တို့၏ အာဘောဂတို့နှင့် ကိုက်ညီမှုရှိ,မရှိ လေ့လာမှုပြုနိုင်ကြစေရန် ဤနေရာတွင် နိဗ္ဗာန်နှင့်ပတ်သက်သော အဖွင့်သံဝဏ္ဏနာအရပ်ရပ်တို့ကို ကောက်နှုတ်ဖော်ပြအပ်ပါသည်။

နိဗ္ဗာန်ဟူသောစကားသည် နိဝါန-ဟူသောပါဠိမှ ဆင်းသက်လာခြင်းဖြစ်သည်။ နိပုဒ်နှင့် ဝါနပုဒ်, နှစ်ပုဒ်စပ်ထားခြင်းဖြစ်သည်။ နိဝါနမှ နိဗ္ဗာနသို့ ပြောင်းလဲလာပြီးယင်းနိဗ္ဗာနကိုပင်( န )အက္ခရာကို တခွန်လွှား, အသတ်ပြုသဖြင့် နိဗ္ဗာန်ဟူ၍ ဖြစ်လာလေသည်။

ဝါန-ပုဒ်၏ရှေ့က နိ-ဟူသောပုဒ်ရှိနေခြင်းကြောင့် သဒ္ဒါနည်းအရ (ဝ) ကိုဒွေးဘော်ပြု၍ရင်း (ဝ်) နှစ်လုံးကို (ဗ္ဗ) နှစ်လုံးပြုသော် နိဗ္ဗာန ဖြစ်၏။

နိ-ဝါန-နိဝါန-နိဗ္ဗာန-နိဗ္ဗာန်

နိ-ကား.... ပဋိသေဓပုဒ်ဖြစ်၍ မရှိခြင်းအနက်ကိုဟော၏။ ကင်းလွတ်ထွက်မြောက်ခြင်းဟူ၍လည်း ရ၏။

ဝါန-ဟူသောပုဒ်ကား.... တဏှာကိုဆိုလိုသည်။ ဥပါဒါန်အစေးအညှော်ဟူ၍လည်း ပြန်ဆိုနိုင်သည်။ အတိအကျဆိုရပါမူ ချုပ်တတ်စပ်တတ်သောသဘောကို ဝါန-ဟု ခေါ်သည်။

အဝတ်တခုနှင့်တခု တစပ်နှင့်တစပ်ကို အပ်ချည်ဖြင့်ချုပ်ခြင်း၊ စပ်ဟတ်ခြင်းပြုလေသကဲ့သို့ ဘဝတခုနှင့်တခု၊ သို့မဟုတ် ယုတ်သောဘဝနှင့်မြတ်သောဘဝကို ချုပ်တတ်,စပ်တတ်သောကြောင့် တဏှာကိုပင် ဝါနဟုခေါ်လေသည်။ သံသရာဝဋ်အတွင်းက လွတ်ကင်းမသွားရစေရန် ခိုင်မြဲစွာ ချည်နှောင်ချုပ်စပ်တတ်သောကြောင့် ယင်းတဏှာကိုပင်

ဝါန-ဟု ခေါ်ခြင်းဖြစ်၏။ ဝါ-တဏှာသည် သတ္တဝါတို့အား ဘဝ (တခုမဟုတ်တခု) မှ ကင်းလွတ်မသွားရစေရန်၊ ဝါ၊ ဘဝအဆက်ဆက်ဖြစ်နေစေရန်၊ ဝါ-သံသရာလည်နေစေရန် ချုပ်တတ်၊ စပ်တတ်သောသဘောရှိ၏။ ထို့ကြောင့် ထိုတဏှာကိုပင် ဝါန-ဟု ခေါ်လေသည်။

နိဝါန-နိဗ္ဗာန-နိဗ္ဗာန်-တဏှာတည်းဟူသော ဝါနမရှိခြင်း၊ ဝါ-တဏှာမှလွတ်မြောက်ကင်းစင်ခြင်း။ တနည်း....။ ဥပါဒါန်တည်းဟူသော ကိလေသာတဏှာတို့မရှိခြင်းပင်တည်း။ တနည်း....။ ကိလေသာတည်းဟူသော အပူမီးတဆယ့်တပါးတို့ မရှိခြင်းပင်တည်း။

ကိလေသာတို့မရှိခြင်းကြောင့် ကိလေသာတို့၏ ကင်းရာ, ကုန်ရာ, ချုပ်ရာ, ငြိမ်းရာတရားဟူ၍ရင်း၊ ကိလေသာတို့၏ ကင်းကြောင်း, ကုန်ကြောင်း, ချုပ်ကြောင်း, ငြိမ်းကြောင်းတရားဟူ၍ရင်း နိဗ္ဗာန်ကိုခေါ်ဆိုကြလေသည်။

နိဝါန = ဝါနတော နိက္ခန္တတ္တာ။

နိ-ကား....၊ နိက္ခန္တတ္တာ = ကင်းလွတ်ထွက်မြောက်ခြင်း၊ မရှိခြင်း အဓိပ္ပါယ်ရ၏။

ဝါန-ကား....၊ တဏှာ၊ တနည်း၊ ခိုင်မြဲစွာချုပ်တတ်, စပ်တတ်သောသဘောရ၏။

ဤနိက္ခန္တတ္တာကို အဘိဓမ္မာဝတာရအဋ္ဌကထာအလိုအားဖြင့်....

နိက္ခန္တတ္တာတိ = ဝိသံယောဂ ဝသေန နိဿဋတ္တာ။

(အဘိဓမ္မာဝတာရဋီကာ)

ဟူ၍ဖွင့်ဆိုလေသည်။

အဓိပ္ပါယ်မှာ-တဏှာမှ ထွက်မြောက်သောဟူသည် တဏှာနှင့် မယှဉ်သည်၏အစွမ်းဖြင့် တဏှာမှ လွတ်သည်ဟုဆိုခြင်းဖြစ်သည်။ ၎င်းနိက္ခန္တတ္တာကိုပင် အဘိဓမ္မတ္ထသင်္ဂဟဋီကာခေါ် သင်္ဂြိုဟ်ဋီကာဟောင်းက....

" အနာသဝဘာဝေန တဗ္ဗိသယာတိတတ္တာ "
( အဘိဓမ္မတ္ထ သင်္ဂဟဋီကာ )

ဟူ၍ဖွင့်ပြီး အဘိဓမ္မတ္ထဝိဘာဝိနီခေါ် ဋီကာကျော်က....

" ဝိသယာတိက္ကမနဝသေန အတီတတ္တာ "
( အဘိဓမ္မတ္ထ ဝိဘာဝိနီဋီကာ-၂၁၆ )

ဟူ၍ဖွင့်ဆိုကြလေသည်။

အဓိပ္ပါယ်မှာ....အာသဝေါ တရားတို့၏ အာရုံမဟုတ်သည်၏ အစွမ်း, တဏှာ၏ အာရုံအဖြစ်ကို လွန်သည်၏ အစွမ်းအားဖြင့် တဏှာမှ ထွက်မြောက်သည်ဟု ဆိုခြင်းဖြစ်လေသည်။

တဖန်သံယုတ်အဋ္ဌကထာက—

" ဝိနာဘာဝေန နိဗ္ဗာနံ "
(သံယုတ်အဋ္ဌကထာ-၁၄၉)

ဟူ၍ဖွင့်ဆိုပြီး

သုတ္တသင်္ဂဟအဋ္ဌကထာက—

" တဏှာသင်္ခါတဝါနာဘာဝတော နိဗ္ဗာနံ "
(သုတ္တသင်္ဂဟအဋ္ဌကထာ)

ဟူ၍ ဖွင့်ဆိုတော်မူလေသည်။

တေသံ၊ထိုနိဗ္ဗာန်အား။ ဝါနာ၊ဝါနဟူသောတဏှာသည်။ နတ္ထိ၊မရှိ။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံ၊ ထိုနိဗ္ဗာန်သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။

အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာက—

"ဝါနသင်္ခါတာယ တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ။"
(အဘိဓမ္မသင်္ဂဟအဋ္ဌကထာ-၄၅)

ဟူ၍ဖွင့်ဆိုလေသည်။

ဋီကာကျော်ကလည်း—

" ဝါနသင်္ခါတာယ တဏှာယ နိက္ခန္တံ။ "
(ဋီကာကျော်-၇၅)

ဟူ၍ဖွင့်ပြီး။

အဘိဓမ္မာဝတာရအဋ္ဌကထာက—

" တတော ဝါနတော နိက္ခန္တတ္တာ နိဗ္ဗာနံ။ "
(အဘိဓမ္မာဝတာရအဋ္ဌကထာ)

ဟူ၍ ဖွင့်ဆိုတော်မူလေသည်။

အဓိပ္ပါယ်မှာ....ဝါန တည်းဟူသော တဏှာမှ ထွက်မြောက်သော ကြောင့်၊ကင်းလွတ်သောကြောင့် နိဗ္ဗာန်မည်၏ဟု ဆိုခြင်းဖြစ်လေသည်။

ယင်းအဋ္ဌကထာကပင်

" ဘဝါဘဝံ ဝါနတော ဝါနံ ဝုစ္စတိ တဏှာ "
(အဘိဓမ္မာဝတာရအဋ္ဌကထာ)

ဟူ၍ ဝါနတရားကို တဏှာဟူ၍ ဖွင့်ဆိုတော်မူပြီး....

ယင်းအဋ္ဌကထာ၏အဖွင့်ကို ပို၍ပေါ်လွင်ထင်ရှားစေရန် အဘိဓမ္မတ္ထဝိကာသနီဋီကာက အောက်ပါအတိုင်း ထပ်မံ၍ ဖွင့်ဆိုထားလေသည်။

ဘဝါဘဝန္တိ=ဘဝတော ဘဝံ။ ခုဒ္ဒကမဟန္တံ ဝါ ဘဝံ။
ဝိနနတောတိ = သံသိဗ္ဗနတော။ တဏှာ ဟိ သံသာရနာယိကာ
ဘာဝေန ဘဝတော ဘဝံ။ဒုဂ္ဂတိသုဂတိဝသေန ခုဒ္ဒကမဟန္တဘဝံ
ဝါ အပရာပရဘာဝါယ သံသိဗ္ဗေတိ၊တုန္နကရဏံဝိယ ကရောတိ။ ။
(အဘိဓမ္မတ္ထဝိကာသနီဋီကာ)

ဘဝါဘဝန္တိ၊ ဘဝါဘဝံဟူသည်ကား။ ဘဝတော၊ ဘဝတပါးနှင့်။ ဘဝံ၊ ဘဝတပါးကို။ ဝါ၊ တနည်းကား။ ခုဒ္ဒကမဟန္တံဘဝံ၊ ငယ်သော ဘဝဟူသောယုတ်ညံ့သော ဒုဂ္ဂတိဘဝ, ကြီးသော ဘဝဟူသော မြင့်မြတ်သောသုဂတိဘဝကို။ ဝိနနတောတိ၊ ဝိနနတောဟူသည်ကား။ သံသိဗ္ဗန

တော၊ချုပ်စပ်တတ်သောကြောင့်။ဟိဝိတ္တာရေမိ၊ခွဲ၍ဦးအံ့။ တဏှာ၊တဏှာသည်။ သံသာရနာယိကာဘာဝေန၊ သတ္တဝါတို့ကို ဘဝမှ မကင်းမကျွတ်မလွတ်နိုင်အောင် သံသရာသို့ ဆောင်သည်၏အဖြစ်ဖြင့်။ ဘဝတော၊ ဘဝနှင့်။ ဘဝံ၊ဘဝကို။ အပရာပရဘာဝါယ၊ အဆင့်ဆင့်အခါခါ ဖြစ်စေခြင်းငှါ။သံသိဗ္ဗတိ၊ ချုပ်တတ်စပ်တတ်၏။ ဝါ၊ တနည်းကား။ ဒုဂ္ဂတိသုဂတိဝသေန၊ ဒုဂ္ဂတိဘဝ, သုဂတိဘဝတို့၏ အစွမ်းဖြင့်။ ခုဒ္ဒကမဟန္တဘဝံ၊ ငယ်သောဘဝ, ကြီးသောဘဝကို။ အပရာပရဘာဝါယ၊ အဆင့်ဆင့်အခါခါဖြစ်စေခြင်းငှါ။ သံသိဗ္ဗတိ၊ ချုပ်စပ်တတ်၏။ တုန္နကရဏံဝိယ၊ တင်းတိမ်ကန့်လန့်ကာအစရှိသည်တို့ကို အပ်ဖြင့်ချုပ်စပ်ခြင်းကိုပြုသကဲ့သို့။ ကရောတိ၊ ချုပ်စပ်ခြင်းကိုပြုတတ်၏။ တနည်း၊ ခန္ဓာ,အာယတန အစရှိကုန်သော တေဘူမကတရားတို့ကို။ ဝါ၊တရားတို့၌။ အောက်အထက်ပြန်လှန်သည်၏အစွမ်းဖြင့် ချုပ်စပ်တတ်သောကြောင့် ဝါနမည်လေသည်။

၎င်းဝါနတဏှာကို၊ သင်္ဂြိုဟ် ဋီကာဟောင်းကလည်း အောက်ပါအတိုင်းဖွင့်ဆိုထားလေသည်။

> ခန္ဓာယတနာဒိဘေဒေသု တေဘူမကဝတ္ထုသု ဝိနနတော ဟေဋ္ဌုပရိယဝသေန သံသိဗ္ဗနတော ဝါနန္တိ လဒ္ဓဝေါဟာရာယ ဘဝဝိသယတဏှာယ နိက္ခန္တတ္တာ အနာသဝဘာဝေန တဗ္ဗိသယာဘိတတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ။ ။
>
> (သင်္ဂြိုဟ်ဋီကာဟောင်း)

ခန္ဓာယတနာဒိဘေဒေသု၊ ခန္ဓာအာယတနစသည်အပြားရှိကုန်သော။ တေဘူမကဝတ္ထုသု၊ တေဘူမကဝတ္ထုတို့၌။ဟေဋ္ဌုပရိယဝသေန၊ အောက်အထက်ပြန်သည်၏ အစွမ်းဖြင့်။ ဝိနနတော သံသိဗ္ဗနတော၊ ချုပ်တတ်စပ်တတ်သောကြောင့်။ ဝါနန္တိလဒ္ဓဝေါဟာရာယ၊ ဝါနဟူ၍ရအပ်သောအမည်ဝေါဟာရရှိသော။ ဘဝဝိသယတဏှာယ၊ ဘဝလျှင်အာရုံတည်ရာရှိသောတဏှာမှ။ နိက္ခန္တတ္တာ၊ ထွက်မြောက်သည်၏အဖြစ်ကြောင့်။ အနာသဝဘာဝေန၊ အာသဝေါတရားတို့၏ အာရုံမဟုတ်သည်၏ အဖြစ်ဖြင့်။ တဗ္ဗိသယာဘိတတ္တာ၊ ထိုတဏှာ၏ အာရုံအဖြစ်ကို လွန်သည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

တဖန်ဋီကာကျော်တွင်လည်း အောက်ပါအတိုင်း ဖွင့်ထားလေသည်။

ခန္ဓာဒိဘေဒေ တေဘူမကဓမ္မေ ဟေဋ္ဌုပရိယဝသေန ဝိနနတော သံသိဗ္ဗနတော ဝါနသင်္ခါတာယ တဏှာယ နိက္ခန္တတ္တာ ဝိသယာတိက္ကမဝသေန အတီတတ္တာ။

(ဋီကာကျော် ၂၁၆)

ခန္ဓာဒိဘေဒေ၊ ခန္ဓာစသည်အပြားရှိကုန်သော တေဘူမကတရားတို့ကို။ ဟေဋ္ဌုပရိယဝသေန၊ အောက်အထက်ပြန်အပ်သည်၏ အစွမ်းဖြင့်။ ဝိနနတော သံသိဗ္ဗနတော၊ ချုပ်တတ်,စပ်တတ်သောကြောင့်။ ဝါနသင်္ခါတာယ၊ ဝါနဟုဆိုအပ်သော။ တဏှာယ၊ တဏှာမှ။ နိက္ခန္တတ္တာ၊ ထွက်မြောက်သည်အဖြစ်ကြောင့်။ ဝိသယာတိက္ကမဝသေန၊ အာရုံအဖြစ်ကို လွန်သည်၏ အစွမ်းဖြင့်။ အတီတတ္တာ၊ လွန်သည်၏အဖြစ်ကြောင့်။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

အထက်က ကိုးကားဖော်ပြခဲ့သော ပါဠိတော်တို့ကို အကျဉ်းချုပ်ခြုံလိုက်သည်ရှိသော်....

ဝါနတော နိက္ခန္တတ္တာ နိဗ္ဗာနံ။

(သင်္ဂြိုဟ်ဋီကာဟောင်း)

ဟူ၍ဝစနတ္ထပြုရပေမည်။

ယံဓမ္မဇာတံ၊ အကြင်သဘောတရားသည်။ ဝါနတော၊ တဏှာမှ။ နိက္ခန္တံ၊ ကင်းလွတ်ထွက်မြောက်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံဓမ္မဇာတံ၊ ထိုသဘောတရားသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။

ဤသို့လျှင် နိ ဝါနဟူသော ပုဒ်နှစ်ခုပေါင်းမှ ဆင်းသက်လာပုံကို ဖွင့်ပြပြီးလျှင် နိဗ္ဗာန်ဟူသော တပုဒ်လုံးကိုပင် ငြိမ်းအေးခြင်းဟူသော အနက်သဘောဖြင့် ဖွင့်ပြသောအဋ္ဌကထာဋီကာတို့၏ အဆိုအမိန့်များမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

နိဗ္ဗုတန္တိ = နိဗ္ဗုတသဘာဝံ နိဗ္ဗာနံ။

(ထေရဂါထာအဋ္ဌကထာ၊ နှာ-၁၁၅)

နိဗ္ဗုတန္တိ၊ နိဗ္ဗုတံဟူသည်ကား။ နိဗ္ဗုတသဘာဝံ၊ ရာဂမီး, ဒေါသမီး, မောဟမီး, ဇာတိမီး, ဇရာမီး, မရဏမီး, သောကမီး, ပရိဒေဝမီး, ဒုက္ခမီး, ဒေါမနဿမီး, ဥပါယာသမီးတည်းဟူသော မီးတဆယ့်တပါးတို့မှ တဝ တည်းငြိမ်းအေးခြင်းသဘောရှိသော။ ဝါ၊ ငြိမ်းအေးခြင်းသဘောသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။

တဖန်၊ သင်္ဂြဟတနသံယုတ်ဋီကာတွင်လည်း....

"ပရိနိဗ္ဗာန သဘာဝ သခ်ါတံ နိဗ္ဗာနံ။"
(သင်္ဂြဟတနသံယုတ်ဋ္ဌီကာ၊ နှာ-၃၆၇)

ဟူ၍ဖွင့်ဆိုလေသည်။

ပရိနိဗ္ဗာနသဘာဝသခ်ါတံ၊အလုံးစုံသောဘေးအပေါင်းတို့မှတပေါင်း တည်းထက်ဝန်းကျင် ငြိမ်းအေးခြင်းသဘောဟုဆိုအပ်သော တရားသည်၊ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။

သီလက္ခန်ဋီကာကလည်း....

"နိဗ္ဗာန ခေတ္တတိစ နိဗ္ဗုတိမတ္တံ။"
(သီလက္ခန်ဋ္ဌီကာ၊ နှာ-၆၃)

ဟူ၍ဖွင့်လေသည်။

နိဗ္ဗာနခေတ္တတိစ၊ နိဗ္ဗာနခေတ်ဟူသည်လည်း။ နိဗ္ဗုတိမတ္တံ၊ တဆယ့် တသီး မီးအပေါင်းတို့မှ ငြိမ်းအေးခြင်းခေတ်အစုမျှတည်း။ ဝါ-တနည်း ကား။နိဗ္ဗုတိမတ္တံ၊ ဝါနတည်းဟူသော တဏှာကိလေသာတို့မှ ကင်းလွတ် ငြိမ်းအေးခြင်း ခေတ်အစုမျှတည်း။

တဖန်ဝိသုဒ္ဓိမဂ်အဋ္ဌကထာက....

"ကောဒသဂ္ဂိ ဝူပသမနံ နိဗ္ဗာနံ"
(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

ဟူ၍ဖွင့်ပြီး။

ဋီကာကျော်က....

"နိဗ္ဗာတိ ဝါ ဧတေန ရာဂဂ္ဂိအာဒိကောတိ နိဗ္ဗာနံ"
(ဋီကာကျော်-၇၅)

ဟူ၍ဖွင့်ဆိုကြလေသည်။

အဓိပ္ပါယ်မှာ....မီးတဆယ့်တပါးတို့၏ငြိမ်းကြောင်းဖြစ်သောကြောင့် နိဗ္ဗာန်မည်ပါသည်ဟူလေ။

အင်္ဂုတ္တရအဋ္ဌကထာကလည်း....

တံ ဟိ အာဂမ္မ သဗ္ဗပရိဠာဟာ နိဗ္ဗန္တိ။
(စတုက္ကအင်္ဂုတ္တရအဋ္ဌကထာ ၂-၂၉၆)

ဟူ၍ဖွင့်လေသည်။

အဓိပ္ပါယ်မှာ....ရာဂအစရှိသော အလုံးစုံသော ပူပန်ခြင်းတို့၏ ငြိမ်းကြောင်းဖြစ်သောကြောင့် နိဗ္ဗာန်မည်ပါသည်ဟူ၏။

တဖန်နေတ္တိအဋ္ဌကထာကလည်း....

" တံ ဟိ အာဂမ္မ သဗ္ဗဒုက္ခံ နိဗ္ဗာယတိ"
(နေတ္တိအဋ္ဌကထာ)

ဟူ၍ဖွင့်ပြီး....

ဝိသုဒ္ဓိမဂ်မဟာဋီကာက....

"တိဿန္နမ္ပိ ဒုက္ခတာနံ နိဗ္ဗုတိဘာဝတော နိဗ္ဗာနံ"
(ဝိသုဒ္ဓိမဂ်မဟာဋီကာ)

ဟူ၍ဖွင့်ဆိုလေသည်။

အဓိပ္ပါယ်မှာ....၊ ဒုက္ခ ဒုက္ခ, ဝိပရိဏာမဒုက္ခ, သင်္ခါရဒုက္ခဟူသော သုံးပါးသော ဝဋ်ဆင်းရဲဟူသမျှတို့၏ ငြိမ်းကြောင်း ဖြစ်သောကြောင့် နိဗ္ဗာန်ဟူ၏။

ဤကား....နိဗ္ဗာန်၏ အဓိပ္ပါယ်ကို ဖွင့်ဆိုသောပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာအစရှိသည်တို့၏ အဖွင့်များပင်ဖြစ်ကြလေသည်။ အချုပ်မှာ....ဝါန

တည်းဟူသော ကိလေသာ တဏှာတို့မရှိပဲ ယင်း ကိလေသာတဏှာတို့၏ ငြိမ်းအေးရာဖြစ်သော၊ ငြိမ်းအေးခြင်းသဘောသည် နိဗ္ဗာန်ပင်ဖြစ်သည် ဟူ၍ ဖွင့်ဆိုကြလေသည်။

## ဘုရားရှင်တို့ဟောသောနိဗ္ဗာန်

ပဒမစ္စုတမစ္စန္တံ၊ အသင်္ခတမနုတ္တရံ။
နိဗ္ဗာနမိတိ ဘာသန္တိ၊ ဝါနမုတ္တာ မဟေသယော။
(အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ)

အသင်္ခတံ၊ ကံစသောဇနကအကြောင်းတို့သည် မပြုမစီရင်အပ်သော။ အစ္စန္တံ၊ အဆုံးအပိုင်းအခြားကိုလွန်ထသော။ ဝါ၊ ဥပါဒ်၊ဋ္ဌီ၊ဘင် ဟူသော အပိုင်းအခြားကိုလွန်ထသော။ အစ္စုတံ၊ မိမိ၏သဏ္ဌိသဘောမှ ရွေ့လျော ခြင်းမရှိထသော။ အနုတ္တရံ၊ သင်္ခတ သင်္ခတ ရှိသမျှသော ပရမတ္ထတရား တို့တွင် မိမိကသာ အလွန်မြတ်ဆုံးဖြစ်၍ မိမိနှင့် တူတန်လောက်အောင် မွန်မြတ်သောတရားမရှိထသော။ ပဒံ၊ နိဗ္ဗာန်ကို။ ဝါ၊ သင်္ခတ၊အသင်္ခတ တရားတို့တွင် အသင်္ခတအဖို့ဖြစ်သောတရားကို။ ဝါ၊ ကိလေသာအလုံးစုံ တို့၏ ကုန်ငြိမ်းကြောင်းဖြစ်သောတရားကို။ ဝါ၊ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ဟူသောဝဋ်သုံးပါးတို့၏ ကုန်ငြိမ်းခြင်း၏ အကြောင်းဖြစ်သော တရားကို။ ဝါ၊ ချမ်းသာခြင်း၏အကြောင်းဖြစ်သော တရားကို။ နိဗ္ဗာန မိတိ၊ နိဗ္ဗာန်မည်၏ဟူ၍။ ဝါနမုတ္တာ၊ ဝါနမည်သောတဏှာမှ လွတ်တော် မူကုန်ပြီးသော။ မဟေသယော၊ သီလက္ခန္ဓ စသည်ကျေးဇူး ဂုဏ်အထူးကို ဆည်းပူးရှာမှီးတော်မူကုန်ပြီးသော ဘုရားရှင်တို့သည်။ ဘာသန္တိ၊ ဟော တော်မူကုန်၏။

(က) ကံစသောမည်သည့်အကြောင်းတို့နှင့်မှ မပြုပြင်အပ်၊မဖြစ်စေ အပ်သော၊

(ခ) ပြုပြင်စီရင်ခြင်းမှ ကင်းသော၊

(ဂ) တရံတဆစ်မျှ မိမိ၏သဏ္ဌိသဘောမှ ပြောင်းရွေ့ခြင်းမရှိသော၊

(ဃ) ရှိသမျှ ပရမတ္ထ တရားတို့တွင် မိမိကသာ အလွန်မြတ်ဆုံး ဖြစ်သော၊

(င) ဒုက္ခတို့၏ ကုန်ကင်း ချမ်းသာခြင်း၏ ဥပနိဿယ မူလ အကြောင်းရင်း တရားဖြစ်သော ပရမတ္ထတရားသည် နိဗ္ဗာန် မည်၏....ဟု ဆိုလိုခြင်းဖြစ်လေသည်။

တနည်း။ ။အသင်္ခတံ၊ အပ်သော။ ဝါ၊ အပ်သောကြောင့်။ အစ္စန္တံ၊ ဥပါဒ်၊ ဋ္ဌီဘင်ဟူသောအပိုင်းအခြားကိုလွန်သော (ဥပါဒ်၊ဋ္ဌီ၊ဘင် ဟူသော အပိုင်းအခြားမရှိသော ) ဝါ၊ လွန်သောကြောင့်။ အစ္စုတံ၊ တရံတဆစ်မျှ မိမိသဘောမှ ရွေ့လျောခြင်းမရှိသော။ဝါ၊သောကြောင့်။ အနုတ္တရံ၊ သော။ ပဒံ၊ ကို။ ဝါနမုတ္တာ၊ မူကုန်ပြီးသော။ မဟေသယော၊ တို့သည်။ နိဗ္ဗာနမိတိ၊ မည်၏ဟူ၍။ ဘာသန္တိ၊ ကုန်၏။

(က) နိဗ္ဗာန်ဟူသည်.... ကာယကံ၊ ဝစီကံ၊ မနောကံ ( သို့မဟုတ် ) ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရ ( သို့မဟုတ် ) အပုညာဘိသင်္ခါရ၊ ပုညာဘိသင်္ခါရ၊ အနေဉ္ဇာဘိသင်္ခါရ-တည်း ဟူသော ကံဖြင့်သော်၎င်း၊ စိတ်ဖြင့်သော်၎င်း၊ အပူအအေး စသော ဥတုဖြင့်သော်၎င်း၊ အစာအာဟာရဖြင့်သော်၎င်း နိဗ္ဗာန်ဖြစ်ပေါ်လာစေရန် မပြုပြင်ပေးအပ်၊ မပြုလုပ်ပေးအပ် သော တရားမျိုးဖြစ်သည်။

(ခ) နိဗ္ဗာန်ဟူသည်.... ကံ၊ စိတ်၊ ဥတု၊ အာဟာရ အစရှိသော အကြောင်းတရားတို့ဖြင့်၎င်း၊အခြားအခြားသောအကြောင်း တရားတို့ဖြင့်၎င်း၊ မည်သည့်အကြောင်းတရားတို့နှင့်မှ ပြုပြင် စီရင်ထားခြင်းမရှိပဲ၊ပြုပြင်စီရင်ခြင်းကင်းစွာ တည်ရှိနေသော တရားဖြစ်သည်။

(ဂ) နိဗ္ဗာန်ဟူသည်.... အလုံးစုံသော ကိလေသာအပူမီးတို့မှ ငြိမ်းအေးတည်ငြိမ်၍ နေပြီးလျှင် မိမိ၏ ငြိမ်းအေးခြင်း သဘောမှ ပြောင်းရွေ့ ရွေ့လျောသွားတတ်သော တရား မျိုးမဟုတ်။

(ဃ) နိဗ္ဗာန်ဟူသည်.... အခြားသော စိတ်၊ စေတသိက်၊ ရုပ်-တည်း ဟူသောပရမတ္ထတရားတို့နှင့် တသီးတခြားဖြစ်၍ ထိုတရား တို့ထက် သာလွန်မွန်မြတ်သော အမြတ်ဆုံးတရားဖြစ်သည်။

( င ) နိဗ္ဗာန်ဟူသည်.... အလုံးစုံသော ကိလေသာဒုက္ခ, ခန္ဓာဒုက္ခ တို့၏ ကုန်ကင်းချမ်းသာခြင်း၏ မူလ အကြောင်းတရားဖြစ် သည်။ ဝါ၊ နိဗ္ဗာန်ကိုအကြောင်းပြု၍၊ မျက်မှောက်ပြု၍ ကျင့်သုံးနေထိုင်သွားမှသာလျှင် အလုံးစုံသော ကိလေသာ ဒုက္ခတို့ ကုန်ကင်းချုပ်ငြိမ်းစေနိုင်သော တရားဖြစ်သည်။

## နိဗ္ဗာန်၏ လက္ခဏ, ရသ

နိဗ္ဗာန်၏လက္ခဏ,ရသ-အစရှိသည်တို့ကို ပါဠိတော်အဋ္ဌကထာ တို့တွင် အောက်ပါအတိုင်း ဖွင့်ဆိုထားကြလေသည်။

သန္တိလက္ခဏံ နိဗ္ဗာနံ၊ အစ္စုတိရသံ၊
အဿာသကရဏရသံ ဝါ၊ အနိမိတ္တပစ္စုပဋ္ဌာနံ။
( သမ္မောဟဝိနောဒနီအဋ္ဌကထာ-၇၉ )

ဝိသုဒ္ဓိမဂ်အဋ္ဌကထာတွင်မူ....

တယိဒံ သန္တိလက္ခဏံ၊ အစ္စုတိရသံ၊
အဿာသကရဏရသံ ဝါ၊ အနိမိတ္တပစ္စုပဋ္ဌာနံ၊
နိပ္ပဉ္စ ပစ္စုပဋ္ဌာနံ ဝါ။ ။
( ဝိသုဒ္ဓိမဂ်အဋ္ဌကထာ-၃၉ )

ဟူ၍ပြဆိုပြီး....

အဘိဓမ္မာဝတာရအဋ္ဌကထာ၌ကား....

တယိဒံ သန္တိလက္ခဏံ၊ အစ္စုတိရသံ၊
အဿာသကရဏရသံ ၊ ဝါ၊ အနိမိတ္တပစ္စုပဋ္ဌာနံ၊
နိဿရဏ ပစ္စုပဋ္ဌာနံ ဝါ။ ။
( အဘိဓမ္မာဝတာရအဋ္ဌကထာ )

ဟူ၍ပြဆိုတော်မူလေသည်။

ပစ္စုပဋ္ဌာန်ကိုပြသောအရာ၌ ဖလပစ္စုပဋ္ဌာန်ကိုပြသော နောက်နည်း မပါသည်မျှသာထူးပြီး ကြွင်းသည်တို့ကား အတူတူပင်ဖြစ်လေသည်။

တဃိဒံ တံဣဒံ နိဗ္ဗာနံ၊ ထိုမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓါတ် နိဗ္ဗာန်သည်။ သန္တိလက္ခဏံ၊ ရာဂ၏ကုန်ခြင်း အစရှိသောအားဖြင့် အလုံးစုံသော ဒုက္ခငြိမ်းခြင်း၏ အကြောင်းဖြစ်သည်၏အဖြစ်, ကိလေသာဟူသောပူပန်ခြင်းမရှိသည်၏အဖြစ်တို့ကြောင့် ငြိမ်းအေးခြင်းလက္ခဏာရှိ၏။ အစ္စုတိရသံ၊ မိမိ၏သဘောကို တရံတခါမျှ မစွန့်ခြင်းကြောင့် မိမိ၏ ငြိမ်းအေးခြင်း သန္တိသဘောမှ မရွေ့မလျောခြင်းဟူသော ဂုဏ်နှင့် ပြည့်စုံ၏။ ဝါ-တနည်းကား။ အဿာသကရဏရသံ၊ သက်သာရာကို ရအောင် ပြုခြင်းကိစ္စရှိ၏။ အနိမိတ္တပစ္စုပဋ္ဌာနံ၊ ဉာဏ်ဖြင့် နိဗ္ဗာန်ကို ရှုသော (မျက်မှောက်ပြုသော) ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား သင်္ခါရနိမိတ်မှ ကင်းဆိတ်သောတရားဟူ၍ ရှေးရှုထင်သော အခြင်းအရာရှိ၏။

အချုပ်ကား....

၁။ သန္တိလက္ခဏံ = ကိလေသာအပူခပ်သိမ်းတို့ မရှိခြင်းကြောင့် ကိလေသာအပူခပ်သိမ်းတို့မှ ငြိမ်းအေးခြင်းလက္ခဏာရှိ၏။

၂။ အစ္စုတိရသံ = မိမိ၏ငြိမ်းအေးခြင်းသန္တိဂုဏ်မှမရွေ့လျောခြင်း ဂုဏ်နှင့် ပြည့်စုံ၏။

အဿာသကရဏရသံ ဝါ = သက်သာရာရအောင် ပြုခြင်းကိစ္စရှိ၏။

၃။ အနိမိတ္တပစ္စုပဋ္ဌာနံ = ဉာဏ်ဖြင့် နိဗ္ဗာန်ကိုရှုသော(မျက်မှောက်ပြုသော) သူ၏ ဉာဏ်အား သင်္ခါရနိမိတ်မှ ကင်းသောတရားဟူ၍ ရှေးရှုထင်၏။

## နိဗ္ဗာန် ထင်ရှားရှိပုံ

နိဗ္ဗာန်ဟူသည်....ဝါနတည်းဟူသော တဏှာကိလေသာတို့ မရှိခြင်း၊ ကင်းလွတ်ခြင်းကိုပင် ခေါ်ဆိုကြောင်းကို ဖေါ်ပြခဲ့သော ပါဠိတော်၊ အဋ္ဌကထာ အရပ်ရပ်တို့ဖြင့် သိအပ်ပေပြီ။ ကင်းလွတ်ပုံ,ကင်းလွတ်နည်း၊ မရှိပုံ,မရှိနည်းတို့မှာလည်း ကင်းလွတ်စေရန်၊ မရှိစေရန်၊ ကံ, စိတ်, ဥတု, အာဟာရ-အစရှိသော အကြောင်းအကြောင်းတို့ဖြင့် ပြုပြင်ဖန်တည်း၍

ထားခြင်းကြောင့်ကင်းလွတ်နေခြင်းမဟုတ်၊သူ့အလိုလိုပင်ကိုယ်ပကတိက ပင်လျှင် ကင်းလွတ်၍ အမြဲတစေတည်ရှိနေသော တရားပင်ဖြစ်လေသည်။

နိစ္စော၊ ဓုဝေါ၊ အာကာသာဒိပညတ္တိဝိယ သဗ္ဗကာလိကောတိ ဒဋ္ဌဗ္ဗော။ ။

(ပဋိသမ္ဘိဒါမဂ်ဂဏ္ဌိ)

နိဗ္ဗာန်သည်မြဲ၏။ ခိုင်ခန့်၏။ အာကာသကောင်းကင်ပညတ်ကြီးကဲ့သို့ အခါခပ်သိမ်းရှိနေ၏။

အနန္တံ ဝုစ္စတိ နိဗ္ဗာနံ။

နိဗ္ဗာန်သည် အဆုံးအစမရှိသော အနန္တတရားတော်ဖြစ်သည်။

အနန္တခေတ်ဟူသည်....ကောင်းကင်ကြီးသည် အတိုင်းအတာ ပမာဏ မရှိသလို နိဗ္ဗာန်တရားတော်မြတ်သည်လည်း ကောင်းကင်ကြီးထက်ပင် အသချေ-အနန္တ အတိုင်းအတာမရှိပေ။

အနန္တန္တိ = အန္တရဟိတံ၊ နိစ္စန္တိ အတ္ထော။

(ဥပရိပဏ္ဏာသဋီကာ)

အနန္တန္တိ၊ အနန္တဟူသည်ကား။ အန္တရဟိတံ၊ အဆုံးကင်းသည်တည်း။ ဝါ၊ အဆုံးမရှိ။ နိစ္စံ၊ မပျက်မစီး အမြဲတည်နေ၏။ ဣတိအယံ၊ ဤသည် ကား။ အတ္ထော၊ အနက်တည်း။

ပရိယန္တဘာဝရဟိတတ္တာ အနန္တံ ဝုစ္စတိ နိဗ္ဗာနံ။ ။

(ပရိဝါအဋ္ဌကထာ)

ဆိုလိုသည်မှာ....နိဗ္ဗာန်သည် ဥပါဒ်နှင့် ဘင်မရှိသောကြောင့်အနန္တ ဟူ၍ရင်း၊ ပရိယန္တဘာဝရဟိတတ္တာ-ဟူသော ပါဠ်သည် ထက်ဝန်းကျင် အစနှင့်အဆုံး ကင်းနေသည်ဟုဆိုသည်။ ထို့ကြောင့် ဥပါဒ်နှင့်ဘင် မရှိဟု ဆိုရမည်။ ဋ္ဌိတိသဘောကားရှိသည်။ အကယ်၍ ဋ္ဌိတိသဘောမှမရှိလျှင် နိစ္စ,ဓုဝမဖြစ်နိုင်။

ထို့ကြောင့် နိဗ္ဗာန်ကို....

၁။ အမြဲတည်ရှိနေသော(နိစ္စ)တရား၊
၂။ အလွန်ခိုင်ခန့်သော-ခိုင်မြဲသော(ဓုဝ)တရား၊
၃။ အမြဲထင်ရှားရှိနေသော(သဿတ)တရား၊
၄။ အလွန်သိမြင်နိုင်ခဲသော(သုဒုဒ္ဒသ)တရား၊
၅။ တရားအားလုံးတို့ထက် အမွန်မြတ်ဆုံးဖြစ်သော(အနုတ္တရ)တရား
၆။ အလွန်အံ့ဩဘွယ်ရာကောင်းသော(အစ္ဆရိယ)တရား၊
၇။ ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ဟု မဆိုရပါပဲလျက် ထူးဆန်းစွာ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ( အဗ္ဘုတ ) တရား-ဖြစ်လေသည်။

## နိဗ္ဗာန် ဘယ်မှာရှိသနည်း

၎င်းသို့ကိုလေသာကင်းသော နိဗ္ဗာန်တရားသည် နိစ္စ, ဓုဝ, သဿတ အနေနှင့် ထင်ရှားမသေ့ အမြဲတည်ရှိနေသည်ဟုဆိုသော် ထိုနိဗ္ဗာန်တရားသည် ဘယ်မှာရှိပါသနည်းဟု အကယ်၍ စောဒနာငြားအံ့၊ အောက်ပါတို့ကို ကိုးကားလျက် နိဗ္ဗာန်ကို ညွှန်ပြရပေမည်။

> "အလင်းရောင်သည် အပိတ်အဆီးမရှိ ဟင်းလင်းပွင့်သကဲ့သို့ ပညာဖြင့်ရှုကြည့်သော သူတော်ကောင်းတို့အား နိဗ္ဗာန်သည် ဟင်းလင်းပွင့်နေ၏။ သစ္စာတရား၌ မလိမ္မာကုန်သော သူမိုက်တို့သည် အနီး၌တည်ရှိသော နိဗ္ဗာန်ကို မသိနိုင်ကြကုန်။"

(သုတ္တနိပါတ်ပါဠိတော်မြန်မာပြန်၊မဟာဝဂ်၊ဒွယတာနုပဿနာသုတ်၊ နှာ-၃၇၆)

အလားတူစွာပင် သဠာယတနသံယုတ်ပါဠိတော်တွင်လည်း....

> " ပညာရှိကုန်သော သူတော်ကောင်းတို့အား နိဗ္ဗာန်သည် အလင်းရောင်ကဲ့သို့ ပွင့်နေ၏။ သစ္စာလေးပါး၌ မလိမ္မာကုန်သောသူတို့သည် နိဗ္ဗာန်တရားကို မသိနိုင်ကြကုန်။"

( သဠာယတနသံယုတ်ပါဠိတော်မြန်မာပြန်၊ ဒေဝဒဟဝဂ်၊ ပဌမရူပါရာမသုတ်၊ နှာ-၃၃၆ )

ရောဟိတဿနတ်သားအား မြတ်စွာဘုရားက ဟောကြားတော်မူရာတွင်လည်း....

ဣမသ္မိံ ယေ၀ ဗျာမမတ္တေ ကဠေ၀ရေ
သသညိမှိ သမနကေ လောကဥ္စ၀ ပညပေမိ၊
လောကသမုဒယဉ္စ၀ ပညပေမိ၊
လောကနိရောဓဉ္စ ပညပေမိ၊
လောကနိရောဓဂါမိနိပဋိပဒဉ္စ ပညပေမိ။ ။
(သဂါထာ၀ဂ္ဂသံယုတ်ပါဠိတော်၊ ရောဟိတဿသုတ်၊ နှာ-၆၁။)

အိုရောဟိတ၊ လောကသည်ရင်း၊ လောကဖြစ်ကြောင်းသည်ရင်း၊ လောကချုပ်ငြိမ်းရာနိဗ္ဗာန်သည်ရင်း၊ လောကချုပ်ငြိမ်းရာ, ချုပ်ငြိမ်းကြောင်းအကျင့်သည်ရင်း စိတ်သညာနှင့်တကွ တလံမျှလောက်သော ဤခန္ဓာကိုယ်နှင့် စပ်လျက်သာလျှင် ငါဘုရားပညတ်၏။

တဖန်-ကထာ၀တ္ထုပါဠိတော်၌လည်း....

အညေ ခန္ဓာ အညံ နိဗ္ဗာနန္တိ နဟေ၀ံ ၀တ္တဗ္ဗေ။
(ကထာ၀တ္ထုပါဠိတော်)

ဟူ၍ နိဗ္ဗာန်ကားတမျိုး၊ ခန္ဓာကတခြားဟူ၍ လွဲမှားစွာမယူစကောင်းဟု ဟောတော်မူခဲ့သည်ကိုရင်း၊

နိဗ္ဗာနမ္ပိ ခန္ဓပဋိဗဒ္ဓမေ၀။
(ဝိသုဒ္ဓိမဂ်မဟာဋီကာ)

ဟူ၍ နိဗ္ဗာန်သည် ခန္ဓာနှင့်စပ်လျက်သာတည်းဟူ၍ ဝိသုဒ္ဓိမဂ်မဟာဋီကာတွင် ဟောတော်မူခဲ့သည်တို့ကိုရင်း ထောက်ထားသောအားဖြင့် နိဗ္ဗာန်ဟူသည် မိမိတို့၏ ခန္ဓာနှင့်စပ်လျက်သာလျှင် တွေ့နိုင်ကြောင်း ပြတ်သားစွာသဘောပေါက်သင့်ပါသည်။ ဤကိုရည်၍ပင်....

တရားပျောက်တော့ကိုယ်မှာရှာ၊
တရားရှာတော့ကိုယ်မှာတွေ့၊

ဟူ၍ ရှေးအရိယာ သူတော်ကောင်းတို့ ရေးသား စပ်ဆိုတော်မူခဲ့ကြလေသည်။

"ကိုယ်" ဟူသောစကားသည် "ကာယ" ဟူသောသဒ္ဒါမှ ဆင်းသက်လာခြင်းဖြစ်သည်။"ကာယ"ဟူသည် အပေါင်းအစုဟူ၍ အဓိပ္ပါယ်ရလေသည်။ အပေါင်းအစုတွင်လည်း ရုပ်အပေါင်းအစုနှင့် နာမ်အပေါင်းအစုဟူ၍ နှစ်မျိုးနှစ်စား ရှိပြန်လေသည်။

ယင်းအပေါင်းအစုနှစ်မျိုးတွင် နိဗ္ဗာန်တရားသည် မည်သည့်အပေါင်းအစုတွင် တွေ့နိုင်သနည်းဟု လေ့လာစေကြောသင့်လေသည်။

နိဗ္ဗာန်ဟူသည် နိဝါန-ဖြစ်ကြောင်းဆိုခဲ့ပြီ၊ ယင်းနိဝါနတရားကို ရုပ်တွင်ရှာရမည်လော၊ သို့တည်းမဟုတ်၊ နာမ်တွင်ရှာရမည်လောဟု ဝေဖန်ပိုင်းခြား ကြည့်သောအခါတွင် ကိလေသာဖြစ်တတ်သော နေရာဌာနကို သတိထားသင့်လေသည်။ ကိလေသာတရားတို့သည် နာမ်ကိုမှီ၍ သာလျှင်။ ဝါ၊ စိတ်ကိုမှီ၍သာလျှင် ဖြစ်လေ့ရှိလေသည်။ စိတ်မပါလျှင် ကိလေသာဖြစ်၍မရပါ။ စိတ်တွင်ဖြစ်သော ကိလေသာသည် ငြိမ်းသောအခါတွင် စိတ်မှာပင် ငြိမ်းရလေသည်။ ထင်းမှာ လောင်သောမီးသည် ထင်းမှာပင်ငြိမ်းရသည်။ ကောက်ရိုးမှာလောင်သောမီးသည် ကောက်ရိုးမှာပင် ငြိမ်းရသည်ဟူ၍ မြတ်စွာဘုရားက ဥပမာဆောင်၍ ဟောထားသောအရာများလည်း ရှိပါသည်။

စိတ်မှာဖြစ်သောကိလေသာတို့သည် ငြိမ်းလျှင် စိတ်မှာပင်ငြိမ်းရသည် မှန်သော်လည်း ကိလေသာတို့သည် စိတ်တွင် အမြဲရှိနေပါသလားဟု မေးလျှင် အမြဲမရှိနိုင်ပါ။ အနိစ္စမျိုးတို့သာ ဖြစ်ပါသည်။ စိတ်တွင် ကိလေသာတို့သည် သူ့အလိုလို ဖြစ်နေပါသလောဟု မေးလျှင် သူ့အလိုလို မဖြစ်နိုင်ကြပါ။ အယောနိသောမနသိကာရအားဖြင့် မသင့်သည်တို့ကို နှလုံးသွင်း၊ ကြံစည်ပေး၊ တွေးတောပေး ပြုလုပ်ပေးခြင်းကြောင့်သာ ဖြစ်ကြရပါသည်။

အယောနိသောမနသိကာရအားဖြင့် ကြံစည်မပေး၊တွေးတောမပေး၊ ပြုလုပ်မပေးပါက၊ သင်္ခါရမှုတခုခုကို ထူထောင်မပေးပါက အလုံးစုံသော ကိလေသာတို့မှ အေးငြိမ်းလွတ်ကင်း၍ နေသော ကိလေသာတို့၏ (တနည်း) သင်္ခါရတို့၏ အေးငြိမ်းလွတ်ကင်းရာ တရားသည် ထင်ထင်

ရှားရှား ပရမတ္ထအားဖြင့် ရှိနေပါသည်။ ယင်းကား....၊ အထက်က ပါဠိတော်အရပ်ရပ်တို့တွင် ဖွင့်ဆိုဟောကြားတော်မူခဲ့သော "နိဝါန" တရားပင်ဖြစ်လေသည်။ "တတော ဝါနတော နိက္ခန္တတ္တာ နိဗ္ဗာနံ" ဟူသောစကားသည် ဤကဲ့သို့ စိတ်တွင် ကိလေသာတို့မရှိပဲ ကိလေသာတို့မှ ကင်းလွတ် ထွက်မြောက်ရာ ဖြစ်သော တရားကိုပင် နိဗ္ဗာန်မည်၏ဟု ဟောတော်မူခြင်းဖြစ်လေသည်။

## ကိလေသာတို့ ကုန်သည်,ချုပ်ငြိမ်းသည်ဟူသော စကား၏ အကောက်အယူ

ဇမ္ဗုခါဒကပရိဗိုဇ်က မေးလျှောက်၍ အရှင်သာရိပုတ္တရာမထေရ်က....

ယော ခေါ အာဝုသော ရာဂက္ခယော
ဒေါသက္ခယော မောဟက္ခယော၊
ဣဒံ ဝုစ္စတိ နိဗ္ဗာနံ။ ။
(သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်၊ ဇမ္ဗုခါဒကသံယုတ်၊
နိဗ္ဗာနပဉှာသုတ်၊ နှာ-၄၄၇)

ဟူ၍၎င်း၊

ဝိဘင်းပါဠိတော်တွင်လည်း....
တတ္ထ ကတမာ အသင်္ခတာ ဓာတု၊
ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော။
(အာယတနဝိဘင်း ပါဠိတော်-၇၄)

တတ္ထ၊ ထိုဓမ္မာယတန၏သရုပ်အရဖြစ်သော တရားအပေါင်းတို့တွင်။ အသင်္ခတာဓာတု၊ အသင်္ခတဓာတ်ဟူသည်ကား။ ကတမာ၊ အဘယ် တရားနည်း။ ဝါ၊အဘယ်သို့သောတရားသည်။အသင်္ခတာဓာတု၊အသင်္ခတ ဓာတ်မည်သနည်း။ ရာဂက္ခယော၊ ရာဂ၏ ကုန်ကြောင်း ဖြစ်သော။ ဒေါသက္ခယော၊ ဒေါသ၏ ကုန်ကြောင်းဖြစ်သော။ မောဟက္ခယော၊ မောဟ၏ ကုန်ကြောင်းဖြစ်သော။ ဓမ္မာ၊ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော ပရမတ္ထတရားသည်။ အသင်္ခတာဓာတု၊ အသင်္ခတဓာတ်မည်၏။

ဣတိဝုတ်ပါဠိတော် အဋ္ဌကထာတွင် ရာဂက္ခယောကို အောက်ပါ အတိုင်း ဖွင့်ဆိုထားလေသည်။

ရာဂက္ခယောတိ = ရာဂဿ ခယော ခီဏာကာရော
အဘာဝေါ အစ္စန္တမနုပ္ပါဒေါ။ သေနယော သေသေသုပိ။ ။
( ဇွတိစုတ်ပါဠိတော်အဋ္ဌကထာ-၁၅၉ )

ရာဂက္ခယောတိ၊ ရာဂကုန်ရာဟူသည်ကား။ ရာဂဿ၊ ရာဂ၏။ခယော၊ ကုန်ခြင်းတည်း။ ဝါ၊ အရိယာမဂ်ဖြင့်နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းဖြင့် ကုန်ခြင်းတည်း။ ခီဏာကာရော၊ ကုန်သောအခြင်းအရာတည်း။ အဘာဝေါ၊ မရှိခြင်း, မဖြစ်ခြင်းတည်း။ အစ္စန္တမနုပ္ပါဒေါ၊ ကေန်စင်စစ်ဖြစ်ခြင်းသဘောသို့ ဘယ်တုံးကမျှမရောက်ခဲ့ဘူးသော သဘာဝအားဖြင့် သူ့အလိုလို ငြိမ်းအေးလျှက်ရှိသော ( အနုပ္ပါဒနိရောဓ ) မဖြစ်သဘော, မဖြစ်ခြင်းတည်း။ သေသေသုပိ၊ ကြွင်းသောဒေါသက္ခယော, မောဟက္ခယောဟူသည်တို့၌လည်း။ သေနယော၊ ဤရာဂက္ခယော၌ပြဆိုအပ်သော နည်းကို။ ဝေဒိတဗ္ဗော၊ မှီးအပ်၏။ မှီး၍ယူပါ။

ဤရာဂက္ခယ-စသည်တို့မှာ ကုန်တတ်သော၊ ကုန်ခြင်းသဘောရှိသော ရာဂစသည်မဟုတ် ( ရှိပြီးမှကုန်သွားသော ကုန်ခြင်းသဘောမဟုတ် )။ ရာဂအစရှိသည်တို့၏ ကုန်ခြင်းတည်း။ ရာဂအစရှိသည်တို့၏ ကုန်ခြင်းဟူသည်လည်း ထိုရာဂစသည်တို့၏ ဘင်ခဏမဟုတ်၊ရာဂအစရှိတို့၏ကုန်သော အခြင်းအရာတည်း။ ( ဖြစ်ပြီးပျက်သွားခြင်းမဟုတ် )။ ရာဂစသည်တို့၏ ကုန်သောအခြင်းအရာဟူသည်လည်း ရာဂစသည်တို့၏ မဖြစ်ခြင်း, မရှိခြင်း ပင်တည်း။ ရာဂအစရှိသည်တို့မဖြစ်ခြင်း, မရှိခြင်းဟူသည်လည်း တဒင်္ဂ, ဝိက္ခမ္ဘနမျှဖြင့် ပယ်အပ်,ကုန်စေအပ်သည်ဖြစ်၍ အခိုက်အတန့်ကာလမျှဖြင့် မဖြစ်ရုံမဟုတ်၊ ( ရဟန္တာများတွင် ) ကေန်စင်စစ် တဖန်မဖြစ်နိုင်သော မဖြစ်ခြင်းတည်း- ဟူ၍ကျေးဇူးရှင် ဒုတိယမြို့ပြင်ကြီး ဆရာတော်ဘုရားကြီးက ၎င်း၏အဘိဓမ္မတ္ထသရူပဒီပကကျမ်း၊ နိဗ္ဗာနသရူပဒီပကကဏ္ဍ-၉ဂ တွင်ရေးသားတော်မူခဲ့လေသည်။

အလုံးစုံသောကိလေသာတို့ကို ရဟန္တာများသာလျှင် အကြွင်းမဲ့ပယ်နိုင်၍ အောက်မဂ်ဖြစ်သော သောတာပန်တို့မှာ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့ကို သာလျှင် အကြွင်းမဲ့ ပယ်သတ်နိုင်၍ ကျန်ကိလေသာတို့ကိုတဒင်္ဂ-ဝိက္ခမ္ဘန အစွမ်းအားဖြင့်သာ ပယ်နိုင်ကြလေသည်။

အလျဉ်းသင့်၍ ဤနေရာတွင်ဖော်ပြလိုသည်မှာ....၊အချို့အချို့သော ပုဂ္ဂိုလ်များက "ကျေးဇူးရှင်ကျော်ကျော်သဘော်ဘသဆရာတော်ဘုရားကြီး" ဟောနေတဲ့နိဗ္ဗာန်က နိဗ္ဗာန်အစစ်မဟုတ်ပါ၊ တဒင်္ဂနိဗ္ဗာန်နှင့် ဝိက္ခမ္ဘန နိဗ္ဗာန်ကိုသာ နိဗ္ဗာန်အစစ်လုပ်ပြီးဟောနေတာဖြစ်ပါသည် အစရှိသည်ဖြင့် လိုရာဆွဲ၍ကောက်ယူကြသည်။

ဆရာတော်ဘုရားကြီးကမူ "ပကတိ အေးငြိမ်းရာကိုမြင်ပြီး အေးငြိမ်း သည့်အတိုင်းတိုင်း (ဝါ) ကိလေသာတွေမဖြစ်သေးလျှင် မဖြစ်သေးသည့် အတိုင်းတိုင်း။ တနည်း...."စိတ်, စိတ်အတိုင်းတိုင်း"ကျင့်သုံးကြ၊ ကိလေ သာတွေ ဖြစ်ဖြစ်လာအောင် ထူထောင်မပေးကြနဲ့၊ ငြိမ်း, ငြိမ်းသည့် အတိုင်းတိုင်း၊ အေး,အေးသည့်အတိုင်းတိုင်း ကျင့်သုံးကြရမည်။ ဒီအနေ၊ ဒီအကျင့် အားကောင်းလာပါမှ တဒင်္ဂကနေ ဝိက္ခမ္ဘန၊ ဝိက္ခမ္ဘနကနေ သမုစ္ဆေဒအထိ တက်လှမ်းနိုင်ကြမည်" ဟူ၍ ဘာဝနာကိစ္စကို အလေး ပေး၍ ဆုံးမတော်မူခဲ့လေသည်။

## ဝိတက်ဝိစာရမရှိခြင်းသည်မြတ်၏

"စိတ်, စိတ်အတိုင်းတိုင်း"က ကိလေသာတို့မှ လွတ်ကင်းလျက်ရှိ ကြောင်း၊ တွေးတောကြံစည်ခြင်းကြောင့်သာ (အယောနိသောမနသိ ကာရကြောင့်သာ) ကိလေသာတို့ ဖြစ်ပေါ်ရကြောင်းတို့ကို အထက်က အထပ်ထပ်ရှင်းခဲ့ပြီ။တွေးတောကြံစည်ခြင်း၊ သုံးသပ်ခြင်းစသော ဝိတက်, ဝိစာရတို့ မရှိခြင်းသည် မွန်မြတ်ကြောင်းကို သိကြားမင်း မေးလျှောက် သောကြောင့် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည်ကို "ဒီဃနိကာယ် မဟာဝဂ်ပါဠိတော်၊ သက္ကပဉှသုတ်၊ မြန်မာပြန် ဆဋ္ဌမူ"တွင် အောက်ပါ အတိုင်း လာရှိလေသည်။

မြတ်စွာဘုရား ခွင့်ပြုတော်မူလတ်သော် နတ်တို့အရှင် သိကြားမင်း သည် ရှေးဦးစွာ မြတ်စွာဘုရားအား ဤပြဿနာကို မေးလျှောက်၏။

"အရှင်ဘုရား ရန်ငြိုးကင်းကုန်လျက်၊ ဒဏ်ကင်းကုန်လျက်၊ ရန်သူ ကင်းကုန်လျက်၊ စိတ်ဆင်းရဲခြင်းကင်းကုန်လျက် ငါတို့နေကြရပါစေဟု နတ်, လူ, အသုရာ, နဂါး, ဂန္ဓဗ္ဗတို့နှင့် အခြားများစွာသော ထိုသတ္တဝါ

တို့အား တောင့်တခြင်းသည်ဖြစ်၏။ ယင်းသို့ တောင့်တခြင်း ဖြစ်သော်လည်း ထိုသတ္တဝါတို့သည် ရန်ငြိုးရှိကုန်လျက်၊ ဒဏ်ရှိကုန်လျက်၊ ရန်သူရှိကုန်လျက်၊ စိတ်ဆင်းရဲခြင်းရှိကုန်လျက်၊ အမျက်ရှိကုန်လျက် နေကြရပါ၏။ (ဤသို့နေရခြင်းသည်) အဘယ်အနှောင်အဖွဲ့ကြောင့်ပါနည်း” ဟု နတ်တို့၏အရှင် သိကြားမင်းသည် မြတ်စွာဘုရားအား ပြဿနာကို မေးလျှောက်၏။ ထိုအခါ မြတ်စွာဘုရားသည် ပြဿနာကို ဖြေကြားတော်မူ၏။

“နတ်တို့၏အရှင် သိကြားမင်း၊ ရန်ငြိုးကင်းကုန်လျက်၊ ဒဏ်ကင်းကုန်လျက်၊ ရန်သူကင်းကုန်လျက်၊ စိတ်ဆင်းရဲခြင်းကင်းကုန်လျက်၊ အမျက်ထွက်ခြင်းကင်းကုန်လျက် နေကြရပါစေဟု နတ်,လူအစရှိသော များစွာသော ထိုသတ္တဝါတို့အား တောင့်တခြင်းသည်ဖြစ်၏။ယင်းသို့ တောင့်တခြင်းဖြစ်သော်လည်း ထိုသတ္တဝါတို့သည် ရန်ငြိုးရှိလျက်၊ ဒဏ်ရှိလျက်၊ ရန်သူရှိလျက်၊ စိတ်ဆင်းရဲခြင်းရှိလျက်၊ အမျက်ရှိလျက်သာ နေကြရကုန်၏။ ဤသို့နေရခြင်းသည် ဣဿာဟူသော ငြူစူခြင်း၊ မစ္ဆရိယဟူသော ဝန်တိုခြင်း သံယောဇဉ်ကြောင့်ဖြစ်၏”ဟု ဖြေကြားတော်မူ၏။

မြတ်စွာဘုရားဖြေကြားတော်မူသည်ကို သိကြားမင်းသည် နှစ်လိုသည်ဖြစ်၍ တရားတော်ကို ဝမ်းမြောက်စွာခံယူ၏။

“ဘုန်းတော် ကြီးသော မြတ်စွာဘုရား....ဟောတော်မူသည့် အတိုင်းမှန်လှပါ၏။ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား....ဟောတော်မူသည့်အတိုင်းမှန်လှပါ၏။ မြတ်စွာဘုရား၏ တရားတော်ကို နာရခြင်းကြောင့် ဤပြဿနာ၌ အကျွန်ုပ်သည် ယုံမှားခြင်းမှ လွန်မြောက်ပါပြီ၊ သို့လောသို့လော တွေးတောခြင်းကင်းပါပြီ”ဟု ဝမ်းမြောက်စွာခံယူ၏။

ဝမ်းမြောက်စွာခံယူပြီးလျှင် သိကြားမင်းသည် မြတ်စွာဘုရားအား နောက်ထပ်ပြဿနာကို မေးလျှောက်ပြန်၏။

“အရှင်ဘုရား၊ ဣဿာ, မစ္ဆရိယတရား၏ အခြေခံဖြစ်ရာ အကြောင်းနှင့် တိုးတက်ဖြစ်ပွားရာအကြောင်းသည် အဘယ်ပါနည်း၊ ထင်ရှားဖြစ်

ပေါ်ရာနှင့် အမှန်အစဖြစ်ရာအကြောင်းသည် အဘယ်ပါနည်း၊ အဘယ်တရားရှိသော် ဉာဏ်ဏ္ဍဿာ, မစ္ဆရိယ တရားသည် ဖြစ်ပါသနည်း၊ အဘယ်တရားမရှိသော် ဉာဏ်ဏ္ဍဿာ, မစ္ဆရိယတရားသည် မဖြစ်ပါသနည်း" ဟု မေးလျှောက်ပြန်၏။

"သိကြားမင်း၊ ဣဿာ, မစ္ဆရိယတရားသည် ချစ်ခြင်း, မုန်းခြင်း ဟူသောအခြေခံအကြောင်းရှိ၏။ ချစ်ခြင်း, မုန်းခြင်းဟူသော တိုးတက်ဖြစ်ပွားရာအကြောင်းရှိ၏။ ချစ်ခြင်း, မုန်းခြင်းဟူသော ထင်ရှားဖြစ်ပေါ်ရာအကြောင်းရှိ၏။ ချစ်ခြင်း, မုန်းခြင်းဟူသော အမှန်အစရှိ၏။ ချစ်ခြင်း, မုန်းခြင်းရှိသော် ဣဿာ, မစ္ဆရိယဖြစ်၏။ ချစ်ခြင်း,မုန်းခြင်း မရှိသော် ဣဿာ,မစ္ဆရိယမဖြစ်"ဟု ဖြေကြားတော်မူ၏။

"အရှင်ဘုရား၊ ချစ်ခြင်း,မုန်းခြင်း၏အခြေခံရာအကြောင်းတရားသည် အဘယ်ပါနည်း၊ တိုးတက်ဖြစ်ပွားရာသည် အဘယ်အကြောင်းပါနည်း၊ ထင်ရှားဖြစ်ပေါ်ရာသည် အဘယ်အကြောင်းခံရှိပါသနည်း၊ အမှန်အစသည် အဘယ်အကြောင်းရှိပါသနည်း၊ အဘယ်တရားရှိသော် ချစ်ခြင်း, မုန်းခြင်းဖြစ်ပါသနည်း၊ အဘယ်တရားမရှိသော် ချစ်ခြင်း,မုန်းခြင်း မဖြစ်ပါသနည်း"ဟု မေးလျှောက်ပြန်၏။

"သိကြားမင်း ချစ်ခြင်း,မုန်းခြင်းသည် လိုချင်ခြင်းဆန္ဒဟူသောအခြေခံအကြောင်းကြောင့်ဖြစ်၏။ လိုချင်ခြင်းဆန္ဒဟူသော တိုးတက်ဖြစ်ပွားရာအကြောင်းရှိ၏။ လိုချင်ခြင်းဆန္ဒဟူသော အမှန်အစ အကြောင်းရင်းခံကြောင့်ဖြစ်၏။ လိုချင်ခြင်းရှိသော် ချစ်ခြင်း, မုန်းခြင်းဖြစ်၏၊ လိုချင်ခြင်းမရှိသော် ချစ်ခြင်း,မုန်းခြင်းမဖြစ်"ဟု ဖြေကြားတော်မူ၏။

"အရှင်ဘုရား၊ လိုချင်ခြင်းဆန္ဒ၏ အခြေခံဖြစ်ရာ အကြောင်းကား အဘယ်နည်း၊တိုးတက်ဖြစ်ပွားရာအကြောင်းကား အဘယ်နည်း၊ထင်ရှားဖြစ်ပေါ်ရာ အကြောင်းကား အဘယ်နည်း၊ အမှန်အစသည် အဘယ်အကြောင်းရှိပါသနည်း၊ အဘယ်တရားရှိသော် လိုချင်ခြင်းဆန္ဒဖြစ်ပါသနည်း၊ အဘယ်တရားမရှိသော် လိုချင်ခြင်းဆန္ဒသည်မဖြစ်ပါသနည်း"ဟု မေးလျှောက်၏။

"သိကြားမင်း၊ လိုချင်ခြင်းဆန္ဒသည် ကြံစည်ခြင်း ဝိတက်ဟူသော အခြေခံအကြောင်းကြောင့်ဖြစ်၏။ ကြံစည်ခြင်းဝိတက်ဟူသော တိုးတက်ဖြစ်ပွားရာအကြောင်းရှိ၏။ ကြံစည်ခြင်းဝိတက်ဟူသော ထင်ရှားဖြစ်ပေါ်ရာအကြောင်းရှိ၏။ ကြံစည်ခြင်းဝိတက်ဟူသော အမွန်အစ အကြောင်းရင်းခံကြောင့်ဖြစ်၏။ ကြံစည်ခြင်းဝိတက်ရှိသော် လိုချင်ခြင်းဆန္ဒသည် ဖြစ်၏။ ကြံစည်ခြင်းဝိတက်မရှိသော် လိုချင်ခြင်းဆန္ဒသည်မဖြစ်"ဟု ဖြေကြားတော်မူ၏။

"အရှင်ဘုရား၊ ကြံစည်ခြင်းဝိတက်တရား၏ အခြေခံဖြစ်ရာအကြောင်းကား အဘယ်နည်း ၊တိုးတက်ဖြစ်ပွားရာအကြောင်းကား အဘယ်နည်း၊ ထင်ရှားဖြစ်ပေါ်ရာ အကြောင်းကား အဘယ်နည်း၊ အမွန်အစသည် အဘယ်အကြောင်း ရှိပါသနည်း၊ အဘယ်တရားရှိသော် ကြံစည်ခြင်း ဝိတက်သည်ဖြစ်ပါသနည်း၊ အဘယ်တရားမရှိသော် ကြံစည်ခြင်းဝိတက်သည်မဖြစ်ပါသနည်း"ဟု မေးလျှောက်၏။

"သိကြားမင်း၊ ကြံစည်ခြင်းဝိတက်သည် သံသရာကိုချဲ့ထွင်တတ်သည့် တရား ပပဉ္စသညာအစုဟူသော (တဏှာ,မာန, ဒိဋ္ဌိ-ဟူသော ပပဉ္စတရား သုံးပါးတွင် ဤ၌ တဏှာပပဉ္စကိုသာဆိုသည်ဟုအဋ္ဌကထာ၌ဆို၏) အခြေခံအကြောင်းကြောင့်ဖြစ်၏။ ပပဉ္စသညာဟူသော တိုးတက်ဖြစ်ပွားရာအကြောင်းရှိ၏။ သံသရာကိုချဲ့ထွင်တတ်သည့်တရားအစုဟူသော ထင်ရှားဖြစ်ပေါ်ရာ အကြောင်းရှိ၏။ သံသရာကို ချဲ့ထွင်တတ်သည့်တရားအစု ဟူသော အမွန်အစ အကြောင်းရင်းခံကြောင့်ဖြစ်၏။ သံသရာချဲ့ထွင်တတ်သည့်တရားအစုရှိသော် ကြံစည်ခြင်းဝိတက်သည်ဖြစ်၏။ သံသရာကိုချဲ့ထွင်တတ်သည့် တရားအစုမရှိသော် ကြံစည်ခြင်းဝိတက်သည်မဖြစ်"ဟု ဖြေကြားတော်မူ၏။

"အရှင်ဘုရား၊ အဘယ်သို့ကျင့်သောရဟန်းသည် သံသရာချဲ့ထွင်တတ်သည့်တရား "ပပဉ္စသညာ" အစု၏ ချုပ်ခြင်းအားလျော်၍ ထိုချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ကို ကျင့်သည်မည်ပါသနည်း"ဟု မေးလျှောက်၏။

"သိကြားမင်း၊ ဝမ်းမြောက်ခြင်း "သောမနဿ" ကိုလည်း မှီဝဲအပ်သော ဝမ်းမြောက်ခြင်း၊ မမှီဝဲအပ်သော ဝမ်းမြောက်ခြင်းဟူ၍ နှစ်ပါး အပြားအားဖြင့် ငါဟော၏။ နှလုံးမသာခြင်း"ဒေါမနဿ"ကိုလည်း မှီဝဲအပ်သော နှလုံးမသာခြင်း၊ မမှီဝဲအပ်သော နှလုံးမသာခြင်းဟူ၍ နှစ်ပါး အပြားအားဖြင့် ငါဟော၏။ လစ်လျူရှုခြင်း"ဥပေက္ခာ"ကိုလည်း မှီဝဲအပ်သော လစ်လျူရှုခြင်း၊ မမှီဝဲအပ်သော လစ်လျူရှုခြင်းဟူ၍ နှစ်ပါး အပြားအားဖြင့် ငါဟော၏။

"သိကြားမင်း၊ ဝမ်းမြောက်ခြင်း သောမနဿကို မှီဝဲအပ်သော ဝမ်းမြောက်ခြင်း၊ မမှီဝဲအပ်သော ဝမ်းမြောက်ခြင်းဟူ၍ နှစ်ပါးအပြား အားဖြင့် ငါဟော၏"ဟူသောစကားကို ငါဆိုခဲ့၏။ အဘယ်အကြောင်းကို စွဲ၍ ဤစကားကို ဆိုခဲ့သနည်းဟူမူ ထိုနှစ်ပါးသော ဝမ်းမြောက်ခြင်း တို့တွင် "ဤဝမ်းမြောက်ခြင်းကို မှီဝဲသောငါ့အား အကုသိုလ်တရားတို့ တိုးပွား၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏"ဟု အကြင်ဝမ်းမြောက် ခြင်းကို သိငြားအံ့၊ ဤသို့သဘောရှိသော ဝမ်းမြောက်ခြင်းကို မမှီဝဲအပ်။ ကျန်တပါးကား "ဤဝမ်းမြောက်ခြင်းကို မှီဝဲသောငါ့အား အကုသိုလ် တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွားကုန်၏"ဟု အကြင်ဝမ်း မြောက်ခြင်းကို သိငြားအံ့၊ ဤသို့သဘောရှိသော ဝမ်းမြောက်ခြင်းကို မှီဝဲအပ်၏။

ထိုမှီဝဲအပ်သော ဝမ်းမြောက်ခြင်း သောမနဿ၌ အကြင်ဝမ်းမြောက် ခြင်းသည် ကြံစည်ခြင်းဝိတက်နှင့်လည်း တကွဖြစ်၏။ သုံးသပ်ခြင်းဝိစာရ နှင့်လည်း တကွဖြစ်၏။ အကြင်ဝမ်းမြောက်ခြင်းသည် ကြံစည်ခြင်းလည်း မရှိ၊ သုံးသပ်ခြင်းလည်းမရှိ။ **ထိုနှစ်ပါးတို့တွင် ကြံစည်ခြင်းလည်းမရှိ၊ သုံးသပ်ခြင်းလည်းမရှိသော ဝမ်းမြောက်ခြင်းသည် သာလွန်၍မြတ်၏။**

"သိကြားမင်း၊ ဝမ်းမြောက်ခြင်းသောမနဿကိုလည်း မှီဝဲအပ်သော ဝမ်းမြောက်ခြင်း၊ မမှီဝဲအပ်သောဝမ်းမြောက်ခြင်းဟူ၍ နှစ်ပါးအပြား အားဖြင့် ငါဟော၏"ဟူသော ဤစကားကို ထိုဆိုခဲ့ပြီးသော အကြောင်း ကိုစွဲ၍ ငါဆို၏။

သိကြားမင်း၊ နှလုံးမသာခြင်း ဒေါမနဿကိုလည်း မှီဝဲအပ်သော နှလုံးမသာခြင်း၊ မမှီဝဲအပ်သော နှလုံးမသာခြင်းဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဟော၏ဟူသော ဤစကားကိုဆိုခဲ့၏၊ အဘယ်အကြောင်းကို စွဲ၍ ဤစကားကို ဆိုခဲ့သနည်းဟူမူ ထိုနှစ်ပါးသော နှလုံးမသာခြင်းတို့တွင် "ဤနှလုံးမသာခြင်းကို မှီဝဲသောငါ့အား အကုသိုလ်တရားတို့ တိုးပွား၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏" ဟု အကြင်နှလုံးမသာခြင်းကို သိငြားအံ့၊ ဤသို့သဘောရှိသော နှလုံးမသာခြင်းကို မမှီဝဲအပ်။

ကျန်တပါးကား "ဤနှလုံးမသာခြင်းကို မှီဝဲသောငါ့အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွားကုန်၏" ဟု အကြင်နှလုံးမသာခြင်းကို သိငြားအံ့၊ ဤသို့သဘောရှိသော နှလုံးမသာခြင်းကို မှီဝဲအပ်၏။

ထိုမှီဝဲအပ်သော နှလုံးမသာခြင်းဒေါမနဿ၌ အကြင်နှလုံးမသာခြင်းသည် ကြံစည်ခြင်းဝိတက်နှင့်လည်း တကွဖြစ်၏။ သုံးသပ်ခြင်းဝိစာရနှင့်လည်း တကွဖြစ်၏၊ အကြင်နှလုံးမသာခြင်းသည် ကြံစည်ခြင်းလည်းမရှိ၊ သုံးသပ်ခြင်းလည်းမရှိ၊ **ထိုနှစ်ပါးတို့တွင် ကြံစည်ခြင်းလည်းမရှိ၊ သုံးသပ်ခြင်းလည်းမရှိသော ထိုနှလုံးမသာယာခြင်းသည်သာ သာလွန်၍မြတ်၏။**

"သိကြားမင်း၊ နှလုံးမသာခြင်းဒေါမနဿကိုလည်း မှီဝဲအပ်သော နှလုံးမသာခြင်း၊ မမှီဝဲအပ်သောနှလုံးမသာခြင်းဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဟော၏" ဟူသော ဤစကားကို ထိုဆိုအပ်ခဲ့ပြီးသော အကြောင်းကိုစွဲ၍ ငါဆို၏။

သိကြားမင်း၊ လစ်လျူရှုခြင်း ဥပေက္ခာကိုလည်း မှီဝဲအပ်သော လစ်လျူရှုခြင်း၊ မမှီဝဲအပ်သောလစ်လျူရှုခြင်းဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဟော၏ဟူသောစကားကို ဆိုခဲ့၏။ အဘယ်အကြောင်းကို စွဲ၍ ဤစကားကို ဆိုခဲ့သနည်းဟူမူ ထိုနှစ်ပါးသောလစ်လျူရှုခြင်းတို့တွင် "ဤလစ်လျူရှုခြင်းကို မှီဝဲသောငါ့အား အကုသိုလ်တရားတို့တိုးပွါး၍ ကုသိုလ်တရားတို့ဆုတ်ယုတ်ကုန်၏" ဟုအကြင်လစ်လျူရှုခြင်းကိုသိငြားအံ့၊ ဤသို့သဘောရှိသော လစ်လျူရှုခြင်းကို မမှီဝဲအပ်။

ကျန်တပါးကား....ဤလစ်လျူရှုခြင်းကို မှီ၀ဲသောငါ့အား အကုသိုလ်တရားတို့သည်ဆုတ်ယုတ်၍ ကုသိုလ်တရားတို့တိုးပွားကုန်၏” ဟု အကြင်လစ်လျူရှုခြင်းကို သိငြားအံ့၊ ဤသို့သဘောရှိသော လစ်လျူရှုခြင်းကို မှီ၀ဲအပ်၏။

ထိုမှီ၀ဲအပ်သော လစ်လျူရှုခြင်းဥပေက္ခာ၌ အကြင်လစ်လျူရှုခြင်းသည် ကြံစည်ခြင်းဝိတက်နှင့်လည်း တကွဖြစ်၏။ သုံးသပ်ခြင်းဝိစာရနှင့်လည်း တကွဖြစ်၏။ အကြင်လစ်လျူရှုခြင်းသည် ကြံစည်ခြင်းလည်းမရှိ သုံးသပ်ခြင်းလည်းမရှိ၊ ထိုနှစ်ပါးတို့တွင် **ကြံစည်ခြင်းလည်းမရှိ၊ သုံးသပ်ခြင်းလည်းမရှိသော ထိုလစ်လျူရှုခြင်းသည် သာလွန်၍မြတ်၏။**

“သိကြားမင်း၊ လစ်လျူရှုခြင်းဥပေက္ခာကိုလည်း မှီ၀ဲအပ်သော လစ်လျူရှုခြင်း၊ မမှီ၀ဲအပ်သောလစ်လျူရှုခြင်းဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဟော၏” ဟူသော ဤစကားကို ထိုဆိုအပ်ခဲ့ပြီးသော အကြောင်းကိုစွဲ၍ ငါဆို၏။

“သိကြားမင်း၊ ဤသို့ကျင့်သောရဟန်းသည် သံသရာခွဲ့ထွင်တတ်သည့် “ပပဉ္စသညာ”အစု၏ ချုပ်ငြိမ်းခြင်းအားလျော်၍ ထိုချုပ်ရာနိဗ္ဗာန်ရောက်ကြောင်းအကျင့်ကို ကျင့်သည်မည်၏” ဟု ဖြေကြားတော်မူ၏။

(မဟာ၀ါပါဠိတော်၊ မြန်မာပြန်-ဆဠာယတန-သက္ကပဉှသုတ်၊ နှာ-၂၄၆)

## ဥပေက္ခာတရား။

ဂေဟသိတာ ဥပေက္ခာနှင့် နေက္ခမသိတာ ဥပေက္ခာဟူ၍ နှစ်မျိုးရှိကြောင်းကို ဥပရိပဏ္ဏာသပါဠိတော်တွင်....

> တတ္ထ ကတမာ ဆ ဂေဟသိတာ ဥပေက္ခာ စက္ခုနာ ရူပံ ဒိသွာ ဥပ္ပဇ္ဇတိ ဥပေက္ခာ ဗာလဿ မူဠှဿ မန္ဒဿ ပုထုဇ္ဇနဿ အနောဓိဇိနဿ အဝိပါကဇိနဿ အနာဒီနဝဒဿာဝိနော အသုတဝတော ပုထုဇ္ဇနဿ ယာ ဧဝရူပါ ဥပေက္ခာ ရူပံ သာ နာတိဝတ္တတိ၊ တသ္မာ သာယံ ဥပေက္ခာ ဂေဟသိတာတိ ဝုစ္စတိ။
>
> (ဥပရိပဏ္ဏာသပါဠိတော်)

ဟူ၍ဟောကြားတော်မူ၏။

တတ္ထ၊ ထိုအာယတနတရားတို့လည်းရာ၌။ ဂေဟာသိတာ၊ အန္ဓပုထုဇဉ်ကို မှီ၍ဖြစ်ကုန်သော။ ဆ၊ ခြောက်ပါးကုန်သော။ ဥပေက္ခာ၊ ဥပေက္ခာတို့ သည်၊ ကတမာ၊ အဘယ်သည်တို့နည်းဟူမူကား၊ စက္ခုနာ၊ စက္ခုဝိညာဏ် ဖြင့်။ ရူပံ၊ ရူပါရုံကို။ ဒိသွာ၊ မြင်သည်ရှိသော်။ ဗာလဿ၊ မိုက်သော။ မူဠှဿ၊ တွေဝေသော။ မန္ဒဿ၊ နုံ့သောပညာရှိသော။ ပုထုဇ္ဇနဿ၊ များသောကိလေသာရှိသော (ဝါ) ဉာဏ်မျက်စိမရှိသော။ အနောဓိ ဇိနဿ၊ ဥပဓိလေးပါးကို မအောင်နိုင်သေးသော။ အဝိပါကဇိနဿ၊ အဟိတ်အကုသလဝိပါက်ကို မအောင်နိုင်သေးသော။ အနာဒိနဝ ဒဿာ ဝိနော၊ သံသရာ၏အပြစ်ကိုမမြင်သေးသော။ အသုတဝတော၊ သူတော် ကောင်းတို့၏ တရားကိုမနာရသေးသော။ ပုထုဇ္ဇနဿ၊ အန္ဓပုထုဇဉ် ပုဂ္ဂိုလ်အား။ ဥပေက္ခာ၊ ဥပေက္ခာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဝေရူပါ၊ ဤသို့သဘောရှိသော။ ယာသာဥပေက္ခာ၊ အကြင်ဥပေက္ခာသည်။ ရူပံ၊ ရူပါရုံကို။ နာတိဝတ္တတိ၊ လွန်၍မဖြစ်နိုင်။ တသ္မာ၊ ထို့ကြောင့်။ သာယံ ဥပေက္ခာ၊ ထိုဥပေက္ခာသဟဂုတ်စက္ခုဝိညာဏ်စိတ်ကို။ ဂေဟသိတာတိ၊ အန္ဓပုထုဇဉ်တည်းဟူသောပုဂ္ဂိုလ်ကို မှီ၍ဖြစ်သောဥပေက္ခာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

## နေက္ခမသိတာ ဥပေက္ခာ

> တတ္ထ ကတမာ ဆ နေက္ခမသိတာ ဥပေက္ခာ ရူပါနံတွေဝ အနိစ္စတံ ဝိဒိတွာ ဝိပရိဏာမံ ဝိရာဂံ နိရောဓံ ပုဗ္ဗေစေဝ ရူပါ တေရဟိ စ သဗ္ဗေ တေ ရူပါ အနိစ္စာ ဒုက္ခာ ဝိပရိဏာမာတိ၊ ဧဝမေတံ ယထာဘူတံ သမ္မာ ပညာယ ပဿတော ဥပ္ပဇ္ဇတိ ဥပေက္ခာ ယာ ဝေရူပါ ဥပေက္ခာ ရူပံ သာ နာတိဝတ္တတိ၊ တသ္မာ သာယံ ဥပေက္ခာ နိက္ခမသိတာတိ ဝုစ္စတိ။ ။

(ဥပရိပဏ္ဏာသပါဠိတော်)

တတ္ထ၊ ထိုကလျာဏ ပုထုဇဉ်အရိယာတို့၏ အာယတနစက်လည်ရာ၌။ နေက္ခမသိတာ၊ထွက်မြောက်ရာကိုမှီကုန်သော။ ဆ၊ခြောက်ပါးကုန်သော။ ဥပေက္ခာ၊ ဥပေက္ခာတို့သည်။ ကတမာ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ ရူပါနံတွေဝ၊ ရူပါရုံတို့၏သာလျှင်။ အနိစ္စတံ၊ အနိစ္စဓမ္မဖြစ်၍မမြဲသည်၏ အဖြစ်ကို။ ဝိဒိတွာ၊ သိ၍။ ဝိပရိဏာမံ၊ ဖေါက်ပြန်သည်ကိုရင်း။ ဝိရာဂံ၊

ကင်းပြုတ်သည်ကိုဒင်း။ နိရောဓံ၊ နိရောဓဓမ္မဖြစ်၍ ချုပ်ဆုံးသည်ကိုဒင်း။ ဝိဒိတွာ၊သိ၍။ ပုဗ္ဗေစေဝ၊ရှေး၌ဒင်း။တေရဟိစ၊ယခုပစ္စုပ္ပန်၌ဒင်း။ ရူပါ၊ရူပါရုံတို့သည်ဒင်း။ အနိစ္စာ၊ အနိစ္စမည်ကုန်၏။ ဒုက္ခာ၊ ဒုက္ခမည်ကုန်၏။ ဝိပရိဏာမဓမ္မာ၊ဝိပရိဏာမဓမ္မမည်ကုန်၏။ ဣတိဧဝံ၊ဤသို့။ ဧတံ၊ထိုရူပါရုံကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ သမ္မာပညာယ၊ ယထာဘူတဉာဏ်ပညာဖြင့်။ပဿတော၊မြင်သောသူအား။ ဥပေက္ခာ၊ဥပေက္ခာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဧဝရူပါ၊ ဤသို့သဘောရှိသော။ သာယာဥပေက္ခာ၊ အကြင်ဥပေက္ခာသည်။ ရူပံ၊ရူပါရုံကို။နာတိဝတ္တတိ၊လွန်၍မဖြစ်။ တသ္မာ၊ ထို့ကြောင့်။ သာအယံဥပေက္ခာ၊ထိုဥပေက္ခာကို။ နေက္ခမသိတာတိ၊နေက္ခမသိတာဥပေက္ခာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဂေဟသိတာဥပေက္ခာဟူသော ဥပေက္ခာသည် ပုတုဇဉ်တို့၏ ဥပေက္ခာဖြစ်သည်။နေက္ခမသိတာဥပေက္ခာသည် အရိယာပုဂ္ဂိုလ်တို့၏ ဥပေက္ခာဖြစ်သည်။အန္ဓပုထုဇဉ်တို့သည် အဆင်း,အသံ,အနံ့,အရသာ, အတွေ့ဟူသော အာရုံငါးပါး ကာမဂုဏ်တရားတို့နှင့် တွေ့ကြုံရသော်လည်း မသိမ်းပိုက်ပဲ လစ်လျူရှုနိုင်သည်ဟူသော ဥပေက္ခာမျိုးသည် မောဟအဝိဇ္ဇာဦးစီးလျက်ရှိသော ဥပေက္ခာမျှသာ ဖြစ်သောကြောင့် ပကတိ"စိတ်ကို စိတ်အတိုင်းတိုင်းထား"နိုင်သော နေက္ခမသိတာဥပေက္ခာမျိုး မဟုတ်ချေ။

ကိလေသာတရားတို့သည် သူ့အလိုလို ပင်ကိုယ်ကရှိနေသော ရှိပြီးသားတရားများ မဟုတ်ပါတကား၊ မြင်,ကြား,နံ,စား,ထိ,သိ တို့အပေါ်တွင် အလိုတဏှာနှင့်တကွ တွေးတောကြံစည်-စိတ်ကူးပေးနေခြင်းကြောင့် သာလျှင် ဖြစ်လာရသောတရားတို့ပါတကား၊ ကြံစည်စိတ်ကူးပေး၍ ဖြစ်လာရပြန်တော့လည်း အမြဲတစေ တည်နေနိုင်သည်မဟုတ်၊ပျက်စီး၍သွားရသော အနိစ္စဓမ္မ၊ ဒုက္ခဓမ္မ၊ အနတ္တဓမ္မ-တို့သာဖြစ်၏။ ကြံစည်တွေးတောမပေးပါက ကိလေသာတရားတို့ ဖြစ်ပေါ်ခြင်းမရှိတော့ပဲ မြင်ကာမျှ၊ ကြားကာမျှ၊ နံကာမျှ၊ စားကာမျှ၊ ထိကာမျှ၊ သိကာမျှ-သာလျှင် ဖြစ်၍နေ၏။ ဤသို့ အာရုံတရားတို့အပေါ်တွင် သိမ်းပိုက်စွဲလမ်းခြင်းမရှိပဲ လစ်လျူရှုနိုင်သော ဥပေက္ခာသည် ယထာဘူတဉာဏ်၊ သမ္မာဒိဋ္ဌိဉာဏ်တို့ဦးစီး၍ဖြစ်သော ဥပေက္ခာဖြစ်ခြင်းကြောင့် နေက္ခမသိတာဥပေက္ခာဟူ၍ ခေါ်ဆိုခြင်းဖြစ်လေသည်။

## မြတ်စွာဘုရား၏ အိန္ဒြိယဘာဝနာ နှင့် အခြားသော ဝါဒရှင်တို့၏ အိန္ဒြိယဘာဝနာ

မြတ်စွာဘုရားသည် ဂဇင်္ဂလာနိဂုံး၊ သုဝေဠုတောဌ် သီတင်းသုံး တော်မူလေ၏။ ထိုစဉ် ပါရာသိဝိယမည်သော ပြဟ္မဏဆရာကြီး၏တပည့် ဖြစ်သော ဥတ္တရလုလင်သည် မြတ်စွာဘုရားထံတော်သို့ ရောက်လာ၏။ ထိုအခါ မြတ်စွာဘုရားက ဥတ္တရလုလင်အား “လုလင် သင်တို့၏ဆရာသည် သင်တို့အား ဣန္ဒြေတို့ကို စောင့်ရှောက်သော ဣန္ဒြိယဘာဝနာကို ဟောပါ၏လော” ဟု မေးသောအခါ....

“အရှင်ဂေါတမ၊ အကျွန်ုပ်တို့ ဆရာကြီးသည် ဣန္ဒြိယဘာဝနာကို ဤသို့ဟောပါသည်” ဟု လျှောက်ထား၏။

ဣဓ ဘော ဂေါတမ စက္ခုနာ ရူပံ န ပဿတိ၊
သောတေန သဒ္ဒံ န သုဏာတိ။
(ဥပရိပဏ္ဏာသပါဠိတော် နှာ၃၄၈)

ဘောဂေါတမ၊ အိုအရှင်ဂေါတမ။ ဣဓလောကေ၊ ဤလောက၌။ စက္ခုနာ၊ မျက်စိဖြင့်။ ရူပံ၊ အဆင်းကို။ နပဿတိ၊ မကြည့်ရ။ သောတေန၊ နားဖြင့်။ သဒ္ဒံ၊ အသံကို။ နသုဏာတိ၊ နားမထောင်ရ။ (ကြွင်းသော ဂန္ဓ၊ အနံ့။ ဇိဝှါ၊ လျှာ။ ကာယ၊ ကိုယ် စသည်တို့ကိုလည်း ဤနည်း အတိုင်း သိလေ။)

အဓိပ္ပါယ်မှာ....မျက်စိဖြင့် အဆင်းကို မြင်သည်ရှိသော်၊နားဖြင့် အသံ ကိုကြားသည်ရှိသော်....နှစ်သက်ခြင်း၊မနှစ်သက်ခြင်းစသော သောမနဿ ဝေဒနာ၊ ဒေါမနဿဝေဒနာ၊ ဥပေက္ခာ ဝေဒနာတို့သည် ဖြစ်၏။ ထို့ ကြောင့် ထိုဝေဒနာတို့ မဖြစ်စေခြင်းငှါ၊မျက်စိဖြင့် အဆင်းကိုမကြည့်ရ၊ မျက်စိကို မှိတ်၍ထား၊ နားဖြင့် အသံကို နားမထောင်ရ၊ နားပိတ်၍ထား စသည်ဖြင့် ကျင့်သုံးစေခြင်းပင်ဖြစ်လေသည်။ (ယခုခေတ်တွင်လည်း ဤ သို့ကျင့်နေသူများ သတိရှိကြရာသည်။)

ထိုအခါ မြတ်စွာဘုရားက....

အန္ဓော ဟိ ဥတ္တရ စက္ခုနာ ရူပံ နပဿတိ၊
ဗဓိရော သောတေန သဒ္ဒံ နသုဏာတိ။ ။

(ဥပရိပဏ္ဏာသပါဠိတော် နှာ-၃၄၈)

ဥတ္တရ၊ ချစ်သားဥတ္တရ။ ဟိ၊သင်ပြောသောစကားသည်တကယ်မှန်ပါ က။ အန္ဓော၊ အမိဝမ်းတွင်းပဋိသန္ဓေကပင် စက္ခုနှစ်ကွင်း အလင်းမရ၍ စုံလုံးကန်းလာသောသူသည်။ စက္ခုနာ၊ မျက်စိဖြင့်။ ရူပံ၊ အဆင်းကို။ နပဿတိ၊ မြင်ချင်သော်လည်း မမြင်ရ။ ဗဓိရော၊ ပဋိသန္ဓေကပင် နားပင်း လာသောသူသည်။ သောတေန၊ နားဖြင့်။ သဒ္ဒံ၊ အသံကို။ နသုဏာတိ၊ ကြားချင်သော်လည်း မကြားရ။

ဆိုလိုသည်မှာ....အမိဝမ်းတွင်းကပင် ကန်းလာသောသူ၊ ပင်းလာ သောသူတို့သည် အထူးတလည် ရှောင်ကြဉ်စရာမလိုတော့ပဲ အလိုလို ပဋိပတ်ကိစ္စ ပြီးနေတော့မည်ဟု မှတ်ရပေမည်။ ဤသို့ဆိုလျှင် မျက်စိ ကန်းအောင်၊နားပင်းအောင်ပင် ဆုတောင်းရမည်ကဲ့သို့ ဖြစ်နေပေပြီဟု မိန့်တော်မူခြင်းဖြစ်၏။

မြတ်စွာဘုရားက....

ဥပ္ပန္နံ ခေါ မေ ဣဒံ မနာပံ ဥပ္ပန္နံ အမနာပံ ဥပ္ပန္နံ မနာပါ မနာပံ၊ တဉ္စ ခေါ သင်္ခတံ ဩဠာရိကံ ပဋိစ္စသမုပ္ပန္နံ။ ။

( ဥပရိပဏ္ဏာသပါဠိတော်၊ နှာ-၃၄၈ )

ခေါ၊ စင်စစ်။ မေ၊ ငါ၏။ ဣဒံမနာပံ၊ ဤနှစ်သက်ခြင်းသည်။ဥပ္ပန္နံ၊ ဖြစ်ပြီ။ ဣဒံအမနာပံ၊ ဤမနှစ်သက်ခြင်းသည်။ ဥပ္ပန္နံ၊ ဖြစ်ပြီ။ ဣဒံ မနာပါမနာပံ၊ ဤနှစ်သက်ခြင်း, မနှစ်သက်ခြင်းသည်။ ဥပ္ပန္နံ၊ ဖြစ်ပြီ။ ခေါ၊ စင်စစ်အားဖြင့်။ တဉ္စ၊ ထိုနှစ်သက်ခြင်း, မနှစ်သက်ခြင်းစသော သဘောတရားသည်။ သင်္ခတံ၊ ပြုပြင်ပေးရသော သင်္ခတတရားပေတည်း။ ဝါ၊ သင်္ခတံ၊ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော အလိုတဏှာ

တို့နှင့်တကွ တွေးတောကြံစည်၍ ဖြစ်လာရသောတရားပေတည်း။ သြဋ္ဌာရိကာ၊ ရုန့်ရင်းကြမ်းတန်း၏။ ပဋိစ္စသမုပ္ပန္န၊ အကြောင်းစွဲပြီးမှ ပျက်စီးရသော ခယဝယတရားပေတည်း။

အဓိပ္ပါယ်မှာ....၊ နှစ်သက်ခြင်း၊ မနှစ်သက်ခြင်းစသည်တို့သည် မျက်စိဖြင့်အဆင်း၊ နားဖြင့်အသံတို့ တိုက်ဆိုင်၍ဖြစ်ပေါ်လာရသော မြင်မှု၊ ကြားမှုတို့ကြောင့် ဖြစ်ပေါ်လာရခြင်းမဟုတ်။ ထိုမြင်ကာမျှ၊ ကြားကာမျှသာဖြစ်၍နေသော မြင်မှု၊ ကြားမှုတို့အပေါ်တွင် မြင်ရုံမျှ၊ ကြားရုံမျှဖြင့်မနေပဲ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော အလိုတဏှာတို့နှင့်တကွ တွေးတောကြံစည်၍ ဖြစ်ရသောတရားတို့ဖြစ်သည်ဟု ဆိုးမခြင်းဖြစ်၏။

ဤသောမနဿ၊ ဒေါမနဿဝေဒနာတည်းဟူသော ကိလေသာတို့သည် မျက်စိကြောင့်ဖြစ်သည်လည်းမဟုတ်၊ အဆင်းကြောင့်ဖြစ်သည်လည်းမဟုတ်၊ မြင်မှုကြောင့်ဖြစ်သည်လည်းမဟုတ်၊ ၎င်းတို့အပေါ်တွင် အလိုတဏှာနှင့်တကွ ကြံစည်ခြင်း၊ သုံးသပ်ခြင်းတည်းဟူသော ဝိတက်, ဝိစာရတို့ကြောင့်သာ ဖြစ်ရ၏။ကြံစည်တွေးတောမပေးလျှင် မြင်ကာမတ္တ၊ ကြားကာမတ္တမျှသာဖြစ်၍ အလုံးစုံသောကိလေသာတို့မှ ( မြင်လျက်၊ ကြားလျက် ) ကင်းလွတ်ချုပ်ငြိမ်း၍နေ၏။

ထို့ကြောင့် ကိလေသာမဖြစ်စေရန် မျက်စိကိုမှိတ်၊ နားကိုပိတ်၍ ကျင့်သုံးနေစရာမလိုပါ၊ မျက်စိမှိတ်၊ နားပိတ်၍နေသော်လည်း ကိလေသာဖြစ်စရာတို့ကို စိတ်ဖြင့်တွေးတောကြံစည်ပေးနေပါက ကိလေသာတို့ဖြစ်ရမည်သာဖြစ်၏။ မျက်စိဖွင့်၊ နားဖွင့်၍ထားသော်လည်း ထိုမြင်, ကြား,နံ, စားတို့အပေါ်၌ အလိုတဏှာတို့နှင့်တကွ ကြံစည်တွေးတောမပေးပါက ကိလေသာတို့မှ လွတ်လျက်, လွတ်လျက်သာလျှင် ဖြစ်လေသည်။ အမှန်မြင်၊ အမှန်သိ၍ ကိလေသာတို့မှလွတ်လျှင် လွတ်သည့်အတိုင်းတိုင်းနေသော ဥပေက္ခာကို နေက္ခမသိတာ ဥပေက္ခာဟူ၍ရင်း၊ လွတ်မှန်းလည်းမသိ၊ မလွတ်မှန်းလည်းမသိသော မောဟနှင့်နေသော ဥပေက္ခာကို ဂေဟသိတာဥပေက္ခာဟူ၍ရင်း ဆိုခဲ့ခြင်းဖြစ်လေသည်။

## သမ္မာဒိဋ္ဌိဉာဏ်နှင့်ယှဉ်သော ဥပေက္ခာ

စတံ သန္တံ စတံ ပဏီတံ၊ ယဒိဒံ ဥပေက္ခာတိ၊ တဿ တံ ဥပ္ပန္နံ မနာပံ ဥပ္ပန္နံ အမနာပံ ဥပ္ပန္နံ မနာပါမနာပံ နိရုဇ္ဈတိ ဥပေက္ခာသဏ္ဌာတိ။

(ဥပရိပဏ္ဏာသပါဠိတော် နှာ-၃၄၈)

ယဒိဒံယံဣဒံဥပေက္ခာ၊အကြင်သမ္မာဒိဋ္ဌိဉာဏ်,မဂ်ဉာဏ်တို့နှင့်ယှဉ်သော ဥပေက္ခာသည်။အတ္ထိ၊ရှိ၏။ စတံ၊ဤသမ္မာဒိဋ္ဌိဉာဏ်နှင့် ယှဉ်သောဥပေက္ခာသည်။ သန္တံ၊ငြိမ်သက်၏။ ပဏီတံ၊မြတ်၏။ ဣတိ၊ဤသို့။ ဇာနာတိ၊ပညာဖြင့်သိ၏။ တဿ၊ ထိုသမ္မာဒိဋ္ဌိဉာဏ်နှင့် ယှဉ်သော ဥပေက္ခာဉာဏ်ကို ရအောင်အားထုတ်သောပုဂ္ဂိုလ်၏။ ဥပ္ပန္နံ ၊ ဖြစ်ပေါ်သော။ တံမနာပံ၊ ထိုနှစ်သက်ခြင်းသည်ငှင်း။ တံအမနာပံ၊ ထိုမနှစ်သက်ခြင်းသည်ငှင်း။ ဥပ္ပန္နံ၊ ဖြစ်ပေါ်သော။ တံမနာပါမနာပံ၊ ထိုနှစ်သက်ခြင်း မနှစ်သက်ခြင်းသည် ငှင်း။ နိရုဇ္ဈတိ၊ချုပ်၏။ ဥပေက္ခာ၊ သမ္မာဒိဋ္ဌိဉာဏ်နှင့် ယှဉ်သောဥပေက္ခာသည်။သဏ္ဌာတိ၊ ကြွင်းကျန်၍တည်၏။

ဆိုလိုသည်မှာ....သမ္မာဒိဋ္ဌိဉာဏ်, မဂ်ဉာဏ်တို့နှင့်ယှဉ်သော ဥပေက္ခာ ဉာဏ်ရှိသောယောဂီပုဂ္ဂိုလ်သည်အာရုံခြောက်ပါးတို့၌ မြင်,ကြား,နံ,စား, ထိ,သိ၍ နေသော်ငြားလည်း ကိလေသာတို့မှ လွတ်လျက်,လွတ်လျက်သာ လျှင် ဖြစ်၍နေတော့၏။

တတ္ထ ကတမာ ဆ နေက္ခမဿိတာ ဥပေက္ခာ ရူပါနံ တွေဝ အနိစ္စတံ ဝိဒိတွာ။ ။

(ဥပရိပဏ္ဏာသပါဠိတော် နှာ-၃၄၈)

တတ္ထ၊ ထိုသမ္မာဒိဋ္ဌိဉာဏ်နှင့်ယှဉ်သော ဥပေက္ခာ၌။ နေက္ခမဿိတာ၊ ပုထုဇဉ်တို့နယ်မြေမှ ထွက်မြောက်၍ အရိယာဘူမိ၌မှီ၍ နေကြကုန်သော။ ဆ၊ ခြောက်ပါးကုန်သော။ ဥပေက္ခာ၊ ဥပေက္ခာတို့သည်။ ကတမာ၊ အဘယ်သည်တို့နည်းဟူမူကား။ ရူပါနံတွေဝ၊ ရူပါရုံတို့၏သာလျှင်။ အနိစ္စတံ၊အမြဲမရှိသည်၏အဖြစ်, မမြဲသည်၏အဖြစ်ကို။ဝါ၊ တနည်းကား။ အနိစ္စတံ၊ ဖြစ်အောင်ပြုမပေးမိက အလုံးစုံသောအဖြစ်တို့မှ အဖြစ်ကင်း,

အဖြစ်ရှင်း၍ နေသောသဘော, ဖြစ်အောင်ပြု၍ ဖြစ်လာပြန်တော့လည်း အမြဲတစေ တည်နေနိုင်သည်မဟုတ်သောသဘောကို။ ဝါ၊ အမြဲမရှိသော သဘောနှင့် မမြဲသောသဘောကို။ ဝိဒိတွာ၊ ထင်ရှားစွာသိသည်ဖြစ်၍။ ဝိဟာရတိ၊ နေ၏။

## အရှင်အာနန္ဒာအားဟောသောဥပေက္ခာ

မြတ်စွာဘုရားက အရှင်အာနန္ဒာအား....

> သေယျထာပိ အာနန္ဒ စက္ခုမာ ပုရိသော ဥမ္မီလေတွာ ဝါ နိမီလေယျ၊ နိမီလေတွာ ဝါ ဥမ္မီလေယျ၊ ဧဝမေဝ ခေါ အာနန္ဒ ယဿကဿစိ ဧဝံ သီဃံ ဧဝံ တုဝဋ္ဋံ ဧဝံ အပ္ပကသိရေန ဥပ္ပန္နံ မနာပံ ဥပ္ပန္နံ အမနာပံ ဥပ္ပန္နံ မနာပါမနာပံ နိရုဇ္ဈတိ၊ ဥပေက္ခာ သဏ္ဌာတိ။
>
> ( ဥပရိပဏ္ဏာသပါဠိတော်၊ နှာ-၃၄၀-၉ )

အာနန္ဒ၊ အာနန္ဒာ။ စက္ခုမာ၊ မျက်စိရှိသော။ ပုရိသော၊ ယောကျ်ားသည်။ ဥမ္မီလေတွာဝါ၊ မျက်စိဖွင့်၍ နေသော်လည်း၊ နိမီလေယျ သေယျထာပိ၊ မှိတ်၍နေသကဲ့သို့ရင်း။ နိမီလေတွာဝါ၊ မျက်စိကိုမှိတ်၍ နေသော်လည်း။ ဥမ္မီလေယျသေယျထာပိ၊ ဖွင့်၍နေသကဲ့သို့ရင်း။ အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ဧဝမေဝခေါ၊ ဤအတူသာလျှင်။ ယဿကဿစိ၊ တစုံတယောက်သောသူ၏။ ဧဝံသီဃံ၊ ဤသို့လျှင်စွာ။ ဧဝံတုဝဋ္ဋံ၊ ဤသို့ မြန်စွာ၊ ဧဝံအပ္ပကသိရေန၊ ဤသို့ပင်ပန်းခြင်းမရှိသဖြင့်။ ဥပ္ပန္နံ၊ ဖြစ်ပေါ် သော။ မနာပံ၊ နှစ်သက်ခြင်းသည်ရင်း။ ဥပ္ပန္နံ၊ ဖြစ်ပေါ်သော။ အမနာပံ၊ မနှစ်သက်ခြင်းသည်ရင်း။ ဥပ္ပန္နံ၊ ဖြစ်ပေါ်သော။ မနာပါ မနာပံ၊ နှစ်သက်ခြင်း, မနှစ်သက်ခြင်းသည်ရင်း။ နိရုဇ္ဈတိ၊ ချုပ်၏။ ဥပေက္ခာ၊ သမ္မာဒိဋ္ဌိဉာဏ်တို့နှင့်ယှဉ်သောဥပေက္ခာသည်။ သဏ္ဌာတိ၊ ကြွင်းကျန်၍တည်၏။

ဆိုလိုသည်မှာ....၊သမ္မာဒိဋ္ဌိဉာဏ်၊ မဂ်ဉာဏ်တို့နှင့်ယှဉ်သော ဥပေက္ခာ ရှိသောသူသည် အဆင်း, အသံ-စသည်တို့နှင့် တွေ့ဆုံရသော်လည်း (အယောနိသော မနသိကာရအားဖြင့် တွေးတောကြံစည် မပေးသော

ကြောင့်) ကိလေသာတို့မှ လွတ်လျက်, လွတ်လျက်သာ ဖြစ်၍နေ၏။ မျက်စိကိုဖွင့်၍ထားသော်လည်း မျက်စိမှိတ်၍ထားဘိသကဲ့သို့ဟူ၍ ဆိုခြင်းဖြစ်၏။ မောဟနှင့်ယှဉ်သောသူသည် (ဝါ) ဂေဟသိတာဥပေက္ခာနှင့်နေသောသူသည် အမှန်ကို အမှန်အတိုင်းတိုင်း သိမြင်ကျင့်သုံးမှု မရှိခြင်းကြောင့် အာရုံတို့နှင့် တွေ့ဆုံရသည်ရှိသော် ကိလေသာတို့ ဖြစ်ကြရ၏။ ၎င်းတို့ကား....မျက်စိကိုမှိတ်၍နေသော်လည်း ဖွင့်ထားဘိသကဲ့သို့ ဖြစ်ကြရ၏-ဟု ဟောလိုရင်းဖြစ်လေသည်။

ထို့ကြောင့်.... ကိလေသာတို့ဖြစ်စေရန် ဟေ့တောကြံစည်မပေးပဲ အတွေးအေးသည့် စိတ်အတိုင်းတိုင်း မြင်လျှင်မြင်ကာမျှ၊ ကြားလျှင်ကြားကာမျှ၊ နံလျှင်နံကာမျှ၊ ထိလျှင်ထိကာမျှ၊ သိလျှင်သိကာမျှ ကျင့်သုံးနေထိုင်ခြင်းတည်းဟူသောနေက္ခမသိတာဥပေက္ခာတို့ဖြင့်သာလျှင် ကျင့်သုံးပွားများကြရာသည်။

## စိတ်ကိုဖြူစင်စွာထား

"စိတ်-စိတ်အတိုင်းတိုင်းထား"ဟူသော အဆုံးအမအတွက် တိုက်ရိုက်သက်ဆိုင်၍နေသော ဓမ္မပဒပါဠိတော်လာ ပါဠိတော်ကိုဆက်လက်၍ ဖေါ်ညွှန်း ကိုးကားလိုပေသည်။ ဤပါဠိတော်သည် ဘုရားရှင်တိုင်း, ဘုရားရှင်တိုင်းတို့၏ အမိကအဆုံးအမသုံးရပ်တို့ကို ဖေါ်ပြထား၏။

" စိတ်-,စိတ်အတိုင်းတိုင်းထား " ဟူသောစကားသည် ပါဠိတော်တို့တွင် မလာမရှိ၊ ပါဠိတော်တို့နှင့် ဆန့်ကျင်သောစကားသာဖြစ်သည်ဟူ၍၊ ပြောဟောတိုက်ခိုက်နေကြသော ဆရာတို့အတွက် ဤဓမ္မပဒပါဠိတော်တွင် ဆုံးမထားသော ဘုရားရှင်တို့၏ အဆုံးအမဖြင့်ပင် ပြေလည်လောက်ပေသည်။ စင်စစ် ဤပါဠိတော်ဖြင့် အစကနဦးကပင် ကိုးကားဖေါ်ပြလိုသောဆန္ဒရှိ၏။ သို့ရာတွင် ဤပါဠိတော်နှင့် ဆက်စပ်နှီးနွှယ်၍ ဖေါ်ပြရှင်းလင်းရမည့် အကြောင်းအရာအရပ်ရပ်တို့မှာ အတန်ငယ်ကျယ်ဝန်းများပြား၍နေ၏။ ဤအခန်းကို ရှင်းလင်းနေခြင်းဖြင့် မူရင်းဖေါ်ပြဖွင့်ဆိုနေသောအခန်းမှ ဘေးသို့ထွက်သွားပြီး မူရင်းမှ မျက်ခြေပြတ်သွားနိုင်သောကြောင့် ဤအပိုင်းကျမှ ဖေါ်ပြရခြင်းဖြစ်၏။

သဗ္ဗပါပဿ အကရဏံ၊ ကုသလဿူ ပသမ္ပဒါ။
သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါနသာသနံ။
( ဓမ္မပဒပါဠိတော်၊ ဗုဒ္ဓဝဂ်၊ နှာ-၄၁ )

သဗ္ဗပါပဿ၊ အလုံးစုံသောမကောင်းမှုကို။ အကရဏံ၊ မပြုခြင်းသည်ရင်း။ ကုသလဿ၊ ကုသိုလ်ကို။ ဥပသမ္ပဒါ၊ ပြည့်စုံစေခြင်းသည်ရင်း။ သစိတ္တပရိယောဒပနံ၊ မိမိစိတ်ကိုဖြူစင်စေခြင်းသည်ရင်း။ ဧတံ၊ ဤသည်လျှင်။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ သာသနံ၊ အဆုံးအမတော်ပေတည်း။

အဓိပ္ပါယ်မှာ....

၁။ အလုံးစုံသော အကုသိုလ်မကောင်းမှုတို့ကို မပြုလုပ်ကြနှင့်။
၂။ ကုသိုလ်တရားတို့နှင့် ပြည့်စုံကြပါစေ။
၃။ မိမိစိတ်ကို ဖြူစင်စွာထားကြ။

ဤအဆုံးအမသုံးပါးတို့သည် ပွင့်ထွန်း ပေါ်ပေါက်တော်မူခဲ့ကြကုန်သော ဘုရားရှင်တိုင်း, ဘုရားရှင်တိုင်းတို့၏ အဆုံးအမ ဩဝါဒတော်ပင်ဖြစ်လေသည်။ ဂေါတမမြတ်စွာဘုရားတဆူတည်းကသာ ဆုံးမတော်မူသော အဆုံးအမတရားမျိုးမဟုတ်။ ဤအဆုံးအမသုံးရပ်ကို ဘုရားရှင်တို့ ဆက်ခါဆက်ခါ ဆုံးမခဲ့သည့်အတိုင်း ဤဂေါတမမြတ်စွာဘုရား၏ သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူကြကုန်သော တပည့်သားသာဝက အပေါင်းတို့ကလည်း ဆင့်ကူးဆင့်ကမ်း ဥာဏ်လက်လှမ်း၍ ဆုံးမကြရပေမည်။

အဆုံးအမသုံးပါးတို့တွင် တတိယအဆုံးအမသည် အဓိကအကျဆုံးသော အချုပ်တရား၊ အဆုံးအမချုပ်ပင်ဖြစ်လေသည်။ တတိယအဆုံးအမကိုတည်ပါက ပထမနှင့်ဒုတိယအဆုံးအမတို့သည် "ကျွဲကူးရေပါ" ဆိုသကဲ့သို့ တပေါင်းတည်းပါဝင်ရတော့သည်သာ၊ ပြည့်စုံရတော့သည်သာဖြစ်လေသည်။ တတိယအဆုံးအမ၌သာတည်ပါက ဤအဆုံးအမသုံးပါးမှ ပထမနှင့်ဒုတိယ အဆုံးအမတို့သာမက မြတ်စွာဘုရား ပညတ်တော်မူခဲ့သော ဝိနည်းတော်အားလုံးသည်လည်း တည်ပြီးဖြစ်သည်။ ဟောကြားတော်မူခဲ့သော ပိဋကတ်တော်လာ တရားဒေသနာတော်အားလုံးသည်လည်း တည်ပြီး,ပြည့်စုံပြီးဖြစ်တော့သည်။

တတိယအဆုံးအမဖြစ်သော "သစိတ္တပရိယောဒပနံ" ဟူသော အဆုံးအမသည် "ကျေးဇူးရှင်ကျောက်သဘော်ဆရာတော်ဘုရားကြီး" ဆုံးမသော"စိတ်-စိတ်အတိုင်းတိုင်းထား" ဟူသော အဆုံးအမနှင့် အဓိပ္ပါယ်အတူတူပင်ဖြစ်သည်။ "သစိတ္တပရိယောဒပနံ" ဟူသောပါဠိတော်ကို မြန်မာပြန်လျှင် "မိမိတို့၏စိတ်ကို ထက်ဝန်းကျင် ဖြူစင်စွာထား" ဟူ၍ ပင်ရသည်။

"စိတ်-စိတ်အတိုင်းတိုင်းထား" ဟူသော စကားရပ်၏ ဆိုလိုရင်းအနက်အဓိပ္ပါယ်ကို ရှေးက ထပ်ခါထပ်ခါ ရှင်းခဲ့ပြီးဖြစ်သည်။ ဤစာတမ်းအစတွင် ဖေါ်ပြခဲ့သော ဆရာတော်ဘုရားကြီး၏ ဟောကြားချက်မူရင်းတွင်လည်း"စိတ်စိတ်အတိုင်းတိုင်း"၏သဘောကို ဂ-ဃ-န-ဏ-ဟောကြားထားလေသည်။ ရှေ့ကကိုးကားခဲ့သော အင်္ဂုတ္တရပါဠိတော်တွင်လည်း "ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ" စသည်ဖြင့် ဟောကြားတော်မူခဲ့လေသည်။ စိတ်သည် မူလသဘောက ပကတိဖြူဖွေးကြည်လင်၍ နေသည်။ ညစ်နွမ်းစေတတ်သော အကြောင်းများကြောင့်သာ ညစ်နွမ်းလာရကြောင်း၊ ရာဂ, ဒေါသ စသော ကိလေသာများ ဖြစ်လာရကြောင်း ဟောကြားတော်မူခဲ့လေသည်။

ရာဂ, ဒေါသ အစရှိသော ကိလေသာတို့သည်....

ဣမသ္မိံ သတိ ဣဒံ ဟောတိ၊
အကြောင်းရှိလျှင် ရှိသည်။

ဣမသ္မိံ အသတိ ဣဒံ န ဟောတိ၊
အကြောင်းမရှိလျှင် မရှိပါ။

အကြောင်းဆိုရာတွင်လည်း အ, ယောနိသော မနသိကာရ အားဖြင့် တွေးတော ကြံစည်ပေးခြင်းအကြောင်းသာလျှင် ပဓာနအကြောင်းဖြစ်ကြောင်းတို့ကိုလည်း အထက်ကကိုးကားခဲ့ပြီးဖြစ်သည်။

ထို့ကြောင့်...."ကျောက်သဘော် ဆရာတော်ဘုရားကြီးက" အောက်ပါအတိုင်း ဆုံးမခဲ့ခြင်းဖြစ်လေသည်။

* "စိတ်ဆိုတာ ပင်ကိုယ်က ဖြူဖွေးစင်ကြယ်၍နေတယ်၊
* ကိလေသာဟူ အပူခပ်သိမ်းတို့မှ ငြိမ်းအေး၍နေတယ်၊
* ၎င်းဖြူဖွေးသည့်စိတ်ကို ဖြူဖွေးသည့်စိတ်အတိုင်းတိုင်းထား၊
* စင်ကြယ်သည့်စိတ်ကို စင်ကြယ်သည့်စိတ်အတိုင်းတိုင်းထား၊
* ကိလေသာမှ ငြိမ်းအေး၍ နေသောစိတ်ကို ငြိမ်းအေးသည့်စိတ် အတိုင်းတိုင်းထား၊မဲညစ်အောင်သွားမလုပ်ကြနဲ့။
* လောဘ ဖြစ်စရာ၊ ဒေါသ ဖြစ်စရာ၊ မောဟ ဖြစ်စရာတွေကို သွားမတွေးနဲ့၊
* ပူပန်စရာ၊တောင့်တစရာ၊ကြောင့်ကျစရာတွေကို သွားမတွေးနဲ့၊
* မတွေးသေးတော့ မတွေးသေးတဲ့စိတ်အတိုင်းတိုင်းထား၊
* ကိလေသာတွေ မဖြစ်သေးတော့ မဖြစ်သေးတဲ့ စိတ်အတိုင်း တိုင်းထား၊
* ငြိမ်းအေးရာကိုမြင်ပြီး ငြိမ်းသည့်အတိုင်းတိုင်းထားကြ။"

စိတ်တွင် တဏှာ, ဒိဋ္ဌိတို့ မမှီစေရန်၊ ဝါ၊ ကိလေသာတို့မှ ကင်းလွတ်၍ နေစေရန်အတွက် ကိလေသာတို့၏ ငြိမ်းအေးရာနိဗ္ဗာန်၌ စိတ်ကိုထားခိုင်းခြင်းပင်ဖြစ်လေသည်။ "ကိလေသာတို့၏ ငြိမ်းအေးရာကို မျက်မှောက်ပြု ကျင့်သွားမှသာလျှင် ကိလေသာတို့ ငြိမ်းအေးကုန်ခန်းမယ်" စသည်ဖြင့်လည်း အနည်းနည်းအဖုံဖုံ ဆုံးမတော်မူခဲ့လေသည်။

မြတ်စွာဘုရားကလည်း အရိယသစ္စာမြတ်တရားကို ထိုးထွင်းသိမြင်၍ ကျင့်သုံးသွားမှသာလျှင် ကိလေသာတို့၊ ဝါ၊ တဏှာ, ဒိဋ္ဌိတို့ မမှီတွယ်နိုင်တော့ပဲ ဖြူဖွေးစင်ကြယ်မည်ဖြစ်ကြောင်း ဟောကြားတော်မူခဲ့လေသည်။

စိတ်တွင် ကိလေသာတို့နှင့် မယှဉ်စေရန်၊ကိလေသာတို့မှ ကင်းလွတ်၍ နေစေရန်အလို့ငှါ ဆုံးမသော "ကျောက်သဘော်ာ ဆရာတော်ဘုရား

ကြီး၏ "စိတ်,စိတ်အတိုင်းတိုင်းထား"ဟူသော အဆုံးအမသည် "စိတ်ကို ထက်ဝန်းကျင်ဖြူစင်စွာထား" ဟူသော အဆုံးအမနှင့် အတူတူပင်ဖြစ်လေသည်။ သဒ္ဒါကွဲသော်လည်း အတ္ထမှာ တခုတည်းသာဖြစ်လေသည်။

ဘုရားရှင်တို့၏ အဆုံးအမနှင့် ထိုအဆုံးအမဥ္စတည်သော မြတ်စွာဘုရား၏ တပည့်သာဝကဖြစ်သော "ကျောက်သဘော် ဆရာတော်ဘုရားကြီး"၏ အဆုံးအမတို့မှာ လုံးဝမကွဲမပြား တသားတည်း ထပ်တူထပ်မျှသာဖြစ်သည်။ မြတ်စွာဘုရား၏ အဆုံးအမတို့မှ တဆံခြည်ကလေးမျှ တိမ်းစောင်း သွေဖီခြင်းမရှိ။ မြတ်စွာဘုရား၏ အဆုံး အမတော် တို့ကို ဦးထိပ်တွင်ပန်ဆင်လျက် မြတ်စွာဘုရား၏ အဆုံးအမ(သာသနာတော်) တရားတော်များပြန့်ပွားရေးအတွက်(ဝါ)ဝေနေယျအများတို့ ဝိမုတ္တိရသ သုံးဆောင်ခံစားနိုင်ရေးအတွက် မဆုတ်မနစ်သော ဇွဲလုံ့လတို့ဖြင့် ပြောင်မြောက်စွာ သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူသော ဆရာတော်ကြီးအဖို့ မြတ်စွာဘုရား၏ အဆုံးအမတော်တို့မှ သွေဖီရမည့်အရေးကို စိတ်ကူးရှိပင်မရခဲ့ပါ။

## အဘယ့်ကြောင့်"စိတ်,စိတ်အတိုင်းတိုင်းထား"ဟု သုံးခဲ့ရသနည်း

"ကျောက်သဘော် ဆရာတော်ဘုရားကြီး"သည် ၎င်း၏အဆုံးအမကို "စိတ်,စိတ်အတိုင်းတိုင်းထား" ဟူ၍မသုံးပဲ "စိတ်ကိုဖြူစင်စွာထား" ဟူ၍သာ ဆရာ့ဆရာတို့၏ ဘာသာပြန်ကိုပင် ယူ၍သုံးခဲ့လျှင် ဆန့်ကျင်မှုများ ဤသို့ပေါ်ပေါက်ကောင်းမှပေါ်ပေါက်ပေမည်ဟု စာရေးသူသည် တခါတရံ အတွေးချော်ခဲ့မိ၏။ ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိတော်မူစဉ်ကပင် အချို့သော ပုဂ္ဂိုလ်တို့က "စိတ်, စိတ်အတိုင်းတိုင်းထား"ဟူသော စကားကို သုံးမည့်အစား။ "စိတ်ကို ဖြူစင်စွာထား" ဟု သုံးလျှင် ပို၍သင့်လျော်မည်ထင်ကြောင်း၊ ဤသို့အစဉ်အလာအတိုင်း သုံးလျှင် ဆန့်ကျင် လိုသူတို့လည်း ဆန့်ကျင် နိုင်တော့မည် မဟုတ်ကြောင်း လျှောက်ထားခဲ့ဘူးသည်ကို စာရေးသူ ကိုယ်တိုင် တွေ့မြင် သိရှိရပါ၏။ ဆရာတော်ကြီးသည် ယင်း အကြံပေးချက်ကို လက်မခံခဲ့ပေ၊ အဘယ်ကြောင့်လက်မခံခဲ့သည်ကို ဤနေရာတွင်ရှင်းလင်းရန်လို၏။

"စိတ်ကို စင်ကြယ်စွာထား" သို့မဟုတ် "စိတ်ကို ဖြူစင်စွာထား" ဟူသော အစဉ်အလာအသုံးကိုမသုံးပဲ "စိတ်ကိုစိတ်အတိုင်းတိုင်းထား" ဟူ၍ သုံးခြင်းသည် သက်သက် တမူထူးလို၍ ထွင်ခြင်းမဟုတ်ပေ။

စိတ်ကို ဖြူစင်စွာထား။

စိတ်ကို စင်ကြယ်စွာထား။

" စိတ်,စိတ်အတိုင်းတိုင်းထား "

ဟူသည်တို့သည် အနက် အဓိပ္ပါယ် အတူတူပင်ဖြစ်ကြောင်း၊ အနိဿိတစိတ်(၀ါ)ကိလေသာတို့နှင့်မယှဉ်သော၊ တဏှာဒိဋ္ဌိတို့ဖြင့်မမှီသော စိတ်ကိုသာဆိုကြောင်း အထက်ကလင်းပါးခဲ့ပြီ။ သို့ဖြစ်လျှင် အဓိပ္ပါယ်ချင်းတူညီပါလျက် အဘယ်ကြောင့် ရှိရင်းစွဲကိုမသုံးခဲ့သနည်း။

အကြောင်းကား ဤသို့ဖြစ်သည်။

စိတ်ကို ဖြူစင်စွာထား။

သို့မဟုတ် စိတ်ကို စင်ကြယ်စွာထား။

ဤစကား၌စိတ်တွင် ကိလေသာတို့မရှိစေနှင့်၊ တနည်း-စိတ်တွင် ရာဂ, ဒေါသ,မောဟတည်းဟူသော ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော သာယာမှု၊ပူပန်မှု၊စိုးရိမ်မှု၊တောင့်တမှု၊ကြောင့်ကြမှုတို့ မရှိစေနှင့်၊ စိတ်ကိုဖြူစင်စွာထားကြ၊ စိတ်ကို စင်ကြယ်စွာ ထားကြဟူ၍ ဆိုးမခြင်းဖြစ်၏။ သို့ရာတွင် များစွာသောသူတို့သည် စိတ်၏သဘောကို ယထာဘူတကျကျ သိမြင်ခြင်းမရှိကြပါ။စိတ်ကို ပင်ကိုယ်ကဖြူစင်ပြီးအနေဖြင့် မသိမမြင်ကြပဲ မဲညစ်ပြီးအနေဖြင့်သာ သိမြင်ယူဆ ထားကြပြီးလျှင် ၎င်းမဲညစ်နေသော စိတ်ကိုဖြူစင်စေရန်၊ စင်ကြယ်စေရန် ပြုလုပ်ကြ၏။ အားထုတ်ကြ၏။ ခွာရှောင်ကြ၏။တနည်း၊စိတ်တွင် ကိလေသာများရှိနေသည်ဟု အရှိထားကြပြီးလျှင် ၎င်းကိလေသာများပါးလျား ကုန်ခန်းစေရန်အတွက် အလုပ်တခုအနေဖြင့် အပြင်းအထန် အားထုတ်ပြုလုပ်နေကြပြန်၏။

" သမုဒယော နတ္ထိ၊ နိရောဓော အတ္ထိ။ "

ဟူ၍ ဟောကြားတော်မူခဲ့သည်ကိုလည်း သဘောမပေါက်ကြပေ။ သမုဒယ၏သဘောနှင့် နိရောဓသစ္စာတို့၏သဘောတို့ကို မြတ်စွာဘုရားသည် ကစ္စည်းမထေရ်အား....

လောကသမုဒယံ ခေါ ကစ္စာန ယထာဘူတံ သမ္မာပညာယ ပဿတော လောကေ နတ္ထိတာ သာ န ဟောတိ။

( ကစ္စာနသုတ်၊ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊ နှာ-၂၅၇ )

ဟူ၍ဟောတော်မူ၏။

ကစ္စာန၊ ကစ္စည်း။ ခေါ၊ စင်စစ်။ လောကသမုဒယံ၊ အကြောင်းကြောင့်ဖြစ်သော လောကကို။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ သမ္မာပညာယ၊ တရားကိုတရားအတိုင်းတိုင်း ဟုတ်တိုင်းမှန်စွာသိတတ်မြင်ဖတ်သော သမ္မာဒိဋ္ဌိပညာ, မဂ်ပညာတို့ဖြင့်။ ပဿတော၊ မြင်သောသူအား။ လောကေ၊ လောက၌။ ယာနတ္ထိတာ၊ အကြင်ဥစ္ဆေဒဒိဋ္ဌိသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထိုဒိဋ္ဌိသည်။ နဟောတိ၊ မဖြစ်နိုင်။

လောကနိရောဓော ခေါ ကစ္စာန ယထာဘူတံ သမ္မာပညာယ ပဿတော ယာ လောကေ အတ္ထိတာ သာ နဟောတိ။

( နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊ နှာ-၂၅၇ )

ကစ္စာန၊ ကစ္စည်း။ ခေါ၊ စင်စစ်။ လောကနိရောဓံ၊ အကြောင်းမပြု၍ချုပ်ငြိမ်းရသောလောကကို။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ သမ္မာပညာယ၊ တရားကိုတရားအတိုင်းတိုင်း ဟုတ်တိုင်းမှန်စွာသိတတ်မြင်တတ်သော သမ္မာဒိဋ္ဌိပညာ, မဂ်ပညာတို့ဖြင့်။ ပဿတော၊ မြင်သောသူအား၊ လောကေ၊ လောက၌။ ယာအတ္ထိတာ၊ အကြင်သဿတဒိဋ္ဌိသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထိုဒိဋ္ဌိသည်။ နဟောတိ၊ မဖြစ်နိုင်။

သဗ္ဗမတ္ထီတိ ခေါ ကစ္စာန အယမေကော အန္တော။
သဗ္ဗံ နတ္ထီတိ အယံ ဒုတိယ အန္တော။
( နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊ နှာ-၂၅၈ )

ကစ္စာန၊ ကစ္စည်း။ ဧေါ၊ စင်စစ်။ သဗ္ဗံအတ္ထီတိ၊ အလုံးစုံရှိ၏ဟူသော။ အယံ၊ ဤအယူသည်။ ဧကော၊ တခုသော။ အန္တော၊ အစွန်းတဖက်တည်း။ သဗ္ဗံနတ္ထီတိ၊ အလုံးစုံမရှိဟူသော။ အယံ၊ ဤအယူသည်။ ဒုတိယ၊ နှစ်ခုမြောက်သော။ အန္တော၊ အစွန်းတဖက်တည်း။

ဥဘောအန္တေ ကစ္စာန အနုပဂမ္မ မဇ္ဈေန
တထာဂတော ဓမ္မံ ဒေသေတိ။
(နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊ နှာ-၂၅၈)

ကစ္စာန၊ ကစ္စည်း။ ဥဘောအန္တေ၊ အစွန်းနှစ်ဖက်တို့ကို။ အနုပဂမ္မ၊ မကပ်ရောက်မူ၍။ မဇ္ဈေန၊ အလယ်တည့်တည့်အားဖြင့်။ တထာဂတော၊ သင်တို့ဆရာငါဘုရားသည်။ဓမ္မံ၊မဇ္ဈိမပဋိပတ် အကျင့်မြတ်ကို။ဒေသေတိ၊ ဟောတော်မူ၏။

သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်တွင်လည်း....

(ဣန္ဒြေတို့၌) လုံခြုံသောတံခါးရှိသူဟုဆို၏။ ဤလောက၌ ရဟန်းသည် မျက်စိဖြင့် အဆင်းကိုမြင်သော် ချစ်ခင်ဖွယ်သဘောရှိသော အဆင်း၌ မတပ်မက်၊ မချစ်ခင်ဖွယ်သဘောရှိသောအဆင်း၌ အမျက်မထွက်၊ ထင်သောသတိရှိရကား ကျယ်ဝန်းသောစိတ်ရှိသည်ဖြစ်၍နေ၏။ ထိုသူအား အကြင်ဝိမုတ္တိတရားတို့၌ ဖြစ်ပြီး, ဖြစ်ဆဲဖြစ်ကုန်သော ယုတ်ညံ့သောအကုသိုလ်တရားတို့သည် အကြွင်းမဲ့ချုပ်၏။ ကိလေသာမှလွတ်မြောက်သော အရဟတ္တဖိုလ်စိတ်ဖြင့် ကိလေသာမှလွတ်မြောက်သော အရဟတ္တဖိုလ်ပညာကို ဟုတ်တိုင်းမှန်စွာသိ၏။

(သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်မြန်မာပြန်၊ ဂဟပတိဝဂ်၊
လောဟိစ္စသုတ်၊ နှာ-၃၃၀)

အလုံးစုံသော သမုဒယတည်းဟူသော ကိလေသာတို့ မိမိတို့တွင် နိစ္စအနေဖြင့် ရှိနေသည်ဟူသောအယူသည် သဿတအစွန်းသို့ရောက်နေ၍မှား၏။ မရှိဟူသောအယူသည်လည်း ဥစ္ဆေဒအစွန်းသို့ရောက်နေ၍မှား၏။ ကိလေသာတို့သည် အဝိဇ္ဇာ, တဏှာအရင်းခံဖြင့် ပြုလုပ်ပေးနေ၍သာ

ဖြစ်လာရသော တရားတို့သာဖြစ်၏။ ပြုလုပ်မပေးမီက ဖြစ်ပြီးသားမရှိ၊ ငြိမ်းပြီးသားသာလျှင်ရှိ၏ဟူ၍ ငြိမ်းရာကိုမြင်ပြီး ငြိမ်းသည့်အတိုင်းတိုင်း ကျင့်သုံးခြင်းသည်သာ အစွန်းနှစ်ဖက်မှလွတ်သော မဇ္ဈိမပဋိပဒါအကျင့် မြတ်ဖြစ်၏။

မြတ်စွာဘုရားက ကိလေသာတို့ရှိပုံကို "ဟေတုဝုတ္တိတော" အကြောင်းရှိမှဖြစ်လာသည်ဟူ၍ ဟောကြားတော်မူခဲ့လေသည်။ ကိလေသာဖြစ်စရာ အကြောင်းများကို ပြုလုပ်ပေးမှသာလျှင် ဖြစ်လာကြသည်၊ ဖြစ်လာပြန်တော့လည်း အမြဲတစေတည်နေနိုင်သည်မဟုတ်၊ ပျက်စီးကြရပြန်သည်။ အကြောင်းတွေပြုမပေးမီက ကိလေသာသည် ရှိပြီးသားမဟုတ်၊ ကိလေသာတို့မှ အေးပြီးသား၊ ငြိမ်းပြီးသားသာလျှင်ရှိကြောင်း ဟောကြားတော်မူခဲ့သည်ကိုလည်း သဘောမပေါက်ကြပေ။

"စိတ်ကိုဖြူစင်စွာထား"ဟူသော အဆုံးအမကို ကိလေသာတို့ ရှိနေပြီးသားဖြစ်ခြင်းကြောင့်သာလျှင် ဖြူစင်အောင်ပြုလုပ်ခိုင်းခြင်းဖြစ်သည်ဟူ၍ မလိုအပ်သောအရာတို့၌ ဗျတ္တိရေကနည်းအားဖြင့် အယူမှား၊ အသိမှား၊ အမြင်မှား၊ အပြုမှားဖြစ်နေကြသော ဝေနေယျတို့အား အသိအမြင်မှန်ကြစေခြင်းငှါ "စိတ်ကိုဖြူစင်စွာထား" ဟူသော ဘာသာပြန်စကားထက်ပို၍ ပေါ်လွင်မှုရှိစေရန် "စိတ်-,စိတ်အတိုင်းတိုင်းထား" ဟူသော စကားဖြင့် သုံးနှုန်း၍ ဆုံးမခြင်းဖြစ်လေသည်။

"စိတ်-, စိတ်အတိုင်းတိုင်းထား" ဟု ဆုံးမခြင်းဖြင့် စိတ်သည်မူလပကတိက သူ့အလိုလိုဖြူစင်၍နေသည်၊ သန့်ရှင်း၍နေသည်၊ စင်ကြယ်၍နေသည်၊ ယင်းဖြူစင်သန့်ရှင်း၍နေသောစိတ်ကို ဖြူစင်သန့်ရှင်းသည့်စိတ်အတိုင်းတိုင်းထား၊ ကိလေသာအပူခပ်သိမ်းတို့မှ သူ့အလိုလိုကင်းလွတ်လျက်ရှိသောစိတ်ကို ကင်းလွတ်သည့်စိတ်အတိုင်းတိုင်းထား၊ မဲညစ်အောင်ပြုလုပ်မပေးနှင့်၊ကိလေသာတို့ဖြစ်လာအောင် ပြုလုပ်မပေးနှင့်၊ ပူပန်မှုတွေဖြစ်လာအောင် ပြုလုပ်မပေးနှင့်၊ တောင့်တမှုတွေဖြစ်လာအောင် ပြုလုပ်မပေးနှင့်၊ သာယာမှုတွေဖြစ်လာအောင် ပြုလုပ်မပေးနှင့်၊ "စိတ်ကို စိတ်အတိုင်းတိုင်းထားကြ"ဟူ၍ ဆုံးမခြင်းဖြစ်လေသည်။

စိတ်သည် ပင်ကိုယ်က ဖြူစင်ပြီးသားဖြစ်ခြင်းကြောင့် ဖြူစင်အောင် ပြုလုပ်ပေးရန်မလို၊ မဲညစ်အောင်သာမလုပ်လျှင် ဖြူစင်ပြီးသားဖြစ်၏။ ထို့ကြောင့် မဲညစ်အောင်လည်း မလုပ်နှင့်၊ ဖြူစင်အောင်လည်းမလုပ်နှင့်၊ ပင်ကိုယ်က ဖြူစင်ပြီးသားပါတကားဟု သိမြင်ပြီးလျှင် ဖြူစင်သည့် စိတ် အတိုင်းတိုင်းထား။

စိတ်သည် ပင်ကိုယ်က စင်ကြယ်ပြီးသားဖြစ်ခြင်းကြောင့် စင်ကြယ် အောင် ပြုလုပ်ပေးရန်မလို၊ နောက်ကျိအောင်သာမလုပ်လျှင် စင်ကြယ် ပြီးသားဖြစ်၏။ ထို့ကြောင့် နောက်ကျိအောင်လည်းမလုပ်နှင့်၊ စင်ကြယ် အောင်လည်းမလုပ်နှင့်၊ပင်ကိုယ်က စင်ကြယ်ပြီးသားပါတကားဟု သိမြင် ပြီးလျှင် စင်ကြယ်သည့်စိတ်အတိုင်းတိုင်းထား။

စိတ်သည် ပင်ကိုယ်က ကိလေသာတို့မှ ကင်းလွတ်ပြီးသား ဖြစ်ခြင်း ကြောင့် ကိလေသာတို့မှ ကင်းလွတ်အောင်ပြုလုပ်ပေးရန်မလို၊ ကိလေသာ တို့ဖြစ်အောင်သာမလုပ်လျှင် ကိလေသာတို့မှ ကင်းလွတ်ပြီးသားဖြစ်၏။ ထို့ကြောင့် ကိလေသာတို့ ဖြစ်အောင်လည်း မလုပ်နှင့်၊ ကိလေသာတို့မှ လွတ်အောင်လည်းမလုပ်နှင့်၊ ပင်ကိုယ်က ကိလေသာတို့မှ ကင်းလွတ်ပြီး သားပါတကားဟု သိမြင်ပြီးလျှင် ကိလေသာတို့မှ ကင်းလွတ်သည့်စိတ် အတိုင်းတိုင်းထား။

ဈေးဆိုင်မှ ဝယ်ယူလာသော ဆေးလိပ်သည် ဝယ်လာစဉ်က မီးညှိပြီး သားပါလာသည်မဟုတ်၊ မီးလွတ်ပြီးသား၊ မီးငြိမ်းပြီးသားသာဖြစ်၏။ ယင်းဆေးလိပ်သည် ပင်ကိုယ်က မီးလွတ်ပြီးသား၊ မီးငြိမ်းပြီးသားဖြစ် ခြင်းကြောင့် ဆေးလိပ်တွင် မီးမှလွတ်စေလိုလျှင်၊ ငြိမ်းစေလိုလျှင်၊ မီး လွတ်အောင်၊ မီးငြိမ်းအောင် အလုပ်တခုအနေဖြင့် သတ်သတ်ပြုလုပ်ပေး နေစရာမလိုပါ။ ဆေးလိပ်ကို မီးဖြင့်ညှိမပေးလျှင်၊ မီးရှို့မပေးလျှင်၊ မီး ငြိမ်းပြီးသား၊ မီးလွတ်ပြီးသားသာဖြစ်၏။

ထို့ကြောင့် ဆေးလိပ်ကို မီးလွတ်စေလိုလျှင် ပင်ကိုယ်က ဆိုင်မှဝယ် လာစဉ်ကပင် မီးငြိမ်းပြီးသား၊ လွတ်ပြီးသား ဖြစ်ခြင်းကြောင့် မီးငြိမ်း အောင်ပြုလုပ်ပေးရန်မလို၊ မီးရှို့လာအောင်သာ ရှို့မပေးလျှင် မီးလွတ်

ပြီးသားသာဖြစ်၏။ ထို့ကြောင့် မီးစွဲလာအောင်လည်း ပြုလုပ်မပေးနှင့်၊ မီးငြိမ်းအောင်လည်း ပြုလုပ်မပေးနှင့်၊ ပင်ကိုယ်က၊ ဆိုင်က ဝယ်လာကတည်းကိုက၊ မီးငြိမ်းပြီးသား၊ မီးလွတ်ပြီးသားပါကလားဟု သိမြင်ပြီးလျှင် ဆေးလိပ်, ဆေးလိပ်အတိုင်းတိုင်းထားရုံမျှသာရှိလေသည်။

စိတ်တွင် ကိလေသာတို့ မရှိခြင်းကြောင့် ကိလေသာတို့မှ လွတ်၍နေသောသဘော၊ကင်း၍နေသောသဘော၊ချုပ်၍နေသောသဘော၊ ငြိမ်း၍နေသောသဘောသည် စိတ်တွင်ထင်ရှားစွာပင်ရှိ၏။ ယင်းလွတ်ကင်း၊ ချုပ်ငြိမ်း၍ ရှိနေသော သဘောသည် သဘာဝအားဖြင့်၊ ပင်ကိုယ်သဘောအားဖြင့် သူ့အလိုလို ရှိနေသော သဘောပင်ဖြစ်၏။ ပြုလုပ်ဖန်တည်းထား၍ ဖြစ်ပေါ်လာရသောတရားလည်းမဟုတ်၊ တန်ခိုးတော်တို့နှင့် ဖန်ဆင်းထား၍ရှိနေသောအရာလည်းမဟုတ်၊စိတ်ကိုအောင့်အီးချုပ်တည်းထား၍ ဖြစ်နေသောတရားလည်းမဟုတ်၊ ကံဖြင့်ဒင်း၊ စိတ်ဖြင့်ဒင်း၊ ဥတုဖြင့်ဒင်း၊ အာဟာရဖြင့်ဒင်း၊ ပြုလုပ်ဖန်တည်းထား၍ ရှိနေသောတရားလည်းမဟုတ်ချေ။သူ့အလိုလို ပင်ကိုယ်သဘာဝအားဖြင့် အမြဲရှိနေသောနိစ္စ,ဓုဝတရားသာလျှင်ဖြစ်လေသည်။အလုံးစုံသော သင်္ခါရအရိပ်နိမိတ်မှ ကင်းသော ဝိသင်္ခါရတရား၊ဝါ၊အသင်္ခတ,တရားပင်ဖြစ်လေသည်။ အလုံးစုံသောကိလေသာတို့နှင့် မရောမစွက်ပဲ ကိလေသာတို့မှ အလိုလိုကင်းလွတ်ချုပ်ငြိမ်း၍နေသော ကိလေသာတို့၏ ကင်းရာကုန်ရာ ချုပ်ရာငြိမ်းရာ တရားသည် ပရမတ္ထအားဖြင့် ထင်ရှားရှိသော၊ ပရမတ္ထအသင်္ခတဓာတ်မြတ်သောနိဗ္ဗာန်တရားပင်တည်း။

ကိလေသာတို့မရှိခြင်းသည် အ,ဘာဝပညတ်သာလျှင် ဖြစ်လေသည်။ အဘယ့်ကြောင့်ဆိုသော် ဤမရှိခြင်းဟူသော စကားသည် ကိလေသာကိုကြည့်၍ ပြောဆိုသောစကား ဖြစ်ခြင်းကြောင့် ဖြစ်လေသည်။ နိဗ္ဗာန်ဟူသည် အ,ဘာဝမျိုးမဟုတ်၊ ဘာဝမျိုးသာလျှင်ဖြစ်၏။

အပူမရှိသော် အပူမှငြိမ်းအေးမှုသည်ရှိ၏။မီးမရှိသော် မီးမှငြိမ်းအေးမှုသဘောသည်ရှိ၏။ မိမိတို့ကိုယ်တွင် အနာရောဂါတို့ မပေါက်မရောက်သည်ရှိသော် ရောဂါအနာတို့မှ ပျောက်ငြိမ်းမှု သဘောသည်ရရှိ၏။

ဤနေရာသည် အလွန်အရေးကြီး၏၊ နက်နဲ၏၊ ဉာဏ်ဖြင့်သက်ဝင်နိုင်ခဲ၏၊ ဤသဘောကိုပေါက်လျှင် တရားပေါက်တော့သည်သာ၊ဤသဘောမျိုးကို မြင်လျှင် တရားမြင်တော့သည်သာ။ ဤသဘောကို ဉာဏ်ဖြင့်သိမြင်ဘို့ရာ အလွန်အရေးကြီး၏။ ဤနေရာတွင် ကပ်လျက်နှင့်လွဲတတ်၏။ နီးလျက်နှင့် ဝေးနေတတ်၏။ ဤသဘောကိုမမိလျှင် နိဗ္ဗာန်နှင့် အ,ဘ၁ဝမကွဲကြပါ။

ဆေးလိပ်တွင် မီးမရှိပါက ဘာရှိသနည်းဟုမေးလျှင် ဘာမျှမရှိပါဟု ဖြေတတ်ကြ၏။ သိတတ်ကြ၏။ ဤတွင် ထင်ရှားရှိနေသော သဘောပါ ပျောက်ကွယ်သွားရတော့၏။ ထင်ရှားရှိနေသောသဘောပါ မီးနှင့်ရောပါ သွားရတော့၏။ အ,ဘ၁ဝနှင့်ရောပါသွားရတော့၏။ မျက်မှောက်ပြုအပ် သောသဘောပါ ကွယ်ပျောက်သွားရတော့၏။

ဆေးလိပ်တွင် မီးမရှိပါက မီးမှလွတ်နေသောသဘော၊ မီးမှငြိမ်းနေ နေသောသဘော၊ မီးမှအေးနေသောသဘောသည် ထင်ထင်ရှားရှားပင် ရှိ၏။ မရှိသည်ကမီး၊ ရှိသည်ကမီးလွတ်ရာ၊ မီးငြိမ်းရာ။

မိမိခန္ဓာကိုယ်တွင် (၉၆)ပါးသောအနာရောဂါတို့ မကျရောက်ပါက ထို(၉၆)ပါးသောအနာရောဂါတို့မှ လွတ်ငြိမ်း၍နေသောသဘောသည် ထင်ထင်ရှားရှားပင်ရှိ၏။ ဖျောက်ပြစ်၍မရပါ။ (၉၆) ပါးသောအနာ ရောဂါတို့သာ ဖြစ်လာပါက နာသာခံခက်နှင့် အလွန်ပင်ဆင်းရဲရ၏။ ဒုက္ခရောက်ရ၏။ လူးလိမ့်အော်ဟစ်၍နေရ၏။ ပင်ပန်း၏။ အလွန်ပင် သောကများကြရ၏။

ဖြစ်ရသောဒုက္ခအရပ်ရပ်တို့ကို အထူးချဲ့ထွင်ရေးရန်ပင်မလိုပါ။ ကိုယ် တိုင်ရောဂါဖြစ်ဘူးသူများ အသိဆုံးပင်ဖြစ်၏။ ကိုယ်တိုင်မဖြစ်ဘူးကြလျှင် လည်း ဖြစ်ဘူးသောသူများကိုကြည့်လျှင် သိမြင်နိုင်ပါ၏။ ဤဒုက္ခကြီးနှင့် နှိုင်းစာလျှင် မိမိတို့၏ ခန္ဓာကိုယ်တွင် (၉၆) ပါးသောအနာရောဂါတို့ မပေါက်ရောက်ပဲ ထိုထိုသော ရောဂါတို့မှ ပျောက်ငြိမ်း ကင်းလွတ်၍ နေသော သဘောသည် အလွန်ပင် သက်သာရာ ရရှိ၏။ ချမ်းသာ၏။ ကျက်သရေရှိ၏။ တည်ငြိမ်မှုရှိ၏။ အေးငြိမ်းမှုရှိ၏။

များသောအားဖြင့် လူတို့သည် ဤအေးငြိမ်းမှုသဘော၊ တည်ငြိမ်မှုသဘော၊ သက်သာရာရမှုသဘောတို့ကို သတိမထားမိကြ၊ အမှုမဲ့အမှတ်မဲ့ သာနေတတ်ကြ၏။ ဂုဏ်ရှိ၍ရှိမှန်းမသိ၊ ချမ်းသာ၍ချမ်းသာမှန်းမသိ၊ သက်သာ၍ သက်သာမှန်း မသိကြ။ သင့်မှာအနာရောဂါတွေမရှိလျှင်၊ မစွဲကပ်လျှင် ဘာရှိသနည်းဟုမေးလျှင် "ဘာမှမရှိပါ" ဟုပင် အမှုမဲ့ အမှတ်မဲ့ အလွယ်တကူပင် ဖြေကြားကြ၏။ ပြောဆိုကြ၏။ ရှိနေသော တရားပျောက်နေကြ၏။ ရနေသောတရားပျောက်နေကြ၏။ မိမိတို့အသက်ရှူနေသောလေ၏တန်ဘိုးကို မသိကြသကဲ့သို့ပင်ဖြစ်၏။

အတိုင်းတိုင်းနေစဉ်က လေ၏တန်ဘိုးကိုမသိကြ၊ မိမိတွင်တခုခုဖြစ်လာသောအခါတွင်မှ ရောဂါတခုခုကပ်ငြိလာပါက အောက်ဇီဂျင်ခေါတ်ပေးရ၊ ဘာပေးရနှင့် အသက်နှင့်လဲ၍ လေရှူနိုင်ရေး၊ အသက်ရှူနိုင်ရေးကို ပြုလုပ်ကြရ၏။ မိမိအသက်ရှင်ရေးအတွက် လိုအပ်သောလေကို မိမိတွင်ရှိသော စည်းစိမ်ဥစ္စာ ရတနာတို့ကို ပုံ၍ပေးရမည်ဆိုလျှင်လည်း ပေးရပေတော့မည်။ မိမိတွင်ရှိသော စည်းစိမ်ဥစ္စာတွင်သာမက သားသမီး၊ ဆွေမျိုးများ၏ စည်းစိမ်ဥစ္စာတို့ကိုပါ ပုံပေးပါမှ မိမိအသက်ချမ်းသာရရမည် (ဝါ) ရောဂါဝေဒနာတို့ ပျောက်ကင်းချမ်းသာမည်ဆိုလျှင်လည်း ပုံပေးကြရပေမည်။ အလွန်ပင် တန်ဘိုးကြီးလှပေ၏။ အဖိုးတန်လှပေ၏။ ရောဂါပျောက်ကင်းခြင်း ဆိုသည်မှာ ရောဂါမစွဲကပ်မီက၊ ပကတိ အကောင်း အကောင်းအတိုင်းတိုင်းက အခြေအနေမျိုးသို့ ပြန်ရောက်ရန်ပြုလုပ်ကြ၍ ပကတိအတိုင်းတိုင်းသို့ ပြန်ရောက်သည်ကို ရောဂါပျောက်သည်ဟုပင် ဆိုရလေသည်။

ရောဂါတခုခု ဖြစ်ပေါ်လာ၍ ခံစားရသော ဝေဒနာအမှု ဒုက္ခအစုစုတို့သည်၎င်း၊ ပူပန်ရသော သောက အဝဝတို့သည်၎င်း၊ ကုန်ကျရသော ငွေကြေးအရပ်ရပ်တို့သည်၎င်း၊ ယင်းရောဂါဝေဒနာ မကျရောက်မီက ပကတိ ကျန်းမာနေရသော အခြေအနေတို့နှင့် နှိုင်းယှဉ်ကြည့်လျှင် ပကတိအတိုင်းတိုင်း ရောဂါတို့မှ ကင်းဝေးကျန်းမာ၍ နေရသောသဘောသည် အတိုင်းမသိချမ်းသာရာရ၏။ သက်သာရာရ၏။ ဂုဏ်ရှိ၏။ ကျက်သရေရှိ၏။ မြတ်၏။

သို့ရာတွင် များစွာသောသူတို့သည် ဤကဲ့သို့ ပကတိအတိုင်းတိုင်းက ချမ်းသာ၍နေ၏။ ဒုက္ခမှ ကင်းဝေး၍ နေ၏ဟူ၍ မသိတတ်၊ မမြင်တတ်ကြချေ။ ဖြစ်လာလျှင်မူ သိတတ်ကြပါ၏။ မြင်တတ်ကြပါ၏။ ဖြစ်လာလျှင် သိတတ်ကြသလောက် ငြိမ်းနေသည်ကို သိနိုင်ခဲ၊ မြင်နိုင်ခဲကြလေသည်။ လယ်ပြင် ဆင်သွားသည်ကို ထင်ရှားစွာ မြင်သကဲ့သို့ ဖြစ်လာသော တရားတို့အပေါ်တွင်လည်း ထင်ရှားစွာ မြင်တတ်ကြ၏။ လယ်ပြင်မှာ ဆင်သွားတော့ ဆင်ကိုထင်ရှားစွာ မြင်ရသည်ကားမှန်၏၊ လယ်ပြင်မှာ ဆင်မသွားတော့ မည်သည့်အရာများ ထင်ရှားပါသနည်းဟု မေးလျှင် အဖြေခက်တော့၏။ အချို့ကား ဘာမျှမမြင်ဟူ၍ ဖြေကြပေလိမ့်မည်။

ဤနေရာတွင် အသိခက် အမြင်ခက် နေတတ်ကြ၏။ လယ်ပြင်မှာ ဆင်မသွားလျှင် ထင်ရှားသည်ထက် ထင်ရှားသည်ကား လယ်ပြင်ပင် ဖြစ်လေသည်။ လယ်ပြင်ကြီးကား ထင်ထင်ရှားရှား ကြီးမားကျယ်ဝန်းစွာ အမြင်ခံ, အကြည့်ခံ၍သာလျှင်ရှိ၏။ လယ်ပြင်ကြီးနှင့် နိုင်းယှဉ်လျှင် ဆင်သည် အလွန်သေးငယ်လွန်းလှပါသည်။ မြင်ခြင်းမြင်လျှင် ဆင်ထက် ကြီးမားကျယ်ဝန်းသော လယ်ပြင်ကြီးကို မြင်သင့် မြင်ထိုက်ပါလျက် လယ်ပြင်ကို မမြင်၊ သေးငယ်သော ဆင်ကိုသာ မြင်တတ်ကြ၏။ ဤလည်း တချက်။

နောက်တချက်ကား....ထိုဆင်သည် တခါတရံမှသာလျှင် လယ်ပြင်မှာ ဖြတ်၍သွားခြင်းဖြစ်၏။ အမြဲရှိနေသည်မဟုတ်။ အမြဲရှိနေသောအရာသည်ကား လယ်ပြင်ကြီးပင်ဖြစ်၏။ လယ်ပြင်ကြီးသည်ကား ဆင်ဖြတ်မသွားမီကလည်း ရှိနေသည်၊ ဆင်ဖြတ်သွားနေသော အခါမှာလည်း ရှိနေသည်။ ဆင်ဖြတ်သွားပြီး ဆင်မရှိတော့သည်၏ နောက်၌လည်း ရှိနေသည်။ ဤမျှကြီးမားကျယ်ဝန်းစွာ အမြဲတမ်းရှိနေသော လယ်ပြင်ကြီးကို မမြင်နိုင်ကြသော်လည်း တခါတရံမှသာ ရောက်ရှိဖြတ်သန်း၍ သွားသော သေးကွေးသော ဆင်ကိုသာလျှင် များသောအားဖြင့် မြင်တတ်ကြလေသည်။ ဥပမေယျကို ဟတ်မပြတော့ပါ၊ မိမိတို့ကိုယ်ပိုင် ဉာဏ်ဖြင့်သာ ဟတ်ယူကြပါလေ။

စိတ်သို့ ပြန်၍ဆက်ပါအံ့....။

အထက်ကဖော်ပြခဲ့သော ဥပမာတို့ဖြင့်ပင် စိတ်တွင် ဒ္ုလုံးစုံသော ကိလေသာတို့မှ ငြိမ်းအေး၍ နေသောသဘောကို သိမြင်နိုင်လောက်ပါသည်။

စိတ်တွင် ကိလေသာတို့မရှိသည်ကို သိခြင်းသည် အ္ဘာဝသိခြင်းပင် ဖြစ်ကြောင်းဆိုခဲ့ပြီ။ ကိလေသာတို့မရှိသော်လည်း ကိလေသာတို့နှင့် မရောမစွက်သော အေးချမ်း၊ ငြိမ်သက်သောတရားကား ထင်ရှားရှိသည် သာဖြစ်၏။ ယင်းအေးငြိမ်းမှုသဘောတရား၊ တည်ငြိမ်မှုသဘောတရား ကြီးသည်ကား ပရမတ္ထအားဖြင့် ထင်ရှားစွာပင်တည်ရှိ၍နေ၏။ ယင်းထင် ရှားစွာ ပရမတ္ထအားဖြင့်ရှိနေသော တရားသည်ကား ကံ၊ စိတ်၊ ဥတု၊ အာဟာရ-စသော ဇနကအကြောင်းတရားတို့ဖြင့် ပြုပြင်စီရင်မှုကင်း၍ တည်ရှိနေသော အသင်္ခတဓာတ် မြတ်သောမဟာနိဗ္ဗာန်ကြီးပင်တည်း။

တထပ် တက်ဦးအံ့....။

ဤအသင်္ခတဓာတ် မြတ်သောမဟာနိဗ္ဗာန်ကြီး၏သဘောကို ထိထိမိမိ တိတိကျကျ ဉာဏ်ကုန်လွှတ်၍ ပြောရသည်ရှိသော် ဤအသင်္ခတနိဗ္ဗာန် သည် ကိလေသာတို့ကုန်ခြင်း၊ မကုန်ခြင်းတို့နှင့် မည်သို့မျှမဆိုင်ပါ။ အသင်္ခတသဘောအနေဖြင့်သာ ပရမတ္ထအားဖြင့် ထင်ရှားစွာရှိနေသော တရားဖြစ်လေသည်။ အထက်ကပြခဲ့သော လယ်ပြင်ကြီးကဲ့သို့ပင်ဖြစ်၏။ လယ်ပြင်ကြီးသည် ဆင်မရှိမီကလည်းရှိ၏။ ဆင်ဖြတ်သွားဆဲ၌လည်းရှိ၏။ ဆင်မရှိသောအခါတို့၌လည်းရှိ၏။ မည်သည့်အခါကြည့်ကြည့်ရှိ၏။မကြည့် သောအခါမှာလည်းရှိ၏။

အလားတူစွာပင် အသင်္ခတနိဗ္ဗာန်ကြီးသည် ကိလေသာတို့မဖြစ်မီက လည်းရှိနေသည်။ ကိလေသာတို့ဖြစ်ဆဲအခါမှာလည်း ရှိနေသည်။ ကိလေ သာတို့ဖြစ်ပြီး၍ ချုပ်ငြိမ်းသွားပြီးသည့်နောက်၌လည်း ရှိနေသည်။ ကိလေသာတို့ဖြစ်ခြင်း၊ မဖြစ်ခြင်းတို့နှင့် ဘာမျှမဆိုင်၊ မိမိဘာသာမိမိ ငြိမ်းအေးငြိမ်သက်စွာ နိစ္စ၊ ဓုဝ၊ သဿတ၊ အစ္ဆရိယ၊ အဗ္ဘုတသဘော အားဖြင့် တည်ရှိ၍နေ၏။

ဤကဲ့သို့ ပရမတ္ထအသင်္ခတဓာတ် မြတ်သောနိဗ္ဗာန်ကို ဆိုခဲ့သည့် အတိုင်းသာ ဖေါ်ပြခဲ့သည်ရှိသော် အလွန်ပင်လျှင် အသိခက်၊ အမြင်ခက် ဖြစ်ကြရန်ရှိ၏။ ထို့ကြောင့် မိမိ မိမိတို့ သိလွယ်မြင်လွယ်သော၊ မိမိတို့၏ စိတ်သန္တာန်တွင် ရံခါရံခါဖြစ်ပေါ်ဖြစ်ပေါ်၍လာတတ်သော ရာဂတရား၊ ဒေါသတရား၊မောဟတရား၊ပူပန်မှုတရား၊ကပ်ငြိမှုတရား၊သာယာမှုတရား၊ တောင့်တမှုတရား၊ ကြောင့်ကျမှုတရား အစရှိသောကိလေသာတရားတို့နှင့် ကပ်ယှဉ်လျက် နိဗ္ဗာန်ဟူသည် ...

ရာဂတို့၏ကင်းရာ ကုန်ရာ ချုပ်ငြိမ်းရာကိုခေါ်၏။
ဒေါသတို့၏ ကင်းရာ ကုန်ရာ ချုပ်ငြိမ်းရာကိုခေါ်၏။
မောဟတို့၏ ကင်းရာ ကုန်ရာ ချုပ်ငြိမ်းရာကိုခေါ်၏။
ပူပန်မှုတို့၏ ကင်းရာ ကုန်ရာ ချုပ်ငြိမ်းရာကိုခေါ်၏။
တောင့်တမှုတို့၏ ကင်းရာ ကုန်ရာ ချုပ်ငြိမ်းရာကိုခေါ်၏။
ကြောင့်ကျမှုတို့၏ ကင်းရာ ကုန်ရာ ချုပ်ငြိမ်းရာကိုခေါ်၏။
သာယာမှုတို့၏ ကင်းရာ ကုန်ရာ ချုပ်ငြိမ်းရာကိုခေါ်၏။
ဥပါဒါန်တို့၏ ကင်းရာ ကုန်ရာ ချုပ်ငြိမ်းရာကိုခေါ်၏။
အာသဝတို့၏ ကင်းရာ ကုန်ရာ ချုပ်ငြိမ်းရာကိုခေါ်၏။
တဏှာတို့၏ ကင်းရာ ကုန်ရာ ချုပ်ငြိမ်းရာကိုခေါ်၏။

အစရှိသည်ဖြင့် မိမိတို့တွင် ဖြစ်လေ့ရှိသော တရားတို့နှင့် နှိုင်းယှဉ်၍ သိလွယ်မြင်လွယ်ကြစေခြင်းငှါ ဟောသောအရာဖြစ်သည်ကို သတိရှိအပ်၏။ ပါဠိတော်များတွင် ဤသို့ဟောသောအရာမှာ များစွာလာရှိလေသည်။

ပရမတ္ထ အသင်္ခတ မဟာနိဗ္ဗာန်သည် ဘာဝတရားဖြစ်သည်။ ယင်း ဘာဝတရားသည် ငြိမ်းအေးတည်ငြိမ်ခြင်းဟူသော သန္တိလက္ခဏာစသည် တို့ဖြင့် ပြည့်စုံ၍နေ၏။ တနည်းဆိုရသော် ငြိမ်းအေးခြင်းသဘောတို့ဖြင့် ပရမတ္ထအားဖြင့် ထင်ထင်ရှားရှား နိစ္စ ဓုဝ ရှိနေသောတရားသည် ပရမတ္ထ အသင်္ခတနိဗ္ဗာန်ပင်ဖြစ်သည်။

ဘာတွေငြိမ်းအေး၍နေသနည်းဟု ထပ်ဆင့်၍မေးခဲ့သော် အထက်က ဖေါ်ပြခဲ့သည့်အတိုင်း ရာဂတွေ ငြိမ်းအေးနေပါသည်၊ ဒေါသတွေ ငြိမ်း အေးနေပါသည်၊ ကိလေသာတွေ ငြိမ်းအေးနေပါသည်-ဟူ၍ ပြောရခြင်း

ဖြစ်၏။ နိဗ္ဗာန်ကို နိစ္စ,ဓုဝသဘောမမြင်ပဲ အပေါ်ယံအားဖြင့် ရာဂတွေ ချုပ်ငြိမ်း၍နေသည်-စသည်ဖြင့် အကျိုးတရားတို့ကိုသာ မြင်မည်ကိုစိုးရိမ်တော်မူသောကြောင့် ရာဂတို့မရှိခြင်းသည် နိဗ္ဗာန်မဟုတ်၊ ကိလေသာတို့၏ အ,ဘာဝမျှသာဟူ၍ ဆိုခြင်းဖြစ်၏။ အမှန်မှာ ကိလေသာတို့မရှိခြင်းကြောင့် ယင်းကိလေသာနှင့်ပြောလျှင်သာ ကိလေသာတို့၏ အေးငြိမ်းရာသည် ထင်ရှားရှိ၏။ ယင်းကား နိဗ္ဗာန်ပင်တည်း။

လယ်တီဆရာတော်ဘုရားကြီးက ယင်းသို့ကိလေသာတို့ အ,ဘာဝဖြစ်နေ၍ ဖြစ်ခြင်းသည် ငြိမ်းအေးရာ နိဗ္ဗာန်နှင့် တစပ်တည်း ဖြစ်နေခြင်းကြောင့် ရာဂ,ဒေါသ,မောဟစသော ကိလေသာတို့မရှိရာသည် အသခ်တ နိဗ္ဗာန်ပင်ဟူ၍ မိန့်တော်မူလေသည်။

(နိဗ္ဗာနဒီပနီ)

စိတ်တွင် ကိလေသာတို့မရှိသည်ကို သိသောဉာဏ်သည် အထက်တန်းကျသော ဝိပဿနာဉာဏ်ဖြစ်၏။

စိတ်တွင် ကိလေသာတို့မှ ကင်းရာ၊ ကုန်ရာ၊ ချုပ်ရာ၊ ငြိမ်းရာသည် နိဗ္ဗာန်ဖြစ်၏။

ကိလေသာတို့၏ ချုပ်ငြိမ်းရာနိဗ္ဗာန်ကို သိမြင်သောဉာဏ်သည် မဂ်ဉာဏ်ဖြစ်၏။

မဂ်ဖြင့်မြင်သော နိဗ္ဗာန်ကို နောင်အကြိမ်ကြိမ် မျက်မှောက်ပြု၍ နေခြင်းသည် ဖိုလ်ဉာဏ်မည်၏။

ကိလေသာတို့၏ ချုပ်ငြိမ်းရာကိုမြင်ပြီး ချုပ်ငြိမ်းသည့် အတိုင်းတိုင်းနေထိုင်ကျင့်သုံး၍နေခြင်းသည် ဒုက္ခချုပ်ငြိမ်းကြောင်း အကျင့်ပင်ဖြစ်၏။

ကိလေသာတို့၏ ချုပ်ငြိမ်းရာကိုမြင်ပြီး ချုပ်ငြိမ်းသည့် အတိုင်းတိုင်းနေခြင်းကြောင့် မိမိစိတ်မှာ အလုံးစုံသောကိလေသာအပူဘေးတို့မှ ငြိမ်းအေးသက်သာမှုရခြင်း အကျိုးတရားသည် ဝိရာဂမည်၏။

ဤမျှဆိုလျှင်"စိတ်ကိုဖြူစင်စွာထား"ဟူသောစကားကိုမသုံးပဲ "စိတ်, စိတ်အတိုင်းတိုင်းထား"ဟူသော စကားကိုသာ အသုံးပြု၍ ဆရာတော်ဘုရားကြီး ဆုံးမတော်မူခဲ့ရခြင်း အကြောင်းရင်းသည် ရှင်းလင်းလောက်ပေပြီ။

## လမ်းသုံးသွယ်

အချို့သောသူတို့သည် ကိလေသာတို့ဖြစ်ပေါ်လာပုံနှင့် ကိလေသာတို့ချုပ်ငြိမ်းနေပုံကို ယထာဘူတကျကျ သိမြင်ခွင့်မရကြခြင်းကြောင့် ကိလေသာတို့ဖြစ်အောင်လည်း ပြုလုပ်တတ်ကြသည်။ ကိလေသာတို့ချုပ်အောင်လည်း ပြုလုပ်တတ်ကြသည်။ ကိလေသာ ဖြစ်အောင်ပြုလုပ်နေကြခြင်းသည် ကာမသုခလ္လိက အစွန်းတဖက်သို့ ရောက်နေခြင်းသာဖြစ်၏။ ကိလေသာတို့ အရှိထား၍ ၎င်းကိလေသာတို့ ချုပ်အောင် ပြုလုပ်အားထုတ်နေခြင်းသည်လည်း အတ္တကိလမထ တည်းဟူသော အခြားတဖက်အစွန်းသို့ ရောက်နေခြင်းသာဖြစ်၏။

ကိလေသာတို့ ဖြစ်အောင်လည်း အားမထုတ်၊ မဖြစ်အောင်လည်း အားမထုတ်ပဲ ပကတိသဘောအားဖြင့် ကိလေသာတို့မှ ကင်းလွတ်ချုပ်ငြိမ်း၍နေသော ကိလေသာတို့၏ ကင်းလွတ်ချုပ်ငြိမ်းရာကိုမြင်ပြီး ငြိမ်းအေးသည့်အတိုင်းတိုင်း နေထိုင်ကျင့်သုံးခြင်းသည်သာလျှင် အလယ်အလတ် တည်းဟူသော မဇ္ဈိမပဋိပဒါ အကျင့်မြတ်ပင်ဖြစ်၏။

ကိလေသာတို့ကို ဖြစ်အောင်အားထုတ်နေခြင်းသည်လည်း လမ်းမဆုံး။ ကိလေသာတို့ကို အရှိထား၍ ကုန်အောင်၊ ချုပ်အောင်အားထုတ်နေခြင်းသည်လည်း လမ်းမဆုံး။ မဇ္ဈိမပဋိပဒါတည်းဟူသော အရိယမဂ္ဂင်လမ်းသာလျှင် လမ်းဆုံးသို့ရောက်၏။ ကိလေသာကိုနိုင်၏။

"မာဂဏ္ဍိယ၊ ခပ်သိမ်းကုန်သောရဟန်းတို့သည်၎င်း၊ ပုဏ္ဏားတို့သည်၎င်း ကင်းသော ဆာလောင်မွတ်သိပ်ခြင်း ရှိသည်ဖြစ်၍၊ အတွင်းအဇ္ဈတ္တသန္တာန်၌ ငြိမ်းအေးသောစိတ်ရှိကုန်သည်ဖြစ်၍၊ နေလည်းနေခဲ့ကုန်ပြီ၊ နေလည်းနေကုန်ဆဲ၊ နေလည်းနေကုန်လတ္တံ့၊ခပ်သိမ်းကုန်သောထိုရဟန်းပုဏ္ဏားတို့သည် ကာမဂုဏ်တရားတို့၏ ဖြစ်ခြင်း၊ ချုပ်ခြင်း၊ သာယာဖွယ်သဘော၊ အပြစ်၊ ထွက်မြောက်ရာတို့ကို ဟုတ်တိုင်းမှန်စွာ သိကြကုန်၍ ကာမတဏှာတို့ကို ပယ်စွန့်၍၊ ကာမအပူကို ပယ်ဖျောက်၍ ကင်းသော ဆာလောင်မွတ်သိပ်ခြင်း ရှိသည်ဖြစ်၍၊ အတွင်းအဇ္ဈတ္တသန္တာန်၌ ငြိမ်းအေးသောစိတ်ရှိကုန်သည်ဖြစ်၍၊ နေလည်းနေခဲ့ကြကုန်ပြီ၊ နေလည်းနေ

ကြကုန်ဆဲ၊ နေလည်းနေကြကုန်လတ္တံ့။" ဟု မိန့်တော်မူ၍၊ အောက်ပါ ဥဒါန်းစကားကျူးရင့်တော်မူ၏။

"လာဘ်ဟူသမျှတို့တွင် အနာကင်းခြင်းသည် အသာဆုံးဖြစ်၏။ ချမ်းသာဟူသမျှတို့တွင် နိဗ္ဗာန်သည် အသာဆုံးဖြစ်၏။ အမြိုက်နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ခရီးတို့တွင် အင်္ဂါရှစ်ပါးရှိသော (အရိယမဂ္ဂင်) လမ်းခရီးသည် ဘေးကင်း၍ အမြတ်ဆုံးဖြစ်ပေ၏။

(မဇ္ဈိမပဏ္ဏာသပါဠိတော် မြန်မာပြန်၊ မာဂဏ္ဍိယသုတ်၊ နှာ-၁၈၆)

ကာမတဏှာကို ပယ်စွန့်၍ဆိုသည်မှာ ရှိနေသည့်အနေဖြင့် ပယ်စွန့်ခိုင်းသည်မဟုတ်၊ ဖြစ်လာအောင်ပြုလုပ်မပေးတော့ပဲ (ဝါ) ရှိ,ရှိလာအောင်သယ်ဆောင်ပြုလုပ်မပေးတော့ပဲ၊ နဂိုအေး အနိမိတ္တ-နိဗ္ဗာန်ကိုပင် မျက်မှောက်ပြုလျက် ငြိမ်းသည့်အတိုင်းတိုင်း ကျင့်သုံးနေခြင်းသည်သာ အရိယမဂ္ဂင်အကျင့်ဖြစ်၏။ ယင်းကား....သစ္စာလေးပါးကို ယထာဘူတကျကျ သိခြင်းကြောင့်ရရှိသော အကျင့်ဖြစ်၏။

အခါတပါး နတ်သားတပါးသည် မြတ်စွာဘုရားအား ဤသို့လျှောက်ထား၏။

"အရှင်ဘုရား၊ အရှင်ဘုရားသည် ဩဃလေးဖြာ သံသရာမှ မည်သို့သောနည်းဖြင့် ကူးခတ်၍ လွတ်မြောက်တော်မူခဲ့ပါသနည်း" ဟူ၍ လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားက....

"ဒါယကာနတ်သား၊ ငါသည် ရပ်တည်မနေပဲ၊ အားမထုတ်ပဲ၊ သံသရာအယဉ်ကို ကူးမြောက်ခဲ့၏"

(ဒေဝတာသံယုတ်၊ ဩဃတရဏသုတ် ၁၊ သဂါထာဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန် ဆဋ္ဌမူ-နှာ-၁)

= တွေဝေငေးမော၍ မောဟနှင့်နေခြင်းသည် ရပ်တည်နေခြင်းမည်၏။
= အဝိဇ္ဇာဦးစီး၍ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အနေဉ္ဇာဘိသင်္ခါရတို့ကို ပြုလုပ်နေခြင်းသည် အားထုတ်နေခြင်းမည်၏။

= ငြိမ်းရာကိုမြင်၍ ငြိမ်းသည့်အတိုင်းတိုင်းနေခြင်းဖြင့်သာ သံသရာမှ ကူးမြောက်ခဲ့၏။

( ဤအရာ၌ အမျိုးမျိုးကောက်ယူကြသည်များရှိ၏။ နှစ်သက်ရာကိုသာ ယူကြစေလိုပါသည်။)

ကိလေသာတို့၏ ကုန်ရာကိုမြင်ပြီး ကုန်သည့်အတိုင်းတိုင်း ကျင့်သုံးပွားများ သွားမှသာလျှင်၊ ကိလေသာတို့၏ ငြိမ်းအေးရာကို မြင်ပြီး ငြိမ်းအေးသည့် အတိုင်းတိုင်း ကျင့်သုံးပွားများ၍သွားရသော ဘာဝနာ အားကောင်းမှသာလျှင် အထက်မဂ်များသို့တက်လှမ်းနိုင်၏။ ဤဘာဝနာ အားကောင်းသည်နှင့်အမျှ ကိလေသာတို့တဖြေးဖြေးအဖြစ်နည်း အဖြစ်ကြဲပြီးလျှင် နောက်ဆုံး၌ ကိလေသာတို့ ဖြစ်၍ပင်မလာတော့ပဲ မီး ဖြင့် ဖုတ်မြိုက်ထားပြီးသော ထန်းပင်အမြစ်ကဲ့သို့ တဖန်ပြန်လည်ရှင်သန် ခြင်း မရှိတော့ပဲ သမုစ္ဆေဒချုပ်ငြိမ်း၍သွားသည်ကို အာသဝေါကုန် သည် ဟူ၍ရင်း၊ ကိစ္စပြီးသည်ဟူ၍ရင်း၊ အရဟတ္တမဂ်, အရဟတ္တဖိုလ်သို့ ဆိုက် ရောက်သွားသည်ဟူ၍ရင်း ခေါ်ဝေါ်ကြခြင်းဖြစ်လေသည်။

အကြောင်းတရား၊ အကျိုးတရားတို့ဖြင့် ဝေဖန်ရသော် နိဗ္ဗာန်သည် အကြောင်းတရား၊ ကိလေသာကုန်ရခြင်းသည် အကျိုးတရား။ နိဗ္ဗာန်ကို အကြောင်းပြု၍၊ ဝါ၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းဖြင့် ကျင့်သုံးပွါးများ သွားမှသာလျှင် အာသဝေါတည်းဟူသော ကိလေသာတို့ ကုန်ဆုံးချုပ် ငြိမ်းကြရ၏။ နိဗ္ဗာန်ကို မျက်မှောက်ပြု၍မကျင့်ပဲနှင့် ကိလေသာကုန် အောင် ပြုလုပ်၍မရပေ။ ထို့ကြောင့် နိဗ္ဗာန်မြင်ရေးသည် ပထမကိစ္စ ဖြစ်သည်။ ကိလေသာကုန်ဆုံးချုပ်ငြိမ်းစေရန်ကျင့်သုံးပွားများခြင်းသည် ဒုတိယကိစ္စဖြစ်သည်။ ဓမ္မသင်္ဂဏီပါဠိတော်တွင်လည်း နိဗ္ဗာန်မြင်ခြင်းသည် ဒဿနကိစ္စ၊ နိဗ္ဗာန်ကို မျက်မှောက်ပြု၍ ကျင့်သုံးပွားများခြင်းသည် ဘာဝနာကိစ္စဟူ၍ ဟောတော်မူခဲ့လေသည်။ နိဗ္ဗာန်ကို မျက်မှောက်မပြု နိုင်သေးပဲ ကိလေသာကုန်စေရန် ကျင့်ကြံအားထုတ်ခဲ့ပါက ကိလေသာတို့ ကုန်ခန်းချုပ်ငြိမ်းသော သမုစ္ဆေဒချုပ်ငြိမ်းမှုမျိုးကိုမရပဲ သမထမျှသာ ဖြစ်နိုင်လေသည်။ ဈာန်အင်္ဂါတို့ကိုသာ ရရှိနိုင်ပေမည်။

ထို့ကြောင့် နိဗ္ဗာန်မြင်ရေးသည်အဓိက၊ နိဗ္ဗာန်မြင်ခြင်းသည်သာ ဝိဇ္ဇာ၊ နိဗ္ဗာန်ကို မျက်မှောက်ပြု ကျင့်သုံးနေထိုင် ပွားများ၍သွားခြင်းသည် စရဏ၊ သို့မှသာ ဝိဇ္ဇာစရဏသမ္ပန္နဟူသော ပါဠိတော်တို့နှင့် ကိုက်ညီကြပေလိမ့်မည်။

မြတ်စွာဘုရားကလည်း နိရောဓသစ္စာတည်းဟူသော နိဗ္ဗာန်အပါအဝင် သစ္စာလေးပါးကို သိသောသူ၊မြင်သောသူကိုယ်သာလျှင် အာသဝကုန်ခြင်းကို ငါဟော၏ဟူ၍ မဟာဝဂ္ဂသံယုတ်ပါဠိတော်တွင် ဟောကြားတော်မူခဲ့လေသည်။

ရဟန်းတို့....

= သိသောသူ, မြင်သောသူအားသာ အာသဝကုန်ခြင်းကို ငါဆို၏။

= မသိသောသူ, မမြင်သောသူအား အာသဝကုန်ခြင်းကို ငါမဆို။

ရဟန်းတို့....

= အဘယ်သို့သိသောသူ, မြင်သောသူအား အာသဝကုန်ခြင်းသည်ဖြစ်သနည်း။

ရဟန်းတို့....

= အရိယာသစ္စာလေးပါးတို့ကို သိသောသူ, မြင်သောသူအား အာသဝကုန််၏။

( သစ္စာသံယုတ်၊ အာသဝက္ခယသုတ် )

( မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ မြန်မာပြန်၊ ဆဋ္ဌမူ၊ နှာ-၃၇၆ )

အရိယာသစ္စာလေးပါးဟူသည်မှာ....

၁။ ဒုက္ခ အရိယသစ္စာ၊
၂။ ဒုက္ခသမုဒယ အရိယသစ္စာ၊
၃။ ဒုက္ခနိရောဓအရိယသစ္စာ၊
၄။ ဒုက္ခနိရောဓဂါမိနီပဋိပဒါအရိယသစ္စာ၊
တို့ပင်ဖြစ်လေသည်။

အထက်ပါ ပါဠိတော်၌ပင် အရိယသစ္စာလေးပါးတို့ကို အနည်းငယ် ချဲ့ထွင်၍ ဟောကြားထားလေသည်။

ရဟန်းတို့....

၁။ ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရားဟူသည် ဥပါဒါနက္ခန္ဓာငါးပါးတို့ဖြစ်၏။

၂။ ဆင်းရဲ၏အကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရားဟူသည် လိုချင်တပ်မက်မှုနှင့်တကွဖြစ်သော (အလိုနှင့်တကွဖြစ်သော) တဏှာဥပါဒါန်တို့ပင်ဖြစ်၏။ ယင်းတို့ကား ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာတို့ဖြစ်၏။

၃။ ဆင်းရဲ၏ချုပ်ရာ (နိဗ္ဗာန်) ဖြစ်သော အရိယာတို့၏ အမှန်တရားဟူသည် ထိုတဏှာ,ဥပါဒါန်တို့၏ ကင်းရာ၊ ကုန်ရာ၊ ချုပ်ရာ၊ ငြိမ်းရာတရားပင်တည်း။

၄။ ဆင်းရဲ၏ချုပ်ရာ(အနုပါဒိသေသနိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်ဖြစ်သော အရိယာတို့၏အကျင့်(ဒုက္ခတို့၏ချုပ်ငြိမ်းရာ ချုပ်ငြိမ်းကြောင်းအကျင့်) ဟူသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ပင်တည်း။

သစ္စသံယုတ်၊ ခန္ဓသုတ်။
(မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ မြန်မာပြန် နှာ-၃၇၈)

ကိလေသာတို့၏ကုန်ရာ နိဗ္ဗာန်ကိုမြင်ပြီးလျှင် ကုန်သည့် အတိုင်းတိုင်းသာ သင့်သောအကြောင်းအားဖြင့် နှလုံးသွင်းရှိသူအားသာလျှင် (ယောနိသောမနသိကာရရှိသူ)အာသဝေါတရားတို့ ကုန်ကြောင်းကို ငါဟော၏ဟူ၍ မူလပဏ္ဏာသပါဠိတော်တွင်လည်း မဟာဝဂ္ဂသံယုတ်ပါဠိတော်ကဲ့သို့ပင် ဟောကြားတော်မူခဲ့လေသည်။

ဇာနတောဟံ ဘိက္ခဝေ ပဿတော အာသဝါနံ ခယံ ဝဒါမိ၊ နော အဇာနတော နော အပဿတော။ ကိဉ္စ ဘိက္ခဝေ ဇာနတော ကိဉ္စ ပဿတော အာသဝါနံ ခယံ ဝဒါမိ။

ယောနိသော စ မနသိကရံ အယောနိသော စ မနသိကရံ။ အယောနိသော ဘိက္ခဝေ မနသိကရောတော အနုပ္ပန္နာ စေဝ အာသဝါ ဥပ္ပဇ္ဇန္တိ ဥပ္ပန္နာ စ အာသဝါ ပဝုဍ္ဎန္တိ။ ယောနိသော စ ဘိက္ခဝေ မနသိကရောတော အနုပ္ပန္နာ စေဝ အာသဝါ နုပ္ပဇ္ဇန္တိ ဥပ္ပန္နာ စ အာသဝါ ပဟီယန္တိ။ ။

(မူလပဏ္ဏာသပါဠိတော်၊ သဗ္ဗာသဝသုတ်၊ နှာ-၉)

ဘိက္ခဝေ၊ ရဟန်းတို့။ ဇာနတော၊ သိသောသူအား။ ပဿတော၊ မြင်သောသူအား။ အာသဝါနံ၊အာသဝေါတရားတို့၏။ ခယံ၊ ကုန်ခြင်းကို အဟံ၊ ငါဘုရားသည်၊ ဝဒါမိ၊ ဟောတော်မူ၏။

ဘိက္ခဝေ၊ရဟန်းတို့။အဇာနတော၊ မသိသောသူအား။ အပဿတော၊ မမြင်သောသူအား။ အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယံ၊ ကုန်ခြင်းကို။ နော ဝဒါမိ၊ ဟောတော်မမူ။

ဘိက္ခဝေ၊ ရဟန်းတို့။ ကိဉ္စ၊ အဘယ်ကိုလျှင်။ ဇာနတော၊ သိသော သူအား။ ပဿတော၊ မြင်သောသူအား။ အာသဝါနံ၊ အာသဝေါ တရားတို့၏။ ခယံ၊ ကုန်ခြင်းကို။ ဝဒါမိ၊ ဟောတော်မူသနည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ ယောနိသော၊ သင့်သောအကြောင်းအားဖြင့်။ မနသိကရံစ၊ နှလုံးသွင်းခြင်းကိုရင်း။ အယောနိသော၊ မသင့်သော အကြောင်းအားဖြင့်။ မနသိကရံစ၊ နှလုံးသွင်းခြင်းကိုရင်း။ ဇာနတော၊ သိသောသူအား။ ပဿတော၊ မြင်သောသူအား။ အာသဝါနံ၊ အာသ ဝေါတရားတို့၏။ ခယံ၊ ကုန်ခြင်းကို။ ဝဒါမိ၊ ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ အယောနိသော၊ မသင့်သောအားဖြင့်။ မနသိ ကရောတော၊ နှလုံးသွင်းသူ၏ စိတ်သန္တာန်၌။ အနုပ္ပန္နာ၊ မဖြစ်ကုန်သော။ အာသဝါစေဝ၊ အာသဝေါတို့သည်လည်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်ကုန်၏။ ဥပ္ပန္နာ၊ ဖြစ်ပေါ်ကုန်ပြီးသော။ အာသဝါစ၊ အာသဝေါတရားတို့သည် လည်း။ ပဝုဍ္ဎန္တိ၊ တိုးပွားကုန်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ယောနိသော၊ သင့်သောအားဖြင့်။ မနသိ ကရောတော၊ နှလုံးသွင်းသောသူ၏ စိတ်သန္တာန်၌။ အနုပ္ပန္နာ၊ မဖြစ်

ကုန်သေးသော။ အာသဝါစေဝ၊ အာသဝေါတရားတို့သည်လည်း။ နဥပ္ပဇ္ဇန္တိ၊ မဖြစ်ပေါ်ကုန်။ ဥပ္ပန္နာ၊ ဖြစ်ကုန်ပြီးသော။ အာသဝါစ၊ အာသဝေါတရားတို့သည်လည်း။ ပဟီယန္တိ၊ ကင်းကုန်၏ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

ဤကား သစ္စာလေးပါးကိုသိသောသူ့,မြင်သောသူသာ၊ ဝါ၊နိဗ္ဗာန်ကို သိသောသူ့ မြင်သောသူအားသာ အာသဝေါကုန်နိုင်သည်ဟူ၍ ဟော တော်မူသော ပါဠိတော်၊ ငြိမ်းလျှင်ငြိမ်းသည့်အတိုင်းတိုင်း၊ အေးလျှင် အေးသည့်အတိုင်းတိုင်း၊ ဝါ၊ ကိလေသာမပါလျှင် မပါသည့်အတိုင်းတိုင်း သင့်သောအားဖြင့် နှလုံးသွင်းသောသူတို့ကိုသာ အာသဝေါကုန်နိုင်သည် ဟူ၍ ဟောတော်မူသော ပါဠိတော်တို့ ဖြစ်လေသည်။

ကိလေသာတို့၏ ကင်းငြိမ်းရာဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြု လျက် ငြိမ်းလျှင်ငြိမ်းသည့်အတိုင်းတိုင်း၊အေးလျှင်အေးသည့်အတိုင်းတိုင်း နေထိုင်ကျင့်သုံးသွားမှသာလျှင် ကိလေသာတို့ သမုစ္ဆေဒအားဖြင့် ကင်း ချုပ်ငြိမ်းနိုင်ကြောင်းကို ခုဒ္ဒကပါဌအဋ္ဌကထာတွင်....

> တတ္ထ ယသ္မာ နိဗ္ဗာနသစ္ဆိကိရိယာယ ရာဂါဒယော ခီဏာ ဟောန္တိ ပရိက္ခီဏာ။ ယသ္မာ ဝါ တံ တေသံ အနုပ္ပါဒနိရောဓ ခယ ပတ္တံ ယသ္မာ စ တံ ရာဂါဒီဟိ ဝိပ္ပယုတ္တံ သမ္ပယောဂတော စ အာရမ္မဏ တော စ။ ယသ္မာ ဝါ တမ္ပိ သစ္ဆိကတေ ရာဂါဒယော စ အစ္စန္တံ ဝိရတာဟောန္တိ ဝိဂတာ ဝိဒ္ဓတ္တာ။ ယသ္မာ ခီယန္တိ စ ဝိရာဂါ စ ဝုစ္စတိ။
>
> (ခုဒ္ဒကပါဌအဋ္ဌကထာပါဠိ နှာ-၁၅၀)

ဟူ၍ဟောတော်မူသည်။

တတ္ထ၊ ထိုဂါထာ၌။ ယသ္မာ၊ အကြင့်ကြောင့်။ နိဗ္ဗာနသစ္ဆိကိရိယာယ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းကြောင့်။ ရာဂါဒယော၊ ရာဂအစရှိသော ကိလေသာတို့သည်။ခီဏာပရိက္ခီဏာ၊ကုန်ခြင်းတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။ ဝါ၊တနည်းကား။ ယသ္မာအကြင့်ကြောင့်။ တံ၊ထိုနိဗ္ဗာန်ကို အရိယမဂ်ဖြင့် မျက်မှောက်ပြုခြင်းကို။ ပဋိစ္စ၊စွဲ၍။ တေသံ၊ထိုရာဂအစရှိသောကိလေသာ

တို့၏။ အနုပ္ပါဒနိရောဓခယပတ္တံ၊ ထိုပုဂ္ဂိုလ်၏သန္တာန်ဝယ် ပင်ကိုယ်သဘာဝအားဖြင့် သူ့အလိုလိုငြိမ်း၍နေခြင်းကြောင့် တဖန်အသစ်မဖြစ်ခြင်းဟူသော ချုပ်ခြင်းကုန်ခြင်းသို့ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ယသ္မာစ၊ အကြင့်ကြောင့်လည်း။ တံ၊ ထိုနိဗ္ဗာန်သည်။ သမ္မယောဂတောစ၊ သမ္မယောဂအားဖြင့်၎င်း။ အာရမ္မဏတောစ၊ အာရုံပြုသောအားဖြင့်၎င်း။ ရာဂါဒီဟိ၊ ရာဂအစရှိသောကိလေသာတို့နှင့်။ ဝိပ္ပယုတ္တံ၊ မယှဉ်။ ဝါ၊ တနည်းကား။ ယသ္မာ၊ အကြင့်ကြောင့်။ တမ္ပိ၊ ထိုနိဗ္ဗာန်ကို။ သစ္ဆိကတေ၊ အရိယမဂ်ဖြင့် မျက်မှောက်ပြုသည်ရှိသော်။ ရာဂါဒယော၊ ရာဂအစရှိသော ကိလေသာတို့သည်။ အစ္စန္တဝိရတာ၊ စင်စစ်ကင်းကုန်သည်။ ဝိဂတာဝိဒ္ဓတ္တာ၊ ပျက်စီးကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ တံ၊ ထိုနိဗ္ဗာန်ကို။ ခီယန္တိစ၊ ရာဂအစရှိသော ကိလေသာတို့ကုန်ကြောင်းတရားဟူ၍၎င်း။ ဝါ၊ ကုန်စေတတ်သောအကြောင်းတရားဟူ၍၎င်း။ ဝုစ္စတိ ဆိုအပ်၏။

သမ္မောဟဝိနောဒနီအဋ္ဌကထာ၌လည်း....

> တတ္ထ အသင်္ခတဓာတူတိ = အသင်္ခတသဘာဝံ နိဗ္ဗာနံ၊ ပနေတံ အာဂမ္မ ရာဂါဒယော ခီယန္တိ၊ တသ္မာ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ ဝုတ္တံ။
>
> (သမ္မောဟဝိနောဒနီအဋ္ဌကထာပါဠိ နှာ-၄၈)

ဟူ၍ဟောတော်မူလေသည်။

တတ္ထဝစနေ၊ ထိုစကား၌။ အသင်္ခတဓာတူတိ၊ အသင်္ခတဓာတ်ဟူသည်ကား။ အသင်္ခတသဘာဝံ၊ ကံ, စိတ်, ဥတု, အာဟာရ-အစရှိသောအကြောင်းတရားတို့ဖြင့် မပြုမပြင်မစီရင်အပ် မဖြစ်စေအပ်သော သဘောရှိသော။ နိဗ္ဗာနံ၊ ထိုမဂ်ဖိုလ်တို့၏အာရုံ ပရမတ္ထနိဗ္ဗာန်တည်း။ ယသ္မာပန၊ အကြင့်ကြောင့်ကား။ ဧတံနိဗ္ဗာနံ၊ ထိုနိဗ္ဗာန်ကို။ ဝါ၊ ထိုနိဗ္ဗာန်သို့။ အာဂမ္မ၊ အရိယမဂ်ဖြင့် မျက်မှောက်ပြုသောအားဖြင့် ရောက်ခြင်းကြောင့်။ ဝါ၊ မျက်မှောက်ပြုနေခြင်းကြောင့်။ ရာဂါဒယော၊ ရာဂအစရှိသော ကိလေသာတရားတို့သည်။ ခီယန္တိ၊ ကုန်ခန်းကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တံနိဗ္ဗာနံ၊ ထိုနိဗ္ဗာန်ကို၊ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ၊ ရာဂ, ဒေါသ, မောဟစသော ကိလေသာတို့ ကုန်ကြောင်းဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ၌လည်း....

တေသမေဝစမူလာနံ၊ နိရောဓေန နိရုဇ္ဈတိ။
(အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ နှာ-၅၄)

တေသံဝေမူလာနံ၊ ထိုအဝိဇ္ဇာ တဏှာဟူသော ဝဋ်မြစ်နှစ်ပါးတို့၏ သာလျှင်၊ နိရောဓေန၊ နိဗ္ဗာန်ကိုအာရုံပြုသော အရိယမဂ်ဖြင့် အကြွင်းမဲ့ ပယ်ဖျက်အပ်သည်ဖြစ်၍ တဖန်အသစ်ပြန်ဖြစ်နိုင်ခြင်း မရှိသည်၏အဖြစ် သို့ ရောက်ခြင်းဟူသော ချုပ်ငြိမ်းခြင်းဖြင့်။ ဝါ၊ ချုပ်ငြိမ်းခြင်းကြောင့်။ ဝဋ္ဋံ၊ ဝဋ်သုံးပါးသည်။ နိရုဇ္ဈတိ၊ ချုပ်၏။

အင်္ဂုတ္တိုရ်ပါဠိတော်တွင်လည်း....

"ရဟန်းတို့၊ မမည်းညစ်မဖြူစင်၍ မမည်းညစ်မဖြူစင်သောအကျိုး ရှိသည့်ကံ၊ ကုန်ဆုံးရန်ဖြစ်သောကံသည် အဘယ်နည်း။ မှန်ကန်သော သမ္မာဒိဋ္ဌိဋ္ဌင်း။ ပ။ မှန်ကန်သောသမာဓိဋ္ဌင်းတည်း။ ရဟန်းတို့၊ ဤကံကို မမည်းညစ်မဖြူစင်၍၊ မမည်းညစ်မဖြူစင်သော အကျိုးရှိသည့်ကံ၊ ကုန်ဆုံးရန် ဖြစ်သောကံဟုဆိုအပ်၏။ ရဟန်းတို့၊ ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြု၍ ငါဟောကြားအပ်သော ကံတို့သည် ဤလေးမျိုး တို့တည်း။"

(အင်္ဂုတ္တိုရ်ပါဠိတော်မြန်မာပြန်၊ ကမ္မဝဂ်၊ စတုက္ကနိပါတ်၊
အရိယမဂ္ဂသုတ်၊ နှာ-၅၇၄)

ဤသို့ထုတ်ဆောင်ခဲ့သော မြတ်စွာဘုရား၏အလိုနှင့် အဋ္ဌကထာဆရာ တို့၏အလိုအရ နိဗ္ဗာန်သည် ကိလေသာ ကုန်ခန်းချုပ်ငြိမ်းစေခြင်း၏ အကြောင်းတရား၊ ကိလေသာကုန်ခြင်းသည် အကျိုးတရားဖြစ်ကြောင်း သိအပ်၏။ ငြိမ်းအေးရာနိဗ္ဗာန်ကိုမြင်ပြီးလျှင် ငြိမ်းအေးသည့်အတိုင်းတိုင်း၊ တနည်း၊ ကိလေသာမရှိသေးလျှင် အရှိအေးရာနှင့်နေသော "စိတ်-,စိတ် အတိုင်းတိုင်း" ကျင့်သုံးပွားများမှသာလျှင် ကိလေသာတို့ သမုစ္ဆေဒ အားဖြင့် ကုန်ခန်းချုပ်ငြိမ်းနိုင်ကြမည်ဖြစ်၏။

အချို့သောအရာတို့တွင် အရာဋ္ဌာနအားလျော်စွာ မဂ်ဉာဏ်သည် အကြောင်းတရား၊ နိဗ္ဗာန်သည် အကျိုးတရားစသည်ဖြင့် ဟောသော အရာများလည်းရှိ၏။ စတုသစ္စနည်းဖြင့်မူ သမုဒယသစ္စာသည် ဒုက္ခဖြစ်

ခြင်း၏အကြောင်းတရား၊ ဒုက္ခသစ္စာသည် အကျိုးတရားဟူ၍ရင်း၊ မဂ္ဂသစ္စာသည် နိရောဓသစ္စာနိဗ္ဗာန်ကို မြင်သိနိုင်ခြင်း၏ အကြောင်းတရား၊ နိဗ္ဗာန်သည် အကျိုးတရားဟူ၍လည်း ပြဆိုကြ၏။ ဤကား....တနည်း, တခြားမျှသာဖြစ်သည်။

ဒဿနကိစ္စ၊ ဘာဝနာကိစ္စဟူ၍ ကိစ္စနှစ်ရပ်ရှိသည်တွင် ဘာဝနာကိစ္စကို ပြဆိုသောအရာ၌ နိဗ္ဗာန်သည် အကြောင်းတရား၊ ယင်းနိဗ္ဗာန်ကို မျက်မှောက်ပြု၍ ကျင့်သုံးပွားများသွားခြင်းကြောင့် ကိလေသာတို့ကုန်ဆုံးရခြင်းသည် အကျိုးတရားဖြစ်ကြောင်း ပြဆိုသောအရာသာလျှင်ဖြစ်၏။

"စိတ်-,စိတ်အတိုင်းတိုင်းထား" ဟူသော "ကျေးဇူးရှင်ကျောက်သင်္ဘော့ဆရာတော်ဘုရားကြီး" ၏ အဆုံးအမကို နိဂုံးချုပ်အားဖြင့် အလွယ်ကူဆုံးသော အရပ်သုံးစကားရပ်တို့ဖြင့် ဆိုရသော်....

သူတပါးအသက်ကိုမသတ်မီက မသတ်သေးသောစိတ်အတိုင်းတိုင်း....ဝါ၊ အသတ်အေးသောစိတ်အတိုင်းတိုင်းထား။

သူတပါးဥစ္စာကိုမခိုးမီက မခိုးသေးသောစိတ်အတိုင်းတိုင်း.... ဝါ၊ အခိုးအေးသောစိတ်အတိုင်းတိုင်းထား။

သူတပါးသားမယားကို မလွန်ကျူးမီက မလွန်ကျူးသေးသော စိတ်အတိုင်းတိုင်း....ဝါ၊ အလွန်ကျူးအေးသော စိတ်အတိုင်းတိုင်းထား။

သေရည်သေရက်ကို မသောက်မီက မသောက်သေးသော စိတ်အတိုင်းတိုင်း....ဝါ၊ အသောက်အေးသောစိတ်အတိုင်းတိုင်းထား။

သူတပါးတို့အား မုသားမပြောမီက မပြောသေးသောစိတ်အတိုင်းတိုင်း....ဝါ၊ အပြောအေးသောစိတ်အတိုင်းတိုင်းထား။

ကပ်ငြိမှုတွေမတွေးမီက မတွေးသေးသောစိတ်အတိုင်းတိုင်း.... ဝါ၊ အတွေးအေးသောစိတ်အတိုင်းတိုင်းထား။

ခက်ထန်မှုတွေမတွေးမီက မတွေးသေးသောစိတ်အတိုင်းတိုင်း.... ဝါ၊ အတွေးအေးသောစိတ်အတိုင်းတိုင်းထား။

တွေဝေမှုတွေ သို့မဟုတ်၊ သို့လောသို့လောတွေးတောမှုတွေ မတွေးမီက မတွေးသေးသောစိတ်အတိုင်းတိုင်း.... ဝါ၊ အတွေးအေးသောစိတ်အတိုင်းတိုင်းထား။

အချုပ်ကိုဆိုရသော်....

**"ကိလေသာတို့မဖြစ်သေးမီက အဖြစ်အေးရာနှင့် စိတ်,စိတ်အတိုင်းတိုင်းထား။"** ဟူ၍သာ ဆိုရပေမည်။

ဤသို့သောနည်းလမ်းတို့ဖြင့် ထိုထိုသောကိုးကားဖော်ပြသင့်ရာ ပါဠိတော်လာအဖြာဖြာ၊ အဋ္ဌကထာဆရာဆိုပုံအဖုံဖုံ၊ ဋီကာမှလည်းအနည်းနည်း၊ အရပ်ရပ်သောကျမ်းဂန်တို့နှင့်တကွ အာစရိယဝါဒများကိုလည်း ကြားညှပ်လျက် မလစ်လပ်သောကိုယ်ပိုင်ဉာဏ်တို့ဖြင့် ရှင်းလင်းခဲ့ပြီဖြစ်သောကြောင့် "စိတ်,စိတ်အတိုင်းတိုင်းထား" ဟူသော အဆုံးအမသည် မည်သည့်သဘောကိုဆိုသည်ဖြစ်ကြောင်း သိမြင်လောက်ပေပြီ။လေ့လာသူတို့သည် ယထာဘူတကျကျ အဂတိကင်းရှင်းစွာ ဝေဖန်ပိုင်းခြားကြပြီးလျှင် နှစ်သက်ရာရာသာ ယူကြပါကုန်။

# ကမ္ဘာကျော်ကေသမုတ္တိသုတ်

မြတ်စွာဘုရားသည် များစွာသောရဟန်းသံဃာတို့နှင့်အတူ ကာလာမမင်းတို့၏ ကေသမုတ္တိမည်သောနိဂုံးသို့ ရောက်တော်မူလေ၏။ ထိုအခါ ကာလာမမင်းမျိုးတို့သည် မြတ်စွာဘုရားအား "အသျှင်ဘုရား၊ အချို့သောသမဏ,ဗြာဟ္မဏတို့သည် ဤကေသမုတ္တိနိဂုံးသို့ရောက်လာပါကုန်၏။ ထိုသမဏ,ဗြာဟ္မဏတို့သည် မိမိတို့၏ အယူဝါဒကိုသာလျှင် ပြကုန်၏။ ထွန်းပစေကုန်၏။ သူတပါးအယူဝါဒကိုမူကား ထိပါးပုတ်ခတ်ကုန်၏။ မထီမဲ့မြင်ပြုကုန်၏။ ရှုတ်ချကုန်၏။ ချေဖျက်ကုန်၏။ အခြားအခြားသော သမဏ, ဗြာဟ္မဏတို့ ရောက်လာသောအခါတွင်လည်း ဤသို့ပင်ပြောဆိုကြကုန်၏။ အသျှင်ဘုရား၊ ဤသမဏ,ဗြာဟ္မဏတို့တွင် အဘယ်ကမှန်သောစကားကိုဆို၍ အဘယ်ကမမှန်သောစကားကိုဆို၏ဟု တပည့်တော်တို့အား ယုံမှားခြင်း၊ တွေးတော တွေဝေခြင်းတို့ ဖြစ်ခဲ့ပါ၏" ဟုလျှောက်၏။

ထိုအခါ မြတ်စွာဘုရားက....

"ကာလာမမင်းတို့၊ သင်တို့အား ယုံမှားခြင်းငှါ ဖြစ်သင့်ပေ၏။ တွေးတောတွေဝေခြင်းငှါ ဖြစ်သင့်ပေ၏။ သင်တို့အား ယုံမှားခြင်းငှါ သင့်သောအရာ၌ ယုံမှားခြင်းဖြစ်၏။ ကာလာမမင်းတို့ သင်တို့သည်....

၁။ မာအနုဿဝေန၊ ပြောသံကြားကာမျှဖြင့် ဟုတ်ပြီ မှန်ပြီဟု အတည်မယူကုန်လင့်ဦး။

၂။ မာပရမ္ပရာယ၊အစဉ်အဆက်စကားမျှဖြင့်လည်း ဟုတ်ပြီ မှန်ပြီဟု မယူကုန်လင့်ဦး။

၃။ မာဣတိကိရာယ၊ ဤသို့ဖြစ်ဘူးသတတ်ဟူသော စကားမျှဖြင့်လည်း ဟုတ်ပြီ မှန်ပြီဟု မယူကုန်လင့်ဦး။

၄။ **မာပိဋကသမ္ပဒါနေန၊ ပိဋကတ်-စာပေနှင့် ညီညွတ်ပေသည်ဟူ၍လည်း** ဟုတ်ပြီ မှန်ပြီဟု မယူကုန်လင့်ဦး။

၅။ မာတက္ကဟေတု၊ ကြံဆတွေးတော၍ ယူခြင်းမျှဖြင့်လည်း ဟုတ်ပြီ မှန်ပြီဟု မယူကုန်လင့်ဦး။

၆။ မာနယဟေတု၊ နည်းမှီး ယူခြင်းဖြင့်လည်း ဟုတ်ပြီ မှန်ပြီဟု မယူကုန်လင့်ဦး။

၇။ မာအာကာရပရိဝိတက္ကေန၊ အခြင်းအရာကို ကြံစည်သောအားဖြင့်လည်း ဟုတ်ပြီ မှန်ပြီဟု မယူကုန်လင့်ဦး။

၈။ မာဒိဋ္ဌိနိဇ္ဈာနက္ခန္တိယာ၊ ငါတို့ကြံစည်နှစ်သက်၍ ယူထားသော အယူနှင့် တူညီပေသည်ဟူ၍လည်း ဟုတ်ပြီ မှန်ပြီဟု မယူကုန်လင့်ဦး။

၉။ မာဘဗ္ဗရူပတာယ၊ မှတ်ယူထိုက်သော သဘောမျှဖြင့်လည်း ဟုတ်ပြီ မှန်ပြီဟု မယူကုန်လင့်ဦး။

၁၀။ မာသမဏောနောဂရုတိ၊ ငါတို့လေးစားသော ရဟန်း၏ စကားဟူ၍လည်း ဟုတ်ပြီ မှန်ပြီဟု မယူကုန်လင့်ဦး။

ကာလာမမင်းတို့၊ ဤတရားတို့ကား အကုသိုလ်တရားတို့တည်း။ ဤတရားတို့ကား အပြစ်ရှိသောတရားတို့တည်း။ ဤတရားတို့ကား ပညာရှိတို့ ကဲ့ရဲ့အပ်သောတရားတို့တည်း။ ဤတရားတို့ကို ပြည့်စုံအပ်၊ ဆောက်တည်အပ်ကုန်သည်ရှိသော် အစီးအပွားမရှိခြင်းငှါ၊ ဆင်းရဲခြင်းငှါ ဖြစ်ကုန်၏ဟု သင်တို့သည် **မိမိတို့ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်ဖြင့်သိသောအခါ၌မူ** ပယ်စွန့်ကုန်ရာ၏။

ကာလာမမင်းတို့၊ လောဘတရားသည်၊ ဒေါသတရားသည်၊ မောဟတရားသည် သတ္တဝါတို့၏စိတ်၌ ဖြစ်သော် အကျိုးစီးပွား ဖြစ်သလော၊ သို့မဟုတ်၊ ဆင်းရဲခြင်း ဖြစ်သလော၊ ယင်းတရားတို့သည် ကုသိုလ်တရားတို့လော၊ အကုသိုလ်တရားတို့လော၊ အပြစ်ရှိသောတရားတို့လော၊ အပြစ်မရှိသောတရားတို့လော၊ ပညာရှိတို့ ကဲ့ရဲ့အပ်သောတရား ဖြစ်သလော၊ ချီးမွမ်းအပ်သောတရားဖြစ်သလော။”

"အသျှင်ဘုရား၊ လောဘ, ဒေါသ, မောဟတရားတို့သည် သတ္တဝါတို့၏စိတ်၌ဖြစ်သော် အကျိုးစီးပွားမဖြစ်ပါ၊ ဆင်းရဲပါ၏၊ အကုသိုလ်တရားတို့သာဖြစ်ပါ၏၊ အပြစ်ရှိသော,ပညာရှိတို့ကဲ့ရဲ့အပ်သော တရားတို့သာ ဖြစ်ပါသည်ဘုရား။"

"ကာလာမမင်းတို့၊ မတပ်မက်ခြင်း အလောဘ၊ အမျက်မထွက်ခြင်း အဒေါသ၊ မတွေဝေခြင်း အမောဟတရားတို့သည် သတ္တဝါတို့၏စိတ်၌ ဖြစ်သော် အကျိုးစီးပွားဖြစ်သလော၊ သို့မဟုတ်၊ ဆင်းရဲသလော၊ ယင်းတရားတို့သည် ကုသိုလ်လော၊ အကုသိုလ်လော၊ အပြစ်ရှိသလော၊ အပြစ်မရှိသလော၊ ပညာရှိတို့ကဲ့ရဲ့သလော၊ ချီးမွမ်းသလော။"

"အသျှင်ဘုရား၊ မတပ်မက်ခြင်း အလောဘ၊ အမျက်မထွက်ခြင်း အဒေါသ၊ မတွေဝေခြင်း အမောဟတရားတို့သည် သတ္တဝါတို့၏စိတ်၌ ဖြစ်သော် အကျိုးစီးပွားဖြစ်ပါ၏။ ချမ်းသာပါ၏။ ကုသိုလ်တရားတို့သာ ဖြစ်ပါ၏။ အပြစ်မရှိသော, ပညာရှိတို့ချီးမွမ်းအပ်သော တရားတို့သာ ဖြစ်ပါသည်ဘုရား။"

(အင်္ဂုတ္တိုရ်ပါဠိတော်၊ တိကနိပါတ်၊ မဟာဝဂ်၊ ကေသမုတ္တိသုတ်၊
ဆဋ္ဌမူ၊ နှ၁၊ မြန်မာပြန်၊ နှ၁-၂၀၆)

ဤဒေသနာတော်အရ မိမိတို့ကိုယ်တိုင် မိမိတို့၏စိတ်သန္တာန်၌ လောဘ, အလောဘ, ဒေါသ, အဒေါသ, မောဟ, အမောဟ-တရားတို့ ဖြစ်သောအခါတွင် ငြိမ်းအေးမှုရ,မရ ကိုယ်ပိုင်ဉာဏ်ဖြင့် ဝေဖန်သုံးသပ်ကာ ဆုံးဖြတ်ယူကြရန်ကိုသာ ဟောတော်မူသည်။ ဝိဘဇ္ဇဝါဒအရ မေးသူကိုပင် ဝေဖန်ပိုင်းခြား၍ ဖြေနိုင်စေရန်၊ ဆင်ခြင်သုံးသပ်နိုင်စေရန် အထက်ပါ ပုံစံမျိုးတို့ဖြင့်သာ များသောအားဖြင့် ဟောကြားတော်မူလေ့ရှိ၏။ ငါပြောတာသာမှန်သည်၊ ငါပြောသလို ယူကြဟူ၍၎င်း၊ ပါဠိတော်နှင့်တိုက်ကြည့်ကြ၊ ပါဠိတော်နှင့်ကိုက်ညီလျှင် အမှန်ဖြစ်သည်ဟု ယူကြဟူ၍၎င်း၊ ဤသုတ်တွင် ဟောတော်မမူခဲ့ပါ။ **အမှတ်(၄)တွင် မာပိဋကသမ္ပဒါနေန၊ ပိဋကတ်စာပေနှင့် ညီညွတ်ပေသည်ဟူ၍လည်း ဟုတ်ပေပြီ မှန်ပေပြီဟု မယူကြကုန်လင့်ဦး**-ဟု အတိအလင်း ဟောကြား

တော်မူခဲ့သည်ကို တဖက်သတ် ဆုပ်ကိုင်ထားကြသော အစွန်းရောက် ပုဂ္ဂိုလ်တို့ သတိထားသင့်ပါသည်။

ဤကေသမုတ္တိသုတ်ကဲ့သို့ပင် အင်္ဂုတ္တိုရ်ပါဠိတော်၊ စတုက္ကနိပါတ်၊ ဘဒ္ဒိယလိစ္ဆဝီသုတ်တွင် ဘဒ္ဒိယမင်းသားအားလည်း ဟောကြားတော်မူခဲ့လေသည်။

အကြောင်းတရားတခုကို မှန်,မမှန် ကောင်း,မကောင်း မဆုံးဖြတ်နိုင်သူတို့အတွက် နည်းပေးလမ်းပြထားသော သုတ်တခုကိုလည်း အင်္ဂုတ္တိုရ်ပါဠိတော်၊ တိကနိပါတ်၊ အာဇီဝကသုတ်တွင် ဖေါ်ပြထားသည်ကို တွေ့ရလေသည်။

# အာဇီဝကသုတ်

တခါတပါး၌ အသျှင်အာနန္ဒာသည် ကောသမ္ဗီပြည် ဃောသိတာရုံ ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ အာဇီဝက၏ တပည့် သူကြွယ်တယောက်သည် အသျှင်အာနန္ဒာအထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် "အသျှင်အာနန္ဒာ၊ အဘယ်သူတို့၏တရားသည် ကောင်းစွာဟောကြားအပ်သောတရားဖြစ်ပါသနည်း။ အဘယ်သူတို့သည် ကောင်းစွာကျင့်ကြပါကုန်သနည်း။ အဘယ်သူတို့သည် ကောင်းစွာ ကျင့်ပြီးသူတို့ဖြစ်ပါကုန်သနည်း"ဟု လျှောက်ထား၏။

"သူကြွယ်၊ သို့ဖြစ်လျှင် ဤအရာ၌ သင့်ကိုပင်တဖန်ပြန်မေးအံ့၊ ထိုအမေးကို သင်နှစ်သက်သလိုဖြေကြားလော့။ သူကြွယ်၊ ထိုအရာကို သင် အဘယ်သို့မှတ်ထင်သနည်း။အကြင်သူတို့သည် ရာဂကိုပယ်ရန်၊ ဒေါသကို ပယ်ရန်၊ မောဟကိုပယ်ရန် တရားကိုဟောကုန်၏။ ထိုသူတို့၏တရားသည် ကောင်းစွာဟောအပ်သော တရားဖြစ်သလော၊ မဖြစ်သလော။"

"အသျှင်ဘုရားအာနန္ဒာ၊ အကြင်သူတို့သည် ရာဂကို၊ ဒေါသကို၊ မောဟကိုပယ်ရန်တရားကိုဟောကုန်၏။ထိုသူတို့၏တရားသည် ကောင်းစွာဟောအပ်သောတရားဖြစ်ပါ၏။"

"သူကြွယ်၊ အကြင်သူတို့သည် ရာဂကို၊ ဒေါသကို၊ မောဟကိုပယ်ရန် ကျင့်ကုန်၏၊ ထိုသူတို့သည် လောက၌ ကောင်းစွာ ကျင့်သူတို့ဖြစ်ကုန် သလော၊ မကျင့်သူတို့ဖြစ်ကုန်သလော။"

"အသျှင်ဘုရားအာနန္ဒာ၊ အကြင်သူတို့သည် ရာဂကို၊ ဒေါသကို၊ မောဟကိုပယ်ရန် ကျင့်ကုန်၏။ ထိုသူတို့သည် လောက၌ ကောင်းစွာ ကျင့်သူတို့ဖြစ်ပါကုန်၏။"

"သူကြွယ်၊ အကြင်သူတို့သည် ရာဂကို၊ ဒေါသကို၊ မောဟကို ပယ်ပြီး ဖြစ်၏။ အမြစ်အရင်းကို အကြွင်းမဲ့ပယ်ဖြတ်ပြီးဖြစ်၏။ ထိုသူတို့သည် လောက၌ ကောင်းစွာ ပြုပြီးသော ကိစ္စပြီးသူတို့ ဖြစ်ကုန်သလော၊ မဖြစ်ကုန်သလော။"

"အသျှင်ဘုရားအာနန္ဒာ၊ အကြင်သူတို့သည် ရာဂကို၊ ဒေါသကို၊ မောဟကို ပယ်ပြီးဖြစ်၏။ အမြစ်အရင်းကို အကြွင်းမဲ့ပယ်ဖြတ်ပြီးဖြစ်၏၊ ထိုသူတို့သည် လောက၌ ကောင်းစွာပြုပြီးသော ကိစ္စပြီးသူတို့ ဖြစ်ကုန်၏ ဟူ၍ တပည့်တော်၏စိတ်တွင် ဤအတိုင်းပင် ရှိပါသည်"ဟု လျှောက် ထား၏။

"သူကြွယ်....အသျှင်ဘုရားအာနန္ဒာ၊ အကြင်သူတို့သည် ရာဂကို၊ ဒေါသကို၊ မောဟကိုပယ်ရန် တရားဟောကုန်၏၊ ထိုသူတို့၏ တရားသည် ကောင်းစွာဟောအပ်သောတရားဖြစ်၏ဟုရှင်း၊ အကြင်သူတို့သည် ရာဂ ကို၊ ဒေါသကို၊ မောဟကိုပယ်ရန် ကျင့်ကုန်၏။ ထိုသူတို့သည် လောက၌ ကောင်းစွာကျင့်သူတို့ ဖြစ်ပါ၏ဟုရှင်း၊ အကြင်သူတို့သည် ရာဂကို၊ဒေါသ ကို၊မောဟကို အမြစ်အရင်းမှ အကြွင်းမဲ့ပယ်ဖြတ်ပြီးဖြစ်၏၊ ထိုသူတို့သည် လောက၌ ကောင်းစွာပြုပြီးသော ကိစ္စပြီးသူတို့ ဖြစ်ကုန်၏ဟုရှင်း-ဤသို့ လျှင်သင်သည်ပင် ထိုအမေးကိုဖြေဆိုပြီးဖြစ်၏"ဟု မိန့်ဆိုတော်မူ၏။

"အသျှင်ဘုရားအာနန္ဒာ၊ အံ့ဖွယ်ရှိပါပေစွ၊ မဖြစ်ဘူးမြဲဖြစ်ပါပေစွ၊ မိမိ၏ အယူဝါဒကို ချီးမြှောက်မြှင့်တင်ခြင်း၊ သူတပါး၏ အယူဝါဒကို ရှုတ်ချခြင်းအလျဉ်းမရှိပဲ အကြောင်းသင့်ရာ၌သာလျှင် တရားဟောခြင်း ဖြစ်ပါပေ၏။ ဥပမာသော်ကား....မှောက်ထားသည်ကို လှန်ပြဘိသကဲ့သို့

ရင်း၊ ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ပြဘိသကဲ့သို့ရင်း၊ မျက်စိလည်သော သူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့ရင်း၊ အမိုက်မှောင်၌ ဆီမီး တန်ဆောင်ကိုပြဘိသကဲ့သို့ရင်း-ဉာဏ်အမြင်ပွင့်လင်းရပါ၏။ တပည့်တော် အား ယနေ့မှစ၍ ရတနာသုံးပါးကို အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ် သော ဥပါသကာဟုမှတ်တော်မူပါ''ဟု လျှောက်ထားလေသည်။

( အင်္ဂုတ္တိုရ်ပါဠိတော်၊ တိကနိပါတ်၊ အာနန္ဒဝဂ်၊ အာဇီဝကသုတ် ဆဋ္ဌမူ၊ မြန်မာပြန် နှာ-၂၃၅ )

ဤသုတ်တွင်လည်း အရှင်အာနန္ဒာက တရားမှန်, မမှန်ကို သိလိုလျှင် စာပေပရိယတ္တိနှင့်တိုက်ဆိုင်ပြီး ယူဟူ၍ ဟောကြားတော်မမူခဲ့ပါ။ မိမိတို့ စိတ်အစဉ်,ခန္ဓာအစဉ်တွင် ဉာဏ်ယှဉ်၍ ဝေဖန်ပိုင်းခြားစေသော နည်းတို့ ဖြင့်သာ ဟောကြားတော်မူခဲ့လေသည်။

မြတ်စွာဘုရား၏ သာသနာ့သမိုင်း တလျှောက်လုံးတွင်လည်း ခန္ဓာ ဉာဏ်ရောက်တရားတို့ဖြင့်သာ ကျွတ်တန်းဝင်သွားကြပါသည်။ တခြား သောဂိုဏ်းဂဏအဖွဲ့အစည်းတို့မှ ပုဂ္ဂိုလ်များနှင့် ဆွေးနွေးကြသောအခါ တွင်လည်း မြတ်စွာဘုရားက ငါဟောသောတရားဟုတ်,မဟုတ်၊ မှန်,မမှန် ပိဋကတ်စာပေတွေနဲ့ တိုက်ဆိုင်ကြည့်ကြပါတော့လားဟူ၍ မည်သည့် နေရာတွင်မှမဟောခဲ့ပါ၊ စိတ်အစဉ်၊ ခန္ဓာအစဉ်တွင် ဉာဏ်ယှဉ်၍ဝေဖန် ပိုင်းခြားသောနည်း၊ လက်တွေ့ကျသောနည်းတို့ကိုသာ ပြဆိုခဲ့ပါသည်။ တဖက်ပုဂ္ဂိုလ်များကလည်း မြတ်စွာဘုရားဟောပြသည့်အတိုင်း မိမိတို့၏ စိတ်အစဉ်၊ ခန္ဓာအစဉ်တွင် ဉာဏ်ယှဉ်၍ ကိလေသာတို့ဖြစ်ပေါ်လာပုံနှင့် ကိလေသာတို့ ငြိမ်းအေးနေပုံတို့ကို ကိုယ်တိုင်တွေ့မြင်ကြ၍ ယုံကြည်ကြ ခြင်းသာဖြစ်လေသည်။

ပဉ္စဝဂ္ဂီငါးဦးတို့သည် မြတ်စွာဘုရားအား ဘုရားဖြစ်တော့မည်မထင်၍ အပါးမှခွါခဲ့သူများဖြစ်ကြသည်။ ဘုရားအဖြစ်သို့ ရောက်တော်မူပြီး၍ မြတ်စွာဘုရားက တရားဦးဟောသောအခါတွင်လည်း ဘုရားဖြစ်ပြီ၊ မဖြစ် သေး-စသည်ဖြင့် အငြင်းပွားနေကြသေး၏။ မြတ်စွာဘုရားက သစ္စာ လေးပါးကို ဟောကြားသည်၌ ယင်းတရားတို့ကို စူးစိုက်စွာနာယူ၍မိမိတို့

စိတ်အစဉ် ခန္ဓာတွင်ဉာဏ်ယှဉ်ပြီးလျှင် ယင်းတရားတို့အပေါ်၌ ဝေဖန်သုံးသပ်ခြင်းဖြင့် အမှန်တရားတို့ကို ယထာဘူတကျကျ ကိုယ်တိုင်သိမြင်သောအခါတွင်မှ မြတ်စွာဘုရား၏ ဘုရားအဖြစ်ကိုင်း၊ ဟောကြားတော်မူသော တရားတို့ကိုင်း၊ သံသယကင်းစွာ လက်ခံယုံကြည်ကြခြင်းဖြစ်လေသည်။ စာပေနှင့်တိုက်ဆိုင်ကြည့်ပြီး ယုံကြည်ကြခြင်း မဟုတ်ပေ။

အသားတူစွာပင် ဗာရာဏသီမှ သူဌေးသားယသနှင့် သူငယ်ချင်း(၅၄)ယောက်တို့သည်ငင်း၊ ဥရုဝေလတောတွင်းမှ အပျော်ကြူးနေကြသော ဘဒ္ဒဝဂ္ဂီမင်းသားညီနောင်(၃၀)တို့သည်ငင်း၊ ၎င်းဥရုဝေလတောတွင်ပင် ဥရုဝေလကဿပ၊ နဒီကဿပ၊ ဂယာကဿပ-အမည်ရှိသောဘာသာရေးခေါင်းဆောင်သုံးဦးနှင့် တပည့်(၁၀၀၀)တို့သည်ငင်း၊ ဥရုဝေလတောမှ ရာဇဂြိုဟ်သို့ ကြွတော်မူပြီးလျှင် တရားဟောရာ၌ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်းနှင့်တကွ တသိန်းတသောင်းသော သူကြွယ်တို့သည်ငင်း အရိယာဖြစ်ကုန်ကြသည်မှာလည်း ခန္ဓာတွင်ဉာဏ်ယှဉ်၍ဝေဖန်သုံးသပ်ခြင်းဖြင့်သာ ကိုယ်တိုင်တွေ့သောတရားတို့အပေါ်၌ယုံကြည်သဒ္ဓါပွားများကြလျက် အရိယာအဖြစ်သို့ တက်လှမ်းကြခြင်း ဖြစ်လေသည်။ အစွန်းရောက်ဝါဒီတို့ယူသကဲ့သို့ စာပေနှင့်တိုက်ကြည့်ပြီးမှ လက်ခံယုံကြည်ကြသည်မဟုတ်ပါ။ မြတ်စွာဘုရားတဆူတဆူတွင် ကျွတ်တန်းဝင်ကုန်ကြသော သန်းပေါင်းများစွာသော (၂၄-သင်္ချေနှင့် ကုဋေ ခြောက်ဆယ်ဗိုလ်ခြေတသိန်းဟုဆိုသည်)လူ့နတ် ဗြဟ္မာတို့ ကျွတ်တန်းဝင်ကုန်ကြသည်မှာလည်း ဤနည်းနှင်နှင်သာလျှင် ဖြစ်လေသည်။

ဤသို့တင်ပြနေခြင်းသည် စာပေပရိယတ္တိတို့ကို လုံးဝဖယ်ထုတ်နေခြင်းမဟုတ်ပါ၊ ဤစာအုပ်တအုပ်လုံးတွင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာအဆိုအမိန့်များကို လေးစားစွာ ကိုးကား၍ ထားခြင်းက သက်သေခံလျက်ရှိပါသည်။ စာပေမှ စာပေဟူ၍ စာပေပရိယတ္တိ လက်နက်တခုတည်းဖြင့် ဝိပဿနာလောကမှ ပုဂ္ဂိုလ်များအား အနိုင်ကျင့်လိုကြသောအစွန်းရောက်ဝါဒီအချို့တို့အား သတိတရားရကြစေခြင်းငှါ တင်ပြနေခြင်းသာဖြစ်ပါသည်။ ခန္ဓာတွင်တွေ့သောတရားနှင့် စာတွင်တွေ့သောတရားနှစ်ခုတို့ ယှဉ်လိုက်လျှင် ကိုယ်တွေ့ထက် စာတွေ့ကိုသာ အဓိကထား

လိုသောပုဂ္ဂိုလ်တို့အား ယထာဘူတကျကျ မျှမျှတတမြင်တတ်စေရန် ရည်သန်ပါသည်။

မျှမျှတတ ယထာဘူတကျကျ တိုက်ဆိုင်ညှိနှိုင်းကြည့်တတ်လျှင် ခန္ဓာအမြင်နှင့် စာအမြင်တို့သည် ကိုက်ညီလေ့ရှိပါသည်။ အမှန်စင်စစ် စာပေပရိယတ္တိဟူသည် မြတ်စွာဘုရားက ကိုယ်တော်တိုင်ကိုယ်ပိုင်ဉာဏ်ဖြင့် စိတ်အစဉ်၊ ခန္ဓာအစဉ်တို့အပေါ်၌ ဝေဖန်သုံးသပ်၍၊ ဟောကြားတော်မူခဲ့သော စကားတော် ( ဝါ ) စာပေပရိယတ္တိဖြစ်ခြင်းကြောင့် ခန္ဓာအမြင်နှင့် စာပေအမြင်သည် ကိုက်ညီရပေမည်။

ဤသို့ကိုက်ညီစေရန်အတွက် ဤအချက်ကိုလည်း သတိထားသင့်လေသည်။ မြတ်စွာဘုရားသည် အလုံးစုံသောကိလေသာတို့၏ ဖြစ်ခြင်း, ပျက်ခြင်းကိုရင်း၊ ယင်းကိလေသာတို့မှ လွတ်မြောက်၍နေသော ကိလေသာတို့၏လွတ်မြောက်ကင်းငြိမ်းရာကိုရင်း၊ ကိုယ်တိုင်သိမြင်သည့်အတိုင်း ဟောပြောပြသ ဆိုဆုံးမခြင်းဖြစ်လေသည်။ ဤသို့အရိယဉာဏ်အမြင်ဖြင့် ဟောပြောဆုံးမတော်မူခဲ့သော တရားတော်ဒေသနာတို့ကို အရိယာဉာဏ်အမြင်ကို ရရှိပြီးဖြစ်သော အရိယာစာတတ်ပုဂ္ဂိုလ်များက အဓိပ္ပါယ်ပြန်ဆို၍ အနက်ပေးကြသောအခါတွင် ခန္ဓာအမြင်နှင့် ကိုက်ညီလေ့ရှိကြပါသည်။

ကျမ်းပေါင်းမြောက်မြားစွာကို ရေးသားပြုစုခဲ့ပြီး မြန်မာနိုင်ငံတွင် ပထမဆုံးအဂ္ဂမဟာပဏ္ဍိတဘွဲ့ကိုရင်း၊ စာပေပါရဂူ ( ဒီလစ် ) ဘွဲ့ကိုရင်း ဆက်ကပ်ခြင်းခံရသော ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် မိမိကိုယ်တော်တိုင်က ပရိယတ္တိအရာတွင် တဖက်ကမ်းရောက် ချောက်ချားတော်မူသော ပုဂ္ဂိုလ်တော်ကြီးဖြစ်ပါသော်လည်း ဝိပဿနာရေးရာနှင့် ပတ်သက်၍မူ ပရိယတ္တိစာပေအသိအမြင်ထက် ခန္ဓာဉာဏ်ယှဉ်သော ခန္ဓာအမြင်ကိုသာလျှင် အဓိကထား၍ ဦးစားပေးခဲ့ကြောင်းကို အောက်တွင်ထုတ်နှုတ်ဖော်ပြထားသော ဆရာတော်ဘုရားကြီး၏ အာဘောဂကို ကြည့်ခြင်းဖြင့် သိမြင်နိုင်ပေသည်။

"ပဋိစ္စသမုပ္ပါဒ်နည်း၊ ပဋ္ဌာန်းနည်းများနှင့် ပစ္စည်းအမျိုးမျိုးတို့ကို ဟောတော်မူသည်မှာလည်း ပစ္စည်းအပြားကို သိစေလို၍ ဟောတော်

မူရင်းပင်မဟုတ်၊ ပစ္စည်းတရားကို နေရာကျသိ၍ နှုတ်ကာနှုတ်ကာ ရှုတတ်ပါမှ၊ လောကဓာတ်အလုံး၏ တုစ္ဆသဘော၊ သုညသဘောကို သိမြင်နိုင်မည်ဟု နှလုံးပြု၍ နိဿတ္တ၊ နိဇ္ဇီဝ၊ တုစ္ဆ၊ သုည-အဖြစ်ကို သိစေလို၍သာ ဟောတော်မူရင်းဖြစ်ပေသည်။ ဤကဲ့သို့သဘောကို မသိကုန်သောသူတို့သည် ပဋ္ဌာန်း (၂၄) ကျမ်းကို အသက်ထက်ဆုံး နှုတ်ဝယ်ငုံသော်လည်း ဤသတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက၏ တုစ္ဆအဖြစ်၊ သုညအဖြစ်၊ နိဿတ္တ၊ နိဇ္ဇီဝ၊ အနတ္တ၊ အသာရ အဖြစ်များကို မရိပ်မိကြကုန်။

(လယ်တီဆရာတော်၊ ရူပဒီပနီ၊ နှာ-၇၅မှ၇၈-အထိ)

"သာသနာတွင်း၌ကား ဒိဋ္ဌိဇုကမ္မသမ္မာဒိဋ္ဌိမျက်စိရှိရုံမျှဖြင့် ကလျာဏပုထုဇဉ်မခေါ်လောက်သေး၊ ပိဋကတ်ကျမ်းဂန်ကြေပြွန်နှံ့စပ် စာပေတတ်သော ပရိယတ်မျက်စိပေါက်ရုံမျှနှင့်လည်း ကလျာဏပုထုဇဉ်မခေါ်လောက်သေး၊ သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ ခွါရှဲရာသော ဓါတုစက္ခု၊ပစ္စယစက္ခုနှင့်တကွ ဝိပဿနာသမ္မာဒိဋ္ဌိမျက်စိပေါက်မှသာလျှင် ကလျာဏပုထုဇဉ်အမှန်ခေါ်ထိုက်သည်။"

" မျက်စိမြင်သကဲ့သို့ ဉာဏ်အမြင်ပေါက်မှ ဝိပဿနာဉာဏ်ဖြစ်သည်။ အဘိဓမ္မာကျမ်းဂန်တတ်၍ ဓမ္မသဘာဝတို့ကို နေရာကျသိနိုင်သော သဘောယုတ္တိဉာဏ်မျိုးသည် ဝိပဿနာမဟုတ်၊ သုတမယဉာဏ်သာတည်း"

" ပဋ္ဌာန်း ( ၂၄ ) ပစ္စည်းကို ( မောင်သော် ) နားလည်နိုင်တည့်ရန် အခွင့်မရှိ၊ ဝိပဿနာအလုပ်မှာ သုံးနိုင်သောနည်းမျိုးမဟုတ်၊ ပဋိသမ္ဘိဒါဉာဏ်၏ အလုပ်သက်သက်မျှသာဖြစ်ပေ၏။"

"အဘိဓမ္မာ ( ၇ ) ကျမ်းလုံးကိုတတ်၍ ပရမတ်စကားတသက်လုံး ပြောဟောပို့ချ၍ နေငြားသော်လည်း စိတ်ကွဲအောင်မမြင်တတ်လျှင် အဘိဓမ္မာစာတတ်ကျမ်းတတ်ဟုတ်၏။ အဘိဓမ္မာကိုမြင်သောသူမဟုတ်။"

မြန်မာနိုင်ငံ၊ ရွှေကျင်နိကာယ တတိယဓမ္မသေနာပတိ၊ သံဃရာဇာ ရွှေကျင်သာသနာပိုင်၊ ကျေးဇူးရှင် ဒီပဲ့ရင်းဆရာတော်ဘုရားကြီးကလည်း

စာတွေထက် ခန္ဓာတွေကိုသာ အဓိကထားကြောင်းကို ပရမတ္ထစက္ခု ကျမ်းတွင် ဤသို့ရေးသားထားလေသည်။

“ စာတတ်မှ အားထုတ်တတ်သည်၊ စာတတ်မှ နည်းလမ်းကျသည်၊ စာမတတ်လျှင်အားမထုတ်တတ်၊ နည်းလမ်းမကျဟု မှတ်ထင်တတ်သည်။ မမှတ်ထင်လင့်၊ဘုရားလက်ထက်တော်က စာမသင်၊ ပေမသင်၊စာမတတ်ပဲ ကကြီးလုံး၊ ခခွေးလုံးကိုမျှမသိပဲ နိဗ္ဗာန်ရောက်သူတွေသာ များသည်။ စာတတ်၍ နိဗ္ဗာန်ရောက်သူ အနည်းငယ်သာရှိသည်။ ဝိပဿနာနှင့် ကင်း၍လည်း နိဗ္ဗာန်ကိုမရောက်နိုင်။ စာတတ်၊ ကျမ်းတတ်၊ ပိဋကတ်သုံးပုံဆောင် ဂိုဏ်းဆရာကြီးပေါဋ္ဌိလ မထေရ်ကြီးသည် သာမဏေငယ်ထံ နည်းယူ၍ သာမဏေငယ်နည်းပေးမှ နိဗ္ဗာန်သို့ရောက်သည်ဟု ဓမ္မပဒ အဋ္ဌကထာမှာပင်ဆိုသည်။ နည်းကောင်းရသည်သာ လိုရင်းဖြစ်သည်။ အမှန်ကျန နည်းကောင်းရလျှင် ယုံယုံကြည်ကြည်သာအားထုတ်၊ သည့်ထက်ကောင်းသောအလုပ်တလောကလုံးမှာမရှိ။”

ခန္ဓာမတတ်၊ စာမှာတတ်၊ ဂါဟတ်ကိုက်တတ်သည်။
ခန္ဓာမှာတတ်၊ စာမတတ်၊ ဂါဟတ်ပြုတ်တော့သည်။

ဤမျှဆိုလျှင် ပရိယတ္တိမှ ပရိယတ္တိ၊ ပရိယတ္တိနှင့်မကိုက်လျှင် ထိုတရားမမှန်ဟူ၍ ပြောဆိုဝေဖန်နေကြသော အသိအမြင်သည် တဖက်စွန်းသို့ ရောက်လွန်းသော ကျဉ်းမြောင်းသောအမြင်သာလျှင်ဖြစ်ကြောင်း သိမြင်လောက်ပေသည်။အထောက်အထား အကိုးအကားအရပ်ရပ်တို့ကိုလည်း တင်ပြကိုးကားခဲ့ပေပြီ။

အထက်ကဖေါ်ပြခဲ့သော ကေသမုတ္တိသုတ်၊ အာဇီဝကသုတ်-အစရှိသော ပါဠိတော်အရပ်ရပ်တို့ကို ထောက်ထားပြီးလျှင် အကြင်တရားတခုကို ကျင့်သုံးခြင်းဖြင့် မိမိတို့တွင် ကိလေသာငြိမ်းအေးမှုရှိ,မရှိ၊ တကဲ့ချမ်းသာရာကို ရ,မရ၊ ကိုယ်ပိုင်ဥာဏ်ဖြင့် ဝေဖန်သုံးသပ်ပြီးလျှင် ကိုယ်တိုင်သိ၊ ကိုယ်တိုင်မြင်၊ ကိုယ်တိုင်ခံစားရသော တရားတော်များကိုသာ လက်ခံကျင့်သုံးကြရန် ဖြစ်ပေသတည်း။ ။

# အတိုင်းတိုင်းဋီကာ

---

## စိတ်, စိတ်အတိုင်းတိုင်း ထား

ဤကား ကျောက်သဘော်၏ ဥဩသံ။

ဥဩသံ ညံ့ညံ့ပေးလျက် ကျောက်သဘော်သည် သူ့နေရာမှာပင် ဣန္ဒြေမပျက် တည်ငြိမ်စွာ ရပ်တည်လျက်။

သို့ရာတွင်....

နံပါး နှစ်ဖက်မှ စီးဆင်းလျက်ရှိသော မြစ်ရေပြင်၌ကား လှိုင်းဂယက်တို့ ပြင်းထန်လွန်းစွ။

* စိတ်ဆိုတာ စိတ်အတိုင်းထားလို့ ရနိုင်ပါမလား ?

* သတ်ချင် ဖြတ်ချင်တဲ့ စိတ်တွေကို သည်အတိုင်း ထားရမှာလား ?

* ဘုရားဟော ပါဠိတော်များမှာ သည်းညြဲဝါဒချိုး ရှိပါရဲ့လား ?

ဤလှိုင်းဂယက်တို့ကြားဝယ် တအားရှာဖွေသူတို့ သို့လောသို့လော စိတ်မော၍ မနေကြစေရန်

ပဲခူးမြို့၊ ဝိမုတ္တိ ဥာဏဒဿနအဖွဲ့၊ အတွင်းရေးမှူး

**ဦးစိန်မေ က**

ကုန်းဘောင်ထိုး၍ ပေးထားပါပြီ။